www.burmeseclassic.com

# မောင်သုမြိုင်း(သန့်လျှင်)



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၆/၂၀၂၁၁
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၃၅၀၁၁၂

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း
ပထမအကြိမ် ။ ၂၀၁၂ ၊ ဖေဖော်ဝါရီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၂၅၀၀ကျပ်

ရ၉၅ ၊ ၈၃
ညီမှိုင်း၊ မောင် (သန်လျင်)
တစ္ဆေသချိုင်းကုန်း ။ မောင်ညီမှိုင်း(သန်လျင်)။-ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၁။
၂၇၀-စာ ၊ ၁၃စင်တီ x ၂၀. ၅စင်တီ။
(၁) တစ္ဆေသချိုင်းကုန်း

[ ၁ ]

❑

စာဖတ်သူ ...

သင် ... တစ္ဆေသရဲ စသည်တို့ကို ယုံကြည်မှု ရှိပါသလား။

တစ်နည်း ပရဝိဉာဉ်လောကရှိသည်ကို လက်ခံပါသလား။

တစ္ဆေသရဲ၊ ရုက္ခစိုး၊ နတ်၊ ဘီလူး စသည်တို့ကိုရော မျက်နှာချင်းဆိုင် မြင်ဖူး၊ ကြုံဖူးပါသလား။

မယုံဘူးဆိုပါစို့။

မယုံသည့်အတိုင်းပဲ နေလိုက်ပါ။

ဒါမှမဟုတ် ...

ကိုယ့်တွေ့မြင်ရမှ ယုံကြည်လက်ခံမယ်ဗျာ။ လက်တွေ့သရဲခြောက်ပြ၊ တစ္ဆေခြောက်ပြ၊ နတ်ကိုယ်ထင်ပြ၊ ရုက္ခစိုးမျက်မြင်ပြပြဟု ဆိုပါလျှင်လည်း ...

www.burmeseclassic.com



တစ္ဆေသရဲ၊ နတ်၊ ရက္ခစိုး၊ ဖုတ်၊ ပြိတ္တာတို့က သင့်ကို အရေးလုပ်ချင်မှ လုပ်ပေလိမ့်မည်။ ဂရုစိုက်ချင်မှ စိုက်လိမ့်မည်။

သင်အသုံးလို့လည်း ...

သူတို့မှာ အလုံးလည်းမလျှော့၊ အရပ်လည်းမလျှော့။

ခိုလ်နေမြဲ ကျွန်နေမြဲသာရှိ၏။

သင်ယုံကြည်လို့လည်း ...

သူတို့က သင့်ကို ဘာမျှ အကူအညီပေးလိမ့်မည်မဟုတ်။

အကြောင်းမှု ပြိတ္တာ၊ တစ္ဆေသရဲတို့မည်သည် သူတို့ဘဝ စားရေးသောက်ရေးအတွက် မနည်းရုန်းကန်နေရ၏။

ယနေ့လူအတော်များများ ကိုးကွယ်ပူဇော်နေသည့် ...

အိမ်တွင်းသခင်ကြီးခေါ် မင်းမဟာဂီရိနတ်မောင်နှမများ၊

ရေငန်ပိုင်စိုး ဦးရှင်ကြီးဆိုသူနှင့် နောက်ပါများ၊

မြို့တော်ရှင်၊ ရွာတော်ရှင်ဆိုသူများ၊

ကွင်းပိုင်ကြီးဆိုသူများ၊

မင်းကြီး မင်းလေး၊ ကိုယ်တော်ကြီး၊ ကိုယ်တော်လေး၊ မောင်ကြီး၊ မောင်လေးဆို သူများတို့ပင်လျှင် သူတို့ဝမ်းစာ သူတို့ ရှာဖွေမစားနိုင်ကြ။

သဒ္ဓါကြည်ဖြူ ကိုးကွယ်သူ လူအတော်များများ ကျွေးမွေးတင်မြှောက်သည့် ကောက်ညှင်း၊ လက်ဖက်၊ အုန်း၊ ငှက်ပျော၊ အရက်၊ ကြက်၊ ထန်းရည်၊ ထမင်း၊ အမဲဟင်းလျာတို့ကို မျှော်စားနေရ၏။

သူတို့လည်း မနက်စာညစာ စားချိန်တန်၍ လူကမကျွေးလျှင် လည်တဆံ့ဆံ့ ဗိုက်တဆာဆာဖြစ်နေ၏။

စားဦးစားဖျား လူကကျွေးမှ 'ဟင်း ... ခုမှပဲ အဆင်ပြေတော့တယ်' ဟု သက်ပြင်းချနိုင်ကြ၏။

ကောင်းပြီ။

လူက ကျွေးတယ်၊ မြှောက်တယ်၊ ပ,သတယ်။

---

စိတ်ကူးသစ်စာပေ



အဲဒီလူကို ဘာများ ထိထိရောက်ရောက် ဘာပြန်အကျိုးကျေးဇူးပြုသလဲ။

အတော်များများကို သူတို့မတတ်နိုင်။

ဥပမာကြည့်။

မြို့တော်ရှင်ကြီးကို ပန်းသပြေ၊ အမွှေးတိုင်နှင့် နေ့စဉ် ဆက်သပါသော်လည်း ယဉ်တိုက်မှု နေ့တိုင်းဖြစ်ပြီး လမ်းပေါ်မှာ လူသေ၏။ ဒဏ်ရာရ၍ ဆေးရုံရောက်၏။

အိမ်ကို မီးလောင်သော် အိမ်တွင်းဖခင်ကြီး မကာယ်နိုင်။ သူတို့နေထိုင်သည့် ဘုံဗိမာန် အုန်းသီးဆွဲအုန်းပင် ပြာဘဝရောက်သွားရသည်ကို သင်အသိ။

ရေချိုရေငန်အပိုင်စိုးသည့် ရေငန်ပိုင်ဦးရှင်ကြီးရော ...

သင်္ဘောမှောက်၊ သမ္ဗန်မှောက်၊ လှေမှောက်တော့ ရေနစ်မွန်းလို့ ကယ်ပါယူပါ တစာစာအော်နေသည့် ဝါဝင်တစ်ခါ ဝါထွက်တစ်ခါ တင်မြှောက်ပ,သသူ သူ့တပည့်သားမြေးများအားလုံးကို သူ့နောက်လိုက်နောက်ပါများဖြင့် မကာယ်ဆယ်နိုင်။

ရေနစ်သေသူ၊ ဖောင်ပျက်၍ မျောပါသူ၊ မိကျောင်းစား၍သေသူ ဗင်လယ်မြစ်ချောင်းအင်းအိုင်တို့မှာ မနည်းခဲ့တော့။

ဆိုရလျှင် ဘယ်အောက်နတ်ပြိတ္တာဘုံသားမှ အရေးအကြောင်းရှိလျှင် လူကို ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ကြီးပွားချမ်းသာအောင်လည်း မလုပ်နိုင်။

အသက်အန္တရာယ်ကင်းအောင်လည်း မလုပ်နိုင်။

နောက်ဆုံးတော့ လူဟူသမျှ ...

ရတနာသုံးပါးကိုသာ ယုံကြည်ကိုးကွယ်ခြင်း၊ ရတနာမြတ်သုံးပါး၏ အစောင့်အရှောက်ကိုခံယူ၍ ဒါန၊ သီလ၊ သမထ၊ ဘာဝနာ ကောင်းမှုများသာ ပြုသင့်ပေသည်။

ပြီး ... အတ္တာဟိ အတ္တနော နာထော။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်သာလျှင် ကိုးကွယ်ယုံကြည်အားထားရာဖြစ်၏။ စဉ်းစားကြည့်လေ ...။ အခု သင်တို့ ကျွန်ုပ်တို့ ချမ်းသာနေကြတာ နတ်ကြောင့်လား၊ တစ္ဆေကြောင့်လား၊ ဗြဟ္မာကြီးတွေကြောင့်လား။

ကိုယ့်ဘာသာ၊ ကိုယ့်ပညာ၊ ကိုယ့်ခြေလက်၊ ဉာဏ်အမြော်အမြင်နှင့် လုပ်ကိုင်ဆောင်ရွက်နေ၍ တိုးတက်ကြီးပွားခြင်းသာဖြစ်၏။

ယနေ့ ကျန်းမာနေတာရော ...

သူတို့ စောင့်ရှောက်နေလို့မဟုတ်။

ကိုယ်နေထိုင်စားသောက်ပြုမူပုံ မှန်ကန်နေ၍သာ ကျန်းမာအသက်ရှည်နေခြင်းဖြစ်၏။

ပြောရလျှင် ...

နတ်လည်း နတ်လိုင်းမှာ ဝမ်းစာရေးရှာရ၏။ ပူရ၏။

တစ္ဆေသရဲလည်း နေ့စဉ် ရှာရ၊ ပူရ၏။

သူလည်း သူ့လမ်းကြောင်းပေါ်မှာ သူ့အလုပ်သူ ကြိုးစားလုပ်ရ၏။

ကိုယ်လည်း ကိုယ့်လမ်းကြောင်းပေါ်မှာ ကိုယ့်မှုနှင့်ကိုယ် ကိုယ့်အလုပ်ကိုယ်လုပ်။

သူ့ကိစ္စထဲ ကိုယ်ဝင်မရှုပ်နှင့်။ အနှောင့်အယှက်နှင့်။

မစော်ကားနှင့်။

ကိုယ့်ကိစ္စထဲလည်း မဝင်ပါနှင့်။

သို့သော် ဗုဒ္ဓဘုရားရှင်က ကြိုဟောထားတာရှိသည်။ (၃၁)ဘုံတဲ့။

လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်။

လူ့ပြည်ကတစ်၊ နတ်ပြည်ကခြောက်ထပ်၊ ဗြဟ္မာပြည်ကနှစ်ဆယ်။

ပြီး ... ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ (၄) ဘုံ အားလုံးပေါင်းလျှင် (၃၁) ဘုံ။

ဒါကြောင့် ဘုရားဟောအရ ပြိတ္တာဘုံရှိသည်။ ပြိတ္တာဘုံမှာ တစ္ဆေ ...ရဲ၊ အောက်နတ်ဘီလူး၊ ဖုတ်၊ မှင်စာ၊ ကျတ်အစုံပါသည်။





အဲဒါကို ပရလောကဟုလည်း ခေါ်၏။

ပရိဉာဉ်လောကဟုလည်း ခေါ်၏။ သူတို့ဝန်းကျင်လောကနှင့် သူတို့နေကြ၏။

သချိုင်းကုန်းတစ်ခုပြင် သုသာန်၊ ဇရပ်ပျက်၊ ရေတွင်းပျက်၊ မြစ်ချောင်းကမ်းစပ်၊ သစ်ပင်ကြီး၊ သစ်ပင်လေး၊ တောင်ကုန်း၊ ဂူကျောင်း၊ လူနှင့် အလှမ်းဝေးရာမှာ အနေများ၏။

အချို့သာလျှင် အစွဲကြီး ပြိတ္တာဘုံသားဘဝနှင့် လူနှင့် နီးနီးဝန်းကျင်မှာ နေကြသည်။

ဒါကြောင့် ကောင်းမှုကုသိုလ်ဒါနပြုတိုင်း သူတို့ ပရိဉာဉ်သား ပြိတ္တာဘုံသားတို့ကို အမျှပေးဝေရ၏။

သာဓုခေါ်နိုင်သူ ပြိတ္တာဘုံသားတို့ သာဓုခေါ်ခြင်းအကျိုးကြောင့် ကောင်းကျိုးချမ်းသာရ၏။

ဒီနေရာမှာ အဓိကပြောချင်သည်မှာ ...

လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ်၊ ပြိတ္တာဘုံသား၊ တစ္ဆေသရဲပဲဖြစ်ဖြစ် သူ့ဟာနှင့်သူ အဆင်သင့်သလို နေရသည့်နေရာလေးတွေ ရှိကြ၏။

မင်းမဟာဂီရိ နတ်မောင်နှမကို ပုဂံမင်းက ပုပ္ပါးနယ်မြေမှာ နေထိုင်အပိုင်စားဟု မင်းမိန့်ဖြင့် နေရာချထားပေးထားသည့် နယ်မြေရှိသည်။

အဲဒါ သွားရောက်မစော်ကားနှင့်။

မထေမဲ့မြင်မလုပ်နှင့်။

မြန်မာမှာ မိရိုးဖလာ ရိုးရာဓလေ့ဆိုတာရှိသည်။ သုမင်္ဂလာလုပ်ငန်းမှာလည်း မိရိုးဖလာ အစဉ်အလာ ရှေးဓလေ့နည်းစနစ်များရှိ၏။

ဒုမင်္ဂလာခေါ် နာရေးကိစ္စ၊ အသုဘကိစ္စမျိုးမှာလည်း ရှောင်ရန်ဆောင်ရန် မိရိုးဖလာ အစဉ်အလာ ရှေးဓလေ့လေးတွေရှိ၏။

အချို့ကို စွန့်ပစ်လို့ရ၏။

အချို့ကို စွန့်မရသေး။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုလေးတွေ ပါနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင် ...

ပရဝိညာဉ်လောကကို မယုံကြည်လျှင် မယုံသလိုနေပါ။ မထေမဲ့မြင် သွားရောက်စော်ကားသလိုမျိုး မလုပ်ပါလေနှင့်။

ပရကိုယ်မထင်ရှားနတ်နှင့် ကိုယ်ထင်ရှား သက်ရှိနတ်ဆိုသည့် နတ်နှစ်မျိုးရှိသည်။

ပြောရလျှင် မယုံ။ ကြုံမှသိရလိမ့်မည်။

တိုက်ဆိုင်တာလည်း ဖြစ်ကောင်းဖြစ်မည်။

အမှန်တကယ် အကျိုးသက်ရောက်မှု ဖြစ်သွားတာလည်း ရှိချင်ရှိမည်။ စိတ်နယ်လွန်လောကသည် လွန်စွာဆန်းကြယ်သည်။

အခု ပြောပြမည်မှာ ...

တစ္ဆေသရဲကို လုံးဝမကြောက်သူ၊ မယုံကြည်သူ၊ ထိမထင်သူ၊ လူပေလူတေ၊ လူညစ်လူကြမ်း၊ လူကန့်လန့်တစ်ဦး ဘဝဖြစ်စဉ်အကြောင်းပဲဖြစ်သည်။

ဤဝတ္ထုကိုဖတ်ပြီးနောက် ...

တစ္ဆေသရဲ ပရဝိညာဉ်လောကကို ယုံကြည်လိုက်ပါဟု မတိုက်တွန်း။

သို့သော် ...

ရတနာမြတ်သုံးပါးကို သူ ထိုက်ထိုက်တန်တန် ကိုးကိုးစားစား ယုံကြည်ကိုးကွယ် ကျင့်ကြံလိုက်နာဖို့ အရေးသိပ်ကြီးသည်။

အလွန်လိုအပ်သည်။

အကြောင်းကား ... ဤရတနာသုံးပါး စည်းရိုးသုံးခု ခိုင်မာနေသမျှ ဘယ်ပရလောကသားမှ ကျွန်ုပ်တို့ကို နှောင့်ယှက်လို့ မရစေရ။

✿ ✿ ✿

[ ၂ ]

❑

အိမ်ရှေ့မှာ စာရေးနေတုန်းရှိသေးရဲ့ ကိုယ့်အမည်ကို တစာစာခေါ်ပြီး ရေးကြီးသုတ်ပျာ ဝင်လာနေတဲ့ ကျိုက်အင်းသား ကိုမောင်ကျန်ကို မြင်လိုက်ရပါရော ...

"ကိုမှိုင်း ... ကိုမှိုင်းရေ ..."

"ဗျို့ ... ကိုမောင်ကျန် ရေးကြီးသုတ်ပျာ ချွေးသံရွှဲရွှဲနဲ့ ဘာတွေဖြစ်လာလို့တုံး။ အိမ်ပေါ်တက်လေဗျာ"

"ကိုမှိုင်း ..."

"အေး ... ပြော ... ဘာဖြစ်လို့လဲ"

"ငှက် ... ကျား ... ကြီး ... ဆုံးသွားပြီ"

"ဟေ ... ငှက်ကျားကြီး ဆုံးသွားပြီ။ ဟုတ်ရဲ့လား ကိုကျန်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"အို ... ကျုပ်အိမ် မနေကပဲ သူရောက်လာသေးတာဗျာ။ သူ့ခြေထောက်ကအနာကို ကျုပ်ကိုယ်တိုင် ဆေးထည့်ပေးလိုက်သေးဥစ္စာ ကိုကျန်ရာ။ ဖြစ်မှဖြစ်ရလေ။ အခု ငှက်ကျားကြီး ဘယ်အိမ်မှာ ခိုနေသွားတာလဲ ဟင် ... ဟင်လို့"

"ရွှေဂုဏ်ဆိုးသချိုင်းမှာဗျ"

"ဘာ ..."

❁ ❁ ❁

| ၃ |

❑

ကျွန်တော် တော်တော့်ကို အံ့ဩသွားခဲ့ရတာဗျာ။

မနေ့တုန်းက မနက် (၁၀) နာရီလောက်မှာ ဒီကောင်ငှက်ကျားကြီး ကျွန်တော့်အိမ်ကို အမောတကော ရောက်လာတာရယ်။

ကြည့်စမ်း ...။

လူတစ်ကိုယ်လုံး ချွေးတွေရွှဲနစ်လို့၊ ဆံပင်တွေက ပခုံးပေါ်မှာ ဝဲကျသုတ်သိုက်။ အုန်းဆီလိမ်းလေ့မရှိတော့ နီကျန်ဖွာလန်ကျဲ လိမ်ကောက်လို့၊

စွပ်ကျယ်အကျႌ အပေါက်အစုပ်ကလည်း ချွေးအထပ်ထပ်နဲ့ နံဟောင်နေပြီ။ လူကလည်း လေတိုက်ရင် လဲတော့မည့်အတိုင်း ပိန်ချောင်းခြောက်ပါးလှပ်လှပ်။

ပုဆိုးက အောက်နားကွဲ အရောင်မပေါ်။



www.burmeseclassic.com

www.burmeseclassic.com



ခါးကလည်း အသက် (၃၅) ဝန်းကျင်ရှိသေး ကိုင်းနေပုံနှယ် အဘိုးကြီးအိုပေါက်စအတိုင်းရယ်။

ကျွန်တော့်အိမ်ရောက်တော့ မောနေပြီး ရင်ဘတ်က ဖားဖိုလို ပိန့်လိုက်ဖောင်းလိုက်။

''ငှက်ကျားကြီး ချွေးတွေလည်း ရွှဲနစ်နေတာပဲ။ ရော့ . . . ရေအေးလေးတစ်ခွက် အရင်သောက်လိုက်''

ကျွန်တော်က သောက်ရေတစ်ခွက် ခပ်ပေးလိုက်တယ်။ သူက သောက်ရေခွက်ကို စိုက်ကြည့်ပြီး မယူသေးဘူး။

''မောင်မှိုင်း . . .''

''ဘာတုံးငှက်ကျား''

''ဟို . . . ဟို . . . အရက် . . . အ . . . ရက် . . . မရှိ . . . ဘူးလား''

''မရှိဘူး . . .။ ရေပဲသောက်''

''မင်းက . . . စာ . . . ရေး . . . ဆရာ . . . ဥစ္စာ။ အရက်မရှိဘူးလား''

''ငါက စာရေးဆရာပေမယ့် အခု အရက်မသောက်တော့ဘူး''

''ဟ္ဘူး . . . ဒီရေ ခုနေ အရက်ဖြစ်လိုက်ရင် အမောပြေလိုက်မယ့်ဖြစ်ချင်းကွာ။ အဟွတ် . . . အဟွက် . . . အဟွတ် . . .''

''ရော့ . . . သောက်လိုက်''

''မသောက်ဘူး''

''မင်းကားစီးလာခဲ့ရဲ့လား ငှက်ကျားကြီး''

''ဟင့်အင်း''

''ဒါဖြင့် ဘာနဲ့လာခဲ့တာတုံး။ အဝေးကြီးကို''

''လေယာဉ်ပျံ စင်းလုံးငှားလာခဲ့တာကွ။ ဈေးကလည်း ကြီးလိုက်တာ . . . မောင်မှိုင်းရာ။ အရေးထဲ လေယာဉ်စီးခကို ဒေါ်လာနဲ့ ပေးရမယ်





လုပ်လို့ စကားများရသေးတယ်ကွာ။ အဲဒါ မြန်မာငွေပဲ ပေးခဲ့လိုက်တယ်။ ဈေးကြီးချက်ကတော့ ကမ်းကုန်ရော။ ကိစ္စမရှိပါဘူး ငွေရေးကြေးရေးက ချွေးချေး (ချွေးချီး) ပါ။ ကိုင်း . . . မောင်မှိုင်း . . . ချစ်တပည့်ကြီး ငါ့အနာဆေးထည့်ပေးစမ်းကွာ''

အဲဒါသာ ကြည့်တော့။

သူ့ကြည့်တော့ ချွေးစော်နံအဝတ်အစား အစုတ်အပြတ်နှင့်၊ အိတ်ထဲမှာ ပိုက်ဆံငါးပြားစေ့တစ်စေ့မပါ။

ငှက်ကျားကြီးလာရသည့်ခရီးက နည်းသည့်ခရီးမဟုတ်။

ဟို . . . ပျဉ်တောင်ကျောင်းကျေးရွာက။ ယခု ပျဉ်တောင်ကျောင်းကျေးရွာနှင့် ကျွန်တော်ယခုနေသည့် သန်လျင်အိမ်သည် လေးငါးခြောက်မိုင်ခန့် ဝေး၏။ ကားစီးလာလျှင်တောင် နာရီဝက်ကြာစီးရ၏။ အဲဒါ ကျွန်တော့်အိမ်ရှိရာကို လေယာဉ်ပျံ စင်းလုံးငှားလို့ လာခဲ့သည်လို့ ဆိုနေရဲ့။

နောက်ပြောနေတာ မဟုတ်ဘူးခင်ဗျ။

သူ့စိတ်ထဲက အတည်ပေါက်ပြောနေတာ သိလား။

သန်လျင်မှာ လေယာဉ်ကွင်းမရှိပါဘူးဗျာ။ မီးရထားလမ်းပဲရှိတယ်။ လေယာဉ်နှင့်တူတာ ကော်ပတ်ရုပ်ပဲရှိဥစ္စာ။

သူ့အဖြစ်ကိုကြည့်ပြီး ကျွန်တော် စိတ်မကောင်းလည်း ဖြစ်မိတယ်။ စိတ်လည်း အိုက်တယ်၊ ရင်လည်း မောရတယ်။ ဒါနှင့်အတူ ကုန်းကြောင်းလျှောက်လာရသည့် သူ့ဖြစ်အင်ကိုကြည့်ပြီး တွေးပြီး သနားလည်း သနားမိရဲ့။

သည့်နောက် အရက်ပုံ့ပုလင်းကို ယူလိုက်ပြီး သူ့ခြေမမှ ပြဲရဲ ယောင်ကိုင်းဒဏ်ရာကို အရက်ပျံနှင့် သန့်စင်ပေးလိုက်တယ်။

''စပ်လား . . . ငှက်ကျားကြီး''

''စပ်တယ်''

''တအားစပ်သလား''

''ငရုတ်သီးစိမ်း မိုးမျှော် (၁၅)တောင့် ဝါးစားရသလိုကိုပဲတာ''



www.burmeseclassic.com

www.burmeseclassic.com



သူ့ခြေတစ်ချောင်းလုံး တုန်နေတယ်။ အံကြိတ်၍ခံတယ်။ သူ့ခန္ဓာကိုယ်က ကိုယ်ငွေ့က တရှိန်းရှိန်းနှင့် ပူပြီး ကျွန်တော့်ကိုဟပ်နေတယ်။

သူ့ခန္ဓာကိုယ်ပေါ်မှာ အဝတ်စိုကိုလှမ်းလျှင် ခဏလေးနှင့်ခြောက်သွေ့သွားလိမ့်မည်ဟု ကျွန်တော် ယုံကြည်မိတယ်။

ကြည့် . . . မျက်နှာကြီး ဖောင်းတင်းပြီး ရဲတွတ်လို့။

ထူးခြားနေတာက သူ့မျက်လုံးအစုံပဲ ခင်ဗျ။

မျက်လုံးနှစ်လုံးဟာ ဂနာမငြိမ်ဘူး။ လက်ယာဘက်ပြေးလိုက်၊ လက်ဝဲဘက်ကပ်လိုက်၊ အပေါ်လန်စိုက်၊ အောက်စိုက်လိုက်နှင့်။

ပြီး . . . နောက်ကို ဘေးကို စိုးရိမ်တကြီး လှည့်ကြည့်လိုက်။

ကြည့်ရတာ တစ်စုံတစ်ရာကို လန့်ကြောက်နေသလိုမျိုး။

"ငှက်ကြီး . . ."

"ဘာတုံး . . . အဟွတ် . . . အဟွတ် . . ."

"မင်း . . . ဘာတွေလှည့်ကြည့်၊ ကြောင်ကြည့် ဖြစ်နေတာတုံး"

"မဖြစ် . . . ပါ . . . ဘူး . . . အဟွတ်"

"ဟုတ်ရဲ့လား"

"ဟုတ် . . ."

သည့်နောက် ဆေးဝါလေးကို ဇွန်းနှင့်တို့ကပ်ပြီး ပတ်တီးစည်းပေးလိုက်ရင်းမှ . . .

"ဆေးခန်းကို တစ်ခေါက်လောက်သွားပြရအောင်ပါ ငှက်ကြီးရာနော်"

"ဟင့်အင်း . . . မပြဘူး"

"ဘာဖြစ်လို့ မပြချင်ရတာတုံးဟ"

"အစောကြီး ပျောက်သွားမှာစိုးလို့"

"ဟ . . . ငှက်ကြီးရ။ စောစောလေး အနာပျောက်ရင် စိတ်ချမ်းသာစရာ မကောင်းဘူးလား . . . သူငယ်ချင်းရ"

"မကောင်းဘူး"





"အစောကြီးပျောက်သွားရင် ငါမင်းဆီကို နေ့တိုင်းနီးပါး လာရတော့မှာ မဟုတ်ဘူး။ ငါပြန်တော့မယ်"

"အေး . . . အေး . . . အိမ်ကိုရောက်အောင် ပြန်နော်"

"ပေး . . . အရက်ဖိုး"

သူက ညာလက်ဝါးကို ဖြန့်ပြ၏။

"ထမင်းစားသွားလေ ငှက်ကြီး"

"ငါ ထမင်းစားဖူးတာ အနှစ်သုံးဆယ်ကျော်ပြီ။ ထမင်းက တောင်းစားရင်တောင် နေ့တိုင်းစားလို့ရတယ်။ အရက်က နေ့တိုင်းသောက်ရဖို့ မလွယ်ဘူး။ ပေး . . . အရက်ဖိုး"

အရက်ဖိုးပဲ ထပ်ကာတလဲလဲ တောင်းနေသဖြင့် ငွေနှစ်ရာကျပ်ကို ပေးလိုက်တော့ လက်တုန်တုန်ယင်ယင်နှင့် လှမ်းယူပြီး တစ္ဆေသရဲအကြောင်းများကို ထပ်မေးပြန်သည်။

"ငမိုင်း . . ."

"ဘာတုံး ငှက်ကြီး"

"တစ္ဆေဆိုတာ တကယ်ရှိလားဟင်"

"ရှိတာပေါ့"

"သရဲ ရော"

"ရှိတယ်"

"ကျတ်ရော"

"ရှိတယ်"

"မင်း . . . မင်း . . . ကိုယ်တိုင်မြင်ဖူး၊ ကြုံဖူးလား"

"ကြုံဖူးတယ်၊ မြင်ဖူးတယ်"

"သူ . . . သူတို့က . . . ဘယ်လို . . . ပုံ . . . ပုံ . . . သဏ္ဌာန်လဲဟင် . . . ဟင် . . . မြန် . . . မြန် . . . ပြော . . . ပြော . . . စမ်းပါကွ။ ပြောစမ်းပါ"

သူ အရင်စလို အားတက်သရောမေးရင်း မျက်လုံးပါပြူးပြနေလို့။



www.burmeseclassic.com

www.burmeseclassic.com



"အချို့တစ္ဆေက လူအတိုင်းပဲ"

"လူအတိုင်းပဲ"

"အေး ..."

"သ ... သရဲကရော"

"သူက အရုပ်ဆိုးတယ်၊ အနံ့နံတယ်။ သူခြောက်လှန့်ရင် အော့အန်ရရော"

"ဒါ ... ဒါဆို ... ခွေး ... ခွေးသေပုပ်ကောင်အနံ့ ထွက်တာဟာ ... သ ... သရဲခြောက်တာလား"

"ခွေးသေကောင်ကို ရှာမရ၊ မြင်မရဘဲ ခွေးသေကောင်ပုပ်အနံ့၊ လူသေကောင်ပုပ်အနံ့ရနေရင် အဲဒါ သရဲခြောက်တာပဲ"

"ဟုတ်လား"

"ငှက်ကြီး"

"ဘာ ... ဘာတုံး ... ကွာ"

"မင်း ဘာလို့ ငါ့အိမ်ကိုရောက်တိုင်း၊ ငါနဲ့တွေ့တိုင်း တစ္ဆေသရဲအကြောင်းကို မေးနေရတာတုံး။ ပြောစမ်း ..."

"ဟို ... ဟို ..."

"ဘာဟိုတုံး ... ပြော"

"ငါ ... ငါ သူတို့ကို ကြောက်လည်းကြောက်တယ်"

"မင်းလိုလူက ကြောက်သေးတယ်။ ဟုတ်ရဲ့လားကွာ"

"ကြောက်လည်း မကြောက်ဘူး"

"ဒါဖြင့် ဘာလို့ ဒီအကြောင်းကို ခဏခဏ မေးရတာတုံး"

"ငါ တစ္ဆေနိုင်ဆေးလိုချင်တယ်။ တစ္ဆေနိုင်ဆေး ရှိသလားဟင်"

သူက ထူးထူးဆန်းဆန်း တစ္ဆေနိုင်ဆေးကို မေးနေတယ်။ ဒါနဲ့ ကျွန်တော်က သူ့ကို တစ္ဆေနိုင်ဆေး ဖော်သည့်နည်းကို ပြောပြလိုက်ရော သူ တွေ့ပြီး စဉ်းစားနေတယ်။ မေးချင်ရာမေးပြီးနောက် ထော့နင်းထော့နင်း





နှင့် ဆင်းသွားလေရဲ့။ ကျွန်တော်က မဆင်းခင် ကားခထပ်ပေးပြီး အိမ်ကိုရောက်အောင် ပြန်ရန် သတိထပ်ပေးလိုက်ရသေးတယ်ဗျာ။

အဲဒါ မနေ့တုန်းက။

ဟော ... အခုမနက်လည်းကျရော ငှက်ကျားကြီး ဆုံးပြီတဲ့။ ကွေးသောလက်မဆန့်မီနှင့် ဆန့်သောလက် မကွေးမီ ကြားကာလမှာပင် တစ္ဆေဖြတ်သေ၍ တသုတ်သုတ် မွေးကြ ရှင်ကြ လူဖြစ်ကြသတဲ့။

ဟုတ်ပါရောကလား။

ငှက်ကျားကြီးရဲ့ ရောဂါဖြစ်စဉ် အစပျိုးပုံက ဆန်းလည်းဆန်း၊ စိတ်ဝင်စားစရာလည်း ကောင်းရဲ့လေ။

အချို့က

ငှက်ကျားကြီးကို သချိုင်းကုန်းက တစ္ဆေသရဲများက ခေါ်သွားတာဟု ဆိုကြသည်လည်း ရှိတယ်။

အချို့ကတော့ ...

သူ သချိုင်းကုန်းမှာ ပမာမခန့်၊ မလေးမစား၊ သူ့နယ်၊ ကိုယ့်နယ် စည်းမထားဘဲ ဇော်ဇော်ကားကား သွားလုပ်မိလို့ ဒဏ်ထိတာဟုလည်း ဝေဖန်ကြသေးတယ်။

ကျွန်တော့်ထင်မြင်ယူဆချက်ကတော့ တစ်မျိုး။

သို့သော် စဉ်းစားစရာ အချက်တစ်ချက်က မပြေးသော် ကန်ရာရှိ မြင်နေပြန်တယ်။

မောင်ကျန်နှင့် ကိုတောကျော်တို့ ပြောချက်ရယ် ...

သည်အကြောင်းအရာများအားလုံးကို နောက်ပြန်ခြေရာကောက်၍ ပုံဖော်ကြည့်လိုက်တော့ ...

သူ့ထင်မြင်ယူဆချက်နှင့် ကိုယ့်ထင်မြင်ယူဆချက်များက တစ်မျိုးစီ အရောင်ကွဲပြီး ထွက်လာတယ်။

သို့သော် ...

ဖြစ်ရပ်တွေက စိတ်ဝင်စားစရာ ကောင်းလွန်းလှတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေကိုနိုင်ချင်လို့ တစ္ဆေနိုင်ဆေးလိုက်ရှာသူက ငှက်ကျားကြီး။

ခုတော့ ငှက်ကျားကြီးကို သူနိုင်ချင်သည့် တစ္ဆေက နှိပ်စက်ဖျား ယောင်းညှဉ်းပန်းပြီး အသက်ကို နှုတ်ယူသွားခဲ့တာလား။

ဒါမှမဟုတ် ...

သေဖို့အချိန်စေ့၍ မရဏာရှင်သေမင်းများက စိတ်မကောင်းကြီး စွာဖြင့် ခေါ်ဆောင်အသက်နှုတ်သွားရော့လေသလား။

ကိုင်း ...

ကျွန်တော်တို့ လူရွှတ်လူပေတစ်ဦးရဲ့ ဘဝပြည်ဖုံးကားကို မီးရောင် ပေါ့လိုက်အားကောင်းကောင်းထိုးပြီး ဖြည်းဖြည်းချင်း ဆွဲတင်ပင့်ဖွင့်ကြည့် လို့ နောက်ဆုံးနေ့များအထိ ဘယ်လိုကကြိုးနဲ့ ပြည်ဖုံးကားအပြီးချခဲ့သလဲ ဆိုတာ အတူတူ ကြည့်ရအောင်ဗျာ။

✿ ✿ ✿

| ၄ |

❑

ငှက်ကျားကြီးဆိုတဲ့ကောင်က လူပေလူတေ။ လူကြမ်းမှ တကယ် ထူပေလူတေ ငှက်ကျားကြီးခင်ဗျ။

''သရဲခြောက်တယ်လို့ပြောတာ ဘယ်သူလဲကွ''

ကြည့် ...

အရက်ဆိုင်ထဲမှာ အရက်သောက်နေသည့်ဝိုင်း ငါးဝိုင်းရှိတယ်။ အားလုံး နေ့စဉ်သောက်နေကျ။ ကစော်သမား၊ အရက်သမားချည်းပဲ။

ကိုစိန်ကတုံး အရက်ဆိုင်မှာ အရက်မျိုးစုံရတယ်။ ဒါပေမဲ့ ရောင်း ကောင်းတာ အရက်ဖြူမျိုးစုံပဲ။

ဘီယာထဲကို ဂျင်အရက်နည်းနည်းရောသောက်ရင် မူးအားကောင်း တယ်။ သောက်ရတာလည်း အရသာရှိတယ်ကိုး။

ဒီလိုပဲ အရက်ဖြူထဲကို ကွဲရှိုင်းအချိုရည် ထည့်သောက်ရင် ပို သောက်လို့ ကောင်းတယ်ကိုး။



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်း ..."

"သ ... ရဲ ... ခြောက် ... တယ် ... လို့ ... ပြောတာ ... ဘယ်ကောင်တုံးဟေ့။ ငါ့နာမည် ငှက်ကျားကြီးကွ။ သရဲထီးမှန်ရင် နွားလုပ် စီးပစ်မယ်။ သရဲမမှန်ရင် မယားလုပ်ပြီး နာရီဝက်ပေါင့်ပြမယ်။ သရဲမ အော်ပြေးရမယ်။ ပြော ... ဘယ်နားမှာ၊ ဘယ်လမ်းမှာ၊ ဘယ်အရပ်၊ ဘယ် ရွာမှာ သရဲရှိသလဲ။ တစ္ဆေရှိသလဲ။ ငါနဲ့တွေ့မယ်။ ပြောကွာ ... သရဲခြောက် တာ ဘယ်မှာလဲ"

ဒီအချိန်မှာပဲ ဆိုင်ထောင့်အရက်စားပွဲက နရှီးလူး (နွားချီးလူး) ဆိုတဲ့ အရက်သမားက ...

"ငှက်ကျားကြီး ..."

"အေ့ ... ဘာတုံး နရှီးလူး။ သရဲက မင်းလား ... အေ့"

"မင်းက သရဲမကြောက်ဘူးပေါ့"

"ကြောက်ရအောင် မင်းသရဲမှာ ဦးချိုပါလား။ ခွာပါလား။ ပြော ပြော ... ပြော ..."

"သရဲရော မြင်ဖူးလို့လား"

"မြင်ဖူးချင်တာ။ ငှက်ကျားကြီး ရဲတင်းနဲ့ နှစ်ပါးသွားကချင်လို့ လေ။ အဟေ ... ဟေ ... ဟေ ..."

"မင်း တကယ်မကြောက်ဘူးနော် ... ငှက်ကျားကြီး"

"ဟေ့ကောင် ... နရှီးလူး ... စာဖွဲ့မနေနဲ့။ နှစ်လေးတစ်လေး လောင်းချင်လောင်းလိုက်။ သရဲတစ္ဆေကို ယုံလည်းမယုံဘူး။ လက်လည်းမခံ ဘူး။ ယုံလောက်အောင်ရှိရင်လည်း တွေ့ချင်တယ်။ သရဲနဲ့ငါ၊ တစ္ဆေနဲ့ငါ ဘယ်သူစွမ်းလည်း သိချင်လို့"

"ကောင်းပြီ။ ငှက်ကျားကြီး ငါနေရာပြောမယ်"

"ပြော ..."

"ဘုရားကျိုးကုန်း သိလား"

"သိတယ်"





"ဘုရားကျိုးကုန်းမြောက်ဘက်က အိမ်ပြိုကြီးရော သိလား"

"လူမနေတဲ့ အိမ်ပြိုကြီးမဟုတ်လား"

"သိပ်ဟုတ်တာပေါ့ ... ငှက်ကျားကြီးရာ။ အဲဒီအိမ်ပြိုကြီးက သစ် တိုင်ကြီးဟာ သရဲအခြောက်ကြမ်းတဲ့ သစ်တိုင်ကြီးပေါ့ကွာ"

"ဘယ်လောက်အခြောက်ကြမ်းလို့တုံး ... အေ့ ... ဂေ့ ..."

ငှက်ကျားကြီးက အရက်တစ်ခွက်ကို ကောက်ယူမော့လိုက်ပြီး မထိ လေးစားဟန်နှင့် မေးလိုက်တယ်။

"သရဲနာမည် မှတ်သွားလိုက်ဦး"

"ပြောပါ ... ရဲရဲပြောပါ"

"ခေါင်းပုပ်ကြီးတဲ့"

"ခေါင်းပုပ်ကြီး ... ဟား ... ဟား ... ဟား ... ဟား ... နံမှာပေါ့နော်"

"အိမ်း ... မင်းကို သူကလည်း မျှော်နေတယ် ငှက်ကျားကြီး"

"တွေ့ကြသေးတာပေါ့ကွာ"

"ငှက်ကျားကြီး"

"ဘာတုံး ... နရှီးလူး"

"မင်း ခေါင်းပုပ်ကြီးနဲ့ တကယ်သွားတွေ့ပြီး စိန်ခေါ်မှာလား"

"ခေါ်မှာပေါ့"

"ဘယ်နေ့သွားမှာလဲ ကိုယ့်လူ"

"နက်ဖြန်၊ သန်ဘက်ပေါ့ကွ"

"အေး ... ရှေ့နားတိုးခဲ့ပါဦးဟ .. ငှက်ကျားကြီးရ"

"ဘာလုပ်မလို့တုံး"

"မင်းမျက်နှာလေး ဒီနေ့ ဝအောင်ကြည့်ထားမလို့ပါ။ ကံဆိုးရင် နောက်နေ့ မြင်ချင်မှ မြင်ရမှာကိုး"

"ဟား ... ဟား ... ဟား ... ဟား ..."

"အဟေး ... ဟေး ... ဟေး ... ဟေး ..."



www.burmeseclassic.com

www.burmeseclassic.com



“အဟတ် … အဟတ် … အဟတ် …”

“ထွီ … မင်းတို့က ငါ့မျာ အထင်သေးလို့”

“ငှက်ကြီး … ဘုန်းကြီးငါးပါးနဲ့ သရဏဂုံကို ကြိုတင်သွားနော်။ ကိုးမှခ်ရှင်ဘုန်းကြီးကျောင်းက ဦးဇင်းအောင်စိန်နဲ့၊ ဓမ္မပါလဘုန်းကြီးကတော့ တရားဟောကောင်းသတဲ့ဟ”

“ဟား … ဟား … ဟား … ဟား …”

“ဟီး … ဟီး … ဟီး … ဟီး …”

“မင်းမသွားခင် ဘာမှာခဲ့ဦးမတုံး ငှက်ကျားကြီး”

“မင်းနှမကို ပြောလိုက်၊ မသေလို့ပြန်လာမှ မင်္ဂလာဆောင်မယ်။ အဲဒါ ဘုန်းကြီး (၇)ပါး ကြိုပင့်ထားလို့။ ကြားလား … နှမ်းလူး”

“ဟား … ဟား … ဟား … ဟား …”

“အဟေး … ဟေး … ဟေး … နှမ်းလူး … မင်းညီမအတွက် ခေါင်းပါပြင်ထားလိုက်တော့။ ငှက်ကျားကြီးနဲ့ညားရင် … အဲ … အဲ …”

“ဖိတ်စာရိုက်ရင် ဦးလေးကျော်သောင်း စာစီကောင်းသဟ”

“ဟား … ဟား … ဟား … မုန့်ဟင်းခါး အချိန်တစ်ရာကတော့ ခုနစ်နာရီမထိုးခင် ပြုက်ခနဲ ကုန်မှာပဲဟေ့။ အဟတ် … အဟတ် အဟတ် …”

ငှက်ကျားကြီးရဲ့ ငယ်ပေါင်းသူငယ်ချင်းများဖြစ်ကြတဲ့ ကျွန်တော်ရယ်၊ မောင်ကျွန်နဲ့ ကိုတောကြီးတို့အနက် ကိုတောကြီးနဲ့ မောင်ကျွန်က ငှက်ကျားကြီးဘက်က စကားစစ်ထိုး စစ်ကူရောက်လာပြီး နှမ်းလူးတို့ကို ပြန်ပိုင်းဖွဲ့ကြရော။

နောက်ဆုံး ရန်ဖြစ်မည့်အရေးကိုမြင်လို့ အရက်ဆိုင်ပိုင်ရှင် ကိုစိန်ခေါင်းတုံးက ဟိုလည်းဟန့်၊ ဒီလည်းဟန့်လုပ်ရင်း လက်ကျန်မြန်တဲ့ ငှက်ကျားကြီးကို ချော့မော့အရက်တစ်ပိုင်းပေး ပြန်ခိုင်းရတယ်။

✿ ✿ ✿

# | ၁ |

❑

ဒီနေရာမှာ သရဲခေါင်းပုပ်ကြီးနဲ့ ငှက်ကျားကြီးတို့ အပြိုင်အဆိုင် အနိုင်ကြဲကြသည့်ဇာတ်ကို မရေးမပြောခင်မှာ …

နာမည်ကျော် ငှက်ကျားကြီးအကြောင်း နောက်ခံသမိုင်းလေး ပြောပြချင်တယ်ခင်ဗျာ။ စိတ်ဝင်စားစရာ ကောင်းလို့ပါ။

ညစ်ပတ်လိုက်တာလို့ မထင်ပါနဲ့ဗျား။

ယောက်ျားကောင်း၊ မောင်းမတစ်ထောင်ဆိုတဲ့စကား မြန်မာမှာလည်းရှိတယ်။ နိုင်ငံခြားမှာလည်း ရှိတယ်မဟုတ်လား။

အချို့က ပြောတယ်ခင်ဗျ။

ယောက်ျားကောင်း မောင်းမတစ်ထောင်ဆိုတာ လူ့ပြည်ကိုရည်ညွှန်းတာမဟုတ်ဘူး။ နတ်ပြည်ကို ရည်ညွှန်းတာတဲ့။

နတ်ပြည်မှာ နတ်သားဖြစ်သွားရင် နတ်သားကလည်း အဆင့်လေးရှိတဲ့နတ်။ (ဥပမာ – A.E, J.E ရုံးအုပ်ကြီး၊ ဌာနခွဲမှူး အထက်တန်း

www.burmeseclassic.com



စာရေး) စသည့်ပေါ့လေ။ ရာထူးကောင်းရင် နတ်သမီးတစ်ဖက်ငါးရာ နှစ်ဖက်ပေါင်းသော် နတ်သမီးတစ်ထောင်နဲ့ ခံစားရတာကို ရည်ညွှန်းတာတဲ့။

ဘကြီးဦးလေးမောင် ပြောတာလေ။

"သိကြားမင်း ဦးမာဃကိုကြည့်ကွ။ လူ့ဘ၀တုန်းက သူ့တပည့် လက်သား၊ သားမယား၊ အပေါင်းအသင်းတွေနဲ့ လမ်းပြင်တယ်။ တံတား ဆောက်တယ်။ ဇရပ်ဆောက်တယ်။ ပန်းဥယျာဉ်များလုပ်တယ်။ (စည်ပင်သာယာရေး စေတနာ၀န်ထမ်းလုပ်ငန်းပေါ့ကွ)

ခေတ်စကားနဲ့ဆို NGO ခေါ်တာပေါ့။ မြို့ရွာရပ်ကွက် သာယာသန့်ရှင်းအောင်လုပ်ကြတော့ မလိုသူ ရွာသူကြီးနဲ့အဖွဲ့က မင်းပြစ်မင်းဒဏ်သင့်အောင် ကုံးတိုက်ချောတိုက်သည့်တိုင် နောက်ဆုံး အမှန်တရားပေါ်ပေါက်ပြီး မောင်မာဃကိုယ်တိုင် အကြီးအကဲဖြစ်ပြီး ကုံးတိုက်တဲ့ ရွာသူကြီး ထိပ်တုံးခတ်ခံရရောကွ။ ဒါ ရှင်ဘုရင်တော်လို့ပေါ့။

နောက်ဆုံး မောင်မာဃတို့ သေလည်းသေရော ... ဟော ... နတ်ပြည်မှာ နတ်အများကို အုပ်ချုပ်ရသည့် သိကြားမင်းဦးမာဃရယ်လို့ ဖြစ်ပြီး လက်ဝဲဘက်မှာ နတ်သမီးငါးရာ၊ လက်ယာဘက်မှာ နတ်သမီးငါးရာနဲ့ စံစားရပါရောလား။ ဘုံဗိမာန်ကြီးလည်း ကြီးမှကြီး၊ ခန့်မှခန့်ကွ။

"ဘကြီးလေးမောင် မြင်ခဲ့လို့လား"

"မြင် ... အဲ ... အဲလေ ... ဒီခွေးမသား ... ငှက်ကျားတော့ ကွာ လူစကားပြောရင် ဝင်ကလန့်ပါပြီ"

ကွမ်းဝါးလိုက်၊ ရေနွေးကြမ်းသောက်လိုက်၊ လက်ဖက်အစ်ကို နှိုက်ပြီး စားလိုက်၊ အားရပါးရ လက်သီးလက်မောင်းတန်းပြီး လေလုံးကြီးနေသည့် ဦးလေးမောင်ကြီးကို အလစ်မှာဝင်ထောက်ရော။

ဘကြီးလေးမောင်က တုတ်ကရော။

"ဟဲ့ ... ခွေးမသား အနာကျကောင်ရဲ့၊ ဗုဒ္ဓဝင် မဟာဝင်မှာ ဆိုထားတာဟဲ့။ ဆရာတော်ကြီးတွေဟောသည့် တရားမှာ ရှင်းနေအောင် ပြောထားတာဟဲ့"





"ဆက်ပါဦး ... အဘမောင်ရေ။ ငှက်ကျားကြီးကို သောက်ဂရု မစိုက်ပါနဲ့"

"အေး ... ဟုတ်တယ်။ ဘယ်ရောက်သွားပါလိမ့်"

မေးရင်းက လက်ဖက်ပန်းကန်ထဲက ပုစွန်ခြောက်များကို ရွေးပြီး အုပ်လေရဲ့။ ရွေးစားလို့ ပုစွန်ခြောက်ကုန်တော့ ...

"မြရီရေ ..."

"ရှင် ... အစ်ကိုလေးမောင်"

"ပုစွန်ခြောက်လေးများရှိရင် နည်းနည်းထည့်ပါဦးဟ ... နမထေး ရဲ့ ကုန်သွားပြီ။ လက်ဖက်အသားနဲ့ နှမ်းပဲကျန်နေလို့"

ပုစွန်ခြောက်လိုချင်တော့ အသံက သာသာနွဲ့နွဲ့လေးနဲ့ တောင်းတယ်ဗျာ။

"ဘကြီးက လက်ဖက်မစားဘဲ ပုစွန်ခြောက်ချည်း နှိုက်စားနေ တာကိုး"

ထုံးစံအတိုင်း အလစ်ချောင်းနေတဲ့ ငှက်ကြီးက ဝင်ခွပ်ပြန်ပါရော။

"ဟာ ... ဒီအမဲသား ငှက်ကျားနှယ်ဗျာ ... လက်ဖက်အသား ချည်းစားရင် လေထိုးလေအောင့် ဖြစ်မှာစိုးလို့ ပုစွန်ခြောက်နည်းနည်းပါး ပါး ..."

"အကုန်လုံးပါဗျာ"

"ဟာ ... ဒီလူလွန်မသားနှယ်ကွာ ... တောက်"

"အစ်ကိုလေးမောင် ... ရော့ ... ရော့ ... ဒါ ပန်းကန်အသစ် တော့။ ပုစွန်ခြောက်နိုင်းချင်းပဲ"

"သာဓုဗျာ ... သာဓု ... သာဓု ... ငါ့နှမကြီး လျှိုနိုင်တန်း ပြီ ..."

"ငါလည်း ပုစွန်ခြောက်ကို အားရပါးရမျှိုနိုင်လို့ပါ ထည့်ပြောပါဗျ"

"ဒီအမဲသားကောင်တော့ကွာ ... လူကြီးကို အရှက်ခွဲအောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေပြန်ပါပြီ။ ငါ့နှယ်နော် ...။ မင်းပါးစပ် ဗိုက်ထားစမ်း ငှက်ကျားကြီး။ စောစောက စကား ဘယ်ရောက်သွားပလဲ ... မောင်မှိုင်းရ"

"သိကြားမင်းဦးမာဃ ဘုံဗိမာန်ကလည်း အကြီးကြီး ..."

"အေး ... ဘုံခုနစ်ဆင့် ပြာသာဒ်ကြီးနဲ့နေရတာ သိကြားမင်း စည်းစိမ် အပြည့်အဝပေါ့ကွာ။ လူ့ဘဝတုန်းက သူ့နောက်လိုက် တပည့် သူငယ်ချင်း လမ်းပြင်သူ၊ ဥယျာဉ်လုပ်သူ၊ တံတားဆောက်သူများလည်း အဲဒီကောင်းမှု ကုသိုလ်ကံအကျိုးကြောင့် သေလွန်တော့ နတ်သားတွေဖြစ်၊ နတ်သမီးချောတွေနဲ့ညား။

အချို့လည်း ဟိုဘက်ငါးရာ ဒီဘက်ငါးရာနဲ့ကွ။ လူမပြောနဲ့မောင် တို့ရာ လမ်းပြင်ရာမှာ မြေကြီးတွေကို ခြေနဲ့နင်းဖို့ညှိ မြေသိပ်အောင်လုပ် ပေးသည့် ရောဝဏ်ဆင်ကြီးတောင်မှ နတ်ပြည်မှာ ရောဝဏ်ဆင်မင်းရယ် လို့ဖြစ်ပြီး နတ်စည်းစိမ်ကို ခံစားရတာကလားဟ။ ကိုမာဃရဲ့ ဇနီးမယား ဖြစ်တဲ့ သုဓိတာတို့၊ သုစိတ္တာတို့၊ သုမာလာတို့ ..."

"ခင်သန်းနု၊ နွဲ့နွဲ့မူတို့၊ ဒေစီကျော်ဝင်းတို့ရော ..."

"ဟ ... အမဲသားရ ... အဲဒါ ရုပ်ရှင်မင်းသမီးတွေဟ။ သူတို့ အစား မင်းနှမအငယ်ဆုံးနဲ့ မင်းအမေပါသွားတယ်"

"ကောင်းကွာ"

"ငှက်ကြီးခံရပြီ ... အဘလေးမောင်ရေ"

"ဝွတ်တယ်ဗျာ"

"ရှယ် ... အဘရဲ့"

"အဘ ... သူ့နှမနဲ့ သူ့အမေက လက်ယာဘက်ငါးရာအုပ်စုမှာလား၊ လက်ဝဲဘက်ငါးရာအုပ်စုမှာလား ခင်ဗျ။ နောင်လာနောင်သားများ အထင်အရှားသိရအောင် ထပ်ပြောခဲ့ပါဦးခင်ဗျ။ အဟဲ ..."

တောကျော်ကလည်း ချွန်တယ်။

"အလယ်တည့်တည့်မှာကွ"

"ဟား ... ဟား ... ဟား ... ဟား ..."





"သတိရော ရရဲ့လားဗျာ။ ဟင် ..."

အားလုံးက ဝိုင်းချွန်၊ ပင့်၊ ထောင် လုပ်ရော။ လူကနဲ့လန့်ကောင် ငှက်ကျားကြီး ဘာမှဝင်ပြောလို့ မရတော့ဘူး။

"အဘ ... ပုစွန်ခြောက်လေးစား။ အဲ ... လက်ဖက်လေးစား ပါဦးခင်ဗျ။ နတ်ပြည်မှာ သူ့နှမ ကလေးရလားဟင်။ အဘလေးမောင်"

"ဟာ ... ဒီအကောင်တွေ ပေါက်ကရ မေးပြန်ပါပြီကွာ။ တို့တို ပြောရရင် သုစိတ္တာတို့လည်း ကိုမာဃကို ဝိုင်းကူတံမြက်လှည်း၊ အုတ်ခဲ သယ်၊ ပန်းစိုက်လုပ်ကြလို့ နောက်ဆုံး နတ်ပြည်မှာ သိကြားမင်းဦးမာဃရဲ့ အချစ်ဆုံးမယား နတ်သမီးတွေဖြစ်ရတာပေါ့။ ဒါကြောင့် ယောကျ်ားကောင်း မောင်းမတစ်ထောင်ဆိုတာ သိကြားမင်းဦးမာဃတို့လို ကုသိုလ်ကောင်းမှု ရယ်အကျိုးရှာအကျိုးလုပ်သူမျိုးရတဲ့ ဘဝသစ်ကို ပြောတာကွ။ မှတ်ထား"

"ဒါဆို ကျွန်တော်တို့လူတွေကော ပစ္စုပ္ပန်ဘဝမှာ မရဘူးလား"

ငှက်ကျားကြီးက ခပ်တည်တည်ဝင်မေးတာ။

"ဘာကိုမရတာတုံးဟ ငှက်ကျားကြီးရ"

"မောင်းမတစ်ထောင်လေ ... အဘရ"

"မင်းက လိုချင်လို့ပေါ့"

"လိုချင်တာပေါ့ အဘရ။ အများကြီးနဲ့ဆို ပျော်စရာကြီး"

"မင်းက သိကြားမင်း ဦးမာဃကို အားကျလို့လား။ ဟိုက ကုသိုလ်ကံအကျိုးပေးနဲ့ သိကြားမင်းမို့ မိဖုရား ဟိုဘက်ငါးရာ ဒီဘက် ငါးရာနဲ့ ခံစားနိုင်တာ။

ဒီပြင်လူ မပြောပါနဲ့ကွာ။ ဟိုကောင် ... ပွဲစားကြီး ဦးသောင်းယဉ် ကိုကြည့်။ မယားနှစ်ယောက်ယူထားတာ။ အခု သင်း လူရုပ်ပေါ်လို့လား။ စားတော့ ကန်စွန်းရွက်ချဉ်ရည်ဟင်း။ ယူထားတဲ့မယားနှစ်ယောက်က ခေါ် လာကိုယ်လုံးလောက်ရှိတယ်။ ကြာလေ အရုပ်ပုပြီး ပိန်ခြောက်လာလေ နဲ့ မယုံရင် ကြည့်နေ။ ဒီကောင် ခံလှ နောက်သုံးလပဲ။ ကူငွေပေးဖို့ ပြင် ထားကြ"



www.burmeseclassic.com

www.burmeseclassic.com



"အဘ ..."

"ဘာတုံး"

"ဆိတ်ပါးစပ်မြကွမ်းရော အဘ"

"ဦးသောင်းယဉ်သူငယ်ချင်း ဟိုဟာဝါး ဒီယာစား ဆိတ်ပါးစပ်မြကွမ်းလား"

"ဟုတ်တယ် အဘ။ ဗိုက်ရွှဲရွှဲ နှုတ်ခမ်းထူထူနဲ့လူကြီး"

"နှာခေါင်းလည်း ပွသေးတယ်ဗျ"

"ဟ ... ငမှိုင်းရ ... နှာခေါင်းပွတာက ပျားတုပ်သွားလို့ပါဟ။ ထူတာ အသားညိုညို ချောချောပါပဲ"

"အေး ... အဲဒီကောင် ဆိတ်ပါးစပ်မြကွမ်းလည်း မကြာခင် တော ထွက်လိမ့်မယ်"

"ဘယ်တောလဲ အဘ။ မဟာမြိုင်တောလား။ ကေလာသတော လား"

"မဟုတ်ဘူး။ နောက်မယားဗိုက်ပေါ်တွင် စကားမေးမရဘဲ နေ့ချင်း မြန် အသုဘချရမှာ"

"ဟား ... ဟား ... ဟား ... ဟား ... အဘလေးမောင်တို့ ပြောလိုက်ရင် အားရပါးရပဲဗျာ"

"ပုံပေါ်တယ်ကွာ"

"ဝီပဲ့ဗျာ"

"ကိုကျော်သူတို့ ကြိုသိထားရင် စီစဉ်ပြီးရောပေါ့လေ။ အဟတ် အဟတ် ... အဟတ် ..."

ငှက်ကျားကြီးကတော့ သူလည်း ယောက်ျားကောင်း မောင်းမ တစ်ထောင်မှာ ပါနိုင်မယ်လို့ ယူဆထားပေမယ့် သူ့ဒုက္ခသူတွေးပြီး မယား မရသေးတာလည်း ဝမ်းနည်းနေရဲ့။

✿ ✿ ✿

[ ၆ ]

❑

အခု လူကြမ်းငှက်ကျားကြီးကို ရွှေပုဆိုးသချိုင်းမှာ သချိုင်းစောင့် [illegible] ခြောက်လန့်လို့သေသည်ဟု သတင်းကကြီးနေတယ်။ မြန်စဉ်းစား [illegible] ငှက်ကျားကြီးကလည်း ငှက်ကျားကြီးပင်။

အသက်ရှင်စဉ်တုန်းက ဆိုးရဲ့ ပေရဲ့။

ငှက်ကျားကြီး၊ တောကျော်၊ မောင်ကျန်တို့ဟာ မြန်မာစာ သေစာ [illegible]သာ ဖတ်တတ်ကြတဲ့ လူတွေလေ။

မှုးလာရင် သတင်းစာကျာနယ်များတွေ့လျှင် အာလေးလျှာလေး [illegible] ဖတ်ရဲ့။ အလွဲလွဲအမှားမှား အော်ဖတ်တယ်။

အမရပူရမြို့ကို 'အစ်မ ... ရ ... ပူရ' ဟု ဖတ်တယ်။

ခာပ်ကုန်းမြို့ကို 'တက် ... ကုန်း' ဟု ဖတ်တယ်။

လည်စီကို ... 'လဇီ' ဟု ဖတ်တယ်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ ... မှုးလာရင် လမ်းဆုံလေးခွမှာထိုင်ပြီး အင်္ဂလိပ်သတင်းစာကို မြန်မာလို တစ်ယောက်တစ်လှည့် ခပ်တည်တည် အော်ဖတ်တယ်။

"အဟမ်း ... ဟမ်းဗိုကက် ... ဒရောနီ ... ချိုက်ကင်"

"ဟမ်းဗိုကက် ... ဒရောနီ ... ချိုက်ကင် ..."

ငှက်ကျားကြီးက သတင်းစာကို အသံကျယ်ကြီးနှင့် အော်ဖတ်တယ်။ ခရီးသွားများ၊ ကျောင်းသားကျောင်းသူများက ဘာမှန်းမသိ၍ အံ့သြရရော။ သူ့လက်ထဲမှာလည်း အင်္ဂလိပ်သတင်းစာကြီးနှင့်ကိုး။

ဒီမှာ တွဲဖက်ငမူး တောကျော်က မေးတော်မူရော။

"အာစရိ ... ဆရာငှက်"

"အေ့ ... ဘာတုံး"

"ဟမ်းဗိုကက် ... ဒရောနီ ချိုက်ကင်ကို မြန်မာလို ဘာသာပြန်ပါဦး။ အေ့ ... ဇေ့ ... ပ ... ညာ ... ရှိ ... ကြီး ... ရ ... အဟတ် ..."

"ဒါလေးတောင် မသိဘူး ... လား ... ကွ ... အေ့ ..."

"မသိ ... လို့ ... ပါ ... အာစရိ ... ရာ ..."

"မှတ် ... ထား ..."

"ဟုတ်ကဲ့ ... ဆ ... ဆရာ ... မိန့် ... ရှိ ... ပါ ... ဇေ့ ..."

"ဟမ်းဗိုကက် ... ဒရောနီ ... ချိုက်ကင်ဆိုတာ ... မှတ်ထားဟိုဘက်ကမ်း ... ခနီတော ... ခြင်ကိုက်တယ်လို့ ပြောတာ"

"ဝုတ်လား ... ဝုတ်လား ..."

"ရက် (၆)"

"ဘာရက်ရမလဲ အာစရိ"

"ငါ့ခြေထောက်ကို လျှက်"

"ဖွီ ... ဘလယ်ဒီဖူးပဲဗျာ ... ကိုငှက်ရာ ..."





"အမ်မာ ... တောကျော် ... မင်းက ငါ့ကို အင်္ဂလိပ်လို ဘိုလိုမြန်မှုတ်တယ်ပေါ့လေ။ ဟေ့ကောင် ... မင်းက ဘယ်လောက်တတ်လို့များငါ့ကို 'ဘလယ်ဒီဖူး'လို့ ပြောရတာလဲ။ ဘာလဲ ... ဘလယ်ဒီဖူးဆိုတာ"

"အာစရိ ... မသိ ... ဘူး ... မဟုတ်လား"

"အေး ... မသိဘူး"

"မှတ်ထား ...။ ဘလယ်ဒီဖူးဆိုတာ 'ဘီလူးတွေဖယ်' လို့ပြောတာ"

"အိုး ... ဝိုး ... ဂလိုလား ... ဖလယ်ဒီဖူး ... ဘီလူးတွေဖယ် ... တဲ့လား။ ဟေ့ကောင် ... တောကျော် ..."

"အေ့ ... ဘာတုံး ... အာ ... စ ... ရိ"

"ဘလယ်ဒီမဖူးရင် ယောက်မေနဲ့ တန်းလိုက်"

"ဘာတုံးဗျ ... ခင်ဗျား အင်္ဂလိပ်စကားက။ ကျုပ် အင်္ဂလန်ရောက်တုန်းက ဒီလိုစကားလုံးမျိုး မသင်ခဲ့ရပေါင်ဗျာ။ ရှင်းပါဦးဗျ"

"ဘလယ်ဒီမဖူးရင် ယောက်မေနဲ့တန်းလိုက်ဆိုတာ .. အမေရိကန်သုံး အင်္ဂလိပ်စကားကွ။ မြန်မာလိုပြန်ရင် ... ဘီလူးတွေမဖယ်ရင် ရေမန်းတောက်လိုက်လို့ ပြောတာဟေ့ ..."

"ဟား ... ဟား ... ဟား ... ဟား ..."

"ဟီး ... ဟီး ... ဟီး ... ဟီး ..."

"အာစရိ ... အရမ်းတော်တယ်ဗျာ။ ခုရော ဘယ်သွားမလို့လဲ"

"အ . ထ . က (၁) မှာ ဆယ်တန်းကျောင်းသားတွေကို အချိန်ပိုင်း အင်္ဂလိပ်စာသွားပြမလို့"

"ဝုတ်လား"

"ဝုတ်ကဲ့ ခင်ဗျ။ အေ့ ..."

"အာစရိရယ် ... ကျွန်တော်ရယ်၊ မောင်ကျုန်ရယ်၊ ငမိုင်းရယ် ထိုက်နားထောင်လို့ မရဘူးလားဟင်။ ဟင် ... လို့ ... ဟင် .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ပါ တတ်ချင် သင်ချင်လို့လား"

"အဲဒေါ့လို ... အဟင့် ..."

"သွပ်ပြားလည်း တတ်ချင်တယ်။ အစ် ... အစ် ... ကို ..."

ဒီမှာ မောင်ကျွန်က မိန်းမလျှာဟန်နှင့် ပုဆိုး (ထဘီ) မ,သလို လုပ်ပြီး ငှက်ကျားကြီးရှေ့မှာ ကုန်းကုန်းကွကွလုပ်ရော။ ငှက်ကျားကြီးက ဆောင့်ကန်လိုက်တာ ဖွက်ထဲမှောက်လျက်လဲရော။

"ချေးပါ အတောင့်လိုက်ထွက်သွားမယ်။ ဂန်းတာမ ... သွား"

ဟုပြောပြီးနောက် မသန်းကာစ်တို့အရက်ဆိုင်သို့ အဂ်လိပ်သတင်းစာ ကြီး ဆော်ကြီးဟာစ်ကျယ်ဖတ်ရင်း ဝင်သွားကြတော့တာပဲ။

အရက်ကိုတော့ အသေအကြေ သောက်ကြတဲ့သူတွေဗျ။ ဘယ် ယောက်ပဲသောက်သောက် မမူးဘူး။

ကျွန်တော် ကာလသားပေါက်စတုန်းက ( ..... ) ကျေးရွာမှာ ထန်းလျက်အရက်ချက်တာ တစ်ရွာလုံးပဲ။ ထန်းလျက်အရက်ချက်ရာမှာ 'ဦးရှည်' ပုပ္ပလေးဝင်မြည်းရင် ရွာလည်းဆုံး လူလည်း လဲရော။

အဲဒီတုန်းက ငှက်ကျားကြီးက ဘာပြောမှတ်လို့တုန်း။

"မြန်မာပြည်မှာ ထန်းလျက်ကနေ အရက်ဖြစ်နေသရွေ့ အရက် ကိုပါနုပေတံ အသက်ထက်ဆုံး သောက်သွားမှာပဲ" ... တဲ့။

သည့်နောက် 'ထွေးညို' ခေတ် ပျက်သုဉ်းသွားတော့ အစိုးရ ထုတ် (B.E) အရက်ကိုလည်းကောင်း၊ တင်လဲအရက်ဖြူများကိုလည်းကောင်း နောက် မိန်းမလိုပေါင်းတယ်။

(အခု ... အရက်တွေက အမည်အမျိုးမျိုး၊ တံဆိပ်အမျိုးမျိုးနဲ့ ကံစမ်းမဲအမျိုးမျိုးနဲ့ ပေါ်နေတယ်။ ကျွန်တော်တို့လေးယောက် ဘာအရက် လာလာ ... အိုဗျာ ... အရက်အမျိုးမျိုး၊ အရက်မှဆိုးမ၊ အရက်နှစ်ထပ် သုံးလင်ကွာ၊ အရက်မှန်သမျှကို သင့်မြတ်အောင်ပေါင်းရင်း အရက်မျိုး နဲ့ ပေါင်းဖက်မွေ့ကြလေရဲ့)





(နောင် ... ငှက်ကျားကြီးကို ပယောဂကိုင်သလိုလို၊ တစ္ဆေမှုး သလိုလို၊ ခြောက်သလိုလို ဖြစ်ချိန်မှာတော့ ကျွန်တော် အရက်ပြတ်ပါပြီ။ အဲဒီအချိန်မှာ ကျွန်တော်က ဂမ္ဘီရစာရေးဆရာလိုင်းကို ရောက်သွားခဲ့ပြီ လေ)

မသန်းကာစ်တို့ဆိုင်က သောက်ပြီးရင် မဂျပုဆုံးတဲ့အသုဘအိမ် စကားဝိုင်းရှိရာကို ရောက်သွားရော။

"ငှက်ကျားကြီး ..."

"ဘာတုံး ... မောင်မှိုင်း"

"မင်း ... နရှီးလူးတို့ပြောတဲ့ သရဲခေါင်းပုပ်ကြီးရှိတဲ့ သစ်တိုပင် ကို သွားမှာလား"

"သွားရမှာပေါ့ကွ"

"မသွားပါနဲ့"

"ဘာလို့ မသွားရမှာလဲ။ ပြော ... အေ့ ..."

သူက သောက်လာသည့် အရက်ခံလေးနှင့် လေချဉ်တက်ရင်း ဟန်ပြနေရဲ့။

"ခေါင်းပုပ်သရဲကြီးက အတော်ကိုခြောက်တာတဲ့"

"မင်း အခြောက်ခံရဖူးလို့ ပြောနေတာလား မောင်မှိုင်း"

"ငါကြားဖူးလို့ ပြောတာ"

"လုပ်စမ်းပါဦးဟ ...။ ခေါင်းပုပ်သရဲပုံပြင်နဲ့ အရက်နဲ့မြည်း ဆောင်း ကိုင်း ... ပြော။ ပြီးမှ ငါအဖြေပေးမယ်။ အေ့ ..."

"မိရွှေကြည်ရေ ..."

"ရှင် ... အစ်ကိုငှက်"

"လက်ဖက်သုပ်ချပါဟ ... နှမလေးရ"

"နှစ်ပွဲချပေ့။ ဒါနဲ့ ... မိရွှေကြည် ..."

"ရှင် ... အစ်ကိုငှက်"

"နှင်ရော ... သရဲခေါင်းပုပ်ကြီးအကြောင်း နားထောင်ဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး … မထောင်ရဲဘူး။ ကြောက်တယ်"

ဒီမှာပဲ ငှက်ကျားကြီးက အသုဘမဏ္ဍပ်၊ စကားဝိုင်းဖွဲ့ပြောနေသူ လုပ်ကိုင်နေသူအားလုံးကို မျက်စိဝေ့ကြည့်လိုက်ပြီး အသံကျယ်ကျယ်နဲ့ အော်ပြောလိုက်ရောဗျ။

"ချစ်သူငယ်ချင်းတို့ … ဘော်ဒါတို့ … အော့ … ဂေ့ … ဖို့ အားလုံး သိထားကြပါခင်ဗျာ … အော့ … ဂေ့ … ကျုပ် … ဘုရား ကျိုက်ထီး အရံလိပ်ခေတ် တိုက်ပျက်ကြီးရှေ့သစ်တိုပင်မှာနေတဲ့ ခေါင်းပုပ်ကြီးဆိုတဲ့သရဲကို နက်ဖြန်ခါ သွားနှင်မယ်။ အဲဒါ ကြည့်ချင်တဲ့သူ၊ မယုံတဲ့သူ လိုက်ကြည့်လို့ရတယ်ဗျို့။ အော့ … ဂေ့ …"

"ဗျို့ … ကိုငှက်ကြီး"

"ဘာတုံးကွာ။ ပိန်းကောင်ကြီးရ … အော့ …"

"ဘယ်အချိန် သွားနှင်မှာတုံး"

"မနက်ဖြန် ဝေလီဝေလင်းအချိန်ပဲကွ။ လိုက်မလို့လား"

"လာခဲ့မယ်"

"ဗျို့ … ကိုဖိုးငှက်ကြီး"

အရပ်က သူ့ကို အမျိုးမျိုးခေါ်ကြတယ်။ ကိုငှက်ကျားကြီး၊ ကိုဖိုးငှက်၊ ကိုငှက်၊ ကိုငှက်ကြီး၊ အချို့ ရင်းနှီးသူတွေက စဏ္ဍာလငှက်ကြီးလို့ ခေါ်ကြတယ်။

ဘာကြောင့် စဏ္ဍာလလို့ ခေါ်ကြလဲဆိုတော့ …

သူက အရပ်ထဲ ရွာထဲလူသေရင် ကပ်ပြင်၊ ရေချိုး၊ ခေါင်းစပ်၊ ခေါင်းသွင်း၊ သင်္ချိုင်းမှာ မြေကြီးတူး၊ မြေဖို့ကအစ အုပ်စုံလိုက်လုပ်လို့။

အဲဒီလိုလုပ်ပေးတာ အခကြေးငွေ မယူဘူး။

အရက်ပဲ။ အရက်နှစ်ပုလင်းလောက်ပေးလိုက်ရင် ကျေနပ်ပြီး ပျော်လို့။ သုံးပုလင်း လေးပုလင်းလောက်များ ပေးလိုက်ရင် သေသူမြေမြှုပ်ပြီး သူနဲ့အတူ သူပါ မြေကြီးထဲမှာ ရက်လည်သည့်တိုင် အတူအိပ်ပေးပါ့မယ်လို့ ပြောတဲ့လူ … ဖို့ …





သူ့မှာ လုပ်ဖော်ကိုင်ဘက် သူငယ်ချင်းသုံးယောက် ရှိသေးတယ်။

တောကျော်၊ မောင်ကျန်နဲ့ ကျွန်တော်ပဲ။

တောကျော်နဲ့ မောင်ကျန်ကလည်း အရက်ကလေးများ အာခေါင်ထဲဝင်သွားရင် ရေနစ်သေလို့ ပုပ်ပွနေသည့်မသာ …

လူသတ်ခံရလို့ ပုပ်ပွပြဲရဲနေသည့် မသာကောင်ကအစ မရွံမရှာကိုင်တာ။

ကျွန်တော်က မကိုင်ဘူး။ မထိဘူး။ လိုအပ်တဲ့ပစ္စည်းလေး ပိုင်းကူယူပေး လှမ်းပေးပဲလုပ်တယ်။

အနံ့အသက်ဒဏ်လည်း မခံနိုင်ဘူးလေ။

သို့သော် ငှက်ကြီးက အသုဘလုပ်နည်းကိုင်နည်းကို သိတယ်။ သိပေမဲ့ သေရင်ပြီးပြီလို့ ယူဆထားသူမို့ တစ်ခါတစ်ခါ ဖြစ်ကတတ်ဆန်း ဒြီစလွယ်လုပ်ချင်တယ်။

သူက မသာရေချိုးတာကို 'ဝတီ'လေး မျက်နှာသစ်၊ ခြေဖဝါးရေဆောင်း လုပ်ချင်တယ်။ ဘကြီးလေးမောင်နဲ့ ဘကြီးမင်းမြတ်တို့က ရှေးထုံးကြီးများပီပီ အနားကရပ်ကြည့်ပြီး …

အကျီချွတ်၊ ပုဆိုးချွတ်၊ ရေလောင်း။ နံ့အောင်လောင်း။ ခေါင်းဆော်ကနေလောင်း။ ပြီးရင် ရေသုတ်၊ အကျီကို ပြောင်းပြန်ဝတ်။

ဟုတ်ပြီ …။ ပြီးရင် ကပ်ပေါ်တင်။

အလောင်းတင်ကပ်က သုံးဆင့်လား၊ နှစ်ဆင့်လားတင်။ တင်ပြီးရင် ခြေမကြိုး၊ လက်မကြိုးချည်ထား။

"ဘကြီးလေးမောင်"

"ဘာတုံး … ငှက်"

"ကပ်ပေါ်မတင်ဘဲ ကြမ်းပေါ် ဖျာခင်းချလို့ မရဘူးလား"

"ရတယ်။ ဒါပေမဲ့ လူသေကောင်နဲ့ ဖျာနဲ့ကြမ်းခင်းပေါ် စွဲကပ်ကျန်မှာရယ်၊ သေသူဟာ အနာပေါက်သေတာမျိုးဆိုရင် ကြမ်းပေါ်မှာ ဖျာခင်းချရင် ပုရွက်ဆိတ်တွေ တက်လာရော။ ပုရွက်ဆိတ်က ဟိုသွားဒီတက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရင် ရောဂါပိုး ပျံ့ရော၊ ကူးရော။

တစ်ခါ အနာက အရည်ကျပြီး ကြမ်းပြင်ကို စွဲတင်ပေကျံလို့ ညှော်ရနံ့ကရောကွ။ အဲဒီလိုမဖြစ်ရအောင် ရှေးလူကြီးတွေက ဝါးကပ်လုပ်၊ ဝါးကပ်ပေါ်ဖျာခင်း၊ ဖျာပေါ်မှာ လူသေကောင်တင်ရတာ''

''မေးပါရစေ ဘကြီးရ''

တောကျော်ကလည်း မခေဘူး၊ လျှာရှည်တယ်။

''ဘာတုံး . . . တောကျော်''

''ဘာလို့ သေသူကို အကျီနောက်ပြန် ဝတ်ပေးတာတုံး''

''သေသူနဲ့ ရှင်သူကို ခွဲခြားပေးတဲ့ သဘောပေါ့ကွာ။ ရှင်သူက အတည့်အမှန်ဝတ်၊ သေသူက နောက်ပြန်ပြောင်းပြန်ဝတ်။ စည်းခြားလိုက်တဲ့ သဘောပဲ''

''လက်ကြိုး၊ ခြေကြိုးချည်တာကရောဗျ . . . အဘလေးမောင်ရ''

''ဒါက ဒီလို . . .။ လူဆိုတာ သေပြီးရင် ပုပ်မယ်ပွမယ်၊ ဖူးယောင်လာမယ်။ လက်မနဲ့ခြေမကို ပူးပြီး ကြိုးမချည်ထားရင် ဖူးယောင်ပွပြီး ကားလာရော။ လက်ကားရား၊ ခြေကားရားခေါ်တာပေါ့။ မြင်လို့လည်း မကောင်းဘူး၊ ကြောက်စရာကြီး။ အဲဒီလို မြင်မကောင်း ရှုမကောင်း မဖြစ်ရအောင် ခြေမပူးကြိုး၊ လက်မပူးကြိုး ချည်ပေးရတာ။ မင်းတို့ မမြင်ဖူးလို့ ပြောရဦးမယ်''

''ပြော . . . အဘ''

''ငါတို့ရွာမှာ ဂေါ်ဇီလာဆိုတဲ့လူ သေပါရောဟေ့။ ဝဝဖိုင့်ဖိုင့်ကြီးဟ။ မိန်းမလည်း ငယ်ငယ်လေးယူထားတာ။ စကားပြောရင် လက်မထောင်ပြီးပြောတဲ့အကျင့်က ငယ်ရာကနေ သေသည့်တိုင်ပဲ။ တစ်ခါတုန်းကလည်း အလှူအိမ်မှာ ချက်ပြုတ်နေတုန်း သူ့အဖေကို လက်မထောင်ပြီး စကားပြောလို့ အဖေလုပ်သူက ခွေးတိရစ္ဆာန်ကောင်၊ မင်းကများ ငါ့ကို လက်မထောင် စကားပြောရမလားဆိုပြီး ထင်းခွဲဓားမနဲ့လိုက်တာ။ မိရင် ထောင်နေတဲ့လက်မရော၊ ဟိုဒင်းရော ဖြတ်ပစ်မယ်တဲ့''





''ဟိုဒင်းဆိုတာက ဘာတုံးအဘရ''

''ဟာကွာ . . . ဟိုဒင်းဆိုတာ . . . ဟိုဒင်းပေါ့ကွာ . . . ကျေနိုရာ''

''ရှင်းအောင်ပြောပါ . . . အဘရ။ ရှုပ်နေလို့ပါ''

တရှုတ်ပေါက်ဖော် လျှောင်တင်ထွန်းနဲ့ ထောက်ကြွသိန်းဝင်းတို့ပါဝင် ချွန်ကြပင့်ကြ၊ ရှုပ်သထက်ရှုပ်အောင် ဝင်လုပ်ကြတော့ အဘဦးလေးမောင် သူ့စကားနှင့်သူ အကျပ်ရိုက်နေတယ်။

''ဟိုဒင်းဆိုတာ . . . ဘာတုံးအဘရ။ ဗုံတိုထင်းလား၊ သစ်တိုထင်းလား''

''ဟိုကွာ . . . ဟို . . . ဒင်း . . . ဆိုတာ . . . ယောင်နေတဲ့ လက်မရော၊ ကော့နေတဲ့ခြေမရော ဖြတ်မယ်ဆိုပြီး ဂေါ်ဇီလာအဖေ မြိသန်းရှေ့က လိုက်ရတာ။ နောက် မကြာပါဘူးကွာ၊ ဂေါ်ဇီလာ သေချင်းဆိုးနဲ့ သေပါရော''

''ပဍ္ဍာနုတ္တိယက် ထိုက်လို့လားဟင်''

''မဟုတ်ပါဘူးကွာ။ ရေမရှိတဲ့ချောင်း။ ရေတိမ်ချောင်းမှာ ကြွက်-အညင်ဆိုတဲ့ ဒန်အိုးပေါက်ဖာတဲ့ကောင်နဲ့ အရက်မူးပြီး မှောက်လျက်အိပ်သတဲ့။

''ဘုရားရေ . . .''

''ရေထဲမှာ . . . ဟုတ်လား''

''ရေက နည်းနည်းလေးပါ။ ခြေချင်းဝတ် မြုပ်ရုံလေးပါ''

''အဲဒါ ဘယ်လိုလုပ် ဂေါ်ဇီလာ သေရတာတုံးဗျ''

''ခြေချင်းဝတ်မြုပ်ရုံ ချောင်းရေထဲ မှောက်လျက်လှဲမူးအိပ်တော့ နှာခေါင်းထဲရေဝင်ပြီး သေတာပေါ့''

''တောက် . . . သေတာတောင် နောက်ကျသေးအဘရာ''

''သူ့အဖေကလည်း ရေနစ်သေနေတဲ့ သူ့သားအလောင်းကိုကြည့်ပြီး ဝမ်းနည်းလွန်းလို့ မျက်ရည်မကျဘူး''

''ဗျာ . . .''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ...ဝမ်းနည်းရင် ငိုရမှာပေါ့ဗျ"

"အေး ...ခုဟာက ဝမ်းသာလို့ မျက်ရည်မကျတာဟ။ ဒီလို လက်မတထောင်ထောင်နဲ့ သေသင့်တာကြာပြီတဲ့။ ဒီနေ့ကျမှ သေတာ။ သေတာနောက်ကျလို့ဆိုပြီး မျက်ရည်မထွက်တာတဲ့ဟေ့"

"အဲဒါ ဆက်ပြောပါဦးဗျာ"

"ဟိုဒန်အိုးပေါက်ဖာတဲ့ ကုလားကြက်တည်ကရော ခင်ဗျာ"

"ဒီကုလားက လူပါ။ ဟက်လက်အိပ်တော့ မသေဘူး။ သူလည်း ဝေါ်ဇီလာသေတာမှာ မသက်သာမှုနဲ့ အဖမ်းခံရတယ်။ နောင်မှ ဆေးရုံဆေးစစ်ချက်နဲ့ လွတ်သွားတယ်။ အခုတော့ နောင်တတရားရပြီး အရက်ဖြတ်၊ ဘုန်းကြီးဝတ်တယ်။ တစ်လလောက်ဝတ်ပြီး သင်္ကန်းချွတ်၊ မိန်းမယူ၊ အရက်သောက်နဲ့ ချာလည်လည်နေတယ်။ အခုလည်း ဦးခရေဆိုတဲ့ မြောက်ဒဂုံဘိုးတော်နဲ့ပေါင်းပြီး တစ်ကုန်းဘက် ပယောဂကုသွားသတဲ့"

"သူတို့က ပယောဂလည်း နိုင်လို့လား"

"ပယောဂကို သူတို့နိုင်သလား မနိုင်လားမသိဘူး တစ်ကုန်းတို့၊ ကျွတ်ပြေးတို့ကပြန်လာရင် မျက်နှာတွေ ယောင်ကိုင်းအရေလန်ပြီး လက်ရောခြေရော ပတ်တီးတွေနဲ့"

"အသည်းအသန် စွန့်စားရတဲ့သဘောနေမှာပေါ့ ဆရာရယ်"

"မဟုတ်ဘူး။ တစ္ဆေသရဲနဲ့ စွန့်စွန့်စားစားချလို့မဟုတ်ဘူး။ မူးပြီး အကြော်ကြော်တဲ့ ဆီပူအိုးထဲ မှောက်လျက်လဲလို့တဲ့"

"တော်တော်ဆိုးတဲ့ လူတွေပဲနော်"

"ဒီထက်ဆိုးတာတွေ ရှိသေးတယ်ကွ။ မောင်ကျန်နဲ့ မှိုင်းရ"

"လုပ်ပါဦးဗျာ"

"နောက်မှပြောမယ်ကွာ။ အခုကပြောချင်တာက နာရေးကိစ္စကို လုပ်ကြပြီဆိုရင် ရေးထုံးလည်းမပယ်နဲ့၊ ရှေးသုံးလည်း မလွယ်နဲ့ကွ။ ခိုက်စရာရှိရင် အိမ်ရှင်ကို အခိုကခိုက်ရော။ မင်းတို့ လုပ်တဲ့ကိုင်တဲ့လူလည်း ကံနိမ့်ရင် ခိုက်ရော"





[ငုင်းကံနိမ့်၍ ခိုက်သည့် ကိုငှက်ကျားကြီးရဲ့ ကြောက်စရာလန့်စရာ အဖြစ်အပျက်ကို နောက်ပိုင်းမှာ ပြောပြသွားပါမည်ခင်ဗျာ]

မည်သို့ပင် လူကြီးသူမများက ဆုံးမဆုံးမ ...

အရက်မမူးတော့လျှင် ဘာမဟုတ်တရုတ်မှ မလုပ်သေး။ အရက်ဝင်သွားပြီ၊ သောက်ချင်လာပြီဆိုလျှင် မလုပ်သင့်တာရော လုပ်သင့်တာရော ဘာမှမထား။

အနီးမှာ ပြောဆိုသတိပေးမည့်သူ မရှိပါက အကုန်ထင်ရာလုပ်တော့တယ်။ အဲဒီလိုလုပ်လို့လည်း လူပေလူရွတ်ငှက်ကျားကြီး အရှယ်ကောင်းတုန်း ချစ်ရသူနှင့်မညားဘဲ သချိုင်းမြေကြီးအောက်မှာ အရိုးကျခဲ့ရတော့တာပဲပေါ့ဗျာ။

"နောက်ဆုံးပြောချင်တာက ဝေါ်ဇီလာသေရော။ ခြေမကြီး၊ လက်မကြီးချည်ပြီး ခေါင်းသွင်းထားတာရယ်၊ လူကဝလွန်းလို့ ပွပြီး ကားလာရာက လက်မကြီးလျော့ရဲရဲဖြစ်ပြီး ညာလက်ကြီးက အပေါ်ကို ထောင်နေပါရောဟေ့။ ထောင်သမှ လက်မကြီးပါ ထောင်နေတာ။

မင်းအမေကလွှား ...ဖဲဝိုင်းကလူတွေ သူ့အဖေဆိတ်ပါးစပ်ကြီးသေရာကဖုတ်ဝင်ပြီး ထလာတယ်ဆိုပြီး ပြေးလိုက်ကြသမှ အိမ်ပါကျိုးရော။ နောက်ဆုံး ရပ်ကွက်လူကြီးတွေ၊ လူရွယ်လူစွမ်းတွေ အမျိုးအဆွေတွေနဲ့ ဆော်လမြိုင်ဘုန်းကြီးပါ ရောက်လာပြီး သေသေချာချာ စစ်ဆေးကြတယ်"

"ကြောက်စရာကြီးပါ ...ငါ့လူတို့ရာ။ ခေါင်းဖုံးကြီးက နံဘေးမှာ သန်ကျလို့။ သေသူဝေါ်ဇီလာ ညာလက်ဝတုတ်တုတ်ဖူးဖူးကြီးက လက်မထောင်ပြီး ခေါင်းပေါ်မှာတန်းလို့။ အဓိကက လက်မကြီးချည်တာမနိုင်လို့ ပြုတ်ရာကြောင့် အကြောရှုန်းကန် ဖောင်းကြွတန်းနေမှန်းကို သိရတယ်။

ဒါကြောင့် ကြိုးချည်တာ သချိုင်းမှာ ခေါင်းကိုပတ်လှည့်တာ၊ (ချ)ခေါက်ထားတာ၊ အုန်းရေနဲ့ မျက်နှာသစ်တာတွေဟာ ရှုးလို့ နှမ်းလို့ အချိုးပျက်အမှုလုပ်တာ မဟုတ်ဘူး။ စနစ်တကျ အဓိပ္ပာယ်ရှိရှိလုပ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



"အဘလေးမောင် . . ."

"ဘာတုံး . . . ငှက်ကျားကြီး"

"မေးပါရစေဗျ"

"မေးဗျာ . . . မေး . . . မေး"

"သေသွားတဲ့မသာကို ချက်ချင်းချရင် အိမ်မနာဘူးပေါ့ဗျာ။ (၃)ရက်၊ (၅)ရက်၊ (၇)ရက်ထားပြီး သင်္ဂြိုဟ်တော့ ပုပ်ပွအရည်ကျပြီး ပတ်ဝန်းကျင်ကိုပါ ထိခိုက်တာပေါ့ . . . အဘရ။ ကိုင်း . . . ပြောစမ်းပါဦးဗျာ။ ဒီလို (၃)ရက်၊ (၅)ရက်၊ (၇)ရက် ထားတာကရော။ ဘုရားအကြိုက်လား၊ နတ်အကြိုက်လား"

"အိမ်း . . . ပြောပြမယ်။ သေသွားတဲ့အသုဘကို (၃)ရက်၊ (၅)ရက်၊ (၇)ရက်ထားပြီး သင်္ဂြိုဟ်သည့်ဓလေ့ဟာ ဘုရားဟောလည်း မဟုတ်ဘူး။ သိကြားဟော၊ နတ်ဟောလည်း မဟုတ်ဘူး။ သို့သော် ဘုရားရှင်လက်ထက်တုန်းက (၇)ရက်ထားပြီးမှ သင်္ဂြိုဟ်ရသည့် မိန်းမချောမိန်းမလှ အလောင်းတစ်ခု ရှိခဲ့ဖူးသကွ"

"ရှိတယ် . . ."

"အိမ်း . . ."

"မိန်းမချော မိန်းမလှ . . . ဟုတ်လား"

"အိမ်း . . ."

"ဘယ်သူတုံး . . . အဘလေးမောင်ရ။ ရှင်းပါဦး"

"ပြည့်တန်ဆာ သိရိမာပဲကွ"

"ဗျာ . . . ပြည့်တန်ဆာသိရိမာ . . . ဟုတ်လား"

"အဘ . . . ဆက်ပြောပါခင်ဗျ"

ဟိုကောင်တွေ ပေဝင်ရှည်နေလို့ ဖာတ်ထွက်နောက်ကျမှာစိုးတာနဲ့ ကိုယ်က ဝင်ဖြတ်ရတယ်။

"သိရိမာဆိုတာ (ရာဇဂြိုဟ်)က အချောဆုံးအလှဆုံး ပြည့်တန်ဆာမတစ်ဦးပဲကွ။ ရာဇဂြိုဟ်မြို့သူပေါ့။ သိရိမာရဲ့အမေက သာလာဝတီတဲ့





သူလည်း ရှင်ဘုရင်ခန့် ပြည့်တန်ဆာပဲ။ သိရိမာရဲ့အစ်ကိုက မင်းတို့ကြားဖူးမှာပေါ့ ဆရာဇီဝက။

ချောလွန်းလှလွန်းလို့ ဟိုမင်းသားကကြိုက်၊ ဒီမင်းသားကကြိုက်၊ ဟိုသူဌေးသားကကြိုက်၊ ဒီစစ်သူကြီးသားကကြိုက်နဲ့ တေးတစ်ပြက် တုတ်တစ်ပြက်ဖြစ်ကြရလို့ သိရိမာကလည်း ဘယ်သူ့မှ မယူရဲဘူး။ သူမရဲ့အလှဂုဏ်သတင်းကလည်း တိုင်းပြည်နိုင်ငံအနှံ့ ကျော်စောထင်ရှားသကိုး။ နောက်ဆုံး ရှင်ဘုရင် ဗိမ္ဗိသာရမင်းက ပြဿနာငြိမ်းရအောင် အလှဘုရင်သိရိမာကို နိုင်ငံတော်ပြည့်တန်ဆာအဖြစ် တရားဝင် သတ်မှတ်ခန့်ထားလိုက်တယ်။

အဲဒါ မိန်းမချော မိန်းမလှ ပြည့်တန်ဆာသိရိမာနဲ့ တစ်ရက်တစ်ည အိပ်ချင်ရင် ရွှေဒင်္ဂါး အသပြာတစ်ထောင်ပေးရတယ်။ တိုတိုပြောရရင် သူမနဲ့အိပ်ချင်သူ၊ အိပ်ခဲ့သူ သူဌေးသား၊ မင်းညီမင်းသား၊ ဂုဏ်သရေရှိလူကြီးမင်းများ တန်းစီနေတယ်"

"အိပ်ချိအိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ မဖြစ်ဘူးလားဗျ"

ဒီမှာ အနားကနေ အဘလေးမောင်အလစ်မှာ လက်ဖက်ပန်းကန်ထဲက ပုစွန်ခြောက်တွေကို နှိုက်နှိုက်စားနေတဲ့ နေစိုးဂေါ်ဆိုသူက ဝင်ထောက်ခဲ့၊

"ဘာကွ . . . မောင်နေစိုးဂေါ်၊ အိပ်ချင်ပြီရောဂါ . . . ဟုတ်လား"

"မဟုတ်ဘူး . . . အဘရ။ အခုပြောပြောနေတဲ့ ခုခံအားကျဆင်းပြီး သေရတဲ့ရောဂါ HIV . . . AIDS ကိုပြောတာ . . . အဘရဲ့"

"အေး . . . ဘယ်ရောဂါနဲ့ သေရသလဲတော့မသိဘူး။ နောက်ဆုံးတစ်နေ့မှာတော့ အလှဘုရင်မ သိရိမာ အားပြတ်ပြီး သေရော။ မသေခင်တုန်းက ရွှေဒင်္ဂါးတစ်ထောင် မတတ်နိုင်သူ ကာလသားတွေကတော့ သူမရဲ့ ကိုယ်လုံးကိုယ်ပေါက် . . . အဝှာ . . . မျက်နှာအနေအထားအလှကို ကြည့်ပြီး သွားရေကျကျ။ တောက်တခေါက်ခေါက်၊ အံတကြိတ်ကြိတ်ပေါ့ကွာ"

"မောင်စိန်လှိုင် (ဥဿာ) တို့၊ ပါမှာပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကြည်လှိုင်နဲ့ မြေလတ်–ထင်ကျော်မိုးလည်း ပါမှာဗျ"

"မင်းကြည်လှိုင်ဆိုတာ ဘယ်သူလဲကွ။ ဟို ... ဖောနေတဲ့ ရှေ့နေ ဦးဖိုးစောညီလား"

"မဟုတ်ဘူးလေ ... အဘရဲ့ တစ်လောတုန်းကပဲ ကြည်တင့်နိုင်နဲ့ မူးပြဲနေအောင်သောက်ပြီး ကားလမ်းမပေါ် အလယ်ခေါင်အိပ်နေလို့ ခုံစခန်းမှာ တစ်ညအိပ်လိုက်ရတဲ့ ပြဇာတ်မင်းသား မင်းကြည်လှိုင်ပေါ့"

"ဩော် ... ဟို ... အသားမည်းမည်း သွားခေါ်ခေါ်မဟုတ်လား"

"ဆံပင်ကျော့ဝဲကြီးနဲ့လေ"

"ဟုတ်တာပေါ့"

"ကိုကြည်တင့်နိုင်တော့ သိမှာပေါ့"

"သိတယ် ...။ တရုတ်ဘိန်းစားလိုလို၊ ဘိုးသူတော်လိုလိုနဲ့လူ၊ ကျိုက်စွန်ပါမှာ တရားလာထိုင်ရင်း တောင်ကုန်းပေါ်ကနေ အိပ်ငိုက်လို့ တောင်အောက်ပြုတ်ကျသွားတဲ့လူ မဟုတ်လား"

"ဟုတ်တာပေါ့ဗျာ။ မှန်တာပေါ့ဗျာ"

"ကြိုးနဲ့ ခါးကိုချည်ပြီး ဆွဲတင်ရဆို"

"ခြေသလုံးရိုးအက်သွားတယ်ခင်ဗျ"

"သေသင့်တာဗျ"

"ပြန်ရှင်ဖို့မကောင်းဘူး ... အဘရဲ့ နာလိုက်တာဗျာ"

"အေးကွာ ... စောစောစီးစီး ဂေါ်ဇီလာလိုသေသွားရင် (၇)ရက်သားသမီး စိတ်အေးချမ်းသာတာပေါ့"

"အဘ ... စောစောက သိရိမာဇာတ်ကို ဆက်ပါဦးဗျာ။ ဖွတ်ကြားတွေဝင်ရှုပ်လို့ ဇာတ်အရှိန်ကျသွားပြီ"

"အေး ... အေး ... ပြည့်တန်ဆာ သိရိမာ ချောသည့်လှသည့် သတင်း၊ အသပြာတတ်နိုင်မှ အတူအိပ်လို့ရတဲ့သတင်းဟာ တိုင်းပြည်နိုင်ငံအနှံ့သာမကဘူး ဘုရားရှင်ဂေါတမရဲ့ ကျောင်းတော်ရာ ပုရုဏ်အထိ ရောက်ခဲ့ပြီး အချို့က ရဟန်းငယ်တို့ရဲ့အာရုံကို တို့ထိစေခဲ့တယ်။





တစ်နေ့ ရဟန်းပျိုတစ်ပါးဟာ သတင်းကြီးလှသည့် မိန်းမချော သိရိမာကို အလွန်ကို အနီးကပ်မြင်ချင်နေသည့် အာသီသရှိနေတယ်။ သိရိမာကလည်း အပြင်ကို ထွက်ခဲတယ်။ ရဟန်းပျိုနဲ့ဆုံဖို့ တွေ့ဖို့ ရင်းနှီးဖို့ အခွင့်အရေးကမရှိဘူး။

အဲဒါ ရဟန်းပျိုခမျာ သူများပြောသံကြားနဲ့ မှန်းပြီး ပြည့်တန်ဆာ သိရိမာကို စွဲလမ်းနေရော။

တစ်နေ့မှာ သိရိမာဟာ ဘုရားရှင်ရဲ့တရားကို နာကြားရပြီး သောတာပန်တည်တယ်။ အဲဒီအချိန်ကစပြီး နေ့စဉ် သံဃာရှစ်ပါးပင့်ပြီး အိမ်မှာ ဆွမ်းကပ်ခဲ့တယ်။ တစ်နေ့အလှည့်ကျ ရှစ်ပါးရဟန်းထဲမှာ သိရိမာကို တွေ့ချင်မြင်ချင်စိတ်ကူးနဲ့ ချစ်နေသည့် ရဟန်းပျိုပါသွားရော။

ခမျာ ဝမ်းသာလွန်းလို့ ဝီရိယကောင်းကောင်းနဲ့ ကိုယ်ရုံသင်္ကန်းအစောကြီးထပြင်တယ်။ သပ်သပ်ရပ်ရပ်ရှိမရှိ အထပ်ထပ်အခါခါ ကြည့်တယ်၊ စစ်တယ်။

သည့်နောက် အခြားရဟန်းများနှင့်အတူ သိရိမာတို့ ဆွမ်းကျွေးတိုက်ကို ရောက်သွားခဲ့တယ်။

သည့်တုန်းက အလှဘုရင်မ သိရိမာဟာ နေမကောင်းလို့ အိပ်ရာထဲ လှဲနေရသည့်အချိန်။ အကူလူလွှတ် ဆွမ်းကပ်ရရှာတယ်။ အဲဒါ သိရိမာကို စွဲလမ်းမြင်ချင်သည့်ရဟန်းက သိရိမာကိုယ်တိုင် လာရောက်ဆွမ်းကပ်ပါဆိုလို့ လူကူလူတွဲနဲ့ သိရိမာ ဆွမ်းကပ်ရရှာတယ်။ နေမကောင်းတော့ မဖီးလိမ်းနိုင်ဘဲ ဖရိုဖရဲပေါ့လေ။

အဲဒီမှာ အလှဘုရင်မ မိန်းမချော ပြည့်တန်ဆာသိရိမာရဲ့ မကျန်းမမာ မဖီးမလိမ်းအလှကို အနီးကပ် သေသေချာချာ မြင်လိုက်ရပြီး ရင်ထဲအသည်းထဲ စွဲနစ်ဝင်သွားပါရော။ နေများကောင်းရင်၊ ဖီးလိမ်းထားရင် ဘယ်လောက်လှလိမ့်မလဲလို့ တွေးတယ်။

အဲဒီလိုနဲ့ ဆွမ်းစား၊ ရေစက်ချ အနုမောဒနာတရားပြပြီး ကျောင်းပြန်ရောက်သည့် အချိန်ကစပြီး ရဟန်းပျိုရဲ့မျက်လုံးထဲမှာ အလှရှင် သိရိမာ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့မျက်နှာကိုပဲ နေ့နေ့ညညမြင်ပြီး လွမ်းတသသဖြစ်နေရှာတယ်။

တိုတိုပြောရရင် အဲဒီသီရိမာကို စွဲလမ်းစိတ်နဲ့ ကမ္မဋ္ဌာန်းပျက်ပါရော။ ရဟန်းပျိုက အလွမ်းစိတ်နဲ့၊ စွဲလမ်းစိတ်နဲ့ တမှိုင်မှိုင် တငိုင်ငိုင်ဖြစ်လာတယ်။ ဘာဖြစ်လို့လဲလို့ သီတင်းသုံးဖော်ရဟန်းများက မေးရင်လည်း မပြောဘူး။ သက်ပြင်းကိုချပြီး ငေးမောလို့နေတယ်။

သီတင်းသုံးဖော် ရဟန်းတို့က သူ့ရဲ့ရင်ထဲ ခံစားနေရသည့်ဝေဒနာ အကြောင်းရင်းကို နောက်ဆုံး ရိပ်စားမိကြတယ်။

ဒီလိုခံစားချက် ဝေဒနာအဖြစ်ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဒိဗ္ဗစက္ခုဉာဏ်တော်နဲ့ သိမြင်တော်မူနေပြီး ... အင်း ... တရားပြဖို့ အချိန်တန်ပြီလို့ ယူဆတယ်။

ဒီမှာပဲ မိန်းမချော မိန်းမလှ ပြည့်တန်ဆာမသီရိမာ အားအင်နည်းပါးသည့်ရောဂါဝေဒနာနဲ့ ကွယ်လွန်သည့်သတင်းသည် ရာဇဂြိုဟ်မြို့မှာ ပျံ့လွင့်သွားပါရော။

အဲဒါ ဘုရားရှင်က ရာဇဂြိုဟ်ပြည့်ရှင်မင်း ဗိမ္ဗိသာရကိုခေါ်လို့ မင်းကြီး ပြည့်တန်ဆာသီရိမာရဲ့အလောင်းကို ချက်ချင်း မသင်္ဂြိုဟ်ပါနဲ့။ သုသာန်မှာ ကျီး၊ လင်းတ၊ ခွေးအတို့ မစားမပျက်ရအောင် စောင့်ရှောက်ပို့ထားပါလို့ မိန့်ကြားတော့ ...

မင်းကြီးလည်း မိန်းမချော ပြည့်တန်ဆာသီရိမာရဲ့အလောင်းကို သုသာန်မှာ အစောင့်အရှောက်နဲ့ နေ့ညစောင့်ကြည့်လို့ထားတယ်။

လေးရက်မြောက်မှာ သီရိမာရဲ့ မသာကောင်ခန္ဓာကိုယ်က ပုပ်ပွနံဟောင်ပြီး အရည်တွေစီးကျလာပါရော။ ပုပ်ပွအက်ကွဲနေပုံဟာ မြင်လို့ရှုလို့မကောင်းတော့ဘူး။ အစောင့်တွေလည်း အနားမကပ်နိုင်ဘဲ အော့အန်နေရတယ်။

ဒီမှာ ဗိမ္ဗိသာရမင်းမိန့်နဲ့ ရာဇဂြိုဟ်မြို့၊ တိုင်းအတွင်း မောင်းကြေးနင်းလည်ခတ်နေတယ်။

"တိုင်းသူပြည်သားအပေါင်းတို့ ... အိမ်စောင့်အရွယ်ကလေးမှ





လွဲ၍ ကျန်လူအားလုံး သီရိမာကိုကြည့်ရှုရန် တစ်ယောက်မကျန် သုသာန်သို့ အရောက်လာရမည်။ နက်ဖြန် မလာသူကို ငွေရှစ်ကျပ် ဒဏ်ခတ်မည်" လို့ လှည့်ကြေငြာတော့တာပဲ။

ဘုရားအမှူးရှိသည့် သံဃာတော်များကိုလည်း သရဏဂုံတင် သင်္ဂြိုဟ်ရန် ကြွရောက်ပါဘုရားလို့ လျှောက်ထားတယ်။

သီရိမာကိုစွဲလမ်းသည့် ရဟန်းလည်း ဆွမ်းလေးငါးရက်မစားဘဲ ခေါင်းမြီးခြုံအိပ်နေရာကနေ သီရိမာအသုဘလိုက်ရမယ်လို့ ကြားရသိရရော ဝမ်းသာလွန်းလို့ နောက်ဆုံး သုသာန်သွားသည့်နေ့မှာ ဘုရားရှင်နောက်ပါ ရဟန်းတစ်ပါးအနေနဲ့ လိုက်ပါလာခဲ့တယ်။

သုသာန်လည်းရောက်ရော ပုပ်ပွနံဟောင်၊ အရည်တရွှဲရွှဲ လောက်တွားဖွားစွဲနေသည့် သီရိမာရဲ့အလောင်းတစ်ဖက်မှာ ဘုရားရှင်နဲ့ရဟန်းများ ရံပြီးရပ်နေသလို၊

တစ်ဖက်ကလည်း ဗိမ္ဗိသာရမင်းကြီးနဲ့ အခြွေအရံများ၊ မင်းညီမင်းသားကတော်များ၊ တိုင်းသူပြည်သား လူ့ပရိသတ်များက နှာခေါင်းပိတ် အော့အန်ရပ်ကြည့်နေကြတယ်။

ဒီမှာ မြတ်စွာကိုယ်တော်မြတ်ကြီးက သီရိမာရဲ့ ရုပ်ခန္ဓာအလောင်းကို လက်ညှိုးညွှန်ပြပြီး ...

"မင်းကြီး ..."

"ဘုရား ..."

"ဟော ... ရာဇဂြိုဟ်ပြည်ရဲ့ အချောအလှပြည့်တန်ဆာ သီရိမာကို ရှင်နေတုန်းက သူမနဲ့အတူနေရန် အသပြာဘယ်မျှ ပေးရပါသလဲ ... မင်းကြီး"

"တစ်ကြိမ် အတူနေဆက်ဆံပါက အသပြာတစ်ထောင်ပေးရပါသည် အရှင်မြတ်ဘုရား"

"ပြန်မေးချေစမ်း ... မင်းကြီး။ အခုသီရိမာကို အသပြာငါးရာပြီး အတူနေချင်သူ ရှိသေးလားရယ်လို့။ မေး ... မင်းကြီး"



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးက လူပရိသတ် မင်းပရိသတ်ကို လှည့်ပြီးမေးတယ်။ အသပြာငါးရာ လျှော့ပေးပြီး အိပ်မည့်သူရယ်လို့ ဘယ်သူဌေးသား၊ ဘယ်မင်းညီမင်းသားမှ ထွက်မလာဘူး။

"အသပြာတစ်ရာပဲပေးပြီး အိပ်မည့်သူကို ထွက်ခဲ့လို့ပြောပါ ... မင်းကြီး"

"မင်းပရိသတ်၊ လူပရိသတ်တို့ ပြည်တန်ဆာသိရိမာကို အသပြာတစ်ရာပဲပေးပြီး အတူအိပ်ချင် နေချင်သူ ရှိပါသလား"

အသံလုံးဝ မကြားရဘူး။

"ဒါဆို ရွှေဒင်္ဂါးတစ်ပြားပဲပေးပြီး နေမည့်သူရော ရှိပါသလား"

လုံးဝကို အသံမကြားရဘူး။ သုသာန်သချိုင်းပြည့် လူပရိသတ်ရဲ့ တိတ်ဆိတ်နေပုံက အပ်တစ်ချောင်းကျရင်တောင် အသံကြားရတယ်။

"အလကားပေးမယ် ယူမည့်သူရှိလားလို့ မေး ... မင်းကြီး"

မင်းကြီးက ဘုရားရှင်ရဲ့ မိန့်မှာချက်အတိုင်း မေးပြန်တယ်။

"အချင်းတို့ ... ဟောဒီမှာ မိန်းမချော မိန်းမလှ ပြည့်တန်ဆာသိရိမာပဲ။ အခကြေးငွေ ပေးစရာမလိုဘူး။ အတူနေချင်သူ၊ ပျော်ပါးချင်သူ၊ ချစ်ခင်မြတ်နိုးသူရှိရင် သိရိမာကို အလကားယူသွား။ ကိုင်း ... အလကား ယူမည့်သူရှိရင် ရှေ့ကိုထွက်ပါ"

တစ်ယောက်မျှတောင် မထွက်ဘူး။

ခြေတစ်ဖဝါးမရွေ့ဘူး။

လက်ညှိုးထောင်သည့် အချစ်သူရဲကောင်း၊ ရင်ကော့ပြမည့် နှလုံးသားသူရဲကောင်း တစ်ယောက်မျှမရှိဘူး။ ဒီမှာပဲ ဘုရားရှင်က ...

"ချစ်သားရဟန်းတို့ ... ရှုလော့၊ စဉ်းစားလော့။ တစ်ချိန်တစ်ခါ ဝနိုးက လူအပေါင်းတို့ ချစ်ခင်နှစ်သက်မြတ်နိုးစွဲလမ်းခဲ့ရသည့် ပြည်ကြီးအမွန် ပြည့်တန်ဆာသိရိမာ တစ်နေ့တာသူမနဲ့ အတူနေပျော်ပါးဖို့ အသပြာတစ်ထောင်ပေးရတဲ့ အချောလှပြိုင်စံရှား သိရိမာ ...။

အခု သူမရဲ့ ရုပ်ခန္ဓာအလောင်းကို အလကားပေးတာတောင်မှ





ယူမည့်သူမရှိဘူး။ အနီးတိုးကြည့်မည့်သူ၊ ငုံ့ကြည့်မည့်သူ၊ တို့ထိကြည့်မည့်သူ တစ်ယောက်မျှမရှိဘူး။ အဲဒါ ဘာကြောင့်လဲ ... ရဟန်းတို့"

"အသက်မရှိလို့ပါဘုရား"

"ဒါမျှပဲလား ... ရဟန်းတို့"

"ကိုင်လို့မရအောင် ပုပ်ပွန်ဟောင်နေလို့ပါဘုရား"

"ဒါမျှပဲလား ... ရဟန်းတို့"

"အရည်တရွှဲရွှဲနဲ့ လောက်တဖွားဖွားကျနေလို့ပါဘုရား"

"ဒါဖြင့် ယခုမြင်နေရသည့် သိရိမာဆိုတာ ဟိုအရင်တုန်းက အသပြာတစ်ထောင်ပေးရသည့် အချောအလှပြိုင်စံရှား သိရိမာနဲ့ တူသေးရဲ့လား"

"မတူတော့ပါဘုရား"

"အရင်သိရိမာနဲ့ အခုသိရိမာ နာမည်တူရောဟုတ်ရဲ့လား"

"ဟုတ်မှန်ပါသည်ဘုရား"

"ရုပ်ခန္ဓာရော တူသေးရဲ့လား ... ရဟန်းတို့"

"မတူတော့ပါဘုရား"

"မှတ်သားနာယူကြပေရော့"

ချစ်ခင်နှစ်သက်ဖွယ်အဆင်းရှိသော စုံမက်မြတ်နိုးဖွယ်လှပတင့်တယ်သည့် ရုပကာယရုပ်အစုတို့ဟာ ကုန်ဆုံးခြင်း၊ အိုမင်းခြင်း၊ ပျက်စီးခြင်း၊ ဖောက်ပြန်ခြင်း၊ နောက်ဆုံး ပုပ်သိုးခြင်းကို ရောက်ကုန်ရစမြဲဖြစ်ပေ၏။

သင်္ခါရအားလုံး အနိစ္စ–အမြဲမရှိ၊ ဒုက္ခ–ဆင်းရဲ၏၊ အနတ္တ–ကိုယ့်ကိုယ်လည်း ကိုယ်မပိုင်၊ သူများလည်းမပိုင် အားလုံး သင်္ခါရချည်းသာတည်း။ မစွဲလမ်းကြလင့်၊ ရဟန်းတို့ ... သံယောဇဉ်မဖြစ်ကြလင့်။ ရှုတော့နာကျင်ပျက်စီးလွယ်သော အတ္တဘော၊ အမြဲမရှိသော အတ္တဘောသက်သေဖြစ်သည့်သိရိမာကို ရှုကြပါရော့ ...။

အဲဒီလို ဘုရားရှင်က သိရိမာရဲ့ ပုပ်ပွအရည်ကျ နံဟောင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် ရုပ်အလောင်းကိုပြပြီး တရားပြရှုခိုင်းတော့ ရဟန်းတို့အားလုံးရော မင်းပရိသတ်၊ လူပရိသတ်အားလုံးရော အသိအမြင်မှန်တရားရပြီး သာဓု မြိုင်တုခေါ်ကြတယ်။

ဒီမှာ သိရိမာကို စွဲလမ်းနှစ်သက်နေသည့် သိရိမာစွဲရဟန်းလည်း အဝိဇ္ဇာမျက်နှာဖုံးကွာကျလို့ ဝိဇ္ဇာမျက်လုံး အလင်းဓာတ်အားကောင်း အမြင်မှန်ရပြီး အသေကောင်ရုပ်အစုကို ရှုမှတ်သိလိုက်ကာ သောတာပန်ဖြစ်သွားပါရောတဲ့ဗျာ''

ဘုရားရှင်လက်ထက်တော်မှာ အသုဘကမ္မဋ္ဌာန်းရှုပြီး ကျွတ်တန်းဝင်သူတွေရှိကြတယ်။ ခေမာမိဖုရားကြီးဆိုရင်လည်း ပျိုတာကနေ အိုတာ နာတာ သေဟာ စသည့်လက္ခဏာရေးကို မြင်ရပြီး ကျွတ်တန်းဝင်သွားရတယ်။

ဒါကြောင့် အဘပြောချင်တာက အသုဘကို သုံးရက်၊ ငါးရက် ခုနစ်ရက်၊ (ကိုးရက်) ထားရခြင်းမှာ စေတနာအချက်နှစ်ချက်ရှိတယ်။

တစ်အချက် ...

အသုဘကို သုံးရက်ထားပြီးမှ သဂြိုဟ်တယ်ဆိုပါစို့။ ဘာကြောင့် အသေကောင်ကြီးကို ချက်ချင်းမမြှုပ်ပစ်ဘဲ သုံးရက်ထားရသလဲတဲ့။ အကြောင်းရှိလို့ထားတာပါ။

အချို့က ရုပ်ဝေးဆွေမျိုးရင်းချာ အမိအဘ ညီအစ်ကိုမောင်နှမ သားမယားကို ပြချင်သိစေချင်လို့ သုံးရက်စောင့်ထားတာ။

အံ့ဩဖို့ကောင်းတာက တစ်ခါတစ်ရံမှာ ရုပ်ဝေးဆွေစောင့်မျိုးစောင့် ထားရင်းက သေသူက ပြန်ရှင်လာခဲ့တာမျိုး၊ ရှေးတုန်းကလည်း ရှိတယ်။ ယခုလည်း ရှိနေတာ ရှိတယ်။

အမှန်က သေတာမဟုတ်ဘူး။ မျောသွားတာ။ ဒီတော့ မျောတာ ကို သေတယ်မှတ်ပြီး တောရွာတွေမှာ ရှေးတုန်းက ရေချိုးအလောင်းပြင် ခေါင်းထဲထည့်ထား၊ ဆွေမျိုးစောင့်ရင်းက မမျှော်လင့်ဘဲ ပြန်သတိရပြီး





သေရာကနေ ရှင်လာတာမျိုးရှိလို့။ နောက်တော့ ဟုတ်သော်ရှိ မဟုတ်သော် ရှိ သေရင် သုံးရက်ထားကြည့်တယ်။

ပုပ်ပွလာ၊ ဖူးလာ၊ နံလာရင် ခန္ဓာရုပ်ကြီး တကယ်သေလို့ ပျက်စီး ယိုယွင်းပြီဆိုပြီး အပြီးတိုင် သင်္ချိုင်းမှာ မြှုပ်နှံသဂြိုဟ်လိုက်ရတယ်။

ဒီကနေ့ မြို့ပြရဲ့အခြေအနေက တစ်မျိုးဖြစ်သွားပြီကွယ့်။

''ဘယ်လိုဖြစ်လို့တုံး အဘလေးမောင်ရ''

''မြို့ကြီးအချို့မှာ ဖြစ်နေတာက အခုသေရင် ချက်ချင်း ရေခဲ တိုက်ပို့ကြတာပဲ''

''တကယ်သေလို့ပေါ့ဗျာ။ ပြီး ... ပတ်ဝန်းကျင်လည်း ငဲ့တာကိုး ဗျ''

''တကယ်သေသော ကျိန်းသေလို့ကား''

''ဆရာဝန်က သေသေချာချာစစ်ဆေးပြီး သေပြီလို့ မှတ်ချက်ချ သေစာရင်းဖွင့်ပေးမှ ရေခဲတိုက်ကို ပို့ရတာပါဗျ ... ဘကြီးရ''

''ဟော့ကောင် ... တောကျော် ဒါဆိုမေးမယ်။ ရေခဲတိုက်ထဲရောက် ပြီးမှ အချို့ ပြန်ရှင်လာတာ ဘာပြောမလဲ။ ပြော ...''

''ဒါက တစ်ရာတစ်ယောက်၊ တစ်ထောင်တစ်ယောက်ပါဗျာ''

''နေ့ချင်းကြီးသဂြိုဟ်သည့် အသုဘမှာ အမှန်တကယ်မသေဘဲ မျောနေတာမျိုး မရှိနိုင်ဘူးလား။ ပြော ...''

''အားလုံး တိတ်သွားကြသည်''

''ပြောလေ''

''ရှိနိုင်ပါတယ်''

''အေး ... အဲဒီလိုရှိနိုင်လို့ ငါ့ ရှေးမြန်မာကြီးတွေက စောင့် ကြည့်သဘောနဲ့ (သုံးရက်)အနည်းဆုံးထားတာ။ အေးလေ ... နောက်ဆုံး တော့လည်း သေချိန်တန်လို့ ရေခဲတိုက်ထဲရောက်မှ သေရတာ၊ မီးသင်္ဂြိုဟ် စက်ထဲရောက်မှ မအော်နိုင်ဘဲ သေရတာလည်းရှိသပေါ့ကွာ၊ ဝဋ်ပေါ့၊ ဒါက ဝဋ်လို့ ခေါ်တာပေါ့။

www.burmeseclassic.com



ရွာခလေ့ ရပ်ခလေ့မှာ (၅)ရက်၊ (၇)ရက်၊ (၉) ရက်ထားရတာကလည်း ရှုတတ်မြင်တတ်ရင် အနိစ္စ–အမြဲမရှိသည့်တရားကို မျက်ဝါးထင်ထင်မြင်ရအောင် လုပ်တာပဲ။ တစ်နည်း ဒါရှုတတ်ရင် အသုဘကမ္မဋ္ဌာန်းပဲ။ ဒါကြောင့် မသာတစ်ခေါက် ကျောင်းဆယ်ခေါက်လို့ ပြောတာ။

အသုဘ (မသာ)ကို တစ်ခေါက်လိုက်ပို့လို့ရတဲ့တရားနဲ့ ဘုန်းကြီးကျောင်းဆယ်ခေါက် သီလသွားယူလို့ရတဲ့တရား တူတယ်တဲ့။ အသုဘတရားက ပိုပြီးထင်ရှားတာကိုးကွယ့်။ မရဏာနုဿတိကိုး။ ဒါကြောင့် မင်းတို့လူငယ်တွေ နာရေးလုပ်ငန်းမှာ ပါဝင်ဆောင်ရွက်နေတာ အဘတို့ လေးစားပါတယ်။ ဂုဏ်ယူပါတယ်၊ သို့သော် ရှေးထုံးလည်း ပယ်သင့်မှပယ်ပါ။ ဈေးသုံးလည်း လွယ်သင့်မှလွယ်ပါလို့ ပြောချင်တာပါ ... မောင်ငှက်ကြီးရဲ့”

❁ ❁ ❁

[ ၇ ]

အဘလေးမောင် အပြောကောင်းလို့ အရက်ဝိုင်းကရှေ့ပြီး အသုဘအိမ်စကားဝိုင်း ရောက်လာတဲ့ စကားဝိုင်းဟာ နားထောင်သူ ပိုများလာတယ်။

ငှက်ကျားကြီးတို့အဖွဲ့လည်း အဘလေးမောင်ရဲ့ ယုတ္တိယုတ္တာရှိရှိ စကားကြောင့် ဘာမှပြန်မပြောနိုင်ဘူး။

အမှန်က သူတို့အဖွဲ့ တစ်နည်း ကျွန်တော်တို့အဖွဲ့က စတ္တာလ စစ်စစ်မဟုတ်ဘူး။ ရှေ့ပုဆိုးသချိုင်းမှာ သချိုင်းလုပ်ငန်းကို တရားဝင်ဆောင်ရွက်သည့် စည်ပင်ခန့်အဖွဲ့ရှိတယ်။

ဆင်းရဲတဲ့သူတွေကို စာနာသနားလို့ လုပ်ပေးရာကနေ အရက်အလွယ်သောက်ရသည့် အကျင့်ကလေးလည်း ပွဲတော်လာရာကနေ နောက်ဆုံး နာရေးကိစ္စဆိုရင် ငှက်ကျားကြီးတို့အဖွဲ့မှခေါ်သည့် အမြင်အစွဲသည် ကျေးရွာဝန်းကျင်မှာ အထင်ကရဖြစ်ခဲ့ကြပြီကိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ငှက်ကျားကြီး"

"ဗျာ ... အဘအုန်းမောင်။ ဘာလဲခင်ဗျ"

"မင်း ... ဘုရားကျူးကုန်း၊ အိမ်ပြုံကြီးက ခေါင်းပုပ်သရဲကို နှင်မလို့ဆိုကွ"

"ဟုတ်တယ်ဗျ ...။ နချီးလှူးတို့အဖွဲ့နဲ့ လောင်းကြေးစားကြေး လုပ်ထားပြီးပြီဗျ"

"သွားမလုပ်နဲ့ ... ငှက်ကြီးရ"

"မလုပ်ရင် ကျုပ်ရှုံးသွားရမှာပေါ့ ... ဘကြီးအုန်းမောင်ရ"

"အရှုံးရင် အရက်နှစ်ပုလင်း သုံးပုလင်းပေါ့။ အခန့်မသင့်ရင် ကိုယ့်အသက် ဆုံးရှုံးရမှာ။ လူ့ဘဝရဖို့ဆိုတာ မလွယ်ဘူးကွ။ စာဆိုရှိမဟုတ်လား။ မြဟွာပြည့်ကချလိုက်တဲ့ အပ်တစ်စင်းနဲ့ လူ့ပြည်ကထောင်ထားတဲ့ အပ်တစ်စင်း ထိပ်တိုက်ထိချင်ထိမယ်၊ လူ့ဘဝကို နောက်တစ်ကြိမ်ပြန်ရဖို့ မလွယ်ဘူးတဲ့။ လူ့ဘဝရတုန်းရခိုက် အရေးကြီးတာ၊ အရေးပါတာ၊ အရာ ရောက်တာ နောင်ဘဝပါမှာကို ဦးစားပေးလုပ်ပါ မောင်ငှက်ကြီးရ"

ဒီမှာ ဘကြီးဦးအုန်းသောင်က မေးရော ...

"ငှက်ကြီး"

"ဗျာ ... အဘအုန်းသောင်"

"ခေါင်းပုပ်သရဲကို သွားနှိပ်ကွပ်ရအောင် ခေါင်းပုပ်သရဲတစ္ဆေက မင်းကို ဘာယှဉ်နယ်လုပ်လို့တုံး"

"ကျွန်တော့်ကိုတော့ ခုချိန်ထိ ခေါင်းပုပ်က ဘာမှမလုပ်ပါဘူး။ သူများတွေကို ခြောက်တယ်၊ လှန့်တယ်၊ လန့်အောင်လုပ်တယ် ကြားလို့ပါ"

"ဘာကြောင့် အဲဒီလိုလုပ်တာလဲဆိုတဲ့ အမိကအကြောင်းရင်း ဇာစ်မြစ်ရော မင်းသိလို့လား"

"မသိပါဘူး"

"ဘာမှလည်း မသိ၊ ကိုယ့်လည်း စော်ကားတာမဟုတ်ဘဲနဲ့ သူ့





ဟာသူနေတဲ့ တစ္ဆေသရဲကို အသားလွတ် ဘာလို့ ဒုက္ခသွားပေးမှာလဲ။ သူလည်း သူ့မှီခိုနေထိုင်ရသည့် အိမ်ပြိုအိမ်ပျက် သစ်ပင်အိုမှာနေ၊ ကိုယ်လည်း ကိုယ့်အိမ်ကိုယ့်ယာမှာ ကြိုက်သလိုနေ။ သူ့စည်းနဲ့သူ၊ ကိုယ့်စည်းနဲ့ကိုယ် ဥစ္စာ။ ဘာလို့ အကုသိုလ်များချင်ရတာတုံး"

"အဲ ... ဟို ... ဟို ..."

"ပြော ... ဘာလို့ ပြဿနာ ရှာချင်ရတာတုံး"

"နချီးလှူးတို့က ကျုပ်ကို သရဲမယုံဘူး၊ တစ္ဆေမယုံဘူးဆိုတဲ့ကောင်၊ သတ္တိရှိရင် ခေါင်းပုပ်ကြီးကို ရင်ဆိုင်ရဲလား မေးမြန်းရိုထေ့ စိန်ခေါ်နေလို့ ပါဗျ"

"ကိုင်း ... ဒါဆိုမေးမယ် ငှက်ကြီး။ ခေါင်းပုပ်ကြီးကို ဖမ်းနိုင်ရင် ပိုက်ဆံဘယ်လောက်ရမလဲ"

"ပိုက်ဆံမရပါဘူးဗျာ"

"ဒါဖြင့် ဘာရမှာလဲ"

"အရက်သုံးပုလင်းပါ"

"ဟား ... ဟား ... ဟား ... ဟား ... အဲ့ပါရဲ့ ငှက်ကျားကြီးရာ။ အရက်သုံးပုလင်းတဲ့။ ဟား ... ဟား ... ဟား ... ဟား ... ငါ ငွေသိန်းသောင်းရမှာလားလို့။ အရက်သုံးပုလင်းမှ ငွေလေးငါးရာလောက် ရှိဥစ္စာ။ မင်းအသက်နဲ့ရင်းမှာလား"

"ကျုပ် မသေပါဘူးဗျာ"

"အခန့်မသင့်လို့ သေရင်ရော။ ကိုင်း ... ပြော"

"ရွှေပုဆိုးသချိုင်းမှာ မြှုပ်လိုက်ပေါ့ဗျာ။ အဆန်းလုပ်လို့"

"ဒီမှာငှက်ကျားကြီး ... ပရလောကဆိုတာ လူ့ဝန်းကျင်လောကထဲမှာ ရှိတယ်။ မမြင်ရတာ သူ့အကြောင်းနဲ့သူ ကိုယ့်အကြောင်းနဲ့ကိုယ်မို့ မြင်မကြုံရသေးတာ။ အကြောင်းတိုက်ဆိုင်ရင် ကြုံရော။

အေး ... မင်းကို ခေါင်းပုပ်တစ္ဆေနဲ့ ပြိုင်ပါဆိုင်ပါလို့ မတိုက်တွန်းချင်ဘူး။ ဒါပေမဲ့ ငါတို့ကိုယ်တွေ့ ပရလောက ဖြစ်ရပ်မှန်ဟာတ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ပြောပြမယ်။ အဲဒါနားထောင်ပြီးမှ မင်း ခေါင်းပုံသရဲနဲ့ သွား စစ်ထိုးချင် စစ်ထိုး''

''ဘယ်လိုအကြောင်းလဲ အဘ''

''ပြောလေ ... အဘရ''

ထူးထူးဆန်းဆန်း ကြားရတော့မည်မို့ အထူးသဖြင့် စာတိုပေစများ ရေးနေသည့် ကျွန်တော်က ပိုပြီး စိတ်ဝင်စားသွားတယ်။ ကျွန်တော့်လိုပဲ ကိုရေချမ်း၊ ချစ်မောင်ကြီး၊ အောင်ထွန်းနဲ့ မောင်ဝင်းတို့ရော၊ အားလုံး အရွှန်းနေသည့် မသန်းဆွင့်အေးတို့၊ မလုံးတင်တို့ အပျို အအို အုပ်ကလည်း စိတ်ဝင်စားသွားပြီး ရှေ့တိုးလာကြလေရဲ့ခင်ဗျ''

''မင်းရော နားထောင်မှာလား ငှက်ကျားကြီး''

''ပြောပါ''

''ဒီလိုကွ ... ငှက်ကျားကြီးရ''

✿ ✿ ✿

[ ၁ ]

❑

ပြီးခဲ့သည့် ကာလတစ်ခုတုန်းကကွ။ ငါက ရန်ကုန်၊ မရမ်းကုန်းမှာနေတာ။ အဲဒီတုန်းက ငါတို့မရမ်းကုန်းမှာ ( ..... ) သချိုင်းဆိုတာရှိတယ်။ ငွေငန်းမြှုပ်သချိုင်းလို့ မှတ်ထားလိုက်ကွာ။

လူနေအိမ်များနဲ့ သချိုင်းကုန်းနဲ့က ဆက်နေတယ်ကွ။ အနီးဝန်းကျင်မှာလည်း စိတ်ကျန်းမာရေးဆေးရုံ (အရှေး) များကိုကုသသည့် ဆေးရုံလည်း ရှိတယ်။

အရပ်ထဲကအရူးတွေ၊ စိတ်ကျန်းမာရေးဆေးရုံက အရူးတွေသေရင် မြှုပ်သည့်သချိုင်းကို အရပ်က အလွယ်တကူခေါ်တယ်၊ အရူးသချိုင်းတဲ့။

အရူးမြှုပ်သည့်သချိုင်းနဲ့ အကောင်းမြှုပ်သည့်သချိုင်းက ဆက်စပ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီသချိုင်းအဝင်မှာ အင်္ဂလိပ်ခေတ်ကတည်းက ပေါက်ရောက်ကြီးထွားရှင်သန်နေတဲ့ ရောမကုက္ကိုပင်ကြီးတစ်ပင်လည်း ရှိတယ်။

"အခုရောရှိသေးလား ... ဘကြီးအုန်းသောင်"

"ရှိသေးတယ်။ မင်းတို့ကြည့်ချင်ရင် လိုက်ပြမယ်"

"ဆက်ပြောပါ အဘရာ။ ဖောက်မမေးနဲ့ကွာ"

"အိမ်း ... ကုက္ကိုပင်ကြီးက ပင်စည်လုံးပတ်ကတင် ရာဝင်အိုးအကြီးစားထက်ကို ကြီးသေးပေါ့ကွာ။ ဖြစ်ပုံက တို့မရမ်းကုန်းမှာ သချိုင်းဝတည်တော့ အဲဒီကုက္ကိုပင်ကြီးက သချိုင်းအဝ ဧရိယာထဲ ဝင်သွားသကိုးကွ။

နောင်အခါ အသုဘအချမျိုးတော့ သေသူတို့ရဲ့ မကျွတ်မလွတ်ဝိညာဉ်များက ပြိတ္တာဘုံသား တစ္ဆေသရဲဘဝနဲ့ အဲဒီကုက္ကိုပင်ကြီးမှာ မှီတွယ်နေကြဟန်တူပါရဲ့။

တို့များ မရမ်းကုန်း ရပ်သူရပ်သားများကလည်း မြို့ထဲသွားချင်ရင်၊ ဈေးသွားချင်ရင်၊ ရုပ်ရှင်သွားကြည့်ချင်ရင် ... အဲဒီငွေဇျိုင်းဖြူသချိုင်းရှေ့ကနေ နေ့ရောညပါ ဖြတ်သွားရတာရယ်လေကွာ။

"တစ္ဆေမခြောက်ဘူးလားဗျာ"

"ခြောက်တာမှ သောက်ရမ်းပဲပေါ့ကွာ။ ချီး ..."

ဘကြီးအုန်းသောင်က ပုဆိုးကို ဒူးပေါ်အောင် ဆွဲတင်လိုက်ရင်း အားရပါးရပြော၏။ သူ့ပေါင်ပေါ်က ထိုးကွင်းမင်ကြောင်များကား တအွားအွားလှ၏။

"ခြောက်ပုံပြောပါ ဘကြီးအုန်းရ"

"ခြောက်ပုံမပြောပါနဲ့ ဘကြီးရ"

ဓောကျော်ရဲ့အပြောကို ငှက်ကျားကြီးက ဝင်ကန့်ကွက်၏။

"ဘာဖြစ်လို့လဲ ... ငှက်ကျားကြီး လန့်လို့လား။ ဟတ်လား"

"ခြောက်ပုံမပြောပါနဲ့ဆိုတာ ခုနစ်ပုံကြားချင်လို့ကွ။ ဟား ... ဟား ... ဟား ... ဟား ... ဟား ..."





"ဂန်းမသား အရေးထဲ နောက်နေတယ်"

"ဒါနဲ့ သောက်ရမ်းခြောက်ပုံလုပ်ပါ ဘကြီးရ"

"အမယ်လေး ..."

"ဟဲ့ ... ဟဲ့ ... ရောမြင့်နဲ့ ဗေဒါမြင့်တို့ ဘာဖြစ်လို့တုံး"

အရေးထဲမှာ အသုဘရက်လည်ဟင်းအတွက် အာလူးနွာရင်း နားထောင်နေသူများအနက်မှ ရောမြင့်နှင့်ဗေဒါမြင့်ခေါ် ကုလားမလေး ညီအစ်မနှစ်ဦး လန့်ခုန်အော်၍ လက်ဖက်ရည်ဝိုင်းပင် ဓားဆွဲရ တုတ်ဆွဲရမလို ဖြစ်ကုန်တယ်။

"ဟဲ့ ... ရောမြင့် ဘာဖြစ်လို့တုံး"

"သ ... သ ... ရဲ ... သ ... ရဲ"

"မဟုတ် ... ဘူး ... တ ... တ ... စ္ဆေ"

"ဘယ်လိုမြင်ရလို့တုံးဟဲ့။ မြန်မြန်ပြော"

ရောမြင့်ရော ဗေဒါမြင့်ရော မျက်လုံးများစုံပြူးပြီး တုန်နေကြ၏။

"နောက် ... နောက် ... ကနေ ... ပ ... ပ ... ခုံးကို ... လာ ... လာ ... ပုတ် ..."

"ဟုတ်ရဲ့လားဟာ။ ဘယ်သူမြင်သေးတုံးဟေ ... ဟင်"

"ကျွန်မမြင်တယ်တော့"

"မိတုန်မြင်လား"

"မြင်တယ် ... တော့"

"ဘယ်လိုမြင်တုံး ... မြန်မြန်ပြောစမ်း။ ရင်တုန်လိုက်တာဟယ်"

"တစ္ဆေသရဲ မဟုတ်ဘူး"

"ဒါဆို ဘာတုံး ... မိတုန်ရဲ့။ ဟင်း ... ဟင်း ..."

"သူတို့ပခုံးပေါ် ကြွက်ခုန်ချပြီး ပြေးတာ"

"သေဟ ... နန္ဒိယ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"အဟုတ် ..."

"ကျွန်မကိုယ်တိုင် မြင်တာပါတော်။ ဒီညီအစ်မက ဘကြီးအုန်းသောင်တို့ သရဲတစ္ဆေအကြောင်း ပြောနေတာကို နားစွင့်ထောင်ရင်း ကြောက်သဲ ပိုတာပါတော်"

"တူ ... တော်ပါသေးရဲ့အေ"

"ဟဲ့ ... ရောမြင့်"

"ရှင် ... ရှင် ..."

"တို့ မိန်းမ ... ဗေဒါမြင့်"

"ရှင် ... အစ် ... အစ်မကြီး"

"နင်တို့ညီအစ်မလုပ်ရင် သောက်ရမ်းချည်ပဲ။ သိလား"

"ဟုတ် ... ကဲ့"

"ဘာဟုတ်ကဲ့လဲ"

"အဲ ... သောက်ပလုတ်တုတ်။ မိအေးနဲ့ ငှက်ကြီးနဲ့ညား။ ဟောတော့ ... ဘွာ ... ဘွာတော် ... မိအေးရယ် ... ယောင်ကုန်ပါပြီဟယ်"

အပျိုခေါင်း ဝင်ဆူ၍ မာန်၍ ရောမြင့်တို့ညီအစ်မနှစ်ဦး မည်းရသည့်အသားအရည် မည်းနက်လို့ ပြာသွားတယ်။ ထော်ရသည့်နှုတ်ခမ်းလန်သွားအောင် အယောင်ယောင်အမှားမှား ဖြစ်ကုန်ကြလေ၏။

အရေးထဲ မိအေးကလည်း သူ့ကို ငှက်ကြီးနဲ့ညားလို့ ပေးစားရပါ့မလားဆိုပြီး ရောမြင့်တို့ညီအစ်မကို ကလော်တုတ်၏။

(မှတ်ချက် ။ မိအေးနှင့် ငှက်ကြီးနဲ့ညားလို့ ပြောသည့်အတွက် မိအေးခံပြင်းပြီး ကတော်တုတ်ရသည့် နောက်ကြောင်းကို နောက်ပိုင်းမှ အံ့ဖွယ်ဖြစ်ရပ်အဖြစ် တင်ဆက်ရေးသားသွားပါမည်။ ခေတ္တသည်းခံ ဖတ်ရှုသွားကြပါခင်ဗျား။ ။ မောင်ညိုမှိုင်း)

ယင်းသို့ ရောမြင့်က အော်ပြောလိုက်သည့်အသံကို ရေခွေးကြမ်းဝိုင်း ... အဲ ... အဲ ... သရဲတစ္ဆေစကားဝိုင်းမှ ငှက်ကျားကြီး ခေါ်





တဲ့ငှက်ကြီး ကြားရသောအခါ ရှေ့သွားအားလုံးပေါ်အောင် ပြုံးတော်မူ၍ သာဓု သာဓု ... ဟု အသံကျယ်ကျယ် ခေါ်ဆိုတော်မူလေ၏။

မိအေးကား ရင်တုန်၍မဆုံးတော့။

ရောမြင့်၏ ယောင်ပြီးပြောသည့် ဆုတောင်းယောင်စကား ကောန်မှန်ခဲ့သော် မိအေး ညတွင်းချင်း သေပွဲဝင်ရမည်ဖြစ်သတည်း။

"ဇာတ်ကောင်းနေမှ ဗေဒါမြင့်တို့၊ မိအေးတို့က တစ်မှောင့်ဗျာ"

"ပြောပါစေကွာ"

"ဘာပြောပါစေလဲ ... ငှက်ကြီး။ မင်းနော် ... မင်း ... ဟင်းဟင်း ... ဟင်း ..."

"အဟဲ ... ဟဲ ... ဟဲ ... မသာအိမ်ရောက်မှ အိမ်ထောင်ကျအချစ်ရေးကံ နည်းနည်းတက်သလားလို့။ အဟီ ..."

"ဟေ့ကောင် ... ငှက်ကြီး၊ မင်းလိုကောင်ကို မိအေးမပြောနဲ့ တို့ထန်းပင်ကုန်းက ကလေးဆယ်ယောက်မွေးတဲ့ မုဆိုးမ မအော်လန်တောင် မယူဘူး။ မှတ်ထား ...။ ရဲ့တော့"

"ဘကြီးအုန်း"

"ဟေလကွာ ..."

"ဆက်ပြောပါ ... ဘကြီးအုန်းရ"

"မင်းတို့ကိစ္စ ပြတ်ပလား"

"ပြတ်ပါပြီဗျ"

"အေး ... ပြတ်ရင် ဆက်ပြောရတာပေါ့ကွာ။ ဘယ်လိုသရဲခြောက်သလဲဆိုရင် တစ်ယောက်စ နှစ်ယောက်စ ညဘက်သချိုင်းနံဘေးကနေ ဖြတ်သွားရင် အဲဒီကုက္ကိုပင်ပေါ်က လက်ခုပ်တီးခေါ်တာဗျာ ..."

"တကယ်"

"တကယ်ပေါ့ မောင်ရာ။ အဲဒါ သေသေချာချာကွ။ လှည့်ကြည့်လိုက်ရင် အမယ်လေးလေး ... သစ်ကိုင်းပေါ်မှာထိုင်နေတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ် ... ဘယ် ... လို ... ပုံစံလဲဗျာ ... ဟင် ... ဟင်"

"ဦးခေါင်းတင် ... ငါးဆယ်ဝင်အိုးလောက်ရှိတယ်"

"မလေးလေးလေး ..."

"ကိုယ်လုံးက သေးသေး၊ ခေါင်းကကြီးကြီး၊ ပြီး လက်နှစ်ဖက်ကို တွဲလောင်းချထားတာက ... ချထားတာက ..."

"ပြောပါ ... ဘကြီးအုန်းရ ... ပြောပါ"

"ချ ... ထား ... တာ ... က ..."

"သစ်ကိုင်းအောက် လေဟာပြင်မှာ တန်းလန်းတွဲလောင်းကြီး ရမ်းလို့"

"အမယ်လေး ... တော် ..."

"ဘာဖြစ်ပြန်ပတုံး ... ဟာ"

"သောက်ပလုတ်တုတ် ... ကိုငှက်ကြီး လုပ်ပါဦး။ ဟား ... ဟားဟား ..."

"ဟ ... ငါ ဘာလုပ်ရမှာတုံးဟ"

"ဘာမှမလုပ်နဲ့။ ယောင်တာတော့"

"ဟဲ့ ... ဟိုဟာမလေး ဘာဖြစ်လို့တုံးလို့ မေးနေတယ်လေ"

အာလူးနွှာ ကြက်သွန်နွှာသည့် အပျိုအုပ်ပါပဲဗျာ။ ထခုန်သူခုန်၊ အော်သူအော်၊ ဘုရားတသူတ။ ငှက်ကြီးတ၊ သူတ ဖြစ်ကုန်ကြပြန်ပါရော။

"အပျိုခေါင်း ... မိချောကြီး"

"ရှင် ... ဘကြီးအုန်း"

"ဘာဖြစ်ပြန်ပြီတုံးဟ။ ဒုက္ခမှ တကယ့်ဒုက္ခပါပဲဟ"

"ကြွက် ... ကြွက်ပါပဲ ... အဘရယ်။ လူအုပ်ကြား ပေါင်ပေါ်ဖြတ်ပြေးလို့ပါတော်"

"နင့်အမေကလွှား ... ကြွက်ဖြတ်ပြေးတာများ နင့်တို့လင် ခား





ခွဲဝင်လာတာ ကျနေတာပဲ။ နောက်တစ်ခါလန့်ရင် ရေနွေးကြမ်းနဲ့ ပက်ပစ်လိုက်မယ်။ ကြားလား ..."

"ဟုတ် ... ဟုတ် ... ကဲ့ ... ရှင် ... အင်း ... ဟင့်"

ပြောရင်းက အပျိုခေါင်းမချောကြီးက ဗေဒါမြင့်ရဲ့ပေါင်တွင်းကျောနှင့် ကတုံးမမိဝိုင်းရဲ့ ပေါင်တွင်းကျောကို အားရပါးရ ဆွဲလိမ်လိုက်လေရဲ့ခင်ဗျာ။

"ဆက်ပြော ... ဘကြီးအုန်း"

"ပြောလို့ ဖြစ်ပါ့မလား ... မောင်မှိုင်း။ ဟိုဟာမတွေ ..."

"ဖြစ်ပါတယ်ဗျာ ... ဟိုဟာမတွေ ဘာဖြစ်လို့လဲ"

"ဟိုအုပ်စု လန့်ပြီးထအော်ရင် ရွာပျက်ရပ်ပျက်မယ်ကွ"

"တိုးတိုးပဲပြောဗျာ။ အဘရာ ... လုပ်ပါ"

"အေး ... အေး ... အဲဒီလို ခေါင်းကြီးကြီးနဲ့ မျောက်ဝံလက်လို တွဲလောင်းကြီးမြင်ရော ပြေးလိုက်အော်လိုက်ကြတာ ငါ့လူတို့ရာ။ အချို့ (၇)ရက် ဖျားယူရတယ်။ နောက်ဆုံး ဘုန်းတော်ကြီး ဦးဓမ္မပါလ ပရိတ်ကြိုးစွပ်ပေးမှ သင်းတို့ ပြန်ကောင်းသွားတယ်"

"ဒါပဲလားဗျာ"

"တစ်နေ့ပေါ့ကွာ ...။ ရုပ်ရှင် ညဘက်အပြန် (ပဲခူးဆား)ဆိုတဲ့ ငနဲကွ။ သင်းက လူကြီးကြီးထွားထွား၊ မျက်နှာပြုပြုကြီး။ နာမည်ရင်းက ကိုလှိုင်တဲ့။ ပဲခူးကော်ချဲရွာသားပေါ့။ ရန်ကုန်မှာကြီးပွားရင်း မရမ်းကုန်းမှာနေတာ။ ရုပ်ရှင်မင်းသား ကိုမြတ်လေးတို့နဲ့လည်း ရင်းနှီးတယ်။ ဟိုတုန်းက မင်းသားကြီး ခင်မောင်ဖင်နဲ့လည်း တိုက်ကြီးရှိုးမအစပ်မှာ အမဲလိုက်ဖူးတယ်။ သတ္တိတော့ တယ်ကောင်းကွာ။

ပြီး ... ပဲခူးဆားက နေရာတကာ စပ်စပ်စပ်စပ်သိပြီး ပါလေ့ရှိတယ်။ သီချင်းအဆိုလည်း ကောင်းမှကောင်းကွ။ ငါတို့သူငယ်ချင်းပေါ့။ သူက ဟသ်ာတထွန်းရင်၊ မောင်မောင်ကြီး၊ တွံတေးသိန်းတန်၊ ကိုစော



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းနဲ့ သူ့ဆရာ ရုပ်ရှင်မင်းသား မြတ်လေးရဲ့ ရုပ်ရှင်ဇာတ်ဝင်သီချင်းတွေကို အကုန်အလွတ်ရတယ်။ နေ့ရောညပါ အသံပြဲကြီးနဲ့ အော်ဆိုလေ့ရှိတယ်။

တစ်ခါတစ်ခါ ရှေ့နေကြီး ဦးဇော်ခင်ဆိုတာလည်း ပါတယ်။ ပဲခူးဆား ရပ်ကွက်ထဲမှာ သီချင်းအော်ဆိုရင်၊ အပုဒ်ငါးဆယ်ကျော်မှ ရပ်လေ့ရှိတယ်၊ အသံကောင်းလွန်းလို့ အိမ်နီးနားက ခေါ်ခွေးမဆိုတဲ့မိန်းမကြီး နားကန်းသွားတယ်၊ ကလေးတွေ အိပ်မရလို့ငိုတယ်။ လူကြီးတွေ ဘုရားစာ ဝတ်လို့မရ၊ ဘုရားအာရုံပြုမရလို့ နောက်ဆုံး ရပ်ကွက်လူကြီး ဦးရောက်သီးက သင်းကို နယ်နှင်ဒဏ်ပေးရတယ်''

''ဘယ်လိုပေးတုံး ... ဘကြီးအုန်း''

''မရမ်းကုန်း လူနေရပ်ကွက်အတွင်း ပဲခူးဆား သီချင်းလုံးဝမဆိုရ။ ဆိုချင်လျှင် သင်္ချိုင်းကုန်းမှာ သွားဆို၊ ရပ်ကွက်ထဲမှာဆိုလျှင် ထိပ်တုံးလို့ အမိန့်ပေးလို့ နောက်ဆုံး သီချင်းကလည်း မဆိုမနေနိုင်တော့ နေ့ရှေ့ညည ဇွေဗျိုင်းဖြူသင်္ချိုင်းမှာ သွားသွားဆိုရတယ်''

''နားထောင်တဲ့လူရော ရှိလို့လားဗျာ''

''ရှိတယ်။ သင်္ချိုင်းစောင့် စဏ္ဍာလလင်မယားနဲ့ သင်္ချိုင်းစောင့် မဖဲဝါတို့ရှိတယ်''

''အခုလည်း သူ့မိတ်ဆွေ ရှေ့နေကလေး ကိုဇော်ခင်နဲ့ ညဘက် ရုပ်ရှင်ကအပြန် လိုင်စင်ရ သင်္ချိုင်းကုန်းထဲအဝင်မှာ သီချင်းတစ်ပုဒ်ဟစ်တယ်''

''မြစ်ယမုံ ××× ခြား ××× ဟား ဟား ××× သေလာရိုးမ××
ဝန်းရံခစေ ××× မုန်တိုင်းရယ်ထန် ××× အဆန်ခရီး ×××
ဟီး ××× ဟီး ××× ဟီး ××× ''

အဆန်ခရီးပဲရှိသေးတယ် ဗိုက်ကရစ်နာလို့ သင်္ချိုင်းအုတ်ဂူအနားမှာ ချေးမယိုဘဲ ကုက္ကိုပင်ကြီးအောက်မှာ ပုဆိုးလှန်လို့ ချေးယိုပါလေရော၊





သူက သီချင်းဆို ရှေ့နေလေး ကိုခင်ဇော်က လက်ခုပ်တီး၊ စည်းလိုက်ပေါ့''

''မုန်တိုင်းရယ်ထန် ××× အဆန်ခရီး ××× ဟီး ဟီး ×××
တက်မစုံရွက်မပါ ××× မင်းရှိရာအလာဝယ် ××× ''

''ဗျစ် ... ဗျစ် ... ဗျစ် ... ဗျစ် ...''

''ဗျစ် ... ဗျစ် ... ဗျစ် ... ဗျစ် ...''

''ဘွတ် ... ဘွတ် ... ဘွတ် ... ဗျစ် ...''

အပေါ်ကလည်း ဆိုတယ်။ အောက်ကလည်း ပန်းတယ်။ ချေးပန်းသံက ဆိုက်ဆိုဖုန်းတို့၊ ကလဲရိနက်တို့ ပြိုင်တူမှုတ်တဲ့ အသံအတိုင်းပဲ။

သီချင်းကို ခုနစ်သံချီ အာပြဲသံ၊ ကျွဲလားဥသဘအသံ၊ ဂေါဇိလာလားဥသဘအသံ၊ ဒိုင်နိုဆောလားဥသဘသံ ဩန်ကုန်မာန်ကုန် ထည့်ဟစ်တာ။

''မင်းရှိရာအလာဝယ် ××× နေပူကဲတာကြုံတယ် ×××
မိုးကသည်းတာတစ်ဖုံကွယ် ××× နှင်းဖွဲတွေကျ ××× ဒီကာလကို
မေ့ပြီလားကွယ် ××× ''

''ဖောင်း ...''

''ဖြန်း ...''

''အမလေးဗျာ ... အမေရဲ့''

''ဟ ... ဟ ... ပဲခူး ဆား ... ဆား ...''

(ဒီကာလကို မေ့ပြီလားကွယ်) အရောက်မှာ အဆိုတော် ပဲခူးဆားရဲ့တင်ပါးပေါ်က (ဖောင်း ... ဖြန်း) ဆိုသည့် အသံကျယ်ကြီးနှစ်ချက်ကြား ရပြီး ပဲခူးဆား ... အမယ်လေး ... အမေရဲ့ တ,လို့ နောက်ပြန်ကော့ပြီး မစင်ပုံပေါ် ကျောနဲ့လဲကျ။ ပေရေလူးလိမ့်နေပါရောဗျာ။

နောက်ဆုံး အမေရေ ... အမေရေအော်ပြီး သင်္ချိုင်းကနေ တရကြမ်းပြေးပါရော။ ရှေ့နေလေးကိုဇော်ခင်လည်း သီချင်းကောင်းလွန်းလို့ ကချင်



www.burmeseclassic.com

www.burmeseclassic.com



ခုန်ချင်စိတ်လေး ပေါက်တုန်းရှိသေး။ ကိုယ့်လူပြေးတော့ သူပါ ပြေးရရော။

မပြေးလို့ မဖြစ်တော့ဘူး။

သချိုင်းထဲကနေ ခွေးတစ်ရာလောက်ရဲ့အူသံကို ချက်ချင်း ကြားရပါရော။

ကြည့်စမ်း ... စောစောတုန်းက ခွေးတစ်ကောင်မှ မမြင်ရဘူး။

အခု ရှေ့နောက်ဝဲယာက ခွေးအုပ်ကြီး အူနေတာ။ ကြောက်စရာချောက်ချားစရာ။

ဒီမှာ လေတွေတိုက်ပြီး သစ်ပင်ဝါးပင်တွေ တဝုန်းဝုန်း တရှူးရှူးတဟူးဟူး ဖြစ်ကုန်ပြန်ရောပေ့။

ခွေးအုပ်ကြီးဟာ သချိုင်းကုန်းထဲကနေ စောစောက ပဲခူးဆားချေးယိုနေတဲ့ ကုက္ကိုပင်အောက်ကို ရောက်လာရှန်းသလိုပြုပြီး စုအော်နေသည့်အူသည့်အသံတွေ ........ ဝါးရုံပင်ပေါ်က ကျီးပြိုသံ၊ ဖျိုင်းပြိုသံတွေတာ ...

တစ္ဆေတော၊ သရဲတော၊ ပရတစ်တောလုံး ကျွက်ကျွက်ညံသလိုပါပဲ ငါတို့လူရာ။

ထုံးစံအတိုင်းပေ့ါ။ သချိုင်းအပြင် ရပ်ကွက်အစပ်အရောက်မှာ ပဲခူးဆား အံမောဆို့ ပစ်လဲကျမေ့သွားတယ်။ အဲဒါ လူတစ်ကိုယ်လုံး ပေရေနံ ဟောင်နေလို့ ရေဆေးအဝတ်လဲပြီး ရှေ့နေလေးပြောပြချက်ကြောင့် ဖြစ်ကြောင်းကုန်စင်ကို သိကြရော ... ဦးဖင်းကြီး ဓမ္မပါလကို အမြန်ပြေးပင့်၊ ရေစင်ရေမန်း၊ ပရိတ်ရေမန်း။ ပရိတ်ကြိုးများနဲ့ စီရင်ကုသလိုက်တော့မှ ပြန်သတိရ ကောင်းသွားခဲ့တယ်။

ခုထက်ထိ သူ သက်ရှိထင်ရှားရှိတုန်းပဲ။

သီချင်းတော့ မဆိုတော့ဘူး။

ထိပ်တုံးကြောင့်မဟုတ်ဘူး။ ရွှေဖျိုင်းပြုသချိုင်းက တစ္ဆေက သူ တင်ပါးကို လက်ဝါးနဲ့ရိုက်လိုက်လို့ပဲ။

---





အရိုက်ခံရတုန်းက လက်ဝါးငါးချောင်းရာ တင်ပါးပေါ်မှာ ထင်းနေတာနော်။ နောင်တစ်လလောက် ဘုန်းကြီးရဲ့ဆီမန်းကို လူးပေးမှ တင်ပါးပေါ်ကလက်ဝါးရာ လုံးဝပျောက်ကင်းသွားခဲ့ရတယ်။

ပြောချင်တာက ... ပြိတ္တာလောက၊ လူ့လောကရှိတယ်။ ပြိတ္တာလောက,က ဆန်းကြယ်တယ်၊ ကြမ်းတမ်းတယ်။ ပင်ပန်းဆင်းရဲလည်းရှိတယ်။ ပြိတ္တာတို့ဟာ ဘုရားပွင့်စဉ် ကာလကတည်းက သစ်ပင်၊ သချိုင်း၊ ဂူ၊ ကျောင်းပျက်၊ ရေတွင်းပျက်၊ မြစ်ပင်လယ်ကမ်းပါး၊ ချောက်၊ သုသာန်ဇရပ်တို့မှာ နေခဲ့ကြတာ ယနေ့တိုင်ပဲ။

အဲဒါ သူတို့ရဲ့ အိုးအိမ်ပဲ။ မြေပဲ။ အခွန်မဆောင်ရဘူး။ လူမြင်ထင်ရှား ခြံစည်းရိုးခတ်လို့မရပေမယ့် လူသိခံစားလို့ရအောင် အချို့ ဝိညာဉ်လောက ဝေမာနိကပြိတ္တာများက သူတို့ရဲ့တန်ခိုး အစွမ်းအစနဲ့ လူသိအောင်ပြလေ့ရှိတယ်။ သူတို့ဟာ သူတို့ဘဝ၊ သူတို့အကြောင်းနဲ့ သူတို့ ဆိုးဆိုးဝါးဝါး ပြိတ္တာဘုံသား တစ္ဆေသရဲ ကျတ်၊ နတ်၊ ဘီလူး၊ ဖုတ်၊ မကောင်းဆိုးဝါး။ နာနာဘာဝ ဖြစ်နေကြတာ။ အဓိကက အကုသိုလ်နဲ့ အစွဲကြောင့်ပဲ။

ငါတို့မင်းတို့က သူတို့ဘဝကို စာနာပေးလိုက်ကြပါ။ သူတို့ဘဝနဲ့သူတို့ ရှိနေတာကို အသားလွှတ် မဖျက်ဆီးကြပါနဲ့။ နိုင်လိုမင်းထက် မနှိပ်ကွပ်ကြပါနဲ့။ မေတ္တာထားပြီး ပြုသမျှ ကုသိုလ်ကောင်းမှုအဖို့ဘာဂကို အမျှပေးဝေနေရင် တစ်နေ့ ကိုယ့်ကို သူတို့က ကောင်းကျိုးပြုနိုင်ဖွယ်ရှိပါတယ်ကွယ်''

အဘဦးအုန်းသောင်က မောသွားသဖြင့် ရေနွေးကြမ်းနှစ်ခွက် ဆင့်သောက်လိုက်တယ်။ အဘလေးမောင်က လက်ဖက်ပန်းကန်ကို လှမ်းတယ်။

ကျွန်တော်တို့အုပ်စုက အဘအုန်းရဲ့ ပညာပေး၊ အသိပေးစကားဆုံးတော့ လူကြမ်းကြီး ငှက်ကျားကြီးရဲ့မျက်နှာကို လှည့်ကြည့်လိုက်ကြတယ်။ ရွှေဝင်းက ဘယ်လိုလဲလို့ မေးဆတ်ပြတော့ ငှက်ကျားကြီးက ဘအုန်းသောင်ကို မျက်စောင်းထိုးလှမ်းကြည့်ပြီး နှာခေါင်းရှုံ့ပြလေရဲ့။

---



www.burmeseclassic.com

www.burmeseclassic.com



"ကိုအုန်း ... ရ"

"ဘာတုံးဗျ ... ကိုလေးမောင်ရ"

"ခါးဆန့်ထိုင်လို့မရတဲ့ ကောင်ရဲ့ အဖြစ်ကို ပြောပြလိုက်စမ်းပါဗျာ။ ဒါမှ သူတို့ သဘောပေါက်သွားမှာ"

"ဘယ်လို ခါးဆန့်လို့ မရတာတုံး ... အဘလေးမောင်"

"ပရလောကသားတွေကို သူ့စည်းကိုယ့်စည်း နားလည်စွာမနေဘဲ စော်စော်ကားကား မထေမဲ့မြင်သွားလုပ်လို့ ဒုက္ခလက်ငင်းရောက်သွားတဲ့ သူတစ်ယောက်အကြောင်းပါ"

နောက်ထပ် ထူးထူးဆန်းဆန်း ပရလောကအကြောင်း ကြားရဦးမည်မို့ ရေနွေးကြမ်းဝိုင်းနံဘေးရှိ ကာလသားများ၊ အပျိုအုပ်စုများ၊ ခေါင်းထောင်မျက်လုံးကျယ်ပြီး ရှေ့တိုး အာရုံစိုက်လာကြတယ်။

"ပြောလိုက်ပါဗျ"

"အေးပါ ... လေးမောင်ရာ။ ဒီလိုကွ ..."

✿ ✿ ✿

[ ၉ ]

❑

"စောစောတုန်းက အဘပြောတဲ့ ငွေဗျိုင်းဖြူသချိုင်းက ကုက္ကိုပင်ကြီးကို သိမှတ်မိပြီနော်"

"ဟုတ်ကဲ့ ... မှတ်မိပါပြီခင်ဗျာ"

"ထူးဆန်းတာက အဲဒီကုက္ကိုပင်ကြီးပေါ်က မကြာခဏ သရဲတစ္ဆေခြောက်တာပဲ"

"ဘယ်လိုခြောက်ပြန်လို့တုံး ... အဘရ"

"အဲဒီအပင်အောက်မှာ အမဲသား၊ ဝက်သား ချက်စားလို့မရဘူး။ [illegible]တော့ စဏ္ဍာလကြေးတိုင်းနဲ့ သူ့မိန်းမ မနဲ့ကျိုးတို့ အဲဒီအပင်အောက် [illegible] မြေအိုးနဲ့ ဝက်သားဟင်းချက်ကြတာ ချက်လိုက် နူးမနူး အိုးဖွင့်ကြည့်[illegible] မြည်းကိုက်ကြည့်လိုက်ပေါ့။

ထူးဆန်းတာက အိုးကိုဖွင့်လိုက်တိုင်း အပေါ်က ကုက္ကိုကိုင်းကတိုက်ဘဲ တဝုန်းဝုန်း လှုပ်ပါရောဗျာ။

www.burmeseclassic.com



လှုပ်တာနဲ့အတူ ကုက္ကိုရွက် အစိမ်းတွေရော အဝါတွေရာ မီးဖို ပေါ်က ဝက်သားအိုးပေါ်ကို ကြွေကျလာပါရော။

အဲဒါ အိုးဖွင့်တိုင်း အကိုင်းလှုပ်ပြီး အရွက်တွေ ဟင်းအိုးထဲကြွေ ကျဝင်ကုန်တော့ စဏ္ဍာလကြေးတိုင်းရဲ့မိန်းမ မိနဲ့ကျိုးက ဒေါပွလာရော။

သူတို့လင်မယားက သချိုင်းကုန်းတကာမှာ စဏ္ဍာလလုည့်လုပ် အသတ်မွေးလာတော့ သဘောပေါက်တယ်။ ဒါနဲ့ ဒေါပွပွနဲ့ အပေါ်မော့ကြည့် ပြီး ပြောရော။

"အပေါ်ကမသာ ဘာကောင်ကိုက်လို့လဲ"

အဲဒီလိုပြောရော လှုပ်တာ ချက်ချင်းရပ်ရောဟေ့။

"ဟင်း ... ငါ့ကို ဘာကောင်မ မှတ်လို့လဲ။ လာမစမ်းနဲ့။ ထ ချွတ်ပြီး အောင်လံထူပစ်လိုက်မယ်။ ဟင်း ..."

အဲလိုပြောပြီး ဟင်းအိုးကို ဖွင့်လိုက်ရော ...

"ဖုန်း ..."

"ဝုန်း ..."

"ခွပ် ..."

"အမယ်လေး ... ကုန်ပါပြီတော်"

ဖွင့်ထားသည့်အိုးပေါ်ကို မည်းမည်းလုံးလုံးကြီး ပြုတ်ကျလိုက် ဝက်သားဟင်းအိုး မှမှောက်ကွဲပြီး ဟင်းတွေ မြေကြီးပေါ် ပြန့်ကျဲကုန်ပါ ဟေ့။

လင်ရောမယားရော အပေါ်ကို ဒေါသနဲ့ မော့ကြည့်လိုက် ...

အိုးကွဲ၊ မီးဖိုပျက်နဲ့ ပြန့်ကျဲဟင်းတုံးများကို ကြည့်ပြီး နှမြော နဲ့ ပြိုင်တူဆဲလိုက်ကြတာ ကျွက်ကျွက်ကို ညံနေတာပဲဟေ့။

မီးဖိုထဲကနေ မည်းမည်းလုံးလုံးကြီး လိမ့်ပြေးသွားတာလည်း လိုက်ရတယ်။

အဲဒီမည်းမည်းလုံးလုံး လိမ့်လိမ့်က အနိမ့်ပိုင်း ချုံတစ်ချုံ လိမ့်သွားနေတာ။





ဘာပြောကောင်းမလဲ လင်မယားနှစ်ယောက် မီးစွဲထင်းတစ်ချောင်း ကိုင်ပြီး လိုက်ရိုက်တာ။

"ဗုန်း ..."

"ခွမ်း ..."

"ခွေးမသား ... သရဲတစ္ဆေ။ ဟေ့ ... စဏ္ဍာလ ကြေးတိုင်းကွ ချိုင်းစုံနေပြီ။ မင်းတို့ကို ( .... ) ပဲဟေ့။ ကိုင်းကွာ ..."

"ဖြောင်း ..."

"ခွမ်း ..."

နောက်ဆုံး သပိတ်လုံးလောက်ရှိတဲ့ မည်းမည်းပြောင်ပြောင်ကြီး ချုံ အုပ်အုပ်ကြီးအောက် ဝင်ရောက်ပျောက်သွားတယ်။ ကြေးတိုင်း င်မယားဟာ ထူးဆန်းတဲ့ ကုက္ကိုပင်ကြီးကို မော့ကြည့်လိုက် ...

ပါးစပ်ကနေ ဆဲရေးတိုင်းထွာလိုက် ...

"ဟေ့ ... သရဲပဲဖြစ်ဖြစ်၊ တစ္ဆေပဲဖြစ်ဖြစ် သတ္တိရှိရင် ဆင်းခဲ့"

"ဟဲ့အကောင် ... နင် ဘာကောင်ပဲဖြစ်ဖြစ် ငါ့ဝက်သားဟင်း အောင်လုပ်တာ လုံးဝမကျေနပ်ဘူး။ ဒီသစ်ပင်မှာ နင်နေတာ ဟုတ် င် အခုဆင်းခဲ့။ သေချင်းဆိုးသရဲတစ္ဆေ။ တစ္ဆေအနာကျ၊ ကာလနာ သတဲ့ ပြိတ္တာကောင်။ ဆင်း ... ခဲ့ ... စမ်းပါ"

မနဲ့ကျိုးကလည်း ဒေါသထွက်လွန်းလို့ ပါးစပ်ကနေ အယုတ္တ အနတ္တ ာင်ဆဲ၊ ထဘီကိုလည်း ခါပြ၊ ဟိုဒင်းပြုပြ၊ ခုန်ပေါက် ဒေါပွနေ

"ကြေးတိုင်းဟာ သချိုင်းသဲမြေပေါ်က ပြန့်ကျဲနေတဲ့ ဝက်သား ရဆေးစားမယ်ဆိုပြီး လိုက်ကောက်လို့ အင်တုံလေးထဲထည့် ...

"ဝေါင်း ..."

"အမယ်လေး ... ဘာတုံးဟဲ့"

"ဝေါင်း ... ဝေါင်း ... ဂရိုး ... ဂရိုး ..."



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ခွေး ... ခွေး ... နက်ကြီး ... ခွေး ... နက် ... ကြီး ... ကို ... ကြို ... တိုင်း ... လာ ပါ ဦး ... အမယ်လေး ..."

"ဝေါင်း ..."

"ဟာ ... ဟာ ..."

လု့ခါးစောင်းလောက်ရှိသည့် ရောမခွေးနက်ကြီးတစ်ကောင်ဟာ ကုက္ကိုပင်ရဲ့ အကွက်တစ်နေရာကနေ ဝုန်းခနဲခုန်ထွက်လာပြီး ဆဲရေးတိုင်းထွာနေတဲ့ မနဲ့ကျိုးကို ခုန်အုပ်လိုက်တာ။

ကံကောင်းလို့ပေါ့ မောင်ရာ။ ထဘီကိုဆွဲမိပြီး မနဲ့ကျိုး ထဘီကျွတ်လို့ သချိုင်းအပြင်ကို ပြေးပါရောဟေ့။

ဒီမှာ ငကြိုတိုင်းက ထင်းခွဲဓားနဲ့ ခွေးနက်ကြီးရဲ့မျက်နှာကို အားလွှဲပြီး ခုတ်ချလိုက်တာ။

"ဒုတ် ..."

"အား ... အား ..."

ဓားက ခွေးခေါင်းကို မခုတ်မိဘဲ အရှိန်များပြီး အောက်ကိုစိုက်ကျလို့ သူ့ဒူးခေါင်းကို ခုတ်မိပါရောဟေ့။ ငကြိုတိုင်း သချိုင်းကုန်းပေါ်မှာ အသံပြုကြီးနဲ့ အော်လိုက်တာ။

ခွေးနက်ကြီးလည်း ဟိန်းလိုက် အော်လိုက် ပြေးလိုက် သူတို့လှည်းမယား ရပ်ကွက်ထဲဝင်ပြေးတော့ နှစ်ယောက်စလုံး ပုဆိုးမပါကြဘူး။

မြင်တဲ့လူ ပြောချက်အရ ...

ခွေးနက်ကြီးက မြေပြင်ပေါ်က ဝက်သားတုံးတွေကို အကုန်စားပစ်ပြီး ကုက္ကိုပင်နဲ့ သူ့ကိုယ်လုံးကို အယားပြေ ပွတ်တိုက်ရင်းကနေ စောစောက မည်းမည်းလုံးလုံးဝင်သွားတဲ့ ကင်းပွန်းချုံထဲကို တိုးဝင်ပျောက်ကွယ်သွားပါရောတဲ့ဟေ့။

"နောက်ရော စားလို့ရလားအဘ"





"မရဘူး။ မယုံလို့ စမ်းတဲ့လူမှန်သမျှ ဟင်းအိုးဟာ လေတိုက်ပြီး ခြောက်ရင်မှောက်၊ ဒါမှမဟုတ် မမြင်ရသည့် တစ်စုံတစ်ဦးက ကန်ကျောက်ပစ်သလို လွင့်စင်ပျောက်သွားရတာချည်းပဲ။

တစ်ခါ ... ဒေါ်မေရီမြို့ဆိုတဲ့ မိန်းမရယ် ... အမဲသားတွဲလေးကိုင်ပြီး ဈေးသွားအဖော်နှစ်ဦးနဲ့ အဲဒီသချိုင်းဝ ကုက္ကိုပင်အောက်ကနေ အဖြတ် ...

ဆွဲလာသည့် အမဲသားထုပ်ကို ကိုက်ဆွဲလုလို့ လက်ကိုဆွဲရမ်းပြောက်ရော။ အမဲသားတွဲ မရှိတော့ဘူး။ ပါသွားပြီ။

သုံးယောက်သား ကြည့်လိုက်တော့ ကုက္ကိုပင်ပေါ်က လက်မည်းမည်းရှည်ရှည်ကြီး အမဲသားတွဲကို ဆွဲလို့ အဲဒီကုက္ကိုပင်ပေါ် လုစ်ခနဲ ခွေခနဲ ခုန်တက်ပြေးသွားတာ။ ဟိုကိုင်းကြိုကိုင်းကြားမှာ လက်မည်းရှည်ကြီး ပျောက်ကိုသွားရော။

လန့်ကြောက်ပြီး ရွတ်လိုက်တဲ့ ဘုရားစာနယ် ...

ပရိတ်ကြီးတစ်အုပ်လုံး ကုန်ရောတဲ့။

"အမှန်အကန်ရော ရွတ်နိုင်ရဲ့လား အဘရာ"

"မိမေရီမြို့နဲ့ အတူပါတဲ့ မာမာဦးရယ်၊ ထက်ထက်မိုးပြဲရယ်ကို မေးကြည့်တော့ ကြောက်ကြောက်နဲ့ရွတ်တာ သောက်တလွဲချည်းပါပဲ အဘရယ်။ ရွတ်ရင်းက ပြေးလိုက်တာ ထဘီကွဲပြီး ရွှံ့ရွှံ့ကို စိုရောတဲ့"

"ဘာရွှံ့တာတုံး ... အဘအုန်းသောင်ရ"

မြွတ်မင်းဟန်ဆိုတဲ့ မူးကြောင်ရူးကြောင်၊ ပါးသိုင်းမွေး ဖြူဖြူထူထူနဲ့ငနဲ၊ အချို့က ခြောက်ပုလင်း မြွတ်မင်းဟန်လို့ခေါ်ကြတယ်။ သူက ထောက်မေးတာ။ အဘအုန်းသောင် ဘာဖြေရမှန်းမသိဘူး။

"အဲဒီမသာကြီးက ရှာရှာဖွေဖွေ မေးပါ့တော်"

"အေးလေ ... ရှင့်မယားကျမှ ဘာစိုလဲသိမှာပေါ့။ ဟွန်း ..."

"သင်းက အဲဒါမျိုး သိပ်သိချင်တာဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ဟိုနတ်လဖိဆိုတဲ့ တရုတ်တင်ထွန်းနဲ့ပေါင်းပြီး ကိုဒေါင်ဆောက်နေတာလေ"

ဇာတ်လမ်းကောင်းတုန်း ဝင်နှောက်ဝင်တောက်လို့ အမျိုးအုပ်မိန်းမကြီးအုပ်စုက ခြောက်ပုလင်းမြွတ်မင်းဟန်ကို မေတ္တာပို့ကြရော။

"သူနဲ့တွဲတဲ့ နတ်လည်ဖိတင်ထွန်းကရော"

"နံပြားစုပ်ကို အမြှောက်နဲ့ချိန်နေတာ နတ်လည့်ဖိတင်ထွန်းပဲပေါ့လေ"

"ကျော်မကောင်း ကြားမကောင်းဖြစ်ရင် ဒုက္ခတော်"

"နှစ်ယောက်စလုံး နာမည်ကျော်ငှက်ကျားကြီး တပည့်ချည်းပဲ"

"အဘအုန်းသောင် ... ဘာစိုးရိမ်တာတုံး"

"မင်းအမေကလွှား ဒါပဲ ထပ်ခါတလဲလဲ မေးနေတယ်။ ခွေးဟေ့ခွေး ... ရွှံနှစ်နေတာပဲ ... ခွေးတိရစ္ဆာန်ကောင်ရဲ့ မော ... ပါ့ကွာ ... နို ..."

"တော် ... ပါ ... ရှေး ... ရဲ့ ... ဗျာ ... အနော် ... က ..."

"တိရစ္ဆာန်ကောင် ... မင်းက ဘာထင်နေလို့တုံး"

"အဲ ... အဲ ... ဟို ... ဟို ... ခွေးပါပဲ ခင်ညာ ..."

"ဟား ... ဟား ... ဟား ... ဟား ..."

"အဟတ် ... အဟတ် ... အဟတ် ..."

"ခြောက်ပုလင်းမြွတ်မင်းဟန်လုပ်လိုက်ရင် ဝွတီးဝွကျပဲကွ"

"ဇာတ်တော်ကြီးက ပြီးပြီလား ... အဘရ"

"ဘယ်ပြီးဦးမှာလဲကွ။ စကားကောင်းကောင်းပြောရင် ခွေးသားရောင်းတဲ့ကောင်က ကန့်လန့်ကန့်လန့်လုပ်နေတာဥစ္စာ"

"အော့ ... ဂေ့ ... ဆေးရိုးသည်က ကန့်လန့်ကန့်လန့်လုပ်ပါ အဘရာ။ ကျုပ်က ခွေးသားမရောင်းပါဘူးဗျာ။ ခွေးသားပဲ စားတာပါ"





"ဟား ... ဟား ... ဟား ... လုပ်ဟ ... ခြောက်ပုလင်းရ"

"အဘ ..."

"ဘာတုံး ... တောကျော်"

"ခြောက်ပုလင်းကို အရေးလုပ်မနေနဲ့။ ဇာတ်ကို ဆုံးအောင်ပြောရ"

"အေး ... ဟုတ်တယ်။ ဒီလိုနဲ့ တစ်နေ့လည်းကျရော နယ်လှည့်နေသေးလိုလို၊ ဂန္ဓာရီသမားလိုလို သက်အိုကြီးတစ်ပါးဟာ ကြီးသိုင်းသပိတ်ကောင်းကြီးလွယ်လို့ အဲဒီသချိုင်းဝရှေ့ လမ်းနံဘေးက ကုက္ကိုပင်အောက်မှာ စတည်းချပါရောဟေ့"

"သူက ဘာလာလုပ်တာတုံး"

"ပြောမယ်လေ ...။ ရသေ့အိုကြီးက အဲဒီအပင်ကြီးအောက်မှာ ဗေဒင်ဟောတယ်။ လက္ခဏာပါကြည့်တယ်။ အဆောင်တို့၊ လက်ဖွဲ့တို့ စီရင်လုပ်ကိုင်ပေးနေတယ်။ အိပ်တော့လည်း အဲဒီအပင်ကြီးအောက်မှာ တာပေါ်လင် အိပ်ရာဖျာခင်း၊ စောင်ခင်းပြီး အိပ်တာကွ"

"အပင်က ပုဂ္ဂိုလ်တွေ မှီနိုသူတွေက ဘာမှ မလုပ်ဘူးလားဗျ"

"ရသေ့ကြီးကို ကြောက်လို့ပဲလား၊ ရသေ့ကြီးပညာက ထက်လို့လားမသိဘူး။ ဘာမှမလုပ်ကြဘူး။ ဒီမှာ ရသေ့ကြီးရဲ့ တောက်တိုမည်ရအထုပ်ကို လာလုပ်ပေးနေသူ ဘစ်ယောက်ရှိတယ်။ သူ့နာမည်က ထန်းသီးပြူးပါတယ်။

မရမ်းကုန်းသားပဲ။ အရက်သမား လူပေလူတေ၊ ဖဲသမားပါ။ ကုလားက ဟန်ပြုနေတာ။ ရသမျှ မယားနဲ့ကလေး မစားရဘူး။ အရက်သောက် ဖဲရိုက် မျောက်ပန်းလှန်လို့ ကုန်တာပဲ။

ဒါပေမဲ့ လူက လာဘ်မြင်တယ်။ အကင်းပါးတယ်။

ရသေ့ကြီးဗေဒင်ဟော၊ လက္ခဏာဟော စီရင်ပေးလို့ ငွေရှင်နေကြသေးရော။ ရသေ့ကြီးကို ရေချိုးရေခပ်ပေး၊ သောက်ရေခပ်ပေး၊ ရသေ့ကြီး စားစရာဝယ်ပေးနဲ့လုပ်ပေးတော့ ရသေ့ကြီးက သဘောကျပြီး ..

www.burmeseclassic.com



နေ့ဝင်ရင် အသုံးစရိတ်လေးပေးတယ်။

တစ်နေ့ …

"မောင်ထန်းသီး"

"ဗျာ … ဘရသေ့ … ဘာပြောမလို့လဲ ခင်ဗျ"

"မနက်တုန်းက ဒကာမတစ်ယောက် ဝက်သားတစ်တွဲ လာလှူသွားတယ်"

"ဟုတ်လား … ဘရသေ့"

"ဟောဟိုမှာ အဲဒါ မင်းကြည့်စီစဉ်လိုက်"

တပည့်မောင်ထန်းသီးက သုံးထပ်သား ဝက်သားတစ်ပိဿာတွဲကို ကြည့်ပြီး သရေကို ယိုနေတာပဲ။ ဒါနဲ့ အိမ်ပြန် အိုးထဲမှာထောင်းပြီးသား ငရုပ်သီးနဲ့ ဆီ၊ ဆားယူလာပြီး အထင်ကရ နာမည်ကြီးကုက္ကိုပင်အောက်မှာ ဝက်သားဟင်းချက်ဖို့ လုပ်ပါရော။

သည်မှာ အဘွားကြီးတစ်ဦး ရောက်လာတယ်။

"ဟဲ့ … ထေန်း နင်ဘာလုပ်နေတာတုံး"

"ဝက်သားဟင်းချက်ပြီး ဘရသေ့ကိုကပ်မလို့ အမေမြ"

"ဟဲ့ကောင် … ဘုရား … ဘုရား … နင်မသိဘူး။ မကြားဘူးလား"

"ဘာကို ကြားရသိရမှာတုံး အမေမြရ။ ခင်ဗျားကလည်း"

"ဒီ … ဒီကုက္ကိုပင် … အောက် … မှာ … ဝက်သား … အမဲသားချက်စားဖို့ … မ … ပြောနဲ့ … ဆွဲသွားတာတောင် ရတယ်လား ထေန်းရဲ့ … ဟင်"

"အိုဗျာ … ကျုပ် ဒါတွေ အယုံအကြည်မရှိဘူး။ ကြောက်လည်း မကြောက်ဘူး။ ခုဟာက ဘရသေ့ကို ကျွေးမလို့"

"ဒုက္ခပါပဲ … ဒုက္ခပါပဲ။ အေးလေ … ပြောမရ … သတိမရမှတော့ မင်းတို့ထိုက်နဲ့ မင်းတို့ကံပေါ့ … ထေန်းရေ"





တိုတိုပြောရရင် ဝက်သားကို ခုတ်ထစ်ဆေးကြော ငရုတ်သီး၊ ဆားများနဲ့ နယ်ဖပ်ပြီး ဖိုခုံလောက်အုတ်ခဲမီးဖိုပေါ် တင်တုန်းရှိသေး …

"ရှူး … ရှူး …"

"ဘာသံလဲဟ … တရှူးရှူးနဲ့"

နောက်ကနေ ရှူးရှူးအသံကြားလို့ လှည့်ကြည့်လိုက်ရော နင့်အမေကလွှား မြွေဟောက်ကြီးမှ နည်းရေ့လားကွ။ အရှည် တစ်လံကျော်ရှည်ပြီး လုံးပတ်က ယောကျ်ားလက်မောင်းလုံးနီးပါးဗျာ။

ထေန်းနောက်ကနေ ပါးပျဉ်ထောင်ပြီး 'ရှူး … ရှူး' နဲ့ နှာမှုတ်နေတာ။ မြွေဟောက်ကြီးလည်းမြင်ရော ဘာပြောကောင်းမလဲ ထင်းခုတ်ဓားနဲ့ လှမ်းပိုင်းလိုက်တာရယ်။ မြွေလည်းလန့်ပြီး ရှုပ်ထွေးနေတဲ့ ချုံကြီးထဲဝင်ပျောက်သွားရော။

"တောက် … မြွေသားနဲ့ဝက်သား ရောချက်လိုက်ရရင်လားကွာ"

ဝက်သားဟင်းကျက်ရော ရသေ့ကြီးကို ဆွမ်းနဲ့ကပ်တယ်။ ရသေ့ကြီးဘုန်းပေးပြီးလို့ ကျန်တာ သူအကုန်စားမယ်။

အိမ်မှာက ဆင်းရဲလွန်းလို့ ဒီလိုဝက်သားအိုးလုံးကျွတ်မျိုးကို စားဖို့မပြောနဲ့ မြင်တောင်မမြင်ဖူးဘူး။

အခု အားရပါးရ 'ဝိုက်' ရတော့မယ်။ အရက်နဲ့မြည်းမယ်။ ထေန်းကိုစိတ်ကူးနဲ့ မြူးနေတာ။ ရသေ့ကြီး မပြန်မကြွပါနဲ့ဦးလို့ ဆုတောင်းရသာလည်း နေ့စဉ်ပဲ။

ဘာလို့လဲဆိုတော့ ရသေ့ကြီးက ငွေရှင်နေတာကိုး။

ညနေပွဲသိမ်းရင် သူ့ကို မုန့်ဖိုးငါးရာ ပေးနေသကိုး။

ရသေ့ကြီးစားပြီးလို့ ခေတ္တခဏ ကျိန်းလည်းကျိန်းရော ထေန်းဝက်သားဟင်းအိုးကို မ,ပြီး မျိုးကောင်းတို့အရက်ဆိုင်ကို အရောက်သွားတယ်။

"မျိုးကောင်း …"

www.burmeseclassic.com



"ဘာတုံးဟ ... ထေန်း။ ဟင်းအိုးကြီးနဲ့ပါလား"

"အရက်တစ်လုံး အမြန်ချကွာ"

"ဘာဟင်းများတုံး ထေန်းရေး မင်းမိန်းမလက်ရာလား"

"ဝက်သားဟင်းကွ"

"မိုက်တယ်ကွာ။ ဝက်သားဟင်းအိုးလုံးချက်နဲ့ အရက်သောက်တာ ဗိုဆိုင်မှာ မင်းတစ်ယောက်ပဲရှိတယ် ... ထေန်း။ ပြစမ်းပါဦး ... သုံးထပ်သားလား မိုးဆိုသားလား၊ အူကလီစာလားဟေ။ ဖွင့်ပါဦးဟ"

အရက်သမားထေန်းလည်း အရက်သောက်သူ အများရှေ့မှာ ကြွားချင်လို့ အိုးဖုံးကိုဖွင့်ပြလိုက်ရော ...

"ဟာ ..."

"ဟင် ..."

"ဟ ... ဟ ... ထေန်းရ ... မင်းဟာ ... ဝက်သားဟင်းမှ မဟုတ်ဘဲ။ လူ ... ခေါင်း ... တုံးတွေပါလားဟ။ အေ့ ... အေ့ ... ဝေါ့"

"ဘာကွ ... ဘာဟေ့ ... မျိုးကောင်း ... ဘာဟင်း ..."

"ထေန်း ... မင်းမိန်းမ ထေန်းမြည်းဖို့ ဘာဟင်းထည့်ပေးတယ်"

"လူခေါင်းတုံးတွေဟေ့"

"ဟေ ... ဟား ... ဟား ... ဟား ... ဟား ..."

"ဖြစ်မှဖြစ်ရပလေကွာ။ ပြစမ်း ...။ ဟုတ်ရဲ့လားဟ"

အနီးဝိုင်းက အရက်သမားတွေလည်း မျိုးကောင်းရဲ့အော်ပြောသံကြောင့် ပြေးလာလှမ်းလို့ ကြည့်လိုက်ကြတယ်။

ထေန်းက အိုးဖုံးကို ပြန်ဖုံးပြီး လက်နဲ့ဖိလို့ ဒေါသဖြစ်နေတယ်။ အရက်သမားလူစုကလည်း မရအရ ဖယ်ပြီးကြည့်ရော အဟုတ်အမှန် လူခေါင်းတုံး မစိုမခြောက်ကြီးတွေ အိုးအပြည့်၊ ငရုတ်သီးဆီသပ်နဲ့ မြင်ရော ရယ်လိုက်ကြတာ ဝက်ဝက်ကိုကွဲရော။

ထေန်း ရှက်လွန်းလို့ အိုးကို ကောက်လွှင့်ပစ်လိုက်တယ်။ အိုးတာ ပိန်ချိုင့်သွားတယ်။ ထေန်း ရှက်ဒေါသနဲ့ အိုးကို ရစရာမရှိအောင် တင်





နင်းဖိချိုးပြီး ဆိုင်အပြင်ရောက်အောင် ကန်ပစ်လိုက်လို့ ဆိုင်ထဲကနေ ဝုန်းခနဲ ပြေးထွက်လာလိုက်တယ်။

ဘယ်လိုလုပ်ပြီး ဝက်သားဟင်းစစ်စစ်ကနေ လူခေါင်းတုံးဟင်း ဖြစ်သွားရတာလဲ။ စဉ်းစားကြည့်တယ်။ ဘာကြောင့် ဒီလိုပြောင်းလဲသွားရတာလဲ။

ရသေ့ကြီးကို သူခပ်ကျွေးနေတုန်း တစ်ယောက်ယောက်ကများ နောက်ပြောင်ပြီး ဝက်သားဟင်းအားလုံးကို ခပ်ထည့်ယူသွားပြီး လူခေါင်းတုံးတွေ ထည့်ခဲ့ရော့သလား။

ဒါမှမဟုတ် ...

အမေမြတို့၊ ကိုစိန်လှိုင်တို့၊ ထင်ကျော်မိုးတို့၊ ကုလားဝဲကျော်ဦးတို့ပြောသလို ဒီအပင်ကြီးမှာနေတဲ့ ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၀ ]

❑

ရသေ့ကြီးလည်း မရှိတော့ဘူး။

ဒီနေ့မနက် ရသေ့ကြီးရဲ့ ဇာရီရနိုင်းတာလေးများ လုပ်ပေးပြီး ပိုက်ဆံရှိရင် နည်းနည်းစွန့်ပါဦး ရသေ့ကြီးလို့ပြောမယ်။ ပြီးရင် မနက်စာ အရက်ဆိုင်ပြေးမယ်လို့ ရည်မှန်းပြီးလာကာမှ ...

ကုက္ကိုပင်အောက်ရောက်ရော ရသေ့ကြီး မရှိတော့ဘူး။

ရသေ့ကြီးရဲ့ တိုလီမုတ်စ ပစ္စည်းတွေလည်း မရှိတော့ဘူး။

ဒါနဲ့ စိတ်ခုတ်ကျကျနဲ့ လှည့်ပြန်မယ်အလုပ်မှာ သူ့ရှေ့တည့်တည့်ကို မြွေကြီးတစ်ကောင် ပြုတ်ကျလာတာ။ သူ ထခုန်လိုက်တယ်။ ကြည့်လိုက်တော့ မြွေကြီးက မကောင်းဆိုးဝါး ကုက္ကိုပင်ကြီးပေါ်ကနေ လျှောကျလာတာ။





မနေ့တုန်းက လွတ်သွားတဲ့ မြွေဟောက်ကြီး။ သူ မကြောက်ပါဘူး။

မြွေဟောက်ကြီးမြင်ရော အုတ်ခဲကျိုးတစ်ခု ကောက်ကိုင်ပြီး ပစ်[illegible]တာ မြွေခေါင်းကိုမှန်ပြီး မြွေကြီး လူသွားလမ်းမှာ လူးလွန့်နေတယ်။ [illegible]ရှင်းလွန့်ရင်း သင်္ချိုင်းထဲကို ဝင်ပြေးတယ်။

သန်လျင်မောင်ဥက္ကာဆိုတဲ့ အုတ်ဂူနဲ့ တောင်စွန်းလွမ်းသောင်းဆိုတဲ့ အုတ်ဂူနေရာလည်းရောက်ရော အုတ်ဂူနှစ်ဂူဘေးက ချုံကြီးထဲကို လူးလွန့်ကာနဲ့ ဝင်အပြေး။

လျင်မြန်လွန်းတဲ့ ထေန်းက မြွေမြီးကိုဆွဲပြီး တောင့်ထားတာ ...

မြွေက ရှေ့ကိုတိုး။ ထေန်းက ဆွဲ၊ ဆောင့်ဆွဲ ... အဲဒီမှာ မြွေရဲ့ [illegible]စ်ရိုးတွေ ပြုတ်သွားပြီး မြွေဟောက်ကြီး တောင့်အားတင်းအား မျော့[illegible]သွားချိန်မှာ မြွေကို အမြီးကဆွဲထုတ်ပြီး လေထဲမှာ ယမ်းခါဝှေ့ယမ်း[illegible]တာ ...

မြွေရဲ့ကျောရိုး ခါးရိုးအဆစ်တွေ အကုန်ပြုတ်ပြီး မြွေကြီးနဲ့ကိုင်[illegible]တော့ လုံးဝ အသက်ပျောက်သွားရော။

အဲဒီမြွေသေကြီးကို ပခုံးပေါ်ထမ်းဝင်လာတာမြင်တော့ လူတိုင်း [illegible]သြကြတာပေါ့။

"ဟဲ့ ... အဲဒီမြွေကြီးက သစ်ပင်စောင့်မြွေကြီးမဟုတ်လား"

"ဟုတ်တယ်တော့"

"သင်္ချိုင်းမှာလည်း နေတယ်မဟုတ်လား"

"ဟုတ်တယ်။ မကြာခဏဖြတ်ဖြတ်သွားတာ မြင်ဖူးတယ်။ ထေန်း[illegible]ထိုက်ပြီနဲ့တူရဲ့"

"အဲဒါ သင်္ချိုင်းစောင့်မြွေကြီးဟဲ့"

"ဟို နာမည်ကြီး ကုက္ကိုပင်ကို စောင့်နေတာဗျ"

"ဒီကောင် တော်တော်သောင်းကျန်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ဖြစ် ကိုယ်ခံပဲပေါ့"

ထေန်းက ဘယ်သူဘာပြောပြော အရေးမစိုက်ဘူး။ အိမ်ရောက်တာနဲ့ မိန်းမကို ချက်ခိုင်းတယ်။ ပိုတာကိုပြုတ်။ မကုန်တာကို လိုက်ရောင်းခိုင်းတယ်။

မိန်းမလုပ်သူ မိမိုးပြာကလည်း လင်ကိုကြောက်တော့ ခိုင်းတဲ့အတိုင်း လုပ်ရတာပေါ့။ ထေန်းက ဆိုက်ကားထွက်နင်းတယ်။ အရက်ဖိုးလည်းရရော အရက်တစ်လုံးဝယ်ပြီး အိမ်ကိုပြန်လာခဲ့တယ်။

"မိုးပြာ ... ဟင်းခပ်ခဲ့"

"ဟုတ်ကဲ့ အစ်ကို",

မြွေသားဟင်းပန်းကန်ကို လင်တော်မောင်ရှေ့ ချပေးလိုက်တယ်။ ထေန်းက အရက်ကိုငှဲပြီး သောက်လိုက်၊ မြွေသားဟင်းကိုစားလိုက်၊ ဒူးကိုနှံလိုက်နဲ့ ဆက်ရက်မင်းစည်းစိမ်ကျနေတုန်း ...

"ဂျွတ် ..."

"အား ... အား ... အ ... အ, ..."

"ကိုထန် ... ကိုထန် ... ဘာ ... ဘာ ... ဖြစ်လို့တုံး။ ဘာဖြစ်လို့တုံး"

"ဂျွတ် ..."

"ဖျစ် ... ဖျစ် ... ဖျစ် ..."

"အား ... အား ... အမယ်လေးဗျ ... အား ... အား ... မိမိုး ... မိမိုး ... ငါ့ခါးထဲက ဘယ်လိုဖြစ်မှန်းမသိဘူး။ အား ... အမယ်လေးဗျ ... အား ... အား ..."

ထေန်း ခါးကိုဖိရင်း ကြမ်းပြင်ပေါ်လဲကျလို့ မြွေတစ်ကောင်လို လူးလွန့်နေတယ်။ အရက်ပုလင်းရော ဟင်းပန်းကန်ရော လူးလွန့်ကန်ကျောက်လို့ ကွဲစင်မှောက်ကုန်ပြီ။

ထေန်း ထိုင်လို့မရဘူး။





အမယ်လေး ... အမယ်လေးနဲ့ လူးနေတယ်။ ထိုင်ပေးလိုက်ရင် ...ကြီးပျော့ပြီး ညွတ်ကျသွားလို့ ငယ်သံပါအောင် အော်ရော။

နောက်ဆုံး ဆေးခန်းကိုပြေးပြ။ ဆေးခန်းက ခါးဆစ်ရိုးတွေ ပြုတ်...လို့ ကျိုးသလိုဖြစ်နေတယ်။ အရိုးနဲ့အကြောဆေးရုံကို အမြန်ပြပါလို့ ပြော...တာနဲ့ အရိုးနဲ့အကြောဆေးရုံကို သွားပြရတယ်။

ဆေးရုံမှာ တစ်လနီးပါးကြာတယ်။

ရောဂါမသက်သာလို့ ပြန်ချလာတယ်။ နောက်ဆုံး ဘုန်းတော်ကြီး...ရှင်ဓမ္မပါလကို ပင့်လို့ ပြရတယ်။

အရှင်ဓမ္မပါလက ထေန်းရဲ့နဖူးပေါ် လက်တင်ပြီး ဦးခေါင်းကို ...မ်းတော်မူတယ်။

"ထေန်း ..."

"ဘု ... ရား ..."

"နေ ... သာရဲ့လား"

"ဟင့်အင်း ..."

"ခါးလှည့်လို့ ရရဲ့လား"

"မ ... မ ... ရ ... ရ ... ဘူး ... ဘု ... ရား ..."

"ထေန်း ..."

"ဘုရား ..."

"မေတ္တာပို့"

"ဘယ် ... သူ့ ... ကို ... ပို့ ... ပို့ရမှာလဲ ... ဟင်း ... ...င်း ... အင် ..."

"သုံးဆယ့်တစ်ဘုံသားအားလုံးကို မေတ္တာပို့ပေးပါ။ ကိုယ်ကျူး...ခဲ့သည့် အပြစ်များရှိခဲ့ရင်လည်း ဒီဘဝ ဒီမျှတာ ဝဋ်ကျွေးနှင့် အကြေ...ပြီးပါပြီလို့ပြောပြီး အားလုံး ကျန်းမာချမ်းသာပါစေ၊ ကြောင့်ကျခပ်သိမ်း...ရဲခပ်သိမ်း၊ ဒုက္ခခပ်သိမ်း၊ ရောဂါခပ်သိမ်း ကင်းငြိမ်းပြီး နှလုံးစိတ်...ချမ်းပါစေလို့ သတိရတိုင်း မေတ္တာပို့ပေး။ ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . . ဟုတ် . . ."

"ဘုန်းကြီး ရေမန်းပေးခဲ့မယ်။ အဲဒါလည်း သောက်နော်"

"မှန် . . . မှန် . . ."

သုံးရက်တိတိ ထေန်း အော်ဟစ်ညည်းညူနေရတယ်။ နောင် အသက်တော့ရှည်ပါရဲ့ ခါးကုန်းကြီးဘဝနဲ့ ထိုင်ရင်အော်ရ၊ ထရင်အော်ရ လှည့်ရင်အော်ရ ဘဝဝဋ်ကြွေးကို ခံခဲ့ရတယ်။

ပြောချင်တာက ငှက်ကြီးရာ . . . ပရိစ္ဆာဉ်သားခေါ်ခေါ်၊ ပြိတ္တာဘုံသားခေါ်ခေါ်၊ တစ္ဆေသရဲခေါ်ခေါ် မြင်ရမမြင်ရ ပုဂ္ဂိုလ်သတ္တဝါတွေ လူ့ဝန်းကျင်မှာ ရှိနေတယ်။ ကိုယ့်ကိုသူက ရန်မလုပ်ရင် မစော်ကားရင် ကိုယ်က သူ့ကို ဘာလို့ အသားလွှတ်ရန်လုပ်စော်ကားရမှာလဲ။

သူ့နေရာသူ့ဌာန သူ့ဝန်းကျင်မှာ သေးပေါက်ချေးယို မကြိုက်ရင် ကိုယ် အဲဒါမျိုးမလုပ်နဲ့။ သူက ဆဲရေးတိုင်းထွာ မတော်တရားနေတာမကြိုက်ရင် ကိုယ်မလုပ်နဲ့။ ကိုယ်ချင်းစာကြည့်လေ . . .။

ကိုယ်နေသည့်ဝန်းကျင်မှာ ကိုယ်မကြိုက်သည့် အဲသည့်အပြုအမူမျိုး အခြားလူလာလုပ်ရင် ကိုယ် ခံနိုင်မှာလား။ ဒါပါပဲကွာ . . . ဗုဒ္ဓဟောသည့် မဒိတာတရား။ ကိုင်း . . . ညဥ့်လည်းနက်ပြီ။ အဘ အိမ်ပြန်မှိန်းလိုက်ဦးမယ်ဟေ့ . . ."

အဘအုန်းသောင်နဲ့ အဘဦးလေးမောင်တို့က သူတို့ဘဝအတွေ့အကြုံများကို လူငယ်များ ကြားနာသိရှိရအောင် အားရပါးရပြောပြီးနောက် အသီးသီး ကိုယ့်အိမ်ကိုယ် ပြန်သွားကြတယ်။ မနက်လည်း စောစောလာကြရဦးမှာကိုး။

လူကြီးများမရှိတော့မှ တောကျော်က မေးရော။

"ငှက်ကျားကြီး . . ."

"ဘာတုံး"

"အဘလေးမောင်နဲ့ အဘအုန်းသောင်ပြောတာ ကြားလား"

---

စိတ်ကူးသစ်စာပေ



"ကြားတယ်"

"သဘောပေါက်ရဲ့လား"

"ကြောက်ချေးပါတဲ့ ပုံပြင်တွေပြောတဲ့ အဘိုးကြီးတွေပါကွ။ ဖွီ"

"ဒါဆို မင်းဘာလုပ်မှာလဲ"

"စီနံခေါ်ထားတဲ့အတိုင်း လုပ်မှာပဲ"

"ဟူး . . . ပြောမရလည်း မင်းထိုက်နဲ့မင်းကံပေါ့ . . . ငှက်ကျားကြီးရာ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၁၁ |

❑

မိုးကြိုးပစ်ကုန်းပေါ်က ရှေးအိမ်ကြီးအကြောင်းကို အနည်းငယ် ပြောချင်တယ်ဗျ။

ဂျပန်မဝင်ခင် ခေတ်တုန်းက ဒီအိမ်ကြီးကို ပိုင်ဆိုင်တာက မျက်နှာဖြူလူမျိုး ဖနီးမောင်နဲ့ပိုင်တာဗျ။

မျက်နှာဖြူကြီးက အစိုးရပိုင်ဌာနတစ်ခုမှာ အမှုထမ်းရတယ်။ ဂျပန်လည်းဝင်ရော အင်္ဂလိပ်မျက်နှာဖြူတွေရော၊ မြန်မာ အင်္ဂလိပ်လက်အောက် အမှုထမ်းအရာရှိတွေရော ပြေးကြရရော။

ဂျပန်လည်း တွေ့သမျှကို မဟာမိတ်သူလျှိုဆိုပြီး အမျိုးမျိုးညှဉ်းပန်းနှိပ်စက်တာ။

ဂျပန်က အင်္ဂလိပ်မျက်နှာဖြူကြီး မစ္စတာသောမတ်(စ်) တို့ နေထိုင်ပိုင်ဆိုင်သည့် အုတ်ခံသစ်သား နှစ်ထပ်အိမ်ကြီးကို ဂျပန်စစ်ကြောရေး အဆောက်အဦလုပ်ပစ်လိုက်တာလေ။





အဲဒီတုန်းက မိုးကြိုးပစ်ကုန်းက လူနေနည်းသည့် ရပ်ကြီးဗျ။ ဘာကြောင့် မိုးကြိုးပစ်ကုန်းလို့ ခေါ်သတုံးဆိုတော့ အဲဒီကုန်းပေါ်မှာ ရှေးဟောင်းဂဝံဘုရားပျက်တွေ၊ မြေမြှုပ်ဘုရားတွေ အများကြီးရှိနေလို့ပဲ။ အဲဒီဝန်းကျင်မှာ မတော်တရော်ပြောရင် နေရင် မိုးကြိုးပစ်လို့ မိုးကြိုးပစ်ကုန်းလို့ ခေါ်ကြတာ။

အင်္ဂလိပ်မျက်နှာဖြူကြီး မစ္စတာသောမတ် (စ်) ကလည်း ရှေးဟောင်းပစ္စည်းတွေကို စိတ်ဝင်စားတယ်။ ရှေးဟောင်းပစ္စည်းမှန်ရင် မြေဆေးတံအကျိုး၊ ပန်းကန်ကွဲ၊ ဘုရားကျိုး၊ မြေအိုးပါမကျန် တူးဖော်ရှာဖွေပြီး မှတ်တမ်းပြုစုနေတာ။

စစ်ကြီးပြီးရင် ဒါမှမဟုတ်လို့ အင်္ဂလန်ကို အပြီးပြန်ရရင် သူရှာဖွေစုဆောင်းထားတဲ့ ရှေးဟောင်းပါဒခေတ်နဲ့ ပါဒခေတ်လွန် ရှေးဟောင်းပစ္စည်းများနဲ့ မြန်မာကမ္ဘည်းရပစ္စည်းများကို ယူသွားမယ်။

အင်္ဂလန်မှာ ရှေးဟောင်းပစ္စည်းအရောင်ဆိုင် တစ်ဆိုင်ဖွင့်မယ်။ ဒီလိုရည်ရွယ်ချက်နဲ့ စုဆောင်းနေတာကို ကျွန်တော်တို့အဖေပြောလို့ သိရတယ်။

တစ်နေ့တော့ သူ ရှေးဟောင်းပစ္စည်းရောင်းသူတစ်ဦးနဲ့ တွေ့ပြီး အလွန်ထူးဆန်းသည့် ပစ္စည်းတစ်ခုကို ရခဲ့ပါရောတဲ့ခင်ဗျ။

"မစ္စတာ ..."

"ပြောပါ ... မိတ်ဆွေ။ ဘာအလိုရှိသလဲ"

မစ္စတာသောမတ် (စ်) က မြန်မာပြည်မှာအနေကြာလို့ မြန်မာစကားကို ပြောတတ် ရေးတတ် ဖတ်တတ်တယ်။ အဲဒါ သူ့ဖနီး မစ္စစ်သောမတ်ရောပဲ။

"ရှေးဟောင်းပစ္စည်းတစ်ခု ရောင်းစရာရှိတယ် မစ္စတာ"

"ပြပါ ... မိတ်ဆွေ"

အသားမည်းမည်း၊ ခေါင်းတုံးနှင့်လူက လွယ်အိတ်ထဲက အထုပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ထုတ်လိုက်တယ်။ ပြီး လက်ကိုင်ပဝါထုပ်ကို ဖြည်းဖြည်း ဖွင့်ပြလိုက်ရော ...

"ဟင် ... ထူးဆန်းလှချည်လား မိတ်ဆွေ"

"ဟုတ်ပါရဲ့ မစ္စတာ"

မစ္စတာသောမတ်(စ်) မြင်ရတာက ကွမ်းသီးဆံခန့်ရှိသည့် ဘီလူးရုပ်တုများ။ ဦးခေါင်းဘက်ရုပ်က သန်လျက်ကိုမြှောက်ပြီး ကြုံးဝါးနေသည့် ဘီလူးရုပ်ကြီးကို ပိုင်းပတ်ထားသည့် ရုပ်တုအဆန်း။

ရုပ်တုဆန်းကိုထုသည့် ပန်းပုလက်ရာအသားက ပျဉ်းကတိုးသား။ အတော်ကိုလေးတယ်။ မစ္စတာသောမတ်(စ်) ထူးဆန်းသည့်ရုပ်တုကို သေသေချာချာ 'မှန်ဘီလူး'နဲ့ စစ်ဆေးကြည့်လိုက်တယ်။

အလယ်ခေါင်က ဒူးထောက်ထိုင်နေသည့် ဘီလူးက သန်လျက်ကို ပခုံးပေါ်မှာတင်ပြီး ဒေါသထွက်နေသည့် မျက်နှာနဲ့။ ပါးစပ်ကိုဖြဲထားလို့ အစွယ်ကိုပါ မြင်နေရတယ်။

နံဘေးကရံနေသည့် (ပိုင်းရံနေသည့်) ဘီလူးရုပ်ခေါင်း ကိုးခေါင်းကလည်း ကြောက်စရာပဲဗျာ။

အံကြိတ်ဘီလူးရုပ်တု၊ မျက်လုံးပြူးဖြစ်နေသည့် ဘီလူးရုပ်တု၊ ပါးစပ်ဟပြီး ကြုံးဝါးနေသည့် ဘီလူးရုပ်တု၊ မျက်နှာရှုံ့နေသည့် ဘီလူးရုပ်တု၊ တစ်စုံတစ်ရာကို ကြိမ်းဝါးနေသည့် ဘီလူးရုပ်တု၊ လျှာကိုထုတ်ပြီး ခြောက်လှန့်တော့မည့်ဟန်နှင့် ဘီလူးရုပ်တု ...စသည့် ဟန်ပန်အမူအရာကိုးမျိုးပါ ဦးခေါင်းချည်းသက်သက် ကိုးခေါင်းက အလယ်ဘီလူးကို ထိကပ်ရံပိုင်း ခေါင်းချင်း နားရွက်ချင်း ထိနေတာ။

မစ္စတာသောမတ်(စ်)ရဲ့ တစ်သက်နဲ့တစ်ကိုယ်မှာ ဒီလိုရုပ်တုမျိုး မမြင်ဖူးဘူး။

"ဒါ ဘာရုပ်တုလဲ မိတ်ဆွေ"

"ဒဿဂီရိ ခေါင်းဆယ်လုံး"

"ဒဿဂီရိ ခေါင်းဆယ်လုံး ဟုတ်လား။ ဘယ်လို ... ဘယ်လို"





"အချိန်ရရဲ့လား မစ္စတာ"

"ရပါတယ်မိတ်ဆွေ ... ထိုင်ပါ။ ကျုပ် ဒီရုပ်တုရဲ့ နောက်ကြောင်းရာဇဝင်ကို သိချင်ပါတယ်။ ပြောလို့ဖြစ်ရင် ကျေးဇူးပြု၍ ပြောပြပါ"

ဒီမှာ အသားမည်းမည်း ခေါင်းတုံးနှင့်လူကြီးက ရာမ၊ လက္ခဏ ဇာတ်တော်ထဲက သီတာဒေဝီကို ရဟန်းယောင်ဆောင်ပြီး နတ်ဘီလူးက ရထားနဲ့ တင်ခိုးပြေးတဲ့ ဒဿဂီရိဘီလူးဇာတ်ကို ပြောပြလိုက်တယ်။

မစ္စတာသောမတ်(စ်)က စိတ်ဝင်စားစွာ နားထောင်ရင်း ဘီလူးခေါင်း (၁၀) ရုပ်တုကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေသတဲ့။

"လေဒီသီတာနဲ့ ဒဿဘီလူးရော ညားသလား မိတ်ဆွေ"

"မညားဘူး မစ္စတာ။ လေဒီသီတာရဲ့ ချစ်သူကြင်ဘက် ရာမမင်းသားက ဟန်နုမာန်အမည်ရှိ မျောက်ဗွမ်းစစ်သည်များနဲ့ ဒဿဘီလူးနေသည့် သီဟိုဠ်ပြည်ကို ရှာဖွေစုံစမ်းလိုက်လာပြီး တိုက်ခိုက်လို့ နောက်ဆုံး ဒဿဂီရိဘီလူး သေဆုံး ကျဆုံးသွားခဲ့ရတယ်"

"လေဒီသီတာဒေဝီကိုလည်း သံကွန်ခြာ (၇)လွှာအုပ်ထားသည့် မြို့ထဲကနေ ရာမနဲ့ ဟန်နုမာန်မျောက်မင်းတို့က ကယ်ခဲ့ပြီး နောက်ပိုင်း ပြန်လည်ညားသွားခဲ့ကြတယ်"

"ဘာကြောင့် ဒဿဂီရိက ခေါင်းဆယ်လုံးရှိတာလဲ မိတ်ဆွေ"

"တောင်ဆယ်လုံးကို ပိုင်စားအုပ်ချုပ်သည့် နတ်ဘီလူးပါ။ အမှန် တယ် တန်ခိုးကြီးပါတယ်။ မစ္စတာ သီဟိုဠ်ကျွန်းကို ကြားဖူးပါသလား"

"Yes, I know. မိတ်ဆွေ ... ကျွန်ုပ် ကြားဖူးတယ်။ သီဟိုဠ်ကျွန်း လို့လည်း ခေါ်တယ်။ လင်္ကာဒီပကျွန်းလို့လည်း ခေါ်တယ်။ မြန်မာဗုဒ္ဓသာသနာ ရာ ဒေသဖြစ်ပါ"

"သိပ်ဟုတ်တာပေါ့ မစ္စတာ။ ဒဿဂီရိက အဲဒီသီဟိုဠ်ကျွန်းက ဖြစ် တာပဲ။ နတ်ဘီလူးမင်း ဒဿဂီရိဟာ သီတာဒေဝီဆိုသည့် အလှ ည့် မင်းသမီးရဲ့ ပန်းချီဇာတ်ပုံကို မြင်သည့်အချိန်ကစပြီး ဗိုင်းခြေ ဆောင်တင်ရသည့်လေးတော် လေးတင်စွမ်းအားပြရသည့် ကြင်ရာ



www.burmeseclassic.com

www.burmeseclassic.com



တော်ရွေးချယ်ပွဲမှာ နတ်ဘီလူးကပါ လေးတင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ။ ဘယ်ကလောက်အထိ ခွန်အားဗလနဲ့ ဘုန်းတန်ခိုး ကြီးခဲ့လဲဆိုရင် ဗိုလ်ခြေတစ်ထောင်ခွန်အားနဲ့ တင်မှရသည့်လေးကို လေးတင်ကြတော့ အပြည်ပြည်အသီးသီး မင်းညီမင်းသားများ တင်လို့မရဘူး။ အဲဒါ ဒဿဂီရိက လေးကို မ,နိုင်ခဲ့တယ်''

''ဒါဆို သူဘာလို့ မင်းသမီးကို မရသလဲ''

''ဒဿဂီရိက လေးညှို့ကို မတင်နိုင်ဘူး။ သူ့ထက် ဘုန်းတန်ခိုးအလွန်ကြီးသည့် ညီတော် လက္ခဏာမင်းသားက လေးကို မ,နိုင်၊ ညှို့ကြိုးကို တင်နိုင်တယ်။ နောင်တော် ရာမမင်းသားက လေးပေါ်မှာ မြားတင်ပြီး ပစ်လိုက်တာ မြားသံကြားရုံနဲ့ ဒဿဂီရိဘီလူး လန့်ပြီးထွက်ပြေးရတာ။

နောက်ဆုံး မျိုသိပ်လို့မရသည့် အချစ်အဆိပ်ကြောင့် သီတာဒေဝီကို လှည့်ဖျားခေါ်ဆောင်ရင်း အဲဒီအချစ်ကြောင့်ပဲ တန်ခိုးကြီးသည့် နတ်ဘီလူး သေဆုံးရတာပဲ''

''ဒါဆို ကျွန်ုပ်မေးပါရစေ။ ဒီထူးဆန်းသည့် ရုပ်တုကို ဘယ်သူထုဆစ်ခဲ့သလဲ မိတ်ဆွေ''

''အဲဒါ ကျုပ်မသိဘူး မစ္စတာ။ ကျုပ်သိရသလောက်တော့ လက်ာဒီပသီဟိုကျွန်းသားကြီးတစ်ယောက်နဲ့ ကျုပ်အဖိုး ဦးစိတ္တရတို့ ထိုင်း–မြန်မာနယ်စပ်မှာတွေ့ရင်း ဒီရုပ်တုကို အလဲအလှယ်လုပ်ခဲ့လို့ရတာပဲ။ သီဟိုကျွန်းသားကြီး ပြောချက်အရ ဒါ . . . သီဟိုလက်ာဒီပရဲ့ ရှေးဟောင်းအမွေအနှစ် ပန်းပုရုပ်တုလက်ရာလို့ ပြောတယ်။ မစ္စတာသောမတ်(စ်)က ရှေးဟောင်းပစ္စည်းအဆန်းတွေကို စုဆောင်းဝယ်ယူနေတယ်ဆိုလို့ ကျုပ်လာပြတာ ရောင်းတာပါ''

မစ္စတာသောမတ်(စ်)ကား ရုပ်တုကို အမြီးပြန်ခေါင်းပြန် ကြည့်တယ်။ ဘယ်လိုဆက်ထားသလဲကို စူးစမ်းတယ်။ ပျဉ်းကတိုးအနှစ်သားနဲ့ ထုထားသည့်လက်ရာက နှစ်ပေါင်းကြာသည့်လက္ခဏာရှိပေမယ့် ဝက်အူရစ်လုပ်ပြီး ဆက်ထားတာမဟုတ်ဘူး။

---

စိတ်ကူးသစ်စာပေ



အလွန်ကို လက်ရာမြောက်သည့် ပန်းပုဆရာပညာရှင်တစ်ဦးရဲ့ လက်ရာကောင်းမှန်း မစ္စတာသောမတ် (စ်) သိလိုက်တယ်။

''မိတ်ဆွေ . . . ဘယ်လောက်ရရင် ရောင်းမှာလဲ''

''အင်္ဂလိပ်ငွေ တစ်ရာ''

''အိုး မိုင် ဂေါ့ . . . အင်္ဂလိပ်ငွေ တစ်ရာ''

''ရက် (စ်)''

''အလွန်များပါသည် မိတ်ဆွေ။ လျှော့ပါဦး''

''ဒီလိုရုပ်တုမျိုး မြန်မာပြည်တစ်ပြည်လုံး လှည့်ရှာပါ မစ္စတာ။ မြင်ဘက်တွေ့ရင်၊ ပုံတူတွေ့ခဲ့ရင် ကျုပ် သည့်ရုပ်တုကို မစ္စတာထံ အလကားဆက်ဆောင်ပေးအပ်နှံပါ့မယ်''

''ငါးဆယ်ထားပါ . . . မိတ်ဆွေ''

'' နိုး . . . နိုး . . . I don't.''

''ဒါဆို ခုနစ်ဆယ့်ငါးထား''

''နိုး . . . နိုး . . . ဝမ်းဟန်ဒရက် (၁၀၀) ပါပဲခင်ဗျာ''

နောက်ဆုံး ရှေးဟောင်းပစ္စည်းစုဆောင်းသူ မစ္စတာသောမတ် (စ်)ဟာ မျက်နှာကျက်မျိုးစုံနှင့် နောက်ခံဖြစ်ရပ်မှန်သမိုင်းပါ စိတ်ဝင်စားစရာကောင်းလှတဲ့ ဒဿဂီရိဆယ်ခေါင်းဘီးလူးရုပ်တုကို အင်္ဂလိပ်သုံးငွေ တစ်ရာ ပေးပြီး ဝယ်ခဲ့လိုက်တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၂ ]

❑

ကျွန်တော့်အဘိုး မဂ်လာဘိတ်သိက်ဆရာကြီး ဦးဘိုးရွှေတောင်နဲ့ အင်္ဂလိပ်မျက်နှာဖြူအရာရှိ (ရွှေးဟောင်းပစ္စည်းစုဆောင်းသူ) တို့ဟာ အလွန်ရင်းနှီး ခင်မင်ကြတယ်။

ကျုပ်အဘိုးကလည်း မက်ထရစ်အောင်ပြီးသားမို့ အင်္ဂလိပ်စကားကို ကျွမ်းကျွမ်းကျင်ကျင် ဘာသာပြန်နိုင် ပြောနိုင်တယ်။

အင်္ဂလိပ်မြို့ပိုင်ရုံးမှာ ရှေ့ဘတ်စာရေးလည်း လုပ်ခဲ့ဖူးသလို၊ ကျောင်းဆရာလည်း လုပ်ခဲ့ဖူးတယ်။ တစ်နေ့ နှစ်ဦးသား စကားပြောရင်းက မစ္စတာသောမတ် (စ်) က ဒဿဂီရိခေါင်းဆယ်လုံးရုပ်တုကို ဂုဏ်ယူဝင့်ကြွားသည့်အနေနှင့် ထုတ်ပြတယ်။

"အလို . . . ဒါ ဆန်းကြယ်သည့် ဒဿဂီရိခေါင်းဆယ်လုံး ရုပ်တုပဲ။ မစ္စတာသောမတ် (စ်) ဘယ်ကရတာတုံးခင်ဗျ"





"ထိုင်း-မြန်မာနယ်စပ်က ပွဲစားတစ်ဦးလာရောင်းလို့ရတာ မစ္စတာတောင်။ ဘယ့်နှယ် very beautiful and very wonderful ပဲမဟုတ်လား"

အဘိုးဦးရွှေတောင်ဟာ ဒဿဂီရိခေါင်းဆယ်လုံးရုပ်တုကို သေသေချာချာ စေ့စေ့စပ်စပ် ကြည့်ပြီးနောက် . . .

"မစ္စတာသောမတ် (စ်) . . ."

"ပြော . . . မစ္စတာတောင်"

"ဒီရုပ်တုကို ခင်ဗျား ပြန်ရောင်းမှာလား။ သိမ်းဆည်းထားမှာလား"

"မရောင်းဘူး။ သိမ်းထားမယ်။ ရှိုးကေ့(စ်)ထဲမှာ အလှပြမယ်။ ကြည့်လေ . . . မစ္စတာတောင် ဘီလူးဦးခေါင်းဆယ်လုံးစလုံးရဲ့ မျက်နှာသွင်ပြင်ဟာ ရန်သူကို အနိုင်ယူမည့်ပုံနဲ့ ခက်ထန်နေတာဟာ ထူးခြားတဲ့မျက်နှာအရသာ (ရသ) Feel ပဲခင်ဗျ။

ဒီလို မျက်နှာသွင်ပြင်အစုံ face မျိုးကို တစ်စုတစ်ဝေးတည်းရဖို့ မလွယ်ဘူးလေ။ ပြီး . . . ဒီလိုရုပ်တုမျိုးနဲ့က ကမ္ဘာမှာရှားတယ်။ နေရာတိုင်း ရဖို့မလွယ်သလို ပညာသည်တိုင်း ထုနိုင်မယ်မထင်ဘူး"

"မစ္စတာသောမတ် (စ်)"

"ပြောပါ . . . မစ္စတာတောင်"

"ခင်ဗျား ဒီရုပ်တုဆန်းကို အိမ်မှာ အမြဲတမ်း ဆောင်မထားသင့်ဘူး"

"အိုး . . . ဟိုး . . . ဘယ်လိုအကြောင်းကြောင့်ပါလိမ့် မစ္စတာရွှေတောင် . . . ပြောပါ"

"ကျုပ်ကြားဖူး၊ သိဖူးသလောက် ပြောရရင် ဦးခေါင်းပြတ်ဘီလူးရုပ်တု၊ အခု ရုပ်တုပေါ့ဗျာ။ ဒဿဂီရိ ခေါင်းဆယ်လုံးရုပ်တုပေါ့၊ ဒါရှေးဟောင်းပစ္စည်းဆိုတာ ဖြစ်နိုင်ပါတယ်။ သူက အနိဋ္ဌာပစ္စည်းဗျ"

"အနိဋ္ဌာပစ္စည်း"

"ရက် (စ်)"



www.burmeseclassic.com

www.burmeseclassic.com



"What is it."

"အနိဋ္ဌာပစ္စည်းဆိုတဲ့အဓိပ္ပာယ်က မကောင်းသော နိမိတ်ဆိုးများကို သယ်ဆောင်လာသည်လို့ အဓိပ္ပာယ်သက်ရောက်တယ်။ Unlucky Danger ပေါ့။ အဲဒါနဲ့ဆန့်ကျင်ဘက်က ဣဋ္ဌာရုံပစ္စည်း။ မင်္ဂလာရှိသောပစ္စည်း (Lucky) ပေါ့။

ဥပမာ ကနေသည့် မင်းသမီးမင်းသားရုပ်တု၊ ဘုရားရုပ်တု၊ နတ်ဗြဟ္မာရုပ်တု၊ ဖနီးမောင်နှံရုပ်တု၊ ဆင်ရုပ်တု၊ ခြင်္သေ့ရုပ်တု၊ မြွေနဂါးရုပ်တုကိုရရင် ဆောင်ရင် အဲဒါ ကျုပ်တို့မြန်မာ အယူတော်မင်္ဂလာမှာ ဘုန်းကျက်သရေနဲ့ ပြည့်ဝပြီး စီးပွားဥစ္စာ တိုးတက်လိမ့်မယ်လို့ ယုံကြည်ကြတယ်။

အရှေ့တိုင်းသား အာရှလူမျိုးအတော်များများ၊ တရုတ်၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ တိဗက်၊ ထိုင်းက လူအများစုက အဲဒီလို ဣဋ္ဌာရုံ ကြည့်ရှုကောင်းသော ရုပ်တုပစ္စည်းဆိုရင် လိုလိုလားလား မြတ်မြတ်နိုးနိုး ဆောင်ကြတယ်။

ဒါပေမဲ့ အနိဋ္ဌာရုံ ပစ္စည်းရုပ်တုလို့ခေါ်သည့် ဘီလူးခေါင်းပြတ်၊ လူဦးခေါင်းပြတ်၊ ခြေပြတ်လက်ပြတ်ရုပ်တု၊ မျက်စိကန်းရုပ်တု၊ သရဲတစ္ဆေရုပ်တု၊ စုန်းကဝေရုပ်တု၊ လူရိုးနှင့်ထုဆစ်သည့် ပုလွေ၊ အဆောင် စသည်တို့ကိုဆိုရင် အိမ်ပေါ်မှာ မထားကြဘူး။ လမ်းနံဘေးညောင်ပင်တို့ ဘုန်းကြီးကျောင်းတို့ ပြတိုက်တို့မှာ သွားထားလေ့ရှိကြတယ်"

"ဘာကြောင့်လဲ"

"အဲဒီရုပ်တု ပစ္စည်းများကြောင့် (စိုးရိမ်ထိတ်လန့်ဖွယ်) ကံဆိုးမိုးမှောင်ကျမှာစိုးလို့လို့ ယူဆကြတယ်။ အခု ခင်ဗျားဝယ်ထားသည့် ရုပ်တု ဦးခေါင်းပြတ် ဆယ်လုံးပါတယ်။ ပြီး face မျက်နှာသွင်ပြင်တွေက ငြိမ်းချမ်းခြင်း တရား pacific မရှိဘူး။ peacifier ငြိမ်းချမ်းစေသူမဟုတ်ဘူး။ မြန်မာလိုပြောရင် ကျက်သရေမင်္ဂလာမရှိဘူး။





ပြီး ဒီရုပ်တုရဲ့ နောက်ခံသမိုင်းကြောင်းက ရန်သူရဲ့လက်ချက်နဲ့ ကျဆုံးရတဲ့ဖြစ်စဉ်။ ဦးခေါင်းဆယ်လုံးစလုံး ရာမမင်းသားရဲ့ မြားမှန်ပြီး မီးလောင်ပျက်စီးရတယ်။ ကံမကောင်းခြင်းရဲ့ သင်္ကေတပဲ။ ဒါကြောင့် ခင်ဗျားကို မိတ်ဆွေတစ်ဦးအနေနဲ့ အကြံပေးချင်တာက ခင်ဗျား ဈေးကောင်းရရင် အမြန်ရောင်းလိုက်ပါ။ ဒါမှမဟုတ် ရှေးဟောင်းပစ္စည်းပြတိုက်ကို ပေးလှူဒါန်းပါ။ ဒီလိုမှမဟုတ်ဘဲ ဆောင်ထားမယ်၊ အိမ်မှာ ကိုယ်နဲ့အတူရှိနေမယ်ဆိုရင် တစ်ခုခုတော့ ဖြစ်လိမ့်မယ်လို့ ထင်တယ်"

"ထင်တာလား မစ္စတာရွှေတောင်"

"ပွင့်ပွင့်လင်းလင်းပြောရရင် ယုံကြည်မိတယ် မစ္စတာသောမတ် (စ်)"

"ကျွန်ုပ်တို့လူမျိုးကတော့ အဲဒီလို ယုံကြည်မှုမရှိဘူး၊ အယူမသီးကြဘူး မစ္စတာတောင်"

"ဒါဆို ခင်ဗျား စိတ်သဘောအတိုင်း ဆောင်ရွက်ပါ မစ္စတာသောမတ် (စ်)"

သိပ်မကြာလိုက်ပါဘူးဗျာ။

၁၉၄၂ ခုနှစ်အရောက်မှာ ဂျပန်တပ်မတော်နဲ့ မြန်မာတို့ပူးပေါင်းပြီး အနှစ်တစ်ရာနီးပါး အုပ်ချုပ်မင်းလုပ် ကုပ်သွေးစုပ်ခဲ့သည့် အင်္ဂလိပ်အစိုးရကို တော်လှန်ကြပါရောဗျို့။

အင်္ဂလိပ်အစိုးရ မျက်လုံးမျက်ဆံပြူးပြီး ပြေးရော။ စစ်ပြေးတွေဆိုတာ အိန္ဒိယ–မြန်မာနယ်စပ်မှာ ရှုပ်ယှက်ခတ်လို့။

အင်္ဂလိပ်ကလည်း မြေသဒ္ဒါလှန်ပစ်ခဲ့တယ်။ ယုတ်မာပုံပေါ့ဗျာ။ သန်လျင်မှာ အင်္ဂလိပ်အစိုးရရဲ့ B.O.C (ဘီ–အို–စီ) ဗြိတိသျှရေနံကုမ္ပဏီရှိတယ်။ ရေနံချက်စက်ရုံပေါ့။ ၁၈၉၇ နှစ်က တည်ခဲ့တာ။

ချောက်၊ ရေနံချောင်းက ရေနံစိမ်းထွက်တယ်။ အဲဒီရေနံစိမ်းတွေကို စီပီသင်္ဘောတွေ၊ ပိုက်လိုင်းတွေနဲ့ သယ်ယူပြီး သန်လျင်ရှိ ရေနံချက်စက်ရုံမှာ ချက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အခု ဂျပန်က ၁၉၄၂ ဧပြီလမှာ ဝင်တိုက်ရော၊ အင်္ဂလိပ်က ဂျပန်လက်ထက်မှာ ရေနံချက်ရုံကို မထားခဲ့ဘူး။ မြန်မာလူမျိုးလက်မှာလည်း တန်ဖိုးကြီးတဲ့ ရေနံချက်စက်ရုံကို မထားခဲ့ဘူးဆိုပြီး မိုင်းဗုံးတွေဆင်ထောင်ပြီး ပေါက်ကွဲကြတယ်။

တညင်ခေါ် သန်လျင်ကို ဂျပန်က ၁၉၄၂ ဧပြီလ ဝင်သိမ်းတဲ့ အချိန်မှာ အင်္ဂလိပ်အဆုတ်အပြေးမှာ B.O.C ရေနံကုမ္ပဏီ မိုင်းကွဲမြေသဒ္ဒါ လှန်ခံရပြီး တန်ဖိုးကြီး အဖိုးတန်လှသည့် စက်ရုံကြီး မီးဟုန်းဟုန်းတောက်ခဲ့ရတယ်။

အဲဒီမှာ ကံဆိုးသွားတာက မစ္စတာသောမတ် (စ်)တို့ ဇနီးမောင်နှံပဲ။ စစ်ပြေးရင်းနဲ့ ဂျပန်ဗုံးကြဲလေယာဉ်ပျံစာ မိသွားတယ်။ အဲဒီမှာ ဂျပန်ရဲ့စက်သေနတ်ကျည်ဆန်မှန်ပြီး သင်မယားနှစ်ဦးစလုံး ဦးခေါင်းပြတ်သွားတယ်။

သူ့အလောင်းနဲ့အတူ ရှေးဟောင်းပစ္စည်း သေတ္တာကြီးကို ဂျပန်က ရသွားတယ်။ ဂျပန်စစ်ဗိုလ်ကြီး ကီမူးရာက မျက်နှာဖြူအရာရှိ မစ္စတာသောမတ်(စ်) ရဲ့သေတ္တာကို ဖွင့်ဖောက်စစ်ဆေးပြီး ရွှေငွေများကိုယူတယ်။

ပြီးနောက် ထူးဆန်းလှတဲ့ ဒသဂီရိ ဦးခေါင်းဆယ်လုံးရုပ်တုကို ယူပြီး သူ့ရုံးခန်းစားပွဲပေါ်မှာ တင်ထားတယ်။

သူ့ရုံးခန်းက အခြားနေရာမဟုတ်ဘူး။

အင်္ဂလိပ်အရာရှိကြီး မစ္စတာသောမတ် (စ်)ရဲ့ အုတ်ခံနှစ်ထပ်တိုက်အိမ်ကြီးပဲ။ ဒီနေရာဟာ ဂျပန်စစ်ဗိုလ်ကြီး ကီမူးရာရဲ့ အိမ်ရုံးခန်းဆိုလည်း ဟုတ်တယ်။

ဂျပန်စစ်ကြောရေးစခန်း ကင်ပေတိုင်ရုံးဆိုလည်း ဟုတ်တယ်။

ဂျပန်က မြန်မာပြည်ကို သုံးနှစ်အုပ်ချုပ်သွားတယ်။

ငတ်မွတ်ခေါင်းပါးတာရယ်၊ ကြွေးရယ်၊ ဝဲရယ်၊ သန်းရယ်၊ ဆင်းရဲမွဲတေမှု၊ ပေါ်တာဆွဲခံရမှု၊ ချောဆွဲခံရမှု၊ သံဖြူဇရပ် သေမင်းတမန်





ရထားလမ်းဖောက်ဖို့ ချွေးတပ်သား အဆွဲခံရပြီး ဂျပန်ရဲ့ ရက်စက်ကြမ်းကြုတ်ယုတ်မာမှုကို အတိအလင်း သိရတော့တယ်။

တိုတိုပြောရရင် မိန်းမအတော်များများ ပျို့ပျို့အိုအို ဂျပန်စစ်သား၊ ဂျပန်ကင်ပေတိုင်လက်ချက်နဲ့ မျက်ရည်နဲ့မျက်ခွက် ဘဝပျက်ခဲ့ရသလို၊ မျိုးချစ်စိတ်ရှိသူ ယောက်ျားကောင်းမှန်သမျှလည်း ဂျပန်ကင်ပေတိုင် အချုပ်ခန်းမှာ အမျိုးမျိုး ညှဉ်းပန်းနှိပ်စက်လို့ သေသူသေ၊ ကျိုးသူကျိုး၊ ကန်းသူကန်း လမ်းတောင်မလျှောက်နိုင်ဘဲ ဒုက္ခိတဘဝလုံးလုံး ရောက်ရသူတွေလည်းရောလား။

ကြာတော့ မြန်မာလူထု မခံနိုင်တော့ဘူး။

ကျေးလက်ရဲ့ တောက်ခတ်သံကြောင့် စပါးပင်၊ ဝါးပင် ယိမ်းခါနေတယ်။ မြို့ပြရဲ့ ကြွေကွဲသံကြောင့် မြေကြီးတုန်သံကို ကြားနေရတယ်။

ခေါင်းဆောင်တွေလည်း အံကြိတ်တောက်ခတ်ကြပေါ့။

ကုန်ကုန်ပြောရရင် သူ့ရဲကောင်းစကားပြောရရင် အနှစ်တစ်ရာပါး အုပ်ချုပ်ခဲ့တဲ့ နေမဝင်အင်ပါယာ ဗြိတိသျှကိုတောင် တားဆွဲ လှုံ့ဆော်လှန်ရဲသူများဥစ္စာ။

ခွေးပစ်တဲ့တုတ်လောက် အရပ်ပုတဲ့ဂျပန်၊ ရက်စက်ကြမ်းကြုတ်တယ်ဆိုတဲ့ ဂျပန်ကိုရော ကြောက်ရရိုးလား။

ဒါ ဘယ်သူပိုင်သည့်မြေလဲ။

ဒါ ဘယ်သူဆိုင်သည့် ရေလဲ။

နောက်လာသည့်မောင်ပုလဲ ဒိုင်းဝန်ထက်ကဲသည့်ဘဝ၊

သေလည်း မထူးဘူး။

နေ့လည်း မထူးဘူး။

ဘုန်းကြီးတောင် ဆွမ်းခံစားလို့မရသည့်ဘဝ။

သေရဲတာလည်း မြန်မာပဲ။

သတ်ရဲတာလည်း မြန်မာပဲ။

မြန်မာဆိုတာ စပါးတစ်ပင်ယူလျှင် မကျေသည့်လူမျိုး။



www.burmeseclassic.com

www.burmeseclassic.com



ခြေတစ်လက်မကျူးက မခံ၊ ရန်တုံ့ပြန်မည့်လူမျိုး။

ဝါးဆစ်တစ်ဆစ်ကို သံမှိုတစ်ချောင်း၊

ကျောက်ကောင်းတစ်လုံး အဆုံးမခံ

လက်တုံ့ပြန်သည့်လူမျိုး။

၁၉၄၅ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့မှာ ဖက်ဆစ်နယ်ချဲ့ဘီလူး ဂျပန်ကို မြန်မာတစ်ပြည်လုံး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဦးဆောင်မှုနဲ့ တော်လှန်ခဲ့တယ်။

အနီရောင်အောက်ခံနဲ့ ကြယ်ဖြူတော်လှန်ရေးအလံတွေ၊ နေရောင်အောက် လရောင်အောက်မှာ နိုးထလူးလွန့်ပြီး ဇာတိမာန်နဲ့ ဖျတ်ဖျတ်ခါနေတယ်။

ဖက်စစ်ဂျပန်ရဲ့ သွေးမည်းတွေဟာ ...

စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ဧရာဝတီမြစ်၊ ရန်ကုန်မြစ်၊ ဝေ[illegible] မြစ်၊ ရခိုင်ကမ်းရိုးတန်း ပင်လယ်ပြင်တစ်လျှောက် စီးနေတယ်။

ကီမူးရာ ...

သူက ရက်စက်ကြမ်းကြုတ်တဲ့ ဂျပန်ကင်ပေပိုင်စစ်ဗိုလ်။

သူ့ကြောင့် သူရဲကောင်းရဲ့သွေးတွေ မိုးကြိုးပစ်ကုန်းနယ်မြေဝန်း[illegible] ကျင်မှာ ပြန့်ကျဲစွတ်စိုနေတယ်။

အခု သူစံရမည့်အလှည့်မဟုတ်တော့ဘူး။ ခံရမည့်အလှည့်။ တ[illegible] ကြော့ပြန် မဟာမိတ်တပ်ဖွဲ့၊ အင်္ဂလိပ်ရဲ့ဗုံး၊ စက်သေနတ်သံ ပြင်းထန်[illegible] တော့ ကျွန်တော်တို့မြန်မာတွေရဲ့ ငှက်ကြီးတောင်ဓားသံ၊ ဓားသွေးသံ၊ ကြ[illegible] ဝါးသံ၊ ခုတ်ထစ်စင်းကော တောက်ခတ်သံကိုကြားရော မျက်နှာဖြူအရာ[illegible] လင်မယားနေခဲ့တဲ့ ဂျပန်ကင်ပေတိုင်အိမ်ကနေ ကီမူးရာ ပြေးဖို့ကြိုး[illegible] ချိန်။

ဘုရားကျိုးကုန်းက၊ မိုးကြိုးပစ်ကုန်းက ဖက်စစ်တော်လှန်[illegible] သမားများရဲ့ အချိန်မီ တိုက်ခိုက်မှုနဲ့ ဂျပန်အတော်များများ နေရာ[illegible] သေကုန်ရော။





ဂျပန်ကင်ပေတိုင် ဗိုလ်ကီမူယာနဲ့ တပ်ကြပ်ကြီးမော်တာကို လက်နှစ်ဖက်ချည်ခဲ့ ချာမိရော။ နာကြည်းသွေးဆူနေသည့် ရွာသူရွာသားများက တိုက်ခံအိမ်ရှေ့က သစ်တိုပင်ကြီးရဲ့ ကိုင်းမှာပဲ ဒင်းတို့နှစ်ယောက် လည်ပင်းကို ကြိုးတွင်းစွပ်ပြီး ရွာသူရွာသားအများရှေ့ ကြိုးဆွဲချ စီရင်ပစ်လိုက်ကြတယ်။

အဲဒီနေ့ပြီး နောက်နေ့ကစပြီး ဂျပန်ကင်ပေတိုင်ရုံးခေါ် မျက်နှာဖြူအရာရှိလင်မယား နေခဲ့ဖူးသည့် တိုက်ခံအိမ်ကြီးကနေ တစ္ဆေခြောက်တော့တာပဲ။

ညဘက်ရောက်ရင် အိမ်ထဲကနေ ...

ဂျပန်လို အော်ဟစ်ကြုံးဝါးသံ ကြားရတယ်။

တဖြောင်းဖြောင်း တဖြုန်းဖြုန်းရိုက်သံတွေ ကြားရတယ်။

ခြေစုံရိုက် အလေးပြုအော်သံမျိုး ကြားရတယ်။ တစ်ခါတလေ [illegible]နာညည်းသံ၊ အမေရေလို့ ... ခေါ်သံ၊ ရှင်မရေ ... ခေါ်သံနဲ့ တအား[illegible] တအီးအီး လူးလွန့်လှုပ်ရှား ညည်းညူသံတွေကို နေ့ဘက်ထက် ည[illegible]ဘက်မှာ ပိုကြားရတယ်။

တော်လှန်ရေးရဲဘော်တွေ မသက်သာလို့ လက်နက်အစုံအလင်နဲ့ သွား[illegible]ရောက်စစ်ဆေးဝိုင်းလိုက်ရင် ဘာမှမရှိတော့ဘူး။ ဘာသံမှ မကြားရတော့[illegible]

အဲဒါ ညတိုင်းနီးပါး။ ဒါမှမဟုတ် တစ်ပတ်တစ်ခါ။

တော်လှန်ရေးပြီးလို့ အင်္ဂလိပ် နောက်တစ်ကြိမ်ပြန်ဝင်ပြီး လွတ်[illegible]ပြီးသည့်တိုင် အဲဒီ တိုက်ခံအိမ်ကြီးပေါ်မှာ ဘယ်သူမှ မနေရဲကြ[illegible]

မျက်နှာဖြူ အင်္ဂလိပ်အစိုးရ ပြန်ဝင်လာတော့ အင်္ဂလိပ်စစ်သား[illegible] ဒီအိမ်မှာ နေကြသေးတယ်။ ညဘက်ရောက်ရင် ထိတ်လန့်တကြား[illegible]သံ ကြားရလိုကြားရ၊ ဂျပန်လို အမိန့်ပေးသံ၊ ကြိမ်းဝါးသံကြား[illegible] [illegible]ဒုန်း တက်နင်းသွားတာမျိုး၊ ဆောင့်ကန်သွားတာမျိုး ခံရ[illegible] [illegible]ဆောင်အထည်အဝါ မမြင်ရလို့ အိပ်မရကြဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပိုဆိုးတာက ...

အိမ်ရှေ့က သစ်တိုင်ပေါ်က ကြိုးတန်းလန်းနဲ့ ဂျပန်စစ်ဗိုလ်ရဲ့ အလောင်းကို မြင်ရတာမျိုး။

တစ်ခါတစ်ခါ သစ်တိုင်အောက်မှာ ဂျပန်စစ်ဗိုလ် ဓားဝင့်ပြီး လမ်းလျှောက်နေတာမျိုး မြင်ရတယ်။

သူတို့က တစ္ဆေကို မယုံဘူးလေ။ အမှန်က ဂျပန်စစ်ဗိုလ်လည်း မကျွတ်မလွတ်ဘဝနဲ့ တစ္ဆေဖြစ်ပြီး မပြီးဆုံးသေးသည့် သူ့တာဝန်ကို သူ ဆက်လက်ထမ်းဆောင်နေတာ။

ဒါကိုပဲ တိုက်ခန်းထဲမှာ အချို့ ညဉ်းပန်းနှိပ်စက်ခံရပြီး ကွယ်လွန် အနိစ္စရောက်သွားတဲ့ အင်္ဂလိပ်သုံ့ပန်းနဲ့ မြန်မာအချို့ရဲ့ ဝိညာဉ်တွေကလည်း မကျွတ်မလွတ်ဘဝနဲ့ ဆက်လက်လှုပ်ရှားနေကြတုန်းကိုး ...

ဒါကြောင့် ...

အိပ်မပျော်နိုင်ဘဲ ချောက်ချားစရာချည်းဖြစ်နေသည့် အင်္ဂလိပ် စစ်သားတွေ ဒီမကောင်းဆိုးဝါးအိမ်ကြီးကို နောက်ဆုံး စွန့်ပစ်သွားကြတယ်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ ...

ဒီလို မကောင်းဆိုးဝါးဖြစ်နေသည့် အိမ်ကြီးရဲ့သဘောကို နား လည်သည့် မြန်မာများက ရဟန်းသံဃာများပင့်ပြီး လွတ်လပ်ရေးရလို့ မကျွတ် မလွတ်သူတွေကို အမျှအတန်းပေးဝေခဲ့တယ်။

အားလုံးနီးပါး ဘဝသစ်ကို လွှတ်မြောက်ရရှိသွားပေမယ့် ရက် စက်ကြမ်းကြုတ်ပြီး အညှိုးအတေး အာဃာတကြီးလွန်းလှသည့် ဂျပန်ကင် ပေတိုင်စစ်ဗိုလ်တစ္ဆေ (အရပ်အခေါ် တစ္ဆေခေါင်းပုပ်ကြီး)ကတော့ လုံးဝ ကို မကျွတ်ခဲ့ဘူး။

တစ္ဆေခေါင်းပုပ်ကြီးကို ကြည့်ရတာ သူ့ဂျပန်တပ်ရင်းက အကြီး အကဲတွေ အမိန့်မပြန်မချင်း သူ ဆက်လက်တာဝန်ထမ်းဆောင် လှုပ်ရှား နေဦးမည်လို့ အဖေတို့ အဘိုးတို့လို လူကြီးတွေက ယူဆကြတယ်။





ဂျပန်တစ္ဆေက ခေါင်းကြောမာတယ် ပြောရမှာပဲ။

ဘာလို့ ခေါင်းပုပ်ကြီးလို့ ခေါ်ရသလဲ ဟုတ်လား။

အချို့က အဲဒီအိမ်ရှေ့ သစ်တိုင်ကြီးမှာ ပုပ်ပေါင်နံနေသည့် ဂျပန်ဦးခေါင်းကြီး သစ်ပင်ခွကြားမှာမြင်ရလို့ ခေါင်းပုပ်ကြီးလို့ ခေါ်ကြတာ ပဲ။

ခေါင်းပုပ်ကြီးခေါ် ဂျပန်စစ်ဗိုလ်တစ္ဆေက မြန်မာလည်း မုန်းတာ အင်္ဂလိပ်လည်း မုန်းတာပဲ။

ညနေဝင်ရီတရောမှာ အမဲသားတို့၊ ဝက်သားတို့၊ ကြက်အရှင်တို့ ယူလာယူသွားမိရင် လူမမြင်ရဘဲ အလုခံရရော။

ပြီး ... ယူလာသူရဲ့ ကျောကုန်းကို လက်ဝါးနဲ့ရိုက်ရော။

တစ်ခါ ငါးသည်မိအေးမြ အခြားအဖော်နဲ့ အဲဒီကြိုးဆွဲချ သစ် ပင်အောက်ကနေ ဖြတ်သွားတာ ငါးဗန်းကို လက်နဲ့ရိုက်ချလို့ အကုန် ကောက်ကုန်ပါရော။

အဲဒီငါးတုံးတွေ၊ ငါးအကောင်အရှင်တွေ ကောက်မလိုလုပ်တုန်း ကျောကိုတွန်းဖယ်ခံရလို့ အော်အဆဲမှာ ပါးကို လက်ဝါးနဲ့အပုတ်ခံရပြီး အမေ ... ကယ်ပါဦးလို့ အော်ပြေးရပါရောလား။

ရှိသေးတယ်။

သတ္တိကောင်းတယ်လို့ နာမည်ကြီးတဲ့ ထွန်းပေ၊ ထွန်းဖေ၊ ထွန်း ... ညီအစ်ကို ...

အရက်မမူးတမူးသောက်ပြီး ခေါင်းပုပ်တစ္ဆေသရဲနဲ့ တွေ့ချင်လို့ သစ်တိုင်ပင်အောက် ရောက်သွားတယ်။

"ဟေ့ ... ခေါင်းပုပ်"

"ခေါင်းပုပ်ကြီး ... မင်း သတ္တိရှိရင် ခုန်ချလိုက်လေကွာ"

"ဟေး ... ခေါင်းပုပ်ဖွပ်ကျားကြီး"

"ဝုန်း ..."

"ဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



"အာ . . . ဘာကြီးတုံး"

"အမယ်လေး . . . ကြိုးဆွဲချသေတဲ့ ဂျပန်ကြီးဟ။ ပြေး . . . ပြေး . . . ပြေး"

"ပြေးဟေ့ . . . ငါတို့ကို လက်ယပ်ခေါ်နေတယ်။ ပြေး . . ."

ထွန်းပေ၊ ထွန်းဖေ၊ ထွန်းငွေတို့သုံးယောက်လည်း အရက်မူးလွန်ပြီး ယုန်ထင်ကြောင်ထင် မြင်တာလား၊ ဒါမှမဟုတ် ခေါင်းပုပ်ကြီးတစ္ဆေကပဲ ကိုယ်ထင်ပြသလားမသိဘူး။

လည်ပင်းကြိုးတန်းနဲ့ လေထဲ သစ်ပင်ကိုင်းမှာ မြင်ရရော လန့်ပြီးပြေးရော။ ထွန်းဖေ နောက်ပြန်လှည့်ကြည့်တော့ ကြိုးဆွဲချလူသေကောင်က ညာလက်ကိုမြှောက်ပြီး လက်ယပ်လှမ်းခေါ်သတဲ့။

အဲဒီ ထူးဆန်းချောက်ချားစရာအဖြစ်ကို သူတို့က ပြန်ပြောကြတော့ ဘယ်သူမှ သူတို့စကားကို မယုံကြဘူး။

"သုံးယောက်စလုံး မူးနေတာဗျ"

"ရွှေလုံးတို့ဆိုင်က သောက်သွားတာမဟုတ်လား"

"ဟုတ်တာပေါ့။ မူးကြောင်ရူးကြောင်နဲ့ သွားမှာပေါ့ဗျာ"

"တကယ့်တစ္ဆေခေါင်းပုပ်ကြီးများ ခြောက်ရော့လားဟာ"

"ခေါင်းပုပ်ကြီးမခြောက်တာ ကြာပါပြီဗျာ"

"ဒါဆို သုံးယောက်သား အရက်မူး အရက်ကြောင်ပြီး ထင်ရာမြင်ရာ လျှောက်တွေ့မှာပဲဗျာ"

"လူတွေက မယုံမရဲနဲ့ စမ်းချင်တာကိုး။ သူ့ဟာသူနေတာကို သွားကလိတော့ ကကျိုးကကြောင်ဖြစ်တာပေါ့"

"အခု ထွန်းဖေတို့ ဘယ်လိုဖြစ်နေတုံး"

"အငယ်ကောင်ထွန်းငွေ . . . ကြိုးဆွဲတာကြီးမြင်ပြီး ညဘက် လန့်အော်လို့ တောကျောင်းဘုန်းကြီးပင့် ကုနေရတယ်"

"သက်သက်မဲ့ကွာ . . . အရေမရ အဖတ်မရဘဲ လုပ်ကြတာ"

"ပရဝိဉာဉ်လောကနော် ဘာမှတ်လို့လဲ . . . ဟင်း"





"ဘုန်းလေးကံလေးမြင့်နေရင် ဘာမှမဖြစ်ဘူး။ အဲ . . . ဘုန်းကံနိမ့်ပြီဆိုရင် ခံရပြီမှတ်ဗျာ။ ခံရရင်တော့ သက်သာမယ်မထင်နဲ့"

ပြောရရင် ဂျပန်ခေတ်ကတည်းက ဘယ်သူမှ မနေတော့သည့် တစ္ဆေခြောက်သည့်အိမ်ကြီး။ နှစ်ပေါင်း (၅၀)ကျော်လာတော့ အခု ယိုင်ရွဲ့ပြိုပျက်နေပြီ။

အောက်ခံ အုတ်ပတ်ကားပဲ အကောင်းကျန်တယ်။

အိမ်ရှေ့က သစ်တိုပင်ကြီးက ထူးဆန်းတယ်။

ဂျပန်ခေတ် ဂျပန်ကင်ပေတိုင် ဗိုလ်ခေါင်းပုပ်ကြီး အဲဒီအပင်မှာ ကြိုးဆွဲချ အသတ်ခံရသည့်အချိန်ကစပြီး လုံးဝကို အပင်မကြီးတော့ဘူး။ သစ်တိုသီးလည်း အသီးလုံးဝမသီးဘူး။

အပင်လည်း မသေဘူး။ လုံးပတ်လူကြီးလက်တစ်ဖက်စာကျော်ကျော်ရှိတယ်။ နှစ်ပေါင်းများပြီဗျာ။ သစ်ပင်တို့ထုံးစံက ကြီးရမှာမဟုတ်ဘူးလား။ ဒါပေမဲ့ မကြီးဘူး။ မသီးဘူး။ အံ့သြစရာမကောင်းဘူးလား။

အဲဒီမှာ ထူးဆန်းတာ တစ်ချက်ရှိသေးတယ်။ ခေါင်းပုပ်ကြီး ဂျပန်သရဲက တရုတ်ကုလားခေါ်တောဆို သိပ်မခြောက်ဘူး။

မြန်မာလူမျိုးဆိုလို့ကတော့ ကလေးရော၊ လူကြီးရော၊ ကိုရင်ရော၊ သူရော မထားဘူး။

ကြုံရင်ကြုံသလို ခြောက်တာဗျာ။

ကိုရင်တွေ ဆွမ်းခံကြွအပြန် သပိတ်အဖုံးဖွင့်လို့ ပြေးရပါရောသား။

သရဲတစ္ဆေမကြောက်တဲ့ ဘိုးသူတော် ကိုတင်ဘုတ်ရယ် ကွမ်းသီးသောက် ပုတီးကြီးဆွဲပြီး သစ်တိုပင်ဝ ခါးထောက်လှည့်ပတ် လိုက်ကြည့်သတဲ့။

သုံးပတ်လည်းပြည့်ရော သစ်ပင်ပင်စည်ကွယ်ကနေ လူတစ်ယောက်ထောက်က မိုးပေါ်ထောင်၊ ခေါင်းက မြေကြီးမှာစိုက်ပြီး လူပြောင်းပြန် သူနဲ့အပြိုင် သစ်တိုပင်ကို လှည့်နေတာမြင်ရော လန့်သွားရော။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကလည်း နွားရိုင်းသွင်းချိန်။

ထူးဆန်းလှချည်လား။ ငါ့လို ခြေထောက်နဲ့မလျှောက်ဘဲ ဦးခေါင်းနဲ့ ဇောက်ထိုးလျှောက်နေတယ်။ ဘယ်လိုလူလဲ။ ဘယ်သူလဲ သိချင်လို့ . . .

"ဟေ့ . . . ဘယ်သူလဲ"

"မေးနေတယ်လေကွာ။ ဘယ်သူလဲလို့"

"တယ် . . . ငါစိပ်ပုတီးနဲ့ စွပ်ချလိုက်ရရင် ယောင်မီးကျပြီး ကျွမ်းသွားတော့မယ်။ မင်း ဘယ်သူလဲ"

ဒီလို မကြောက်မရွံ့နဲ့ ဟိန်းဟောက်ပြီးမေးရော။ ဦးဇောက် ကျွမ်းပြန့်မြေကြီးလက်ထောက် လှမ်းလျှောက်နေသူက လှမ်းမေးတယ်။

"ဦး . . . သူ . . . တော် . . . . လား"

"ဟင် . . . မင်း . . . မင်း . . . တစ္ဆေက ငါ့နာမည်သိတယ်။ အမယ်လေး . . . ဘုရား . . . . ဘုရား . . ဗုဒ္ဓေါ . . . ဗုဒ္ဓေါ . . . အရဟံ . . အရဟံ . . . ဟေ့ကောင် . . . မင်း . . . မင်း . . . ဘယ်သူတုံး . . . ဟုံး . . ဟုံး . . ."

"ဦး . . . သူ . . . တော် . . . ကို . . . လာ . . . ခေါ်တာ"

"ဘုရား . . . ဘုရား . . . မင်း . . . မင်း . . . ဘယ်သူတုံး။ ငါ ငါ့ . . . ကို . . . ဘယ်ခေါ် . . . မ . . . မ . . . လို့ . . . တုံး . . . ဟုံး . . . ဟုံး . . . အဟွတ်"

"ဂျ . . . ပန် . . . ပြည် . . ."

"အမယ်လေး . . . မြတ်စွာဘုရားနဲ့ နှစ်ကျိပ်ရှစ်ဆူတို့ ကယ်တော်မူ . . . ပါ . . . ဘုရား . . . ဒါ . . . ဂျပန်တစ္ဆေ . . . ဟ . . ."

အော်ပြီး ပြေးရော။ သူက ပြေး၊ ခွေးအကောင်များများက သစ်ပင်ကြီးကို ကြည့်ပြီး ဟောင်ကြ၊ အူကြ၊ ဆူညံနေတာပဲ။

ဘိုးသူတော် ကိုတင်ဘုတ် ကျောင်းရောက်အောင် မနည်းပြေးရတယ်။ ကျောင်းရောက်တော့ လျှာတန်းလန်းနဲ့ ဟိုက်နေပြီ။

ရေမန်းတိုက်ပြီး အမောပြေတော့ ဝိုင်းမေးကြတယ်။





"ဘသူတော် . . . မကြောက်ဘူးလားဗျ"

"ကြက်သီးကို ဖြန်းဖြန်းထရတာပေါ့ကွာ"

"ဦးသူတော်နဲ့ နပန်းမချကြဘူးလားဗျ"

"ငါ့အသား လာမထိရဲဘူးကွ"

"အဟုတ် . . ."

"ဟုတ်ရဲ့ . . . ဘသူတော်ရ . . ."

ဦးသူတော် ကြွားတတ်မှန်းသိလို့ ကာလသားတွေက ခပ်တည်တည်နဲ့ အံ့သြဟန်၊ ကြောက်ရွံ့ဟန်ပြပြီး ပင့်ပေးနေကြတာ။

"ဟ . . . ဒီလို တိုင်းတစ်ပါးတစ္ဆေမပြောနဲ့ ရွာရိုးကိုးပေါက် တစ္ဆေတို့ သချိုင်းတို့မှာ ကျင့်ကြံနေထိုင်လာတဲ့ 'တင်ဘုတ်' ပါကွ။ ဒီမှာတွေ့လား"

"တွေ့တယ် . . . ပွေးတွေ"

"နင့် ဟိုဒင်း ပွေးလား . . . အနာကျ သိန်းဝင်းရ။ ဒါ သိမ်ဝင်စိပ်ပုတီး။ အနားကပ်လာရင် လည်ပင်းကိုစွပ်ပြီး ခွေးအရှုတ်တိုက်ဆွဲ၊ ဝက်အရှုတ်တိုက်ဆွဲသလို ဆွဲလာပြီး ရွာဝမှာ ဖနောင့်နဲ့ပေါက်မလို့။"

"ဟာ . . ."

"ဘုရားရေ . ."

"သင်းက ငါ့အနားမကပ်ရဲဘူး။ ဟင်း . . ."

"ဘသူတော်က သတ္တိအရမ်းကောင်းတာပဲဗျာ။ တော်ရုံလူ မျက်နှာချင်းဆိုင်ရဲမှာမဟုတ်ဘူး . . . အဘရ"

"ငါတို့အမေ ဂျပန်တော်လှန်ရေးမှာ ဂျပန်တွေကို လှံနဲ့ချည်း ထိုးသတ်ခဲ့တာပဲကွာ။ ငါက သူ့သားဥစ္စာ"

"ဟုတ်မှာပဲ . . . ကိုသိန်းဝင်းရ . . . နော် . . ."

တရုတ်ကိုတင်ထွန်းနဲ့ ကုလားဒိန်ရွှေခဲတို့က ပင့်ကြ၊ ချွန်ကြ၊ မြှောက်ကြတယ်။ အဲဒါ ဦးသူတော်က သိပ်သဘောကျနေတာ။

ဦးသူတော်လစ်ရင် အချင်းချင်း မျက်စပျစ်၊ လက်တို့ပေးပြီး . . . ရယ်ကြ၊ ပြုံးကြ၊ ပခုံးတွန့်ပြကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်က ဦးသူတော် ကိုတင်းဘုတ် တရကြမ်းအော်ပြေးတာကို နွားကျောင်းသားအချို့လည်း မြင်ကြတယ်။

ဘာဖြစ်လို့ပါလိမ့်လို့ သိချင်လို့ ထွက်ကြည့်သူအချို့လည်း မြင်တယ်။

အချို့က ဦးသူတော်ကိုတင်းဘုတ် မကြီးမငယ်နဲ့ ရွာမြင်မှာလျှောက် ပြေးနေတယ်လို့ ဆိုကြတယ်။

အဲဒီလို ပြေးရတာတောင် ဝန်မခံဘဲ ပုတီးနဲ့ လည်ပင်းစွပ်မလိုလို ကြားသေးတယ်။ အဟတ် ... အဟတ် ...။

ဦးသူတော် လူကြားကြီး။

ဒါပေမဲ့ တရုတ်ပေါက်ဖော် မောင်တင်ထွန်းတို့၊ နှစ်ကျည်တောက် သိန်းဝင်းနဲ့ ကုလားဒိန်ရွှေခဲတို့က မိုးထိအောင် မြှောက်ကြပင့်ကြတယ်။

"ဦးသူတော်နဲ့ တွေ့လို့ဗျ။ တော်ယုံလူဆို လန့်သေပြီ"

"သေတာတောင် ရုပ်ပျက်ဆင်းပျက်သေမှာဟ ... တင်ထွန်းရ"

"ဟုတ်ပ့ါကွာ ...။ ဦးသူတော် ပုတီးစွမ်းလို့ မကာပ်ရဲတာဗျ"

ဘိုးသူတော် ဦးကြားကြီး။

သို့သော် ချွန်တဲ့သူကများတော့ သူက မြှောက်ရော ...

"ဦးသူတော်နဲ့ တွေ့လို့ဗျာ။ တော်ရုံလူဆို သေရော"

"သေတာတောင် လန့်ပြီး ရုပ်ပျက်ဆင်းပျက်ပဲဟေ့"

"အဲဒါ ဦးသူတော် စိပ်ပုတီးစွမ်းလို့ဗျ။ နော ဦးသူတော်"

အဲဒီလို ပင့်ကြမြှောက်ကြတော့ ကွမ်းသီးလုံး အသေးစားနီးပါး စိပ်ပုတီး (၁၀၈) လုံးတွဲကြီးကို လည်ပင်းကချွတ်ကိုင်ပြီး ကြားပြန်ရော။

"မယ်ခင်ကိုပူးတဲ့ ဥစ္စာစောင့်မ သိမဟုတ်လား"

"သိတာပေ့ါဗျ။ ဥစ္စာစောင့်နာမည်က ရွှေကိုးတင်း မနန်းပုံတဲ့"

"လာခေါ်တာတဲ့ဗျ"

"အဲဒါ ငါ့ပုတီးစွပ်ချလိုက်မှ ..."





"ပြေးရောလားဗျ ... ဘသူတော်ရ"

ဒီလို နတ်လဥကမေးရော။ ကုလားဒိန်ရွှေခဲက ကြားဖြတ်ပြီး ဝင်ဖြေတယ်။

"စိပ်ပုတီးလည်ပင်းစိပြီး ဒေါ်မယ်ခင် လျှာထွက်နေတယ်"

"ရွာရိုးမသားလေးတွေ ... အကောင်းပြောရင် ဖာတ်ပျက်အောင် လုပ်တယ်။ အဲဒါ ငါ့ပုတီးကြောင့် ဥစ္စာစောင့်မိနန်းပုံ ကြောက်ပြီးပြေးတာကွ ...ပြေးတာ။ မှတ်ထား ...။ ဗွီ ... အနာကျသေမည့် အသုဘ အလောင်းအလျာလေးတွေ"

သူ့ကို အကောင်းမပြောဘဲ နာမည်ပျက်အောင်လုပ်မှန်းသိရော ဦးသူတော် တုတ်ကာရော။ အမှန်က မမယ်ခင်ကိုပူးနေတဲ့ သရဲမကို ထွက်ပြေးအောင်လုပ်တာ ဦးတင်းဘုတ်မဟုတ်ဘူး။ ငှက်ကျားကြီးလုပ်တာ။ ငှက်ကျားကြီး သရဲမ ပြေးအောင် ဘယ်လိုလုပ်တယ်ဆိုတာ နောက်ပိုင်းမှာ သိရပါလိမ့်မယ်ဗျာ။

နောက်နေ့လည်းရောက်ရော နတ်လဥတို့အုပ်စု ဘိုးသူတော်ဦးတင်းဘုတ်ကို နာမည်အသစ်တစ်ခုပေးကြတယ်။

လံကွပ်တီပျောက် ဘိုးသူတော်ကြီးတဲ့ဗျာ။

နောက်ဆက်တွဲ ဂုဏ်ပုဒ်လည်း ခေါ်ပြောကြသေးတယ်။

ပယောဂမှန်လျှင် အကုန်ကုသည်။ ကုနေစဉ် ပွဲချင်းပြီးရမည်တဲ့။ အဟတ် ...'။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၃ ]

□

"ဟေး ... နတ်လဥတို့၊ ဝင်းသိန်းတို့၊ ရွှေခဲတို့ရေ"

"ဟ ... သောင်းညွန့်ဦးတို့ရေ ..."

"ဟ ... တောကျော် ဘယ်လိုဖြစ်လာတုံး။ ရေးကြီးသုတ်ပြာနဲ့"

"ကိုမှိုင်း ... ကိုမှိုင်းရော ... နတ်လဥ"

"ရှိတယ်ဟေ့ ... တောကျော်ရေ။ ဟေ့ကောင် ... မင်းဘာဖြစ်လို့တုံး။ ရန်ဖြစ်လာလို့လား"

"မ ... မ ... ဟုတ်ဘူး။ ဟို ... ဟို ... ကောင် ..."

"ဘယ်ဟိုကောင်တုံး ... မောင်ကျန် ဖြစ်ပြန်ပြီလား ... ဟင်"

"မဟုတ် ... ဘူး ... ငှက် ... ငှက် ... ကျား ... ကျား ... ကြီး"





"ငှက် ... ကျား ... ကြီး ... နေဦး ... ငှက်ကျားကြီး ဘာဖြစ်လို့တုံးဟ"

"အမြန်လိုက်ခဲ့ကြ။ မြန်မြန်လုပ်ကွ။ ချီးမှပဲ"

တောကျော်က ရေးကြီးသုတ်ပြာနှင့် ထစ်ထစ်ငေါ့ငေါ့ပြောရင်းမှ ကျွန်တော်တို့အုပ်စုကို ဆွဲတော့တာပဲ။ သည့်နောက် ကျွန်တော့်လက်ကိုပဲ ဆောင့်ဆွဲရင်း မိုးကြိုးပစ်ကုန်းရှိရာသို့ ဒရောသောပါး ခေါ်လာတော့တယ်။

နောက်က နတ်လဥတို့၊ ဝင်းသိန်း၊ သောင်းညွန့်ဦးတို့၊ ကုလားမိန်တို့အားလုံး တော်ကျော်နှင့် ကျွန်တော်တို့ပြေးရာနောက်ကနေ ဘုမသိဘမသိ တုတ်ဆွဲ၊ ဓားဆွဲ၊ အုတ်ခဲကျိုးကိုင်ပြီး ပြေးလိုက်လာကြရော။

ငှက်ကျားကြီးနဲ့ နချီးလှူးတို့ ဖြစ်ပြီနဲ့တူတယ်"

"နချီးလှူးတို့က မခံချင်အောင်ပြောတာ၊ စတာဟ"

"တို့ကောင်ကလည်း စိတ်ခပ်ဆတ်ဆတ်။ လက်လွန်ခြေလွန်များဖြစ်ကုန်ရင် ဒုက္ခပဲ"

မိုးကြိုးပစ်ကုန်းအစွန်က ဂျပန်ခေတ် အိမ်ပျက်ကြီးရှိရာလမ်းကို ရောက်ရော အသံတွေ ကြားရရော။

"ကိုင်းကွာ ... ကိုင်းကွာ ..."

"ကဲဟာ ... ကဲဟာ ..."

"ဒုတ် ... ဒုတ် ... ဒုတ် ..."

"ဒုတ် ... စွပ် ... ဖျန်း ... ဒုတ် ..."

"အဲဒါ ... ငါကွ ... ငှက်ကျားကွ ... ကိုင်းဟ ..."

"ဝိုး ..."

"ဒုတ်"

"ရှီး ..."

"ဒုတ်"

"ဟိုမှာ ငှက်ကျားကြီး"

"ဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ..."

"ဟင် ..."

"အလိုလေး ... ဘုရား ... ဘုရား ..."

"ဒုက္ခတော့ ရောက်ပြီနဲ့တူရဲ့ မောင်မှိုင်းရေ"

မြင်ရချက်က ကြောက်မယ်ဆို ကြောက်လို့ရတဲ့ မြင်ကွင်းဗျ။ ကြည့် စမ်း ... ငှက်ကျားကြီးရယ် ... ဂျပန်ကင်ပေတိုင်မိုလ်ကို ဆွဲကြိုးချသတ် ခဲ့တဲ့ သစ်တိုပင် ...

တစ်နည်းပြောရရင် ...

ဂျပန်ကင်ပေတိုင် တစ္ဆေခေါင်းပုပ်ကြီး မိုတင်းနေထိုင်ပြီး လာ သမျှကို ကြုံရင်ကြုံသလို ချောက်လှန့်လေ့ရှိသည်လို့ နာမည်ကြီးလွှန်းလှ တဲ့ တစ္ဆေချောက် သစ်တိုပင်ကြီးကို ငှက်ကျားကြီးက ရဲတင်းပုဆိန်နဲ့ ဘယ် ညာလွှဲလွှဲခုတ်ပြီး အပင်ကို ဒေါသတကြီး လှဲပစ်နေတာ။

ခုတ်စဖြတ်စများက သူ့ဦးခေါင်းပေါ်မှာရော သူ့ခန္ဓာကိုယ်ပေါ်မှာ ဖွေးဖွေးလှုပ်အောင်တင်လို့။

လူတစ်ကိုယ်လုံးဟာ ချွေးနဲ့ ရွှဲနစ်ပြီး နေရောင်အောက်မှာ မည်း ပြောင်နေတယ်။

သူဟာ ဒေါသတကြီး အညိုးတကြီးကို ခုတ်နေတာ။

"ငှက် ... ကျား ... ကြီး ..."

"ကိုင်းဟာ ... သေဟာ ..."

"ဒုတ် ... ဒုတ် ..."

"ငှက်ကျား ... သူငယ်ချင်း ... ရပ် ... ရပ် ..."

"ငါ့နားကို မကပ်နဲ့။ ငှက်ကျားကွ ... ကိုင်းဟာ ..."

"ဒုတ် ... ဒုတ် ..."

"ဝိုး ..."

"ဒုတ်"

"ဟေ့ကောင် ... ငှက်ကျားကြီး ... ရပ်လိုက် ... ရပ်လိုက်"





ကျွန်တော်တို့အုပ်စုရဲ့ အော်သံခေါ်သံကြားတော့ သူ ရဲတင်းပုဆိန် ကြီးမြှောက်ကိုင်ရင်းက လှည့်ကြည့်တယ်။ မျက်လုံးပေါ်က ချွေးသီးတွေက မျက်နှာ၊ နှုတ်ခမ်းပေါ်ကို မိုးသီးမိုးပေါက်များကျသလို စီးကျနေတယ်။

"ငှက်ကျားကြီး ..."

"ဘာ ... တုံး"

"ရပ် ... တော့"

"ရီးမှမရပ်ဘူး။ ကိုင်းဟာ ... ကိုင်းဟာ ..."

"ဝိုး ..."

ဒုတ် ... ဒုတ် ... ဒုတ် ..."

"ဟေ့ကောင် ... ရပ်လိုက်"

"မင်းတို့ ငါ့အနားကို မကပ်နဲ့။ ကပ်ရင် မင်းတို့ကိုပါ ခုတ်ပစ် မယ်။ ရှင်းရှင်းပဲ။ ကိုင်းဟာ ... ကိုင်းဟာ ... ကိုင်းဟာ ... သေဟာ ... သေဟာ ..."

"လူတကာကို ဒုက္ခပေးတဲ့ကောင် ... သေဟာ"

ငှက်ကျားကြီးက ပါးစပ်ကလည်း ဒေါသတကြီး ကြုံးဝါး၊ လက် ကလည်း သစ်တိုပင်ကြီးကို ရဲတင်းနဲ့ ဘယ်ညာလွှဲလွှဲခုတ်လိုက်တာ သစ် တိုပင်ကြီး တုန်ခါနေတယ်။

ကျွန်တော်တို့အားလုံး စိုးရိမ်နေတယ်။

ကျွန်တော်တို့အုပ်စု ပြေးလွှားအော်ဟစ်သံကြားလို့ ရွာထဲရပ်ထဲ က လူကြီးအချို့လည်း ပြေးလာကြည့်ကြတယ်။ ငှက်ကျားကြီး ဂျပန်တစ္ဆေ ရှိသလို့ နာမည်ကြီးခဲ့ဖူးသည့် သစ်တိုပင်ကြီးကို သည်းကြီးမည်းကြီး ခုတ် နေတာမြင်ရော အားလုံး ...

တုန်လှုပ်ချောက်ချားကြ၊

စိုးရိမ်ပူပန်ကြ၊

အော်ဟစ်သတိပေးကြ၊

ဆွဲမလို တားမလို ဝင်လုပ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ပြောလို့ တားလို့မရဘူး။ ရွာထဲကလူတွေကလည်း ဂျပန်တစ္ဆေခြောက်တယ်လို့ နာမည်ကြီးသည့် သစ်တိုပင်ကြီး ဘယ်လိုလူစားမှ မထိရဲ မတို့ရဲတဲ့ သစ်တိုပင်ကြီးကို ငှက်ကျားကြီး ခုတ်လှဲအပြတ်ရှင်းနေပြီ ကြားကြရော ...

ကြက်ပွဲ၊ နွားပွဲ၊ ကျွဲပွဲကြည့်သလို အပြေးလာရောက် ဝိုင်းကြည့်ကြပါရောဗျာ။

"ဒီကောင် ... ဘာဖြစ်မလဲမသိဘူး ဒေါ်ချက်ပု"

"တစ္ဆေကုပ်ချိုးလိမ့်မယ်"

"မှာတ်ရဲ့လား ဒေါ်ချက်ပုရယ် ... ဟင်"

နတ်ကတော် ဒေါ်ချက်ပုက ငှက်ကျားကြီးကို ခေါင်းပုပ်ကြီးတစ္ဆေကုပ်ချိုးသတ်လိမ့်မယ်လို့ ဟောကိန်းထုတ်တယ်။

"ငှက်ကျားကြီးမသေဘဲ ခေါင်းပုပ်ကြီးသေရင် ဘယ့်နှယ်တုံး"

"တစ္ဆေ သေရိုးထုံးစံမရှိဘူး။ ငှက်ကျားကြီး ခံလှ ခုနစ်ရက်ပဲ။ မုန့်ဟင်းခါးစားဖို့ ပြင်ထားကြ"

"ဒေါ်ချက် ..."

"ဘာတုံးအေ့"

"ဒါ ... ဒါ ... ကျိန်းသေပဲလားဟင် ... ဒေါ်ချက်"

"ငါ နတ်ကတော်လုပ်စားလာတာ ညည်းတို့မမွေးခင်ကတည်းကအေ့။ အာရုံရလို့ ပြောနေတာ။ တားလို့မရမှတော့ သင်းထိုက်နဲ့ သင်းကံပေါ့။ ကူငွေတော့ ဝိုင်းထည့်ရမှာပေါ့"

"မဦးမချွတ် ဒေါ်ချက်ရယ်"

"အမ်မာ ... ငါလုပ်လိုက်ရ သေရော့မယ် ... ဟင်း။ ငါ့များ ညည်းက ..."

"အမယ်လေး ... ဒေါ်ချက်ရဲ့ သမီးတော်ကြီးက ကိုငှက်ကြီးကို သ ... သ ... နားလို့ပါ အမေ ... ချက်ရဲ့။ သမီးတော်ကြီးကို စိတ် .. စိတ်မဆိုးပါနဲ့ အမေချက်ရယ်။ နော် ... နော် ..."





"ဟွန်း ... မိန်းမရွှင်မ ... ငါ့ကို စကားပြောရင် ကြည့်ပြော။ ယောကတော်သမီး နတ်ကတော်ချက်ပုဆိုတာ ညည်းသိတယ်မဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့ ... ရှင် ... ဟို ... ဟို ..."

"ငှက်ကြီးကို ... သနားလို့တဲ့။ ဟား ... ဟား ... ဟား ... နင် ငှက်ကြီးအကြောင်း မသိသေးလို့ပါ ... မိတပေါင်းရယ်။ ငှက်ကျားကြီးအကြောင်း ရေရေလည်လည်သိရင် ... အမယ်လေး ... သေပါပြီတော့လို့ အော်ရင်း ဒီရွာက ထွက်ပြေးမှာပါအေ။ ဟင်း ... ဟင်း ... ဟင်း ... ဟင်း ..."

"ဖယ်ကြ ... ဝေးဝေးဖယ်ကြ"

"ဒုတ် ... ဒုတ် ... ဒုတ် ..."

"သစ်ပင်လဲတော့မယ် ဝေးဝေးနေကြနော်"

"ဒုတ် ... ဒုတ် ... ဒုတ် ..."

"ဂျွတ် ... ဂျွတ် ..."

"ဝေါ ..."

"ဝုန်း ..."

"ဗြောင်း ..."

"ဟာ ... လဲပဟော့"

"အေးဟ"

"ငှက်ကျားကြီးရော ဘာဖြစ်သေးတုံး"

"မောနေတယ် ... ဟော ... ဟော ... ကြည့် ... ကြည့် .."

အာဂလူ ငှက်ကျားကြီးဟာ ဝေါခနဲမြည်ပြီး ဝုန်းခနဲလဲကျသွားတဲ့ တစ္ဆေနေသစ်တိုပင်ကြီးရဲ့ အလုံးပက်ပေါ်တက်ခုန်ပြီး ရဲတင်းကြီးမြှောက်လို့ အော်လိုက်တယ်။

"အားလုံး နားထောင်ကြ"

"ဘုရားကျိုးကုန်းသား၊ မိုးကြိုးပစ်ကုန်းသား၊ ထနောင်ပုံသား၊ ကျိုက်အင်း၊ ပျဉ်တောင်ကျောင်းသားမှန်သမျှ ဒီနေ့ကစ ဂျပန်တစ္ဆေသရဲ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပုပ်ကြီးဆိုတာကို ကြောက်စရာ လန့်စရာ မလိုဘူး။ ဒီကောင်ကို ကျုပ် ဒီနေ့ အပြီးနှင်လိုက်ပြီ။ အားလုံး ရဲရဲသွားကြလာကြ''

အဲဒီလိုပြောပြီး ခါးကြားက အရက်ပုလင်းကို ထုတ်မော့တယ်။

''ဒီသစ်တိုပင်ကို ထင်းဆိုက်ချင်သူရှိ လာခုတ်ယူကြ''

ဘယ်သူမှ မယူရဲကြဘူး။ တစ်ရွာလုံး တစ်ရပ်လုံးက ဒီအပင်မှာ ဂျပန်တစ္ဆေ (သရဲ) ရှိတယ်လို့ ယုံကြည်ထားကြတာကိုး။

ခုတ်လည်း မခုတ်ရဲဘူး။ လှဲဖို့လည်း မစဉ်းစားရဲဘူး။ နေဝင်ရင် တောင် အင်္ဂလိပ်အိမ်ပျက်ကြီးခြံရှေ့အရောက်၊ ခြံရှေ့ ကြီးဆွဲချသစ်ပင်ကြီး အောက်ကနေ ဖြတ်မသွားရဲကြဘူး။

နောက်ဆုံး ယူမည့်သူ၊ ထင်းဆိုက်မီးဆိုက်မည့်သူ မရှိတော့ ငှက် ကျားကြီးပဲ တစ်ပင်လုံးကို ခုတ်ထစ်ပိုင်းဖြတ်ပြီး အနီးမလှမ်းမကမ်းမှာရှိ တဲ့ တောကျောင်းဘုန်းကြီးကျောင်းကို သယ်ထမ်းပို့လိုက်တယ်။

''အရှင်ဘုရားတို့ ... ဆွမ်းချက်စမ်းပါဘုရား''

''သာဓု ... သာဓု ... သာဓု ... ကောင်းကောင်းမွန်မွန် နေ နော် ဒကာကြီး''

''မှန်ပါဘုရား''

✿ ✿ ✿

| ၁၄ |

❑

နတ်ကတော် ဒေါ်ချက်ပုကလည်း (၇)ရက်အတွင်း ငှက်ကျားကြီး အသေဆိုးနဲ့ သေလိမ့်မယ်လို့ အတိအလင်းဟောထားတယ်။

ဗေဒင်ဆရာကြီး 'သီဟထိပ်တင်ဗျော' ကလည်း ငှက်ကျားကြီး ကို ခေါင်းထဲမှာ ပက်လက်အိပ်လျက် အိပ်မက်မက်တယ်လို့ ပြောလို့ အဲဒါ သတင်းကြီးနေတာပဲ။

ပယောဂဆရာကြီး ပဲခူး ဦးကော်ချဲကလည်း ငှက်ကျားကြီးရဲ့ နောက်မှာ အလွန်ကြီးသည့် ခွေးနက်ကြီးကြီးနှစ်ကောင် လျှာတန်းလန်းနဲ့ လိုက်နေတာကို နေ့ဝင်ဖြိုးဖျမှာ မြင်သတဲ့။

ကျွန်တော်တို့ သူငယ်ချင်း ငှက်ကျားကြီးအတွက် စိုးရိမ်နေပေမယ့် ငှက်ကျားကြီးက အရက်သောက်မပျက်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် ဒီကောင်ကြီးကို အရပ်က ချစ်ခင်အားကိုးကြတယ်လေ။ အရပ်ထဲရွာထဲ လူသေရင် ကိုင်ချင်သူ ခပ်ရှားရှားပါဗျာ။ မသေခင်တုန်းကသာ မောင်ရဲ့၊ ဘရဲ့၊ အဖေရဲ့၊ အချစ်ရဲ့၊ မယားရဲ့၊ သားရဲ့ လုပ်နေကြတာ။ သေပြီး အသက်ထွက်ပြီဆိုရော မသတီတော့ဘူး။

သုံးရက်ပြည့်လို့ အနံ့ထွက်ရင် ချစ်လှပါပြီရဲ့ဆိုတဲ့ လင်အလောင်းကို မယားက မြန်မြန်သင်္ချိုင်းပို့ချင်နေပြီ။

ကျေးဇူးရှင်အဖေရဲ့ ခေါင်းပုတ်ငိုနေကြပေမယ့် အလောင်းက ပုပ်အဲ့အဲ့အနံ့ရရော အော့အန်ပြီး ထမင်းမစားနိုင် ရေမသောက်နိုင်တဲ့ သားသမီး သားမယား ရိုက်သတ်လို့မကုန်အောင် ပေါပါ့ဗျာ။

ရေနစ်သေတဲ့မသာ၊

ကားကြိတ်ထားတဲ့မသာ၊

အနာဗရပွနဲ့ သေတဲ့မသာ ...

အဲဒီလိုမသာမျိုးဆို ကိုင်မည့်သူဝေးလို့ အနားကပ်ကြည့်မည့်သူတောင် မရှိဘူး။

အဲဒီလိုမသာမျိုးပေါ်လာရင် ငှက်ကျားကြီး၊ တောကျော်နဲ့ မောင်ကျန်တို့က အရက်တစ်ပုလင်းသောက်ပြီး ရေချိုး၊ ခေါင်းသွင်း၊ မြေကျသည်အထိ တာဝန်ယူသွားတာ။

သင်္ချိုင်းကုန်းက အသုဘကိစ္စဆောင်ရွက်သည့် စဏ္ဍာလတောင် ခေါ်စရာ လုပ်စရာမလိုဘူး။

ဒါကြောင့် ရွှေပုဆိုးသင်္ချိုင်းက စဏ္ဍာလပြောနဲ့ ထွေးညီအစ်ကိုက ...

"ငှက်ကျားကြီး မြန်မြန်သေရင် ကောင်းမယ်ဗျ"

"ဘာဖြစ်လို့တုံး ... ပြောရ"

"မသာမှန်သမျှ ဒီကောင်က အကုန်ကန်ထရိုက်ဆွဲထားတော့ ကျုပ်တို့ မသာကိစ္စ ဘာမှမလုပ်ရဘူး။ ယုတ်စွအဆုံး မြေကြီးကျင်းလေးတောင် မတူးရဘူး။ သူတို့စွန့်တဲ့ အရက်တစ်ခွက်နှစ်ခွက်ပဲ ကံကောင်းမှ





သောက်ရတော့ အောက်ဆိုက်မရတော့ဘူးပေါ့ဗျာ။ ဒါကြောင့် ငှက်ကျားကြီးရယ်၊ ကျန်ရယ်၊ တောကျော်ရယ် သုံးယောက် မြန်မြန်သေမှ အေးမယ်လို့ ပြောရတာပေါ့ဗျာ"

"မင်းတို့ခေါ်ရင် ရတယ်မဟုတ်ဘူးလား"

စဏ္ဍာလတွေ မြေကြီးလက်ဝါးနှင့် ပုတ်ခေါ်လျှင် သင်္ချိုင်းသို့ မသာအလာများလေ့ရှိသည်၊ လာလေ့ရှိသည်ဟု ဆိုရိုးစကားရှိတယ်။

"ခေါ်တာပဲဗျာ။ ငှက်ကျားကြီးတို့အုပ်စုက ခေါ်လို့မရဘူး"

"ကြည့်လည်းခေါ်နော် ... ပြောနဲ့ ထွေး"

"ဘာဖြစ်လို့တုံး ... ဘကြီးတိုင်းရ"

"စဏ္ဍာလလောကမှာ ပြောစကားရှိသဟ။ သူများခေါ်လို့မှ မလာရင် ကိုယ်တိုင်လိုက်သွားရသတဲ့"

"ဖွဟဲ့ ... အဘကြီးတိုင်းရာ ... ဖွဟဲ့"

"အေးကွ ... နိမိတ်မရှိ နမာမရှိ ... ဖွ ... ဖွ ... လွဲပါစေဖယ်ပါစေ"

"မင်းတို့က စဏ္ဍာလလုပ်ပြီး သေရမှာ ကြောက်လို့လားဟ ... ပြောရ"

"ကျုပ်တို့က ငယ်ငယ်လေး ရှိသေးတာဗျ။ အဘလို အသက်သင်္ချိုင်းပရောက်နေတဲ့ လူမျိုးကတော့ အရေးလား"

"မင်းတို့ သူများကိုသေအောင် သင်္ချိုင်းမြေပုတ်ခေါ်တော့ ကောင်းသလား ဟင်"

"ကျုပ်တို့ ဘယ်သူ့ကို ခေါ်လို့တုံးဗျ"

"ဟ ... မင်းတို့ လပွတ္တာကျော်ပြူးလည်း မင်းတို့ခေါ်လို့ သေရတာတဲ့။ ထောင်မှူးကြီးပိန်းခင်းလည်း မင်းတို့ခေါ်လို့ သေရတာလို့ ကြားတယ်"

"ဖွီ ... မဟုတ်ကဟုတ်က ... အဘကြီးတိုင်းရာ။ အဘလည်း အငြိမ်းစား စဏ္ဍာလကြီးပါဗျာ။ စဏ္ဍာလက သင်္ချိုင်းမြေပုတ်ပြီးခေါ်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



သာ လာရမယ်ဆိုရင် လူပြည်မှာ သေမင်းဆိုတာ ရှိပါဦးမလားဗျ။ လပွတ္တာ ကျော်ပြူးနဲ့ ထောင်မှူးကြီးပိန်းခင်းသေရတာ ကျုပ်တို့ခေါ်လို့မဟုတ်ဘူးဗျာ"

"ဒါဆို ဘယ်သူခေါ်လို့ မင်းတို့သချိုင်း ရောက်လာရတာတုံး"

"သေမင်း . . . သေမင်း . . ."

"သေမင်း သင်းတို့ကို ဘာလို့အစောကြီး ခေါ်ရမှာလဲ။ လပွတ္တာလည်း မိန်းမနှစ်ယောက်နဲ့ ပိန်းခင်းလည်း (၁၆)နှစ်သမီးနဲ့ ကြိုက်နေတယ်ကြားညစ္စာ"

"အဲဒါတွေက သွေးထိုး၊ ချွန်တွန်းစကားတွေပါဗျာ။ အမှန်က ရွှေပြည်သာဝင်းဆိုတဲ့ အဝေးရောက်မင်းနဲ့ အရက်ကို မိုးလင်းမိုးချုပ် နေ့တိုင်းသောက် အသည်းကျွမ်းပြီး သေရတာဗျ"

"ဟုတ်ရဲ့လားကွာ"

"ကျုပ်တို့ကိုယ်တိုင် ရင်ခွဲ၊ ဖောကာဖြစ်နေတဲ့ အသည်းကိုထုတ်၊ ကျောက်ချဉ်နဲ့ ပြာရယ် ဆားရယ်သိပ်ပြီး ခေါင်းသွင်းရတာပါဗျာ။ ဘုရားစူး"

"ဒါဆိုလည်း ပြီးရောပေါ့ကွာ။ ငါတို့လက်ထက်တုန်းက သချိုင်းကို မသာအလာကျဲရင် အဲဒီလိုလုပ်လေ့ ရှိဖူးသကွ။ ရှေးတုန်းကပေါ့ကွာ။ ခုတော့မလုပ်နဲ့ . . . ဟောကောင်တွေ . . . မလုပ်ကောင်းဘူး သိလား။ ငါတို့နဲ့ လုပ်ဖော်ကိုင်ဖက် စဏ္ဍာလ ဖျင်းအောက်ဆိုတဲ့ကောင် သချိုင်းကို မသာမလာလို့ဆိုပြီး မြေကြီးပုတ်ခေါ်တာဗျာ"

"လာရောလားဗျာ"

"အပြင်မသာ မလာဘူးဟေ့။ အတွင်းမသာ ပေါ်ပါရော။ ဟတ်"

"ဘာတုံးဗျာ . . . အတွင်းမသာဆိုတာ"

"သချိုင်းမြေကြီး လက်ဝါးနဲ့ပုတ်ခေါ်တဲ့ စဏ္ဍာလဖျင်း။ ညတွင်းချင်း မြွေပွေးကိုက်လို့ သေပါရောလား . . . ငါ့လူရာ"

"ကောင်းဗျာ . . .။ ကောင်းမှကောင်းပါပဲ။ အဲဒါကို အင်းဂလိပ်လိုပြောရင် ဘာတဲ့ . . . ထွေးကြီး"





"ဘဲမဂွတ်တဲ့"

"မင်းအမေကလွှား ဘဲမဂွတ်ရမှာလား။ ဘဲထီးဂွတ်ကွ။ ဘဲထီးဂွတ်တောင် ရိုးရိုးဘဲမဟုတ်ဘူး။ ကလောဘဲထီးဂွတ်ပေါ့။ အဘကြိုက်တိုင်းရာ နော . . . အဟတ် . . . အဟတ် . . ."

"ဒါကြောင့် နောင်လာနောင်သား စဏ္ဍာလမျိုးဆက်သစ်တွေနဲ့ တွေ့ရင် သတိပေးဆုံးမစကား ပြောရတာပေါ့ကွာ။ မှတ်ထားကြဟေ့"

ပြောရရင်တော့ဗျာ . . .

ငှက်ကျားကြီးတို့က လူမှုရေးစိတ်ဓာတ်ရှိတယ်။ သိတယ်။ အထူးသဖြင့် နာရေးကိစ္စဆိုရင် ဆင်းရဲချမ်းသာ မရွေးဘူး။ လာခေါ်ရင် လုပ်ပေးလိုက်တာပဲ။ ရွံတယ်ရှာတယ်လို့ မရှိဘူး။

အဲ . . . အရက်တော့ ဝယ်ပေးပေါ့။

အကြောက်အလန့်လည်း မရှိဘူး။ သရဲတစ္ဆေလည်း မကြောက်ဘူး။ အယုံအကြည်သိပ်မရှိဘူး။

ခုလည်း ကြည့်လေ . . .။ ဂျပန်တစ္ဆေခြောက်တဲ့ သစ်တိုပင်ကြီး မရှိတော့ဘူး။ ထူးခြားတာက ညနေ နေဝင်ရီတရော အဲဒီမိုးကြိုးပစ်ကုန်းသင်းကနေသွားရင် အရင်လို ဂျပန်တစ္ဆေ မခြောက်တော့ဘူး။

ခွေးတွေမအူတော့ဘူး။

ဝုန်းဝုန်းဒိုင်းဒိုင်း လှုပ်စရာ သစ်ပင်လည်း မရှိတော့ဘူးကိုး။

အမဲသားတွဲဆွဲဆွဲ၊ ဝက်သားတွဲဆွဲလာဆွဲသာ လိုက်လုတာမျိုးဂျပန်သိုက်ဆဲတာမျိုး မကြားရတော့ဘူး။

အဲဒါ . . . လူအတော်များများက ငှက်ကျားကြီးကို အလွန့်အလွန်ဆောင်ပွားတင်နေကြတယ်။

"ငှက်ကျားကြီးကို ကြောက်လို့ ဂျပန်တစ္ဆေပြေးတာဗျ"

"ကိုငှက်ကြီးမှာ တစ္ဆေနှိုင်ဆေး ရှိရော့လားမသိဘူးနော်"

"လူကြမ်းတော့လည်း နတ်ကြမ်းမခံနိုင်ဘူးပေါ့ကွာ"



www.burmeseclassic.com

ချီးကျူးတဲ့လူက ချီးကျူးပေမယ့် စိုးရိမ်ကြီးစွာ စောင့်ကြည့်သူက စောင့်ကြည့်လို့ပဲ။

စိုးရိမ်ပူပန်မှုနဲ့ စောင့်ကြည့်သူစာရင်းမှာ …

ကျွန်တော်၊ ငကျိုင်း၊ တောကျော်၊ ကိုသောင်းညွန့်ဦး၊ ကျိုက်အင်းဝင်းတို့ ပါတယ်ဗျ။

ဘာလို့လဲ ဟုတ်လား။

နတ်ကတော်ဒေါ်ချက်ပုက (၇)ရက်အတွင်း ငှက်ကျားကြီး အသေဆိုးနဲ့ သေလိမ့်မယ်လို့ ဟောထားသကိုး။

ဗေဒင်ဆရာကြီး သီဟထိပ်တင်ဗျောကလည်း အိပ်မက်ထဲမှာ ငှက်ကျားကြီး ခေါင်းထဲပက်လက် အိပ်မောကျ (သေနေတာ) မြင်ရတယ်လို့ ဆိုသေးတယ်လေ။

ပိုကြောက်စရာကောင်းတာက ပယောဂအထူးကုဆရာကြီး ဦးကော်ချဲ ခေါ် ဆရာစိန် နတ်မျက်စိအမြင်ပဲခင်ဗျာ။

ငှက်ကျားကြီးရဲ့နောက်မှာ ခွေးနက်ကြီးနှစ်ကောင် လျှာတန်းလန်းနဲ့ လိုက်နေတာကို နွားရိုင်းသွင်းနေချိန် နေဝင်ရီတရောမှာ မြင်ရတယ်ဆိုသလေဗျာ။

သုံးယောက်စလုံးက မိုးကြိုးပစ်ကုန်း ဘုရားပျက်ကုန်း ပျဉ်ထောင်ကျောင်း ဘုရားငါးဆူတစ်ဝိုက်မှာ နာမည်ကြီးပုဂ္ဂိုလ်တွေ။

သူတို့ပြော ပြောသလိုဖြစ်တာများတယ်။

သူတို့ဟောရင် ဟောသလိုဖြစ်တာများတယ်။

ပယောဂဆရာကြီး ဦးကော်ချဲ ဆရာစိန်က ငှက်ကျားကြီးကို မြ မြန်သေစေချင်တာ။ ဘာကြောင့် … ဟုတ်လား။

ပြောမယ်လေဗျာ …။

ဒီလိုဗျာ … ဆရာစိန်ဆိုတာ ကော်ချဲရွာသားပေါ့။ ပဲခူးဒေးစွန်မှာ သိုက်တူးဖို့ ကြံစည်ဖူးခဲ့တဲ့ နာမည်ကျော် ပယောဂဆရာ သိုက်ဆကြီးလေ။





ဒေးစွန်ပါမှာသိုက်တူးရင်း ရွှေငွေမရဘဲ ကျောကုန်းကို တင်းဘုတ် အထုခံရပြီးကတည်းက ပဲခူးဒေးစွန်ပါ၊ ကျိုက်စွန်ပါ၊ ဘုရားကြီး၊ ဘုရားလေးမှာမနေရဲဘဲ မိုးကြိုးပစ်ကုန်း၊ ရွှေပုဆိုးသချိုင်းဝန်းကျင်မှာ ပယောဂစားနေတာ။

လူတွေကလည်း လူတွေပါဗျာ။

တစ္ဆေခြောက်တာက နည်းနည်းပါ။ ကိုယ့်ဟာကိုယ်လန့်ပြီး ကြောက်နေတာက များများပါ။

ဂျပန်တစ္ဆေ မခြောက်ဘူးမဟုတ်ဘူး။ မကျွတ်မလွတ်ဘဝနဲ့ တစ်ခါတစ်ရံ ခြောက်ပါတယ်။ သူ့ကို ဘဝကူးကောင်းအောင် ဘယ်သူမှ လုပ်ပေးတော့ သူလည်း မကျွတ်မလွတ်နိုင်ဘူးကိုး။

အဲဒါ ဂျပန်တစ္ဆေရှိတယ်လို့ နာမည်ကြီးသည့် သစ်တိုပင်ဝန်းကျင်သွားတိုင်း လေတိုက်လို့ လန့်၊ သစ်ကိုင်းလှုပ်လို့ လန့်၊ မိုးကြိုးပစ်လို့ လန့် …

အဲလို လန့်တိုင်း ဂျပန်တစ္ဆေခြောက်တယ်ချည်း လုပ်တော့ နောက်ဆုံး ဦးကော်ချဲဆရာစိန်နဲ့ ခေါ်ပြခေါ်ကုရတာပေါ့။

အဆုံးပြောရရင် ဆရာစိန် ဒါလေးနဲ့ ကြီးပွားနေတာ။ နာမည်တစ်လုံးရနေတာ။

မျက်စင်းလေးခပ်လိုက်၊ ရေမန်းလေးတိုက်လိုက်၊ ဥုံဖွလုပ်လိုက် ကြိမ်ပြင်ကို ဖနောင့်နဲ့ပေါက်လိုက် …

'ဩြောင်၊ … နမော ဒုဝေ … သွားဟ … သွားဟ … … ဥုံ … ဥုံ …' ဒီဂါထာနဲ့ လုပ်စားလာတာ မူလရှိရင်းစွဲ ရှေးကောင်းပယောဂဆရာကြီး ဦးမှိုင်းညိုမှောင်တောင် ဝတ်ပေါက်တိုးပါရောလား

ပြောချင်တာက …

ဂျပန်တစ္ဆေရှိသည့် သစ်တိုပင်ကို ခုလို ခုတ်ပစ်တာသည် ကော်ချဲဆရာစိန်ကို ဝတ်ကြောဆိုက်အောင်လုပ်တာနဲ့ အတူတူပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာစိန်က ပေါ့သေးသေးမဟုတ်ဘူး။

ဘုရားကြီး ဘုရားလေးပြန်။

ဒေးစွန်ပါ၊ ကျိုက်စွန်ပါပြန် ဆရာစိန်။

ကျောကုန်းမှာ အညိုအမဲတွေ ခုထိရှိတုန်း။

အချို့ပြောကြတာက ဂျပန်တစ္ဆေကိုတောင် ဆရာစိန်က နေဝင်ရ
အမဲသားစိမ်းကျွေးသလိုလို၊ ဝက်သားအစိမ်းကျွေးမွေးသလိုလို ပြောနေတာ

အများခန့်မှန်းချက် စကားအလိုအရပြောရရင် …

အခု ဆရာစိန်ကလည်း ဂျပန်တစ္ဆေမရှိတော့ဘူး၊

ငှက်ကျားကြီးလက်ချက်နဲ့ ဂျပန်တစ္ဆေ နေစရာမရှိဘဲ ပြေး
သရဲတစ္ဆေလည်း မခြောက်တော့ဘူး။ ကော်ချဲဆရာစိန်လည်း ဝတ်ပြီ။ ဒိ
ဝတ်ပေါက်ကျအောင်လုပ်သည့် ငှက်ကျားကြီးကို သူတို့အုပ်စုက မြန်မြ
သေစေချင်တယ်။

နိမိတ်မရှိစကားတွေ ပြောကြလွှင့်ကြတယ်။

အခု ငါးရက်ရှိသွားပြီ။

ငှက်ကျားကြီး နခိုးလူတို့အုပ်စု လောင်းကြေးရှုံးလို့ပေးတဲ့အရ
ကို နေ့ရောညပါ စိတ်ကြိုက်သောက်ပြီး ဟစ်နေတာဗျာ။

"အေ့ … ဂေ့ … နောက်ထပ်သရဲရှိရင် ပြော"

"အေ့ … ဂေ့ … နောက်ထပ်တစ္ဆေရှိရင် လာပြော"

"ဒီမှာကွ …။ ဒီ … ဒီ … အရပ်မှာ စုန်းပဲရှိ … ရှိ …
အေ့ … ဖုတ်ပဲရှိရှိ … ဘီလူးပဲရှိရှိ … ကျွတ်ပဲရှိရှိ ရှိရင် ငှက်ကျား
ကို လာပြော။ ဂေ့ … ဝေါ့ … ဘယ်ဆရာမှ နှင်လို့မရရင် ငှက်ကျား
ဟောဒီရဲတင်းနဲ့ နှင်မယ်ကွ။ ဒါ … ဒါ … အလကား … ရဲတင်း …
မ … ဟုတ်ဘူး။ ပ … ပ … တ္တမြား … ရဲ … တင်း။ ကိုးသ
ရဲတင်းကွ။ ခြောက်သမျှသရဲ နှစ်ခြမ်းဖြဲပစ်မယ်။ လှန့်သမျှတစ္ဆေ အ
ကြေရမယ်ဟေ့ … အေ့ … ဂေ့ … ဖွီ … ထွီ …"





"ငှက်ကျားကြီး"

"ဟေ့ကောင် … မူးနေပြီလား"

"ငှက်ကျား …"

"ဘာတုံး … ဘာတုံး … အေ့ … ဂေ့ …"

"မူးနေပြီလား"

"ငါ … မမူးသေးဘူး။ အေ့ … ဂေ့ … ငါ မမူးသေးဘူးဟေ့"

"ဒါဆို မေးမယ်"

"မေး … မေးလကွာ … ဘာမေး … မှာလဲ။ ငှက်ကျားကြီး
အဖေအမည် ဘယ်သူလဲ။ အမေအမည် ဘယ်သူလဲ။ အသက် ဘယ်လောက်
လဲ။ ဒါလားဟေ့ … အေ့ … ဂေ့ … မှတ်ထား။ ဟောဒီက တစ္ဆေနိုင်
က်ကျားကြီးရဲ့အဖေက ပျံလွန်တော်မူသွားတဲ့ ဘုန်းကြီးဦးလောရှည်။ အမေ
ချိုင်း … ပြီး …"

"ဟေ့ကောင် … ဒါ မသိချင်ဘူး"

"ဒါဖြင့် … ဘာသိချင်လဲ။ ငှက်ကျားကြီးရဲ့ အချစ်အကြောင်း
… ဂေ့ … ထောင့်ငါးရာည … ပထမအဖွင့် … မင်္ဂလာဦးညဇာတ်
လေး … ပြန် … နား … ထောင်ချင် … တယ်ပေါ့ … အေ့ …
… ပြောမှာပါ … ငှက်ကျား အချစ်နဲ့ပတ်သက်လာရင် ရင်နာလွန်း
… စာရေးဆရာလောင်း … မောင်မှိုင်းကို ပြောပြမှာပါ။ မင်းတုန်း
… တရားကြီးက နန်းတွင်းသမားတော်ကောင်းလို့ … ကျား …
တိုးဆေးစားပြီး … လူစွမ်းပြနိုင်တာ။ ဒီမှာဟေ့ … ကြည့် … ငှက်
ဘာကောင်လဲဆိုတာ … ကြည့်ဟေ့ …"

"ဟာ … ဟေ့ကောင် … ဟေ့ကောင် … ဟာကွာ …"

"မဟုတ်မဟပ်မလုပ်နဲ့ကွာ ငှက်ကြီး"

"သက်သေပြတာပါ … လက်တွေ့ပြတာပါ။ ယုံလား … ယုံ
လား"

"ယုံပါတယ် … ငါ့လူရာ။ တော်ပါတော့။ ဖွီ … ဖော်"



www.burmeseclassic.com

www.burmeseclassic.com



ငှက်ကျားကြီးက တကယ့်လူရွတ်ကြီးဗျာ။ သူလုပ်ချင်တာရှိရင်လည်း ဘယ်သူမှဝင်တား ချော့မော့ ဖျောင်းဖျလို့မရဘူး။

ပြောချင်တာရှိရင်လည်း စကားကုန် ရေခမ်းပြောရမှ ကျေနပ်တာ။

"ငှက်ကြီး ..."

"ပြော ... မောင်မှိုင်း"

"မင်း ဂျပန်တစ္ဆေနဲ့ တွေ့ခဲ့လို့လားဟင်"

"ဂျပန်တစ္ဆေ"

"အေးလေ ... ဟိုမိုးကြိုးပစ်ကုန်း၊ သစ်တိုပင်ကြီးက ဂျပန်တစ္ဆေ"

"ဂျပန်တစ္ဆေလား၊ လူလား၊ ငါ့ကိုဖြုခြောက်ချင်တဲ့ နွားချိုးလူတို့အဖွဲ့ကပဲလား မသိဘူး ... သစ်တိုပင်အောက်မှာ ကြုံခဲ့ရတယ်။

"တစ္ဆေနေမှာပေါ့"

"ကြုံပုံကို ပြောကွာ"

✿ ✿ ✿

# [ ၁၅ ]

မင်းသိတဲ့အတိုင်းပဲလေ ... မောင်မှိုင်းရာ။ ငါက တစ္ဆေမယုံဘူး၊ သရဲမယုံဘူး။ ရှိခဲ့ရင်လည်း မကြောက်ဘူး။ ရှိခဲ့လို့ လူတွေကို လှန့်ရင်ခြောက်ရင် အဲဒီတစ္ဆေကို အပြတ်ရှင်းမှာပဲ။

ငါ နချိုးလူးတို့နဲ့ လောင်းကြေးစားကြေး ထပ်ထားတဲ့အတိုင်း ဂျပန်တစ္ဆေခြောက်တယ်ဆိုတဲ့ သစ်တိုပင်ကြီးရှိရာကို သွားခဲ့တယ်။ သွားတဲ့အချိန်က ဝေလီဝေလင်း မိုးမလင်းတလင်းအချိန်။

နချိုးလူးတို့က ပြောလိုက်သေးတယ်။

"ငှက်ကြီး"

"ဘာတုံး နချိုးလူး"

"ဂျပန်တစ္ဆေရှိတဲ့ သစ်တိုပင်ကိုသွားရင် အမဲသားတဲလေး ယူသွား အစိမ်းနော် ... သူငယ်ချင်း"



www.burmeseclassic.com

www.burmeseclassic.com



"ယူတော့ ဘာဖြစ်မှာမို့တုံး"

"ယူသွားရင် မင်းသိပါလိမ့်မယ် . . . ငှက်ကြီးရာ။ ဟား . . . ဟား ဟား . . . ဟား . . ."

ဒါနဲ့ သိချင်လို့ပါ . . .။ ကုလားမမိညွန့်တို့ အမဲရုံက အမဲသား အူစုံအသည်းစုံ ငါးဆယ်သားနဲ့ အရက်တစ်ပုလင်းပါ ယူသွားလိုက်တယ်။ သူတို့ပြောသလို ဂျပန်တစ္ဆေခေါင်းပုပ်ကြီး တကယ်ခြောက်ရင်လည်း ခြောက်ပေါ့။

မခြောက်ရင်လည်း အိမ်ပြန် အမဲအူစုံအသည်းစုံချက်ပြီး အရက်နဲ့မြည်းမယ်ပေါ့။ အစီအစဉ်လုပ်လာတာ။

လူအချို့ . . . ရှေးမီနောက်မီတွေရော၊ ငါတို့အရွယ်တွေရော ဂျပန်တစ္ဆေခေါင်းပုပ်ကြီး မကြာခဏခြောက်လှန့်တယ်လို့ ပြောသံကြားကော။

ဒီတစ္ဆေက ဘာကောင်လဲ။

သူ့ကို အခု ဘယ်သူက ဘာလုပ်နေလို့ သူကခြောက်လှန့်ရတာလဲ။ တစ္ဆေဘဝရောက်ရင်လည်း တစ္ဆေလိုနေပေါ့။ လူတွေကို လိုက်ဒုက္ခမပေးနဲ့လေ။ဟုတ်ဘူးလား။ သူ မင်းမူလို့ မရတော့ဘူး။ ဒါ ဂျပန်ခေတ်မဟုတ်ဘူး။ လွတ်လပ်ရေးရပြီးပြီ။

ခုတော့ ဒီလိုမဟုတ်ဘူး။ လူအချို့ကို ထိတ်လန့်ချောက်ချားအောင်လုပ်တယ်။ ဒီတစ္ဆေကောင်ကို ဆုံးမရမယ်။ ဒီလိုရည်ရွယ်ချက်နဲ့ ငါ သူ့ကိုသွားတွေ့တာ။

"ကနဦးတော့ မယုံဘူး . . . မောင်မှိုင်းရ"

"ဘာလို့မယုံတာတုံး"

"မမြင်ရသည့် ပရဝိညာဉ်သားက လူကိုလှန့်တာလေ"

"ပြောပါ . . .။ ကိုယ့်လူကိုယ်တွေ့ပဲ ပြောပါ . . . ကိုငှက်ရ"

"သောက်ကျိုးနည်းကွာ . . .။ သစ်တိုပင်အောက်လည်း ရောက်ရော နင့်အမေကလွှား . . . နံလိုက်တဲ့ ပုပ်စော်ကွာ။ ပထမ ခွေးသေနံ့ကြီး





ကွ။ နောက်တော့ ကျွဲသေ၊ နွားသေနံ့လိုမျိုးကြီးဟေ့။ ဟား . . . ဘာကြာလဲလကွာ လူသေကောင်ပုပ်စော်နံ့ဟ။

သောက်ခွေး လူကို အနံလိုက်ရတာ မျက်ရည်ရော၊ နှာရည်ရော၊ နှပ်ချေးရော အတောင့်လိုက်၊ အပြွစ်လိုက်ထွက်ပါ့ကွာ။ နံတာလည်း သစ်တိုပင်ခွကြားလို နေရာကကွ။

ဒါနဲ့ သစ်တိုပင်ကို ပတ်ရှာတယ်။ မော့ရှာတယ်။ အနီးရှိ ဘိစပ်ချုံတွေကို ဖြဲရှာတယ်။ ဘာအသေကောင်မှ မရှိဘူး။

ဒါပေမဲ့ နံဟောင်ပုပ် အော်ကလီဆန်နေတာက ဒီသစ်တိုပင်က။ အဲဒီလို လှည့်ရှာနေတုန်း ညည်းသံကြားရပါရောဟေ့။

"အင်း . . . အင်း . . . ဟင်း . . . ဟင်း . . ."

"အင်း . . . အင်း . . . ဟင်း . . ."

"အင်း . . . အင်း . . . ဟီး . . . ဟင်း . . ."

"အလို . . . လူညည်းသံပါကား"

"ဟေ့ . . . ဘယ်သူလဲကွ . . . ဟေ . . . ဘယ်နားက ညည်းနေတာတုံး"

"အင်း . . . အင်း . . . ဟီး . . . ဟင်း . . . အင်း . . ."

"ဟေ့ . . . မေးနေတယ်လေကွာ။ ဘာဖြစ်လို့တုံး . . . ဘယ်နားတာလဲ"

ပြန်ပြောသံ မကြားရဘူး။ ညည်းသံက နီးလိုက်ဝေးလိုက်။ ဝေးဝေးကိုသွားရှာရင် သစ်ပင်အောက်လောက်က ညည်းသံဖြစ်နေရော။

သစ်တိုပင်အောက် အပြေးအလွှားသွားကြည့်ရင် . . . အိမ်ပြိုတိုက်ပြိုကြီးကလိုလို ဖြစ်သွားပြန်ရော။ ငါ့မှာ အရှူးဖြစ်မဲ့ ကိုယ့်လူရေ။ ယုန်တောင်ပြေး ခွေးမြှောက်လိုက်လိုပဲဟေ့။

ဒါနဲ့ အသာ အခြေအနေကို အကဲခတ်နေလိုက်တုန်း . . .



www.burmeseclassic.com

www.burmeseclassic.com



"တောက် ..."

အမ်မာ ... တောက်ခတ်သံဗျ။ သစ်ပင်ပေါ်က ... ကိုယ့်လူရေ။ ဒါနဲ့ မော့ကြည့်တယ်။

"ဟင်း ..."

"အမ်မာ ... ဘာဟင်းလဲကွ"

"တောက် ..."

ဟား ... လုပ်ပြန်ပဟ။ တောက်ခတ်ပြန်ပဟေ့။ လူတစ်ယောက် တောက်ခတ်တာလား၊ ဒါမှမဟုတ် သစ်ကိုင်းကို တုတ်တိုလိုအရာနဲ့ ရိုက်နေသလား ခွဲခြားလို့မရဘူး။

သို့သော် 'ဟင်း' ဆိုတာက ရှင်းတယ်။

အလို ... သစ်ရွက်ကြားမှာ ဘာပါလိမ့်။ အမ်မယ် 'နို'ဟ။ ဒီနိုများ ညည်းရော့သလား။

"ကဲဟာ ..."

"ဝိုး ..."

"ဖရမ်း ... ဖရမ်း ..."

"ရှူး ..."

ခဲကျိုးနဲ့ ကောက်ပစ်လိုက်ရော သစ်ရွက်ကြားက နို လန့်ပြေးရော။

"တောက် ..."

"ဟေ့ ... ဘယ်ကောင် တောက်ခတ်နေတာလဲ။ ထွက်ခဲ့"

"လူရှိရင် ထွက်ခဲ့။ ဆင်းခဲ့ဟေ့"

"ဟ ... ဟ ..."

"ဟာ ... ဟဲ့ ... ဟဲ့ ... ဟဲ့ ..."

ဒီအချိန်မှာ ငါ့လက်ထဲက အမဲသားတွဲကို တစ်စုံတစ်ဦးက လာဆွဲလုနေတာ ... ကိုယ့်လူရေ။ ငါကလည်း ပြန်ဆွဲ။ အလို ... အမဲသားကို ဆွဲနေမှန်း သိရပေမယ့် အမဲသားတွဲဆွဲသည့်လက်ကို မမြင်ရဘူး။





"ကိုင်း ..."

"ဟေ့ကောင် ... လွှတ် ..."

"ဟာ ..."

အဲဒီမှာ ငါ ခလုတ်တိုက်ပြီး မှောက်လျက်လဲကျရော။ လက်ထဲက အမဲသားတွဲလည်း လက်ကလွှတ်သွားပါရော ... မောင်မှိုင်းရေ။ မျက်စိထဲ သဲဖုန်တွေဝင်ပြီး ဘာမှမမြင်ရဘူး။

ဒီမှာ ငါ့ကျောပေါ်ကို တစ်ယောက်ယောက် ခွစီးဖိထားသလိုမျိုး ခံစားရပြီး လှုပ်ရလှုပ်ရ ကျပ်တည်းနေရော။ မော့ကြည့်တယ် ကြည့်လို့မရဘူး။ ဘယ့်နှယ်ဖြစ်ပါလိမ့်။

ငါများ အရက်ကြောင် ကြောင်နေတာလား။

ငါသောက်လာတာ များတော့များတယ်။ အရက်ကြောင်ပြီး အမြင်မှောက် အထင်မှား အမြင်လွဲများ ဖြစ်နေရော့လား။

ဒါနဲ့ ကျားလို့ အော်ဟစ်မာန်သွင်းပြီး တံတောင်နဲ့ယမ်းလို့ ကုန်းထလိုက်တယ်။ စောစောတုန်းက ငါ့ကျောပေါ် တက်ဖိထားတာ ဘယ်သူလဲ။ လိုက်ရှာတယ်။ ဘယ်သူမှ ဝန်းကျင်မှာမရှိဘူး။

အမဲသားတွဲရော။

အမဲသားတွဲလည်း မရှိတော့ဘူး။ ခွေးပဲဆွဲသွားသလား၊ ကျီးစွန်ပဲ သုတ်သွားသလားမသိဘူး။ တောက် ... ဒေါသထွက်လာတယ်။

ဒါနဲ့ ခါးကြားက အရက်ပုလင်းထုတ်ပြီး မော့လိုက်တယ်။ စောစောတုန်းက ဟိုလိုလို ဒီလိုလို ယုံထင်ကြောင်ထင် သံသယတွေ ပျောက်သွားတယ်။

"ခူးယား ..."

"ဟင် ..."

'ခူးယား' တဲ့။ ဒါ ဂျပန်လို ဆဲရေးတိုင်းထွာသည့် စကားပဲ။ ဘယ်သူလှမ်းပြောလိုက်ပါလိမ့်။ အလို ... လူမရှိဘူး။ ဒါပေမဲ့ နားထဲ ဆတ်ဆတ်အတိုင်းသား ကြားရတာကွ။



www.burmeseclassic.com

www.burmeseclassic.com



"ဘကဲရိုး ... ယား"

"ဟော ... ဟော ... ဟ ... ဟ ..."

ဂျပန်စကားသံကွ။ ဒေါ်သတကြီး အော်သံကွ။

"ဟေ့ ... ဂျပန်လိုပြောတာ ဘယ်မအေ ... လဲကွ"

"ဝုန်း ... ဖြန်း ..."

"ဟ ... ဟ ..."

ငါက ဒေါသထွက်ပြီးဆဲရော သစ်တိုကိုင်းတစ်ကိုင်းလှုပ်သံ ကြားရတာပဲဟေ့။

"ဟေ့ ... မင်း ခေါင်းပုတ်ကြီးလား"

"ဂျပန်တစ္ဆေလား"

"သတ္တိရှိရင် ဆင်းခဲ့ ... ငါ ငှက်ကျားကြီးပဲ။ ဂျပန်တစ္ဆေရော၊ အင်္ဂလိပ်တစ္ဆေရော၊ ကုလားသရဲရော ဘာကောင်မှ သောက်ဂရုမစိုက်ဘူး။ ငှက်ကျားကြီးကွ။ ဟောကောင် ... ခေါင်းပုပ်ကြီး ... မင်းရှိရင် ဆင်းခဲ့။ ဆင်းခဲ့လေ"

"ဘာလဲ ငါ့ကိုကြောက်နေပြီမဟုတ်လား"

"မြန်မာကွ ... မြန်မာ"

"မင်းက ဂျပန်ခေတ်က ငါတို့မြန်မာတွေ ကြိုးဆွဲချသတ်လို့ အသေဆိုးနဲ့သေရတဲ့ ဂျပန်တစ္ဆေကွ။ မင်း ငါတို့မြန်မာလူမျိုးတွေကို ရက်ရက်စက်စက် ဒုက္ခပေးခဲ့၊ ညှဉ်းပန်းနှိပ်စက်ခဲ့တာ အခု မင်း မကျွတ်မလွတ်ဘဝနဲ့ ခံနေရပြီမဟုတ်လား။ ဟား ... ဟား ... ဟား ... ဟား ..."

"ဘာလဲ မင်းက မကျေနပ်လို့ လာသမျှကို ခြောက်လှန့်နေတာပေါ့။ ဒီနေ့ မင်းကို ပြန်ညှဉ်းဆဲမယ်။ မင်း လူယောင်ဖန်ဆင်းလို့ရရင် ဆင်းခဲ့။ ဆင်းခဲ့ ... ထွက်ခဲ့လေ"

"ဝုန်း ..."

"ဝုန်း ..."

စိတ်ကူးသစ်စာပေ



"ဝုန်း ..."

"ဟာ ..."

"ဟင် ... ဟင် ... အား ... အမယ်လေး ... ကိုက်ပဟ ... ဟ ... ဟ ..."

အဲဒီလို ငါက စိန်ခေါ်နေတုန်းရှိသေးကွာ သစ်တိုပင်အပေါ်ပိုင်းက လေမတိုက်ဘဲ တဝုန်းဝုန်း အကိုင်းတွေလှုပ်ပြီး အပေါ်ကနေ ခါချဉ်တွေရော၊ ပတုပ်ပနီနဲ့ နသန်ကောင်မည်းမည်းနက်နက်တွေ ငါ့ကိုယ်ပေါ် ပြုတ်ကျပြီး သောက်ကျိုးနည်း ခေါင်းရော ကျောကုန်းရော လက်ရော မျက်နှာပါမကျန် ဝိုင်းကိုက်လိုက်တာ ...

ငါ့လူရာ ... လူဟာ မိနစ်ပိုင်းအတွင်း အဖုအသီး အပိန့်တွေထပြီး မျက်နှာကြီးကို အမ်းနေတာပဲ။

နှုတ်ခမ်းနဲ့နှာခေါင်းဟာ အထိမခံနိုင်အောင် ရောင်ရမ်းပြီး တင်းနေတာပဲ။ ဘယ်ဘက်မျက်လုံးလည်း ပသန်တုတ်ကိုက်လိုက်လို့ ရဲပြီး ပိတ်သွားတာ ဘာမှမမြင်ရဘူး။

အဲဒါ အကျီချွတ်ခါချ၊ လက်နဲ့သပ်ချ မရတော့ ခပ်လှမ်းလှမ်းက သဲထဲမှာ လူးလှိမ့်ပြီး သရက်ပင်ရဲ့ပင်စည်နဲ့ ကျောကုန်းကို နွားများလို ပွတ်တိုက်ပြီး အယားဖြေရင်း ...

ငါ ဒေါသတွေ ပေါက်ကွဲနေတယ်။

လေတိုက်လို့ ခါချဉ်နှင့် ပတုပ်ပနီကောင်အထုပ် ပြုတ်ကျရတာလား ...

ဒါမှမဟုတ် တစ်ယောက်ယောက် အဆိပ်ရှိတဲ့ သတ္တဝါအကောင်အထုပ်ကို ခဲနဲ့ပစ် တုတ်နဲ့ရိုက်ချလို့ ကျလာတာလား ...

ဒါတွေ မဟုတ်ဘူးဆိုရင် ...

ဒါ ခေါင်းပုပ်တစ္ဆေရဲ့ လက်ချက်ပဲနေမှာပဲ။

အစွမ်းအစမရှိလို့ ဒင်း ကိုယ်ထင်မပြရဲ၊ လူလုံးမပြရဲဘဲ ငါ့ကို ညာပေးနေလားမသိဘူး။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ငါ့တစ်ကိုယ်လုံးဟာ အဆိပ်ရှိတဲ့ အကောင်တွေဝိုင်းကိုက်လို့ ခန္ဓာကိုယ်တစ်ခုလုံး အဖုအပိန့်အသီးတွေ ရွဲပလဲပြီး ငါကိုယ်တိုင် တစ္ဆေသရဲရုပ် ပေါက်နေပြီကွ။

ခုနေ ငါ့ကို ရွာထဲရပ်ထဲက လူတွေမြင်ရင် ငှက်ကျားကြီးလို့မြင်မှာမဟုတ်ဘူး။

ဂျပန်တစ္ဆေ ...

ခေါင်းပုပ်ကြီးလို့ ထင်ကြမှာ ကေန်ပဲ။

ငါ့ဒေါသတွေ ပေါက်ကွဲလာပြီ။ အဲဒီဒေါသတွေဟာ ခေါင်းကနေ ဖောက်ပြီး ကောင်းကင်ပေါ် ဝဲပျံကုန်ပြီ။

"မင်းလားဟေ့ ... ဂျပန်တစ္ဆေ"

"မင်းက ငါ့ကို ဒီလိုပြုစားတယ်ပေါ့"

"ကိုင်း ... လာပြီဟေ့ ... ငှက်ကျားကြီးကွ ... ကျား ... ကျား ..."

"ဒုတ် ... ဒုတ် ... ဒုတ် ..."

"ဒုတ် ... ဒုတ် ... ဒုတ် ..."

ငါ ဂျပန်တစ္ဆေနေတဲ့ သစ်တိုပင်ကြီးကို ရဲတင်းပုဆိန်နဲ့ ဘယ်ညာလွှဲလွှဲပြီး ခုတ်လိုက်တာ ...

သစ်စတွေ ပလူပျံနေတယ်။

ငါ့နားထဲမှာ အော်သံတွေ ကြားနေရတယ်။

ကြိမ်းဝါးအော်ဟစ်နေတဲ့အသံတွေ ကြားရတယ်။

ငါကလည်း ပုဆိန်ချက်ရဲတင်းချက်ကို လုံးဝ အနားမပေးဘူး။ လူတစ်ကိုယ်လုံး ဒေါသရယ်၊ ပင်ပန်းရိပ်နဲ့ ချွေးရွှဲနစ်ပြီ။

ဒီအချိန်မှာ လူအများရဲ့ အော်သံ၊ ခေါ်သံ၊ တားမြစ်သံ၊ စူးရှနာကျင်အော်သံ၊ ဆဲရေးတိုင်းထွာသံများနဲ့အတူ နောက်ဆုံး 'ဝုန်း'ဆိုပြီး သစ်တိုပင်ကြီး မြေပြင်ပေါ်လဲအကျမှာ ငါလည်း ရဲတင်းပုဆိန်ကြီးကို ပြုတ်ကျန်ရစ်တဲ့ သစ်ငုတ်မှာ ပေါက်စိုက်ပြီး လှည့်ကြည့်လိုက်တော့ ...

စိတ်ကူးသစ်စာပေ



မင်းရယ်၊ မောင်ကျန်ရယ်၊ တောကျော်ရယ်၊ သောင်းညွှန့်ဦးရယ်၊ ပြီး ...

ဘုရားကျိုးကုန်း၊ မိုးကြိုးပစ်ကုန်းနဲ့ အနီးအနားက ရွာသူရွာသားများ၊ ကိုရင်များရဲ့ အံ့သြစိုးရိမ်မျက်နှာအသီးသီးကို မြင်လိုက်ရတော့တာပဲ မောင်မှိုင်းရေ။

✿ ✿ ✿

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၆ ]

❑

လူရွှတ်လူကြမ်း ငှက်ကျားကြီးကို (၇)ရက်အတွင်း သေမည်ဟု လည်းကောင်း၊

ဂျပန်တစ္ဆေ လည်ပင်းညှစ်သတ်၍ သွေးအန်သေလိမ့်မည်ဟူ၍ လည်းကောင်း၊

သတင်းမျိုးစုံ ရွာနီးဝန်းကျင်မှာ ပျံ့နေတယ်။

အချို့ကလည်း ဒီလိုမသာမျိုး သေတာတောင် နည်းသေးတယ်။ တစ္ဆေသရဲကို သူ့ယောက်ဖများမှတ်နေလား မသိဘူးဟု ပြောဆိုကြတယ်။

'ရက်လည်မှာ မုန့်ဟင်းခါးကျွေးရင် အကြော်ပါထည့်ပေါ့ကွာ' ဟု ကြုံပြောသူက ပြောကြသေးတယ်။

'ငှက်ကျားကြီးသေရင် 'မိဒိုင်းလွှ' တို့ မျက်ရည်ကျရဦးမှာပေါ့' ကိုင်း ... ကြည့်စမ်း။





(၇) ရက်ပြည့်သွားလို့ (၁၀)ရက်တောင်ကျော်သွားပြီ ငှက်ကျားကြီး မဖျားဘူး၊ မနာဘူး၊ ချောင်းမဆိုးဘူး၊ နှာမချေဘူး။

ဟော (၁၅) ရက်ကျော်ရော ... ဘာဖြစ်လဲ ... ဘာမှမဖြစ်ဘူး။

ငှက်ကျားကြီး လောင်းကြေးရငွေနဲ့ အရက်သောက်ပြီး ပျော်လို့။

တစ်ရပ်တစ်ရွာလုံး ဝမ်းသာတာက နေ့နေ့ညည နေဝင်ရီတရော နဲ့ လင်းပိုင်းလေးဖြတ်သွားရင် ခြောက်လှေ့လှန့်လှေ့ရှိတဲ့ ဂျပန်ခေတ်လက် ဘုန်း တစ္ဆေခေါင်းပုပ်ကြီး ဘယ်ပြေးလို့ ဘယ်ရောက်သွားမှန်းမသိဘူး။

ငှက်ကျားကြီးရဲ့လုပ်ရပ်က သက်သေပြလိုက်ပြီလေ။ အခု သစ် ညတ်တောင် မကျန်တော့ဘူး။ တောကျော်တို့ တူးရောင်းပြီး အရက်နဲ့လဲ သောက်ပြီးပါရောလား။

အခု ငှက်ကျားကြီး အာဂလူစွမ်းကောင်း ဖြစ်လို့ဗျာ။

တစ္ဆေနိုင် ငှက်ကျားကြီးတဲ့ ...

သရဲနိုင် ကိုငှက်ကြီးတဲ့ ...

တစ္ဆေသရဲပြေး ကိုကျားကြီးတဲ့ ...

အမည်အမျိုးမျိုးနဲ့။ ခုတော့ သင်းလည်း ဂျပန်ထန်းတက်လက် တ်ရသလို ဖြစ်နေရဲ့လေ။ တော်ကြာ ဟိုရွာက ...

"ကိုငှက်ကြီးရယ် ... လုပ်ပါဦးဗျာ။ ကျုပ်တို့ရွာထိပ်က ညောင်ပင် ... သရဲခြောက်လွန်းလို့ဗျာ။ ကူညီပါဦး ... ကိုငှက်ကြီးရာ"

"အရက် ဘယ်နှပုလင်းပေးမလဲ ... ပြော"

"ကိုငှက်ကြီးပြောပါ။ လုပ်ပေးပါ့မယ်"

"ဆယ်လုံး"

"ရစေ့မယ်ဗျာ။ သရဲသာ ပြေးအောင်လုပ်"

အဲဒါ အရက်ဆယ်ပုလင်းနဲ့ ချစ်မွှေးကုန်းရွာက ညောင်ပင်ကို ...စ်လိုက်တာပဲ။

သရဲပဲမရှိလို့လား၊ ဒါမှမဟုတ် သရဲကပဲ ငှက်ကျားကြီးရဲ့ ဖွတ် ...ွတ် ရဲတင်းကြီးကြောက်လို့လားမသိဘူး ညောင်ပင်ကြီးလည်း နောက်ပိုင်း



www.burmeseclassic.com

သရဲခြောက်တာ မရှိတော့ဘူး။

ငှက်ကျားကြီး လူစွမ်းလူစကောင်းတဲ့ အကြောင်းလား။

အဲဒါလား ...

ပြောတော့ မပြောချင်ဘူး။ ဒါပေမဲ့ ပြောမှပဲရမှာမို့ ပြောပြရမှာပဲ။ ကျွန်တော်တို့ကို တော်တော်ယုတ်တဲ့ မာတဲ့ကောင်တွေလို့တော့ မပြောပါနဲ့ဗျာ။

လူ့ဘဝ လူ့လောကမှာ ဒါမျိုးလည်းရှိတယ်ဆိုတာ သက်သေပြချင်လို့ပါဗျာ။

မရှက်မရွံ့ပြောရရင် ငှက်ကျားကြီးက တကယ့်လူစွမ်းကောင်းယောကျ်ားကောင်းဗျ။

မူလတုန်းက ငှက်ကျားကြီးတို့က ကြောင်လျှာကုန်းရွာမှာ ပိုက်ဆံရှိ လယ်သမားရယ်။ မိဘက လယ်လုပ်ပြီး ကြီးပွားနေတာ။

အဲဒါ ဓားပြတွေဝင်တိုက်၊ ပစ္စည်းယူ လူသတ်သွားကြတော့ ငှက်ကျားကြီးတောင် မြို့ပေါ်ရောက်နေလို့ လွတ်တာ။

အဲဒီနောက်ပိုင်း မိဘမဲ့ ငှက်ကျားကြီးရဲ့ဘဝက လက်ကျန်အမွေလေးနဲ့ လူဖြစ်ခဲ့ရတယ်။

ဟော ... လူဖြစ်တော့လည်း အချစ်ရေးမှာ ကံခေပြန်ရော။

လူမစွမ်းရင် နတ်မ,သတဲ့။

ခုကိစ္စက နတ်ရော သိကြားရော မလို့မရတဲ့ကိစ္စ။

ငှက်ကျားကြီးနဲ့ နှစ်ဖက်လုရွာက မမြစိမ်းလေးနဲ့ ချစ်သူရည်းစားဖြစ်ပြီး နှစ်ဖက်လူကြီးသဘောတူလို့ ယူပြီး မင်္ဂလာဦးညမှာပဲ ညသန်းခေါင်မှာ မမြစိမ်း ထွက်ပြေးပါရော။

ပြေးသမှ ရှာလို့ကို မရတော့တာ။

မိုးလင်းတော့ ငှက်ကျားကြီးခမျာ မယားပျောက်ကို သူငယ်ချင်းတွေ၊ မယားမိဘဆွေမျိုးများနှင့် စုံစမ်းမေးမြန်း ရှာလိုက်တာ တစ်လကျော်မှ မမြစိမ်းလေးနေတဲ့နေရာကို မိဘများ စုံစမ်းလို့ရခဲ့တယ်။





"မြစိမ်း ..."

"ရှင်"

"ပြန်လိုက်ခဲ့"

"မလိုက်ဘူး"

"ဘာလို့မလိုက်ရမှာလဲ။ ငှက်ကျားကြီးက နင့်ယောကျ်ားလေ။ နင်တို့ညားတာမှ တစ်ညပဲရှိသေးတယ်။ ညည်းက လင်ကိုပစ်ပြီး ထွက်ပြေးတယ်ဆိုတာ ဒါ မိဘမျက်နှာ၊ ညီအစ်ကိုမောင်နှမမျက်နှာ၊ ဆွေမျိုးမျက်နှာမျက်အောင်လုပ်တာလား"

"ဒီမှာ မိမြစိမ်း ငါတို့အမျိုးမှာ လင်တစ်ယောက်ကို တစ်ညပဲပေါင်းပြီး ကွာပစ်ကွဲပစ်တဲ့ မိန်းမမျိုး လုံးဝမရှိဘူး။ ခုလိုက်ခဲ့"

မမြစိမ်းရဲ့အမေက မာမာတင်းတင်းနဲ့ ပြောရော။

"မလိုက်ဘူး"

"လိုက်ခဲ့ရမယ်"

"လုံးဝပဲ"

"နေပါဦး ... မိမြစိမ်းရဲ့၊ နင့်ကို ငါတို့က အတင်းအဓမ္မရိုက်ဆင်ပေးစားလို့ ညည်း လင်ယူရတာလား ... ညည်းဘာသာ စုံမက်မြတ်နိုးလို့ ပေးစားရတာလား ... ပြောလေ ..."

"ကျွန် ... မ ... ကြိုက် ... ကြိုက် ... လို့ ... ပါ ... အင့်အီး ..."

"ကြိုက်လို့ယူပြီး ဘာလို့ တစ်ညပေါင်း ထွက်ပြေးရတာလဲ"

"အင့် ... အီး ..."

"ပြောလေ ... နင်တို့ ရန်ဖြစ်သလား"

"ဟင့်အင်း"

"ငှက်ကျားကြီးက ဆဲရေးတိုင်းထွာသလား"

"ဟင့်အင်း ..."

"လက်ဖွဲ့ငွေအားလုံး သူက သိမ်းသွားလို့လား"

www.burmeseclassic.com



"မ . . . မ . . . ဟုတ် . . . ဘူး . . ."

"ဒါဆို ဘာကြောင့် ညည်းက လင်လူကောင်း သူကောင်း ကိုယ်ချစ်ကိုယ်ကြိုက်လို့ ယူထားတဲ့လင်ကို ပစ်ပြေးရတာလဲ။ ပြော . . ."

"မ . . . ပြော . . . ပါ . . . ရစေနဲ့"

"ပြောရမယ်ပေါ့ . . .။ ဒါ လူသိရှင်ကြား ဖြစ်နေတဲ့ကိစ္စ။ ဘယ်သူလွန်သလဲ စဉ်းစားရမှာ"

"အမေ . . ."

"ဘာတုံး"

"သူ့ . . . သူ့ . . . ကိုတွေ့ရင် . . . ဒီ . . . ဒီ . . . စာအိတ်ကိုသာ . . . ပေး . . . ပေး . . . လိုက်ပါ . . . အမေ။ အင့် . . . ဟီး . . . ဟီး"

"ဘာစာတုံး"

"သူ ဖတ်ပါလိမ့်မယ်"

"ငါတို့ကိုလည်း ပြောပြမှပေါ့အေ"

"မ . . . မ . . . ပြောပါ . . . ရ . . . စေနဲ့ . . . အမေ . . . မပြောပါရစေနဲ့နော်။ သူနဲ့ပြန်ပေါင်းဖို့ကိစ္စလည်း ဘယ်တော့မှ မပြောပါနဲ့။ အမေတို့ပြန်ပါတော့။ ရှိခိုးပါရဲ့ အမေရဲ့ . . . ဟီး . . ."

နောက်ဆုံး မေးလို့လည်းမရ မြန်းလို့လည်းမရ ခေါ်လာလို့လည်း မရသည့်အဆုံး မမြစိမ်းကို သူရောက်နေရာမြို့မှာ ထားခဲ့ပြီး မြစိမ်းပေးလိုက်တဲ့စာကိုပဲ တစ်ညပေါင်း သူ့လင် ငှက်ကျားကြီးလက် ပေးအပ်လိုက်တယ်။

"အဒေါ် . . ."

"ဘာတုံး"

"မြစိမ်း . . . မ . . . မ . . . ပါဘူးလားဟင်"

"မပါဘူး။ မင်းနဲ့လည်း ဘယ်တော့မှ ပြန်မပေါင်းတော့ဘူးလို့ ပြောတယ်။ ဘာဖြစ်လို့လဲလည်း မေးလို့မရဘူး။ နေစမ်းပါဦး မောင်ငှက်ကြီးရဲ့ . . . မင်းတို့ မင်္ဂလာဦးညက စကားများလို့လား . . . ဟင်"





"မ . . . မ . . . များပါဘူးဗျာ"

"လက်ဖွဲ့ငွေကိစ္စကြောင့်လား"

"အကုန် သူ့ကို . . . အပ် . . . တာ . . . ပါ . . . ခင်ဗျာ"

"ဒါဆို ဘာကိစ္စကြောင့် . . . ငါ့သမီး ထွက်ပြေးရတာလဲ"

မေးပြီ။ ဒီအဖြေကို ငှက်ကျားကြီး ဖြေနိုင်ပါတယ်ဗျာ။ ဒါပေမဲ့ ယောက္ခမ နားကြားကောင်းအောင် မဖြေရဲဘူး။ မဖြေရက်ဘူး။ ပြောရ တော်တော်ခက်နေတယ်။

ယောက္ခမနဲ့ သူ့အမျိုးကိုသာမဟုတ်ဘူး . . .

ကိုယ့်ဆွေမျိုးများ၊ အသိများကိုလည်း မပြောရဲ၊ ပြောမထွက်သည့်ကိစ္စ။

"ပြောလေ . . . ငှက်ကြီး"

"မ . . . မ . . . သိ . . . ချင် . . . ပါနဲ့ . . . အဒေါ်ရယ်"

"အေး . . . ဒါဆို ငါ့သမီးပေးတဲ့စာဖတ်ပြီး ပြန်ပြောပြ။ ဒါပဲ"

ဒါနဲ့ မမြစိမ်းရေးပေးလိုက်သည့် စာအိတ်ကို ဖွင့်ဖောက်ဖတ်လိုက်တယ်။

*ကိုငှက်*

*တော်ပါပြီ . . . ရှင့်ကို ကြောက်သွားပါပြီ၊*
*ဘုရားစူး . . . မိုးကြိုးပစ် . . . ကျွန်မ . . .*
*ဒီတစ်သက် လုံးဝ လင်မယူတော့ဘူး၊*
*သီလရှင်ပဲ ဝတ်တော့မယ်၊*

မြစိမ်း

ငှက်ကျားကြီး စာရွက်ကိုကိုင်ပြီး လက်အစုံ တုန်နေတယ်။ ညားတာမှ တစ်ရက်မပြည့်သေးတဲ့ ဇနီးမယားက ကိုယ့်ကိုကြောက်လို့ တစ်သက် လင်မယူတော့ဘဲ သီလရှင်ဝတ်တော့မယ်တဲ့။ ဟီး . . . ဟီး . . .။

"ဘာတဲ့တုံး . . . မြစိမ်း။ ငါ့သမီးရေးတဲ့စာ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်မြန်လက်မြန် မြစိမ်းရဲ့အမေ ဒေါ်စိမ်းမြက ငှက်ကြီးလက်ထဲကစာရွက်ကို လုပြီး ဖတ်လိုက်ပြီးရော ...

စဉ်းစားတယ်။

တော်ပါပြီ ... ရှင့်ကို ကြောက်သွားပါပြီ။

ဒီစကားရဲ့အဓိပ္ပာယ်က ဘာလဲ။ ဒေါ်စိမ်းမြ သားမက်အသစ်ချပ်ချွတ် လတ်လတ်ဆတ်ဆတ်ရဲ့မျက်နှာကို စေ့စေ့ငုငု ကြည့်လိုက်တယ်။ လူကောင်ထွားထွား၊ ခြေဆံလက်ဆံ ကြီးကြီး။

နောက်ဆုံး ... နောက် ... ဆုံး ...

တဖြည်းဖြည်း စဉ်းစားလို့ တွေးလို့ရသွားပြီး သားမက်အိမ်ပေါ်ကနေ ချာခနဲ လှည့်ထွက်လာခဲ့လိုက်တယ်။

ငှက်ကျားကြီးလည်း ကြေကွဲလို့မဆုံးဘူး။ သူက မြစိမ်းကို ရင်နှင့်အမျှ ချစ်တာပါ။ မြစိမ်းကလည်း သူ့ကိုချစ်တာ သူသိပါတယ်။

ခုတော့ ...

မတော်လို့ ပြန်ပို့ရတယ်ဆိုတဲ့စကားထက် ... ထွက်ပြေးတယ်ဆိုတဲ့စကားက မနက်မိုးလင်းရော ရွာထဲရပ်ထဲ ပြန့်ကုန်တာပဲ။

နောက်ဆုံး သူငယ်ချင်းတွေကို ပြောပြရတယ်လေ သိတယ်မဟုတ်လား။ တောကျော်တို့၊ မောင်ကျန်တို့ပါးစပ်ထဲ ဒီသတင်းရောက်ရော ရွာရိုးကိုးပေါက် လျှောက်ပြောလိုက်တာ။

ငှက်ကျားကြီးလည်း အိမ်ထဲက အိမ်ပြင်မထွက်ရဲဘူး။

ဒေါ်စိမ်းမြလည်း ပြောစမှတ်ပြုပါရောဗျာ။ ဘာတဲ့ ...

"ဒေါ်စိမ်းမြမွေးတဲ့သမီး ဟိုဒင်းမပါဘူးတဲ့။ ဖွီ ..."

ငှက်ကျားကြီးကိုလည်း လူမဟုတ်ဘူး။ မြင်းလားကြီးတဲ့ခင်ဗျ။

✿ ✿ ✿

| ၁၇ |

❑

ငှက်ကျားကြီး အိမ်ထောင်ရေး ကံခေသည့်သတင်းဟာ မိုးကြိုးခေါ်ကုန်း ရွာဝန်းကျင်အနှံ့ ပြောစရာဖြစ်သွားခဲ့တယ်။

မိန်းမသား အတော်များများကလည်း ငှက်ကျားကြီးနဲ့ ညားပြီးရင် အိမ်ထောင်ရေးကံဆိုးပြီး နာမည်ထိခိုက်မှာပဲလို့ ယုံကြည်ကြတယ်။

အချို့က ငှက်ကျားကြီးမှာ မျက်ရည်ခံမဲ့ပါလို့တဲ့။

အချို့က ငှက်ကျားကြီးက လက်ဆံခြေဆံကြမ်းလို့တဲ့။

အချို့က ငှက်ကျားကြီးက စနေသားနေတက်ဖွားမို့ သူနဲ့ညားရင် အိမ်ထောင်ရေး ပူပင်ရပြီး အဆင်မပြေဘူးတဲ့။

တစ်နေ့ ...

ပြောင်းဖူးတောရွာက လင်သေ မုဆိုးမလေးကလေးတစ်ယောက်အမေ မလဆန်းနဲ့ ငှက်ကျားကြီး ချစ်သူရည်းစားဖြစ်ကြတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ငှက်ကျားကြီးက ပူဆာလွန်းလို့ လူကြီးစုံရာနဲ့ သွားတောင်းပေးရတယ်။

ဘကြီးမျိုး၊ ဘကြီးအုန်းမောင်၊ ဦးလူပြွတ်တို့က ငှက်ကျားကြီးရဲ့ ရယ်မိရပ်ဖပေါ့။

''ငှက်ကြီး ...''

''ခင်ဗျာ ... ဘကြီးဗျိုင်း''

''ဒီတစ်ယောက်ရော ဖြစ်ပါ့မလား ... ငါ့လူရာ''

''ဖြစ်မှာပါ ... အဘရာ။ သူလည်း ကလေးတစ်ယောက်အမေ၊ အားကိုးအားထား မရှိရှာဘူးဗျ''

''မင်းအိမ်ထောင်ရေးမမြဲတာရော ကလေးမ သိရဲ့လား''

''ဟင့်အင်း ... မသိသေးဘူး''

''အေးပေါ့လေ ... သူ့အိုးနဲ့ သူ့ဆန် တန်ရာတော့ တွေ့ကြမှာပါ။ ဘာပဲဖြစ်ဖြစ် အိမ်ထောင်ရေးဆိုတာ ကိုယ့်လိုဘတစ်ခုတည်းကို မကြည့်ရဘူးကွယ့်။ နားလည်လား''

''ဟုတ်ကဲ့ ခင်ဗျာ''

''မိန်းမ မြဲချင်ရင်၊ မိန်းမဖနီးမယားက ကိုယ့်အပေါ် စွဲလမ်းနှစ်သက် မြတ်နိုးစေချင်ရင်၊ မိန်းမလုပ်သူကို ညင်သာပျော့ပျောင်းစွာ ဆက်ဆံရတယ်၊ ချော့ရတယ်။ အလိုလိုက်တန် လိုက်ပေးရတယ်။ သူ မကြိုက်တာ မလုပ်ရဘူး။

စားတာလေးကအစ မိန်းမကို ဦးစားပေးကျွေးရင် မိန်းမက 'ဩော် သူ ငါ့အပေါ် သည်းခံရှာပါကလား၊ ချစ်ခင်ပါကလား၊ ဦးစားပေးကျွေးပါကလား' ဆိုပြီး မင်းကို လေးစားလာမယ်။ တွယ်တာလာမယ်။ နောင်ကျရင် မင်းအလိုကျ လင့်အလိုကျ အစစအရာရာ လိုက်လျောပြီး အိမ်ထောင်ရေးသုခနဲ့ ပြည့်ဝလို့ စိတ်ရောကိုယ်ပါ ချမ်းသာပါရစေမယ် မောင်ရယ်။ ကြားလား''

''ဟုတ်ကဲ့ ... ဘကြီးဗျိုင်း''





''ငှက်ကျားကြီးရ ...''

''ပြော ... ဘအုန်းသောင်''

''မင်းဘကြီးဗျိုင်းကို သူ့မိန်းမ မသုန်တွား ခုအသက် (၇၀)ရောက်သည်အထိ ချစ်နေတာ စောစောက အချစ်တရားတွေကြောင့်ကွ''

''ဟုတ်လား ... ဘကြီးဗျိုင်း''

''ဒါပေါ့ ...။ ရိုးမြေကျပေါင်းမည့် ချစ်သူတွေဆိုရင် တစ်ယောက်ကိုတစ်ယောက် နားလည်ရမယ်။ ခွင့်လွှတ်ရမယ်။ သည်းခံရမယ်။ စောင့်ရှောက်ရမယ်။ ကြင်နာရမယ်။ အဲဒီအချစ်တရားနဲ့ ပြည့်စုံနေရင် အဲဒီအိမ်ထောင်ရေး ဘယ်တော့မှ မပြိုကွဲဘူး''

''စိတ်ချပါ ... ဘကြီးဗျိုင်းရာ။ ကျွန်တော် အိမ်ထောင်ပြုချင်တာ တဏှာရာဂ ကိလေသာ ဦးစားပေးချင်လို့ မဟုတ်ပါဘူးဗျာ။ သားနဲ့ ယောနဲ့ သမီးနဲ့ သိုက်သိုက်မြိုက်မြိုက် ပျော်ပျော်ရွှင်ရွှင်လေး နေချင်လို့ပါဗျာ''

တိုတိုပဲ ပြောကြစို့ဗျာ ...။

မလဆန်းတို့ မိဘများထဲမှာ မိုးကြိုးကုန်းရွာက ဘကြီးဗျိုင်းတို့ လူကြီးအဖွဲ့က ငှက်ကျားကြီး သတို့သားလောင်းကို ခေါ်သွားပြီး မိသားယောပီပီ တောင်းရမ်းပြောဆိုပေးကြတယ်။

ဘကြီးဗျိုင်း၊ ဘကြီးမှိုင်း၊ ဘအုန်းသောင်၊ မုဆိုးကြီးဦးလေးမောင်နဲ့ ဘုရားဒကာကြီး ဦးလူကြွယ်တို့ကလည်း ကိုယ့်လူဘက်က ပို့ပေးရတာပေါ့။

ငှက်ကျားကြီး တော်တဲ့အကြောင်း၊

လိမ္မာရေးခြားရှိကြောင်း၊

ရပ်ရွာအကျိုး ကိုယ့်အကျိုးစွန့် ကူညီပုံအကြောင်း၊

သတ္တိကောင်းသည့် နေရာမှာလည်း လူလူချင်းမပြောနှင့် ဘီလူးသရဲကအစ သူ့ကိုကြောက်သည့်အကြောင်း၊

အလုပ်ကြိုးစားရာတွင်လည်း ပြိုင်ဘက်မရှိကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးငါးဦးကလည်း ဦးကျမ်းတစ်ထည်စီ ကြိုလက်ဆောင်ရထားတော့ ...

မကောင်းတာမှန်သမျှ ဖုံးမိပြီး ကိုယ့်လူကို ချီးမွမ်းခန်းတင် ပို့ပေးရတယ်။

အဲဒါ မလဆန်းတို့အိမ်က တည်ခင်းညှော်ခံသည့် ကိတ်မုန့်လည်း ချလို့မလောက်ဘူး။

လက်ဖက်လည်း (ရ)ပွဲရှိပြီ။

ချလိုက် ပြောလိုက် စားလိုက် ပြောင်သလင်းခါလိုက်။

ငါးယောက်သား စားတာ လက်မလည်ဘူး။ ပြန်ခြင်းမခတ်လို့ အချင်းချင်း မင်္ဂလာအိမ်မှာ စောင်တောင်တောင် ဖြစ်ကြသေးတယ်။

တိုတိုပဲပြောမယ်ဗျာ ...။

မလဆန်းက ပထမယောကျ်ားနဲ့ ရတဲ့ကလေး ငါးနှစ်သားကို မိဘ ဘိုးအေဘွားအေနဲ့ ထားခဲ့ပြီး မင်္ဂလာကိစ္စပြီးတော့ သျှောင်နောက်ဆံထုံးပါ ငှက်ကျားကြီးအိမ်ကို လိုက်ခဲ့တယ်။

သားလေးက မအေနဲ့ခွဲရမှာမို့ မျက်ရည်လည်ရွဲနဲ့ မအေကိုဖက်ထားတယ်။

မလဆန်းရဲ့ ပါးပြင်ပေါ်မှာလည်း မျက်ရည်တွေ စိုရွဲလို့ပါ။

အင်းပေါ့လေ ...

ကိုယ့်ရင်နဲ့ လွယ်မွေးရတဲ့ အမေတစ်ယောက်အနေနဲ့ ဘယ်ခွဲချင်ပါ့မလဲ။

ပြီးတော့ အဖေနှင့်အမေ ...

သူမရှိရင် ဘယ်လိုများရှိနေမလဲ။

ကလေးကတစ်ဖက်နဲ့ စားရေးသောက်ရေးတစ်ဖက်နဲ့ နိုင်နိုင်နင်းနင်းမှ ရှိပါ့မလား။

ဒီအဖေနှင့် အမေကို မလဆန်းတစ်ခါမှ မခွဲဖူး။

အရင်ယောကျ်ားတုန်းကလည်း ဒီမှာပဲ အတူနေခဲ့ကြတယ်။





ကိုငှက်ကတော့ နောင်အခါမှ အတူလာနေပါရစေ။ သူ မနေတတ်သေးပါ။ ယောက္ခမနဲ့အတူ မနေဖူးလို့ပါတဲ့။

ဒီလိုနဲ့ ...

သားကိုလည်းကောင်း ...

မိဘနှစ်ပါးကိုလည်းကောင်း ...

မျက်ရည်လည်ရွဲ ရှိုက်ကြီးတငင် နှုတ်ဆက်ပြီး လင်အသစ်နောက် လိုက်ခဲ့ရတယ်။

"အမေ ..."

"သား ... သားလေး ... ရယ် ..."

"အမေ ... ပြန်လာမှာလား ဟင် ... အမေ"

"အို ... သားရယ် ... အမေ မကြာခင် သားဆီကို ပြန်လာခဲ့မယ် သားလေး။ အမေ လာခေါ်မယ်။ အင့် ... ဟီး ... ဟီး ..."

"အီး ... ဟီး ... ဟီ ..."

သွားခါနီး သားအမိနှစ်ယောက် ဝမ်းနည်းပက်လက် ဖက်ငိုလို့ ...ဘူး။

အဲဒါ ဘိုးလေးနဲ့ဘွားလေးက မြေးကို ချော့ခေါ်သွားလို့ မျက် ...ရောက်မှ လင့်နောက်ကို မလိုက်ချင်လိုက်ချင်နဲ့ လိုက်ခဲ့ရတယ်လေ။

ရွာကိုရောက်တော့ နေဝင်စပြုနေပြီ။

ဒီမှာ ဘကြီးဖျိုင်းက ကျွန်တော်တို့ကို မေးရဲ့ဗျာ။

"မောင်မှိုင်း ..."

"ဗျာ ... ဘကြီးဖျိုင်း"

"မင်းကောင်း ဟန်ပါ့မလားကွ ... ဟင်"

"ဘာတုံး ... ဘာကိုပြောတာတုံး ဘကြီးဖျိုင်းရ"

"မင်းကလည်း တုံးပါ့ ... မောင်မှိုင်းရာ။ ဒါကြောင့်လည်း မင်း ...တဲ လူပျိုကြီးဖြစ်နေရတာ။ သူတို့လင်မယား အဆင်မှပြေပါ့မလား ...ဘာကွ"

www.burmeseclassic.com



"ပြေမှာပါဗျာ ..။ ငှက်ကျားကြီးက သားမယားနဲ့ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် နေချင်တာပါဗျာ။ သူလည်း အချစ်ရေး၊ အိမ်ထောင်ရေး အတွေ့အကြုံရှိပါတယ်။ အဆင်ပြေသွားမှာပါ"

ပြောရရင် ...

ကျွန်တော်တို့အုပ်စုက မပြကြီးတို့ထန်းရည်ဆိုင်မှာ ငှက်ကျားကြီးနဲ့ မုဆိုးမ မလဆန်းတို့ရဲ့ မင်္ဂလာသတင်းကို နားစွင့်နေကြတယ်။ မိုးလည်းလင်းရော ကြားရပါလေရောဗျာ။

အဲဒါ မမိုးလင်းကြီးက ပြောတာ။

"ဟဲ့ ... ပျော်ချင်းရဲ့။ ငှက်ကျားကြီးမိန်းမ အစောကြီး အထုပ်ဆွဲလို့ သူ့ရွာပြန်ပဟဲ့"

"ဟုတ်ရဲ့လား ... မမိုးလင်းရ"

"ကားဂိတ်မှာ ငါကိုယ်တိုင် မြင်ခဲ့ သိခဲ့ရတာ။ ငါက မေးတယ်ဟဲ့ ... မလဆန်း ... ဘယ်တုံးဆိုတော့ ရွာကိုပြန်တော့မယ် အစ်မရယ်တဲ့။ ပါးပြင်ပေါ်မှာလည်း မျက်ရည်တွေ ရွဲလို့"

"ဘုရား ... ဘုရား ..."

"ဘယ်လိုဖြစ်တာတုံးဗျာ"

"လင်မယား စကားများ ရန်ဖြစ်လို့လားဟင် ... မမိုးလင်း"

"မဟုတ်ဘူး ..."

"ဒါ ... ဒါ ... ဆို ... ဘာ ... ဘာဖြစ်လို့လဲ ဟင်"

"မမိုးလင်းက ပြောတယ်။ ရွာမှာကျန်ခဲ့တဲ့ သူ့သားနဲ့ သူ တစ်ခါမှ ခွဲမအိပ်ဖူးဘူး။ အစ်မရယ် ... ကျွန်မသားကို လွမ်းလို့ ကျွန်မ သေရတော့မယ်တဲ့။ ပြီး အဖေနဲ့ အမေကိုလည်း အရမ်းသတိရတယ်။ ကြာရင် ကျွန်မ ရင်ကွဲနာကျပြီး သေရမှာမို့ ကျွန်မ ကိုငှက်ကို ရှိခိုးတောင်းပန် ကန်တော့ပြီး ဒီဘဝ ဒီမျှနဲ့ပဲ ရပ်ကြပါစို့ ကိုငှက်ရယ်လို့ မျက်ရည်နဲ့တောင်းပန်ပြီး သားနဲ့အမေရှိရာ ရွာကိုပြန်တာပါ ... အစ်မရယ်လို့ ပြောပြီး ကားဂိတ်မှာ ငိုရှာတယ်ဟယ်"





"ဖြစ်မှ ဖြစ်ရလေဗျာ"

နောက်ဆုံး ကျွန်တော်တို့ ငှက်ကြီးရှိရာကို ချီတက်ခဲ့တယ်။

"ငှက်ကျားကြီး ... ငှက်ကျားကြီး ..."

"ဟော့ ... ငှက်ကျားကြီး"

"ဟော့ကောင် ... သေနေသလားဟေ့"

"ငှက်ကြီး ..."

"ဟော ..."

အိမ်ထဲက လေးတွဲ့တွဲ့ ပြန်ထူးသံကို ကြားရတယ်။

"တို့ကောင်အသံက လေးတေးတေးကြီး"

"ဟုတ်တယ် ... ဘယ်လိုဖြစ်တာတုံး မသိဘူး"

"ဒီတစ်ခါ သူ့ခံလိုက်ရပုံပဲ"

တံခါးဖွင့်ဝင်တော့ ... အံမယ် ... ငနဲသားကြီးက အရက်တစ်လုံး ...ထောင်ပြီး တဂွပ်ဂွပ်နဲ့ ငုံ့သောက်နေတာကိုး ...

"ငှက်ကြီး ..."

"ဘာ ... ဘာတုံး"

"မင်း ... မိန်းမရော"

"အေ့ ... ဂေ့ ... ဂေ့ ... ရှုလွတ်"

"ဟော့ကောင် ... မင်းမိန်းမရောလို့ မေးနေတယ်လေ"

"မ ... ရှိ ... တော့ ... ဘူး"

"မရှိရအောင် ဘယ်သွားလို့တုံး"

ကျုပ်တို့က မသိချင်ယောင်ဆောင် မေးနေတာပေါ့။

"အေ့ ..."

"ပြောလေကွာ"

"အေ့ ... ဂေ့ ... သူလည်း ငါ့ကို ... ပစ် ... ပစ်သွားပြီ"

"ဟော ..."

"ဟုတ်ရဲ့လား ငှက်ကြီးရာ ... သူငယ်ချင်းရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှဟုတ် ...အေ့ ..."

"ဘာကြောင့် မင်းကို ပစ်သွားရတာတုံး သူငယ်ချင်း"

"မပြောပါရစေနဲ့ကွာ ...ငါ စိတ်ညစ်လွန်းလို့ပါ"

"ဝှပ် ..."

ပြောရင်း အရက်တစ်ခွက်ကို ရေမရောဘဲသောက်လို့ အကျိုကြယ်သီးများကိုဖြုတ် ရင်ဘတ်ကို ပါးစပ်လေနဲ့ မှုတ်နေတယ်။

"ပြောပါ ...သူငယ်ချင်း။ မင်းတို့ ငါတို့က ဒီရွာ ဒီအရပ်မှာ ငယ်ပေါင်း အချစ်ဆုံး အခင်ဆုံး သူငယ်ချင်းတွေပါ ...ငှက်ကြီးရယ်။ တစ်ယောက်နဲ့တစ်ယောက် ဆိုးတိုင်ပင် ကောင်းတိုင်ပင် ရှိရမှာဥစ္စာ။ မင်းတို့မှာ အိမ်ထောင်ရေးအခက်အခဲရှိနေရင် ငါတို့ ဘယ်လိုကူညီရမလဲ။ ပြောပေးရမလဲ ပြော ..."

"ဟူး ..."

"ပြောလေကွာ ..."

"နေပါစေ ...မောင်မှိုင်းတို့ရာ။ ငါ့ထိုက်နဲ့ငါ့ကံ ရှိပါစေကွာ"

"ငှက်ကြီး ..."

" ..."

"ငါတို့ ကြားပြီးပြီ။ မင်းမိန်းမ မလဆန်း သူ့ရွာကို မနက်အစောကြီးက ပြန်သွားပြီဆို။ အဲဒါ ဟုတ်လား ..."

"ပြောပါ ..."

"ပြောပါဟ ...ငှက်ကြီးရ"

မေးလွန်းမကမေးမှ သူက ခေါင်းညိတ်တယ်။

"အင်း ..."

"ခဏပြန်တာလား"

"မဟုတ်ဘူး။ အပြီးပြန်သွားပုံကွ"

"ဖြစ်ရလေကွာ ...။ ညားတာမှ တစ်ညရှိသေး။ နေပါဦး ...ငှက်ကြီးရ ...မင်းတို့ညတုန်းက လင်မယားအရာရော မြောက်ခဲ့ရဲ့လား"





ဒီလိုဝိုင်းမေးတော့ ကျွန်တော်တို့အားလုံးရဲ့ မျက်နှာကို အရက်နီဝေနေတဲ့ မျက်လုံးနဲ့ လိုက်ကြည့်နေပြီး ...

"မြောက်လား ..."

"မြောက်မှာကွာ ...နော် ..."

"ဟုတ်လားဟ ...ငှက်ကြီးရ"

"သူငယ်ချင်း ..."

"အေး ...ပြော ..."

"ညတုန်းက ...သူ ...တစ်ညလုံး ...ငို ...ငိုနေတယ်"

"ဟေ ..."

"ဘုရား ...ဘုရား ..."

"အကျိုးတော့ နည်းပြီပေါ့။ ဟုတ်လား"

"မင်းကလည်း ငှက်ကြီးရာ ...ဘကြီးဖျိုင်းရယ်၊ ဘကြီးမှိုင်းရယ် အတန်တန် သတိပေးထားလျက်သားနဲ့ကွာ။ တောက် ..."

ဒီမှာ မောင်မှိုင်းက ...

"မင်းက လွန်ကိုလွန်တယ် ...ငှက်ကြီးရ"

"မဟုတ်သေးဘူး ...သူငယ်ချင်း။ မင်းတို့ ငါ့စကားကို ဆုံးအောင် နားထောင်ကြပါ။ ပြီးမှ မင်းတို့ ပြောချင်သလို ပြော၊ ဝေဖန်ချင်သလို ဝေဖန်ပါကွာ"

"ဒါဆို ပြောကွာ"

"နေဝင်လို့ မှောင်ရိပ်န် အိပ်ရာဝင်စက စပြီးငိုတာ။ ဒါနဲ့ ငါက မေးရော"

"မလဆန်း ..."

"မလဆန်း ...ဘာလို့ငိုရတာတုံး ညီမ။ ဟင် ..."

"အင့် ...ဟီး ...ဟီး ..."

"ပြောပါ ...။ ညီမ ဘာလို့ငိုရတာလဲ။ အစ်ကို့ကို မနှစ်သက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မ ... မဟုတ်ပါဘူး ... အစ်ကို။ ကျွန်မ ... ကျွန်မ ... သားလေးရယ်၊ အမေနဲ့ အဖေရယ်ကို လွမ်းလို့ ရင်ကွဲမလိုဖြစ်နေပြီ ... အစ်ကိုရယ်။ ဟီး ..."

"အင်း ... ဖြစ်ရလေကွယ်။ ခဏတစ်ဖြုတ်ပဲဥစ္စာ"

"ကျွန်မလေ ... ကျွန်မသားလေးနဲ့ တစ်နာရီ၊ တစ်ရက်တစ်ခါမှ မခွဲဖူးဘူးအစ်ကို။ အဲဒါ ကလေး ငါးနှစ်ရောက်တဲ့အထိပဲ။ အခု သားရဲ့ မျက်ရည်လည်ရွဲမျက်နှာနဲ့ အမေအို၊ အဖေအိုတို့ရဲ့ ပင်ပန်းဆင်းရဲ လုပ်ကိုင်ရှာဖွေစားသောက်ရမည့် အခြေအနေကို သိလို့ မြင်လို့ ... ဟီး ... ဟီး ဟီး ..."

"အစ်ကိုကလည်း ရွာမှာ အဖေတို့နဲ့ အတူမနေနိုင်"

"တစ်ခါမှ အစ်ကို ယောကျ်ားမနဲ့ မနေဘူးလို့ပါ ညီမရယ်"

"အစ် ... ကို ... အင်း ... ဟီး ..."

"ဘာလဲ ... ညီမရယ် ... ပြော ..."

"ကျွန် ... မ ... ကျွန်မ ... ရင်ကွဲနာကျ ... သေရတော့မယ်။ ကျွန်မသားလေး ခုလောက်ဆို မအိပ်ဘဲ ငိုနေတော့မယ်။ ကျွန်မကို ကျွန် ... မ ... ကို ခုချက်ချင်း ... ရွာပြန်ပို့ပေးပါ အစ်ကို ... ပို့ပေးပါ"

"ညီမ ..."

"အင့် ... ဟီး ... ဟီး ... ဟီး ... သားရေ ... အမေ .. ခုချက်ချင်းလာခဲ့မယ် သားရဲ့"

မလဆန်းက ရင်ထုငိုရင်း သူ့အထုပ်ကိုဆွဲပြီး အိမ်ပေါ်က ပြေးဆင်းမယ်လုပ်လို့ မနည်းတားရတယ်။

"ကျွန်မကို မဆွဲနဲ့။ မတားနဲ့အစ်ကို"

"နေပါဦးကွာ ..."

"ကျွန်မ သတိရလွန်းလို့ ရင်ကွဲတော့မယ်။ သွားမယ် ... ဖယ်"

"မလဆန်း ... ညကြီးမင်းကြီး လှေလည်း မရနိုင်တဲ့အချိန်ကြီး





ညီမရယ်။ ညီမ ... မင်းသားနဲ့ မိဘနှစ်ပါးကို သိပ်သတိရလို့ မခွဲနိုင်ရင် အစ်ကို မတားတော့ပါဘူး။ အစ်ကို အနစ်နာခံလိုက်ပါ့မယ်။ ပြန်ပါ ... ညီမရယ်နော် ..."

"အင့် ... ဟီး ... ဟီး ..."

"မင်း အစ်ကို့ကို မချစ်တော့ဘူးလားဟင်"

"ဟီး ... ဟီး ..."

"ပြောလေ ..."

"ကျွန်မကို ခွင့်လွှတ်ပါ ... အစ်ကိုရယ်။ အစ်ကို့ကိုလည်း ချစ်ပါတယ်။ ဒါနဲ့အတူ ကိုယ့်သွေး လူလားမမြောက်သေးတဲ့ သားလေးကို မိအိုအိုလက်ထားခဲ့ပြီး လင်နောက်ကို ကောက်ကောက်ပါအောင် လိုက်ခဲ့တဲ့ အမိုက်မ။

အခု နောင်တနဲ့ လွမ်းလို့ သတိရလို့ ရင်ကွဲနေပြီ .. အစ်ကို။ ခွင့်လွှတ်ပါအစ်ကို။ ဒီဘဝ ပြန်ဆုံဆည်းခွင့် မရခဲ့ရင်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာသော်လည်းကောင်း နောင်ဘဝ သံသရာမှာသော်လည်း ကောင်း အစ်ကိုနဲ့ညီမ ပြန်ဆုံခဲ့ရင် ကျွန်မ တာဝန်ကျေရပါစေ့မယ် အစ်ကို။ အဲဒီကျမှ အချစ်ကို အစ်ကို့အပေါ် နှစ်ဆတိုး ဆထက်ပိုတိုးလို့ အတိုးနဲ့ အရင်းနဲ့ ပြန်ကျေးဇူးဆပ်ပါရစေ ... အစ်ကို။ အခုတော့ အစ်ကို ညီမကို ကယ်ချစ်ရင် အနစ်နာခံပြီး ဥပေက္ခာပြုလိုက်ပါတော့ ... ဟီး ..."

"အစ်ကိုနားလည်ပါတယ် ညီမရယ်။ အစ်ကိုက လူကြမ်းလူရမ်းဖြစ်ပေမယ့် ရင်ထဲမှာ ချစ်တတ်တဲ့ အသည်းနှလုံးရော၊ ခွင့်လွှတ်နားလည် ကြင်နာပေးနိုင်တဲ့ အသည်းနှလုံးရော အပိုပါ,ပါတယ်။ မင်းသွားပါ။ မင်းရဲ့မိဘနှစ်ပါးကျေးဇူးကို ဆပ်ပါ။ မင်းသားလေးရဲ့ လိုအပ်တောင်းတနေတဲ့ အမေ့မေတ္တာကို ပြန်ဖြည့်ပေးပြီး လူလားမြောက်အောင် ပြုစုပျိုးထောင်ပါ။ အချစ်ကံခေလွန်းလှတဲ့ အစ်ကိုကတော့ မင်းကို ညီမလေးလို သဘောထားပြီး အဝေးကနေ ချစ်မြတ်နိုးနေပါ့မယ် မလဆန်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုလည်း ငါက ဝမ်းနည်းပမ်းနည်းအသံနဲ့ ပြောရော မလဆန်းက မျက်ရည်လည်ရွဲ ရှိုက်ကြီးတငင်ငိုရာကနေ ပြေးထလို့ ...

ငါ့ကိုဖက်ပြီး ငါ့ပါးကို အခါခါ အကြိမ်ကြိမ် နမ်းခဲ့တယ်။

ငါ့ပါးကြမ်းကြမ်းပေါ်မှာ မလဆန်းရဲ့ မျက်ရည်ပူပူတွေ စိုရွှဲပြီး ချစ်သင်္ကေတစီးကြောင်းများ ကျန်ခဲ့တယ်။

ငါကလည်း သူမရဲ့ ကိုယ်လုံးဖွံ့ဖွံ့ ခါးသိမ်သိမ်လေးကို ဖက်ပြီး သူမရဲ့ မျက်ရည်စိုရွှဲ ပါးနှစ်ဖက်ကို အားရပါးရ နမ်းပစ်ခဲ့လိုက်တယ်။

သည့်နောက် ... သူမက ငါ့ရင်ခွင်ကြားကနေ ရုန်းထွက်ပြီး ငါ့ကို ရှိုက်သံနင့်နင့် ထိုင်ကန်တော့ရှာတယ်။

ငါ့ပါးပေါ်မှာလည်း မျက်ရည်တွေ စီးလိမ့်ကျနေပါပြီကွာ။

သည့်နောက် သူမကို ဖျာခေါင်းအုံးပေါ် အသာလှဲချပေးလို့ စောင်ခြုံပေးပြီးနောက် ...

ငါလည်း ခေါင်းအုံးနဲ့စောင်ကိုယူပြီး အိမ်ရှေ့မှာ အိပ်ခဲ့လိုက်တယ်။ မိုးလင်းလို့ ထကြည့်တော့ မလဆန်းမရှိတော့ဘူး။

ဟူး ...

ရွာကို ဖြောင့်ဖြောင့်တန်းတန်း ရောက်ပါစေ။

ကြားရချက်ကြောင့် ကျွန်တော်တို့အားလုံးလည်း ရင်နင့်ခဲ့ရတယ်။ အချစ်ကံခေလိုက်တဲ့ သူငယ်ချင်း ...

ဘဝကို အချစ်နဲ့တည်ဆောက်ချင်တဲ့ ကောင်ကြီး။

သားသမီးတွေနဲ့ ပြုံးပန်းပွေ့ပိုက် ပျော်ပျော်ရွှင်ရွှင်နေချင်တဲ့ အချ... သမားကြီး၊

ခုတော့ ...

သန့်စင်တဲ့ မေတ္တာတရားကို ရင်မှာ မျက်ရည်နဲ့ တွေးပိုက်... ပိုက်ပြီး အလွမ်းရင့် ရာသီထဲမှာ သတိရခြင်းတွေနဲ့ ဆက်လက်ရှင်သ... မျက်ရည်စိုပေဦးပေါ့ ... ငှက်ကျားကြီး ... သူငယ်ချင်းရယ် ...

✿ ✿ ✿

# | ၁၈ |

❑

အမ်မယ် ... ငှက်ကျားကြီးရဲ့အစွမ်းက တဖြည်းဖြည်း ထင်ပေါ် ...တာသဗျ။ သရဲခြောက်တဲ့သစ်ပင်၊ တစ္ဆေခြောက်တဲ့သစ်ပင်မှန်ရင်လည်း ...စပ်စပ်မှာ ငှက်ကျားကြီးရဲ့တင်းချက်နဲ့ ကုန်ပြီခင်ဗျ။

ဒါနဲ့အတူ သရဲတစ္ဆေခြောက်တာလည်း မကြားရတော့ဘူး။

အဲဒါ ငှက်ကျားကြီးမှာ တစ္ဆေနိုင်ဆေးရှိတယ်ဆိုပြီး အချို့က ...ကြီးလို့ တစ္ဆေနိုင်ဆေးတောင် လာတောင်းကြသဗျာ။

"ကိုငှက်ကြီး ..."

"ဘာတုံး ... ကြံ့တိုင်းရ"

"ကျုပ်တို့လည်း နည်းနည်းပါးပါး မျှပါဦးဗျ"

"ဘာကိုမျှရမှာတုံး ငါ့ပစ္စည်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ...ဖွိ ...ခင်ဗျားပစ္စည်းအကြောင်း ထည့်မပြောပါနဲ့ဗျာ ကြက်သီးထလို့ပါ"

"ဒါဖြင့် ငါက ဘာကိုမျှရမှာတုံး ...ကြူတိုင်းနဲ့ကျော်ရ"

"ခင်ဗျားမှာ တစ္ဆေနိုင်ဆေးရှိတယ်လို့ ကြားတယ်"

"ဟော ..."

"ဟုတ်တယ်ဗျ ..။ ခင်ဗျားကြောင့် ပျဉ်ထောင်ကျောင်း၊ ထမလုံ ကျိုက်အင်း၊ ဘုရားကျိုးကုန်းက တစ္ဆေသရဲခြောက်တယ်လို့ နာမည်ကြီး သည့် သစ်ပင်မှန်သမျှ အမြစ်ပါမကျန်ဘူး။ အရင်ရှိတဲ့ ခြောက်တဲ့ လှန့်တဲ့ သရဲတစ္ဆေတွေလည်း အင်္ဂလန်ပြန်ပြေးသလိုလို၊ အိန္ဒိယကို ဗီဇာမဲ့နဲ့ ကူး သွားသလိုလို ပြောနေကြပြီဗျ"

"သောက်ကျိုးနည်း ...ဟုတ်ရဲ့လား ကြူတိုင်းရာ"

"အဲဒါ ကျုပ်တို့ကို တစ္ဆေနိုင်ဆေး၊ သရဲနိုင်ဆေး နည်းနည်းမျှပါ ဗျာ။ အလကားမယူပါဘူး။ အရက်လိုချင် အရက်၊ ပိုက်ဆံလိုချင် ပိုက်ဆံ ကျုပ်တို့ ပေးမှာပေါ့ဗျာ"

"ဟ ...ကြူတိုင်းနဲ့ကျော်ရ ...ငါ့မှာ ဘာတစ္ဆေနိုင်ဆေးမှ မရှိ ပါဘူးကွ"

"မညာပါနဲ့ ကိုငှက်ကြီးရာ ...နည်းနည်းတော့မျှပါ"

"ဘုရားစူးရစေ့ကွာ။ ဘုရားရှိခိုးတောင် ငါ အစအဆုံးမရဘူး ကျော်ရ"

"ဒါဆို ခင်ဗျား ဘာကြောင့် သရဲတစ္ဆေကပ်နိုင်နေတဲ့ သစ်ပင် ကို အမြစ်မကျန် လုပ်ရဲလဲ"

"အဲဒါလား ...အဲဒါက ...ဟောဒါကြောင့်ကွ"

ငှက်ကျားကြီးက ပြောရင်းကနေ အနီးရှိ အသွားထက်ထက် ထင်း ခုတ်ရဲတင်းကြီးကို အားရပါးရ မြှောက်ပြလိုက်တယ်။

"ဟုတ်ရဲ့လား ကိုငှက်ကြီးရာ"

"ဘုရားစူးရစေလို့ ပြောပြီးပကွာ"





"လက်ဖွဲ့တို့၊ အင်းတို့၊ ဂါထာတို့ ရှိမှာပေါ့ဗျ"

"ဘာလက်ဖွဲ့ ဘာအင်းချပ်မှ မရှိပါဘူး ကြူတိုင်းရာ။ ငါပြောပါ့ မောကလား ဂါထာမန္တန်ဝေးလို့ ဘုရားရှိခိုးတောင် အပေါက်လမ်းတဲ့အောင် ဆိုတတ်ပါဘူးဆို"

ကြူတိုင်းနဲ့ကျော်က ငှက်ကြီးရဲ့မျက်နှာကို မယုံသလိုကြည့်နေ ကြတယ်။ မပေးချင်လို့လားဆိုတဲ့ အတွေးက သူ့အာရုံမှာ ဝင်နေတယ်။

"ကြူတိုင်း ..."

"ဘာတုံးဗျ"

"တစ္ဆေနိုင်ဆေးများရရင် ခုတောင် လိုချင်ပေါ့ကွာ။ ဟော ... ဟော ..."

နောက်ဆုံး ကျော်နဲ့ကြူတိုင်း ဟိုအကြောင်း ဒီအကြောင်းပြော ပြီး ပြန်ခဲ့ကြတယ်။ သို့သော် ဒီကောင်ငှက်ကြီးက အခု တစ္ဆေသရဲကိုနိုင် တာ ဟုတ်သလိုလိုပဲ။

ကိုင်းကြည့် ...

ငှက်ကျားကြီးက နောက်ပိုင်းမှာ 'လူပူး' ရော 'သရဲပူး' ရော ကုန်လိုက်ရှင်းတာ။ ပြောပြရဦးမယ်ဗျာ ...။

ရွာတောင်ဖျားက မကာတိုးကို ခဏခဏ သရဲပူးနေသတဲ့။

မကာတိုးက အစွဲကြီးတယ်။ နေဝင်ရီတရောပြန်လာရင် သရဲပူးပြီ။ သုဘပို့ကပြန်လာရင် ပူးပြန်ပါပြီ။

နတ်ကန္တားပွဲရောက်လည်း ပူးပြန်ပါပြီဗျာ"

ခေါင်းရင်းအိမ်က လူသေလို့ အသုဘချပြီးရင် သေသူဝိညာဉ်က မကာတိုးကြီးကို ဝင်ပူးပြီး ပြောပြန်ပါပြီ။

"ငါ့သားသမီးတွေ စိတ်မချဘူးဟေ့"

"အငယ်ကောင်ကို မရိုက်ကြနဲ့နော်။ ရိုက်ရင် ငါ့အကြောင်းသိရ မယ်။ ဟင်း ..."

အဲဒါ ပြောလို့ ပူးလို့ဝမှ ထွက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အများအားဖြင့် နေဝင်ဖျိုးဖျ အိမ်လည်ပြန်လာရင် သရဲက ပူးပါပြီဗျာ။ အဲဒါ သရဲပူးတိုင်းကပ်တိုင်း ပယောဂဆရာကြီး ခြောက်ပင်လိန် ဦးပွေးဆင့်ကို ခေါ်ခေါ်ပင့်ရရော။

ခြောက်ပင်လိန် ဦးပွေးဆင့်ကလည်း ဟန်နဲ့ပန်နဲ့ မေးရတာပေါ့။

"ဟဲ့ ... နင် ဘယ်သူတုံး"

"ဘာ ... လုပ် ... မ ... လို့ ... တုံး"

"အဲ ... အဲ ..."

သရဲပူးသလိုရှိတဲ့ မကတိုးက ဆရာကြီးဦးပွေးဆင့်ကို ပြန်အော်တာ။

"နင် ဘာကိစ္စရှိလို့ ခဏခဏ ဝင်ပူးရတာတုံး"

"နင့်အလုပ်မပါဘူး။ ဖယ်နေ"

သရဲမက ခြောက်ပင်လိန် ဦးပွေးဆင့်ကို တစ်ခွန်းမခံ ပြန်ပြောပြီး မျက်ထောင့်နီကြီးနဲ့ ကြည့်တယ်။ တောက်ခတ်တယ်။ ကြမ်းပြင်ကို ဖနောင့်နဲ့ပေါက်တယ်။

အမှောင့်ဝင်ပူးနေတဲ့ မကတိုးကလည်း ခပ်ထွားထွားကြီးကိုး။

အသက် (၃၀) ကျော် အပျိုကြီး။

အချို့ကတော့ မကတိုးက ခေါင်းဆွဲရှိသတဲ့။

"တယ် ... ငါလုပ်ရရင် နင့်ဘဝပြောင်းတော့မယ်"

ခြောက်ပင်လိန် ဦးပွေးဆင့်က အင်းလက်ဝါးနဲ့ မြှောက်ပြီးကြိမ်းတော့ ...

"သယ် ... ငါကိုင်ပေါက်လိုက်ရ ... ပျဉ်ထောင်ကျောင်းသချိုင်း ရောက်သွားတော့မယ်။ ဟင်း ..."

ကြည့်စမ်း ...။ အမှောင့်ပယောဂ ဝင်ပူးနေသည့် မကတိုးက တစ်ခွန်းမှမခံဘူး။ သူချကိုယ်ချ ချရင် ဆရာကြီးဦးပွေးဆင့် မာရသွန်နဲ့ ပြေး ... မပြေးရင် ကိုင်ပေါက်ခံရပြီး စုတ်ပြတ်သွားနိုင်တယ်။





ခြောက်ပင်လိန် ဦးပွေးဆင့်က အရပ်ပုပု ခေါ်တော့ကုလားရုပ်။ နောက်ဆုံး ဦးပွေးဆင့်က အလိမ္မာသုံးပြီး ချော့ရတယ်။

"ညည်း ... ဘယ်သူလဲဆိုတာ အဖေကြီးသိပါတယ်ကွယ်။ ကိုင်း ... ငါ့သမီး ဘာအလိုရှိလို့တုံး။ အဖေကြီးကိုပြော။ ငါ့သမီး စိတ်ချမ်း...အောင် စီစဉ်ပေးမဟေ့။ အဟမ်း ..."

ဒီလိုလေသံကို ပျော့မေးရော ...

"ငါ ... စား ... ချင် ... တယ်"

"ပြော ... ဘာစားချင်တုံး။ ကြက်သား၊ ဝက်သား၊ ဆိတ်သား"

"အမဲသား"

"ဟုတ်ပြီ ...။ ဘယ်နားမှာ ကျွေးရမလဲ။ အစိမ်းလား၊ အကျက်...း ... ပြော"

"အမဲသား ... တစ် ... ပိဿာ ... ချက် ..."

"ဟုတ်ပြီ ... ပြော"

"သချိုင်းဇရပ်ပေါ်မှာ ညဘက်နီးခေါင် ငှက်ပျောရွက်ထမင်းစုံနဲ့ သွား... ဟင်း ... ဟင်း ... ဟင်း ..."

"ပြီးတော့ရော ..."

"ငါပြောသလို ... မ ... လုပ် ... ရင် ... ဟောဒီ တစ်အိမ်...လုံး ..."

"ဝုန်း ..."

"အမယ်လေး ... သောက်ပလုပ်တုတ်"

မကတိုးကြီးက ပြောရင်းနဲ့ ခြေဆောင့်လိုက်တာ ဆရာကြီးဦးပွေး...ဆင့် လန့်ပြီး ပုဆိုးပါကျွတ်လို့ နီးရာလူက ကောက်ဝတ်ပေးရတယ်။ တော်...းတာပေါ့ အတွင်းခံဘောင်းဘီပါလို့။ နို့မို့ ... သောက်ရှက်ကိုကွဲ"

"မ ... မ ... လုပ်နဲ့ ... သမီးတော်ကြီးရဲ့"

"ငါ ... ဘယ်သူလဲ ... သိ ... လား"

"မ ... က ... တိုး"



www.burmeseclassic.com

www.burmeseclassic.com



"သယ် ... ငါလုပ်လိုက်ရရင်တော့လားကွာ။ ဟင်း ... ဟင်း ... ဟင်း ..."

မကာတိုးကြီး တုန်ခါယိမ်းထိုးပြီး ဒေါသဖြစ်နေတာ။ ဆရာကြီး ဦးပွေးဆင့်ကို အစိမ်းစားတော့မည့်အတိုင်း ကြည့်နေတာ။

"သမီးတော်ကြီး ... ဘယ် ... သူ ... လဲ ... ဆိုတာ အမေ ကြီး ... သိ ... သိပါတယ်။ (အမှန်က သိတာမဟုတ်ဘူး ကြောက်ကြောက် နဲ့ ရမ်းပြီးနေတာ) ငါ့သမီးစိတ်ကြိုက် မဆလာနိုင်နိုင်နဲ့ ချက်ပြီး ပို့ပေး မယ်။ ဘာများမှာချင်သေးတုံး ပြောပါ"

"ခုနစ်ရက်တစ်ခါ ကျွေးရမယ်"

"ဗျာ ..."

"ဘာလဲ ... မ ... ကျွေး ... ချင် ... ဘူး ... ပေါ့"

"အဲ ... အဲ ... အိမ်ရှင်တို့ ဘယ်လိုသဘောရသလဲခင်ဗျား"

ဦးပွေးဆင့်က မကာတိုးကြီးရဲ့ မိဘနှစ်ပါးနှင့် အစ်မများဘက်လှည့် ပြီး မေးရော။ မကာတိုးကြီးရဲ့အဖေ ဦးရာကွန်နဲ့ အမေ မခါးတုတ်တို့က ...

"ကျွေး ... ကျွေးပ့ါ ... ပါ့ ... မယ် ... ခင်ဗျာ"

"သမီးကို ... မ ... နှောင့် ... ယှက် ... ပါ ... နဲ့"

"ဟေ ... ငါ့ကို ဆရာမလုပ်နဲ့။ နင်တို့ ငါ့သမီး မိကာတိုးကြီး စိတ်ညစ်အောင်လုပ်နေတာ ကြာပြီ။ နင်တို့ကို ငါ ငါ့သမီးကိုယ်စား ခေါ် ... မယ်"

"အမယ်လေး ... မ ... လုပ်ပါနဲ့ ... ကြောက်ပါပြီရှင့်"

"ကိုင်း ... ကိုင်း ... သည်းခံပါ။ အဖေကြီး ကြားက တောင်းပန်ပါတယ်။ သမီးစိတ်တိုင်းကျ ဖြစ်ရပါစေ့မယ်။ ကိုင်း ... ကို စွပြီးရင် နေရာဌာနကို ပြန်ပါ။ နောက်ပါတွေလည်း ခေါ်သွားပါဗျား"

"သွား ... မယ် ..."

"ကောင်းပါပြီဗျား"

"ဝါး ... အား ... ဟား ... ဟား ..."





မကာတိုးကြီး တစ်ချက်သန်းပြီး ဝုန်းခနဲ ကျသွားပါရော။ အဲဒါ ...ပ်သူက ယပ်ခပ်။ သမီး ... သမီး ... အစ် ... ညီမ ... အော် ...ကာအော်၊ ခေါ်သူကခေါ်။

ဆရာကြီးဦးပွေးဆင့်က သတိမေ့သလိုရှိတဲ့ မကာတိုးကြီးရဲ့နှာခေါင်း ...ကို အောင်ဖေယျတုကတိုးနှာ မန်ကျီးစေ့ နှစ်စေ့ခန့် ထည့်ပေးလိုက် ... ...

"အား ... ဟပ် ... ဟပ်ချိုး"

"အား ... ဟပ်ချိုး ... ဟပ်ချိုး ... ဟပ်ချိုး"

"အမယ်လေး ... ဟပ် ... ချိုး ... ဟပ် ... ချိုး ... အား ...ချိုး ... ဘယ်သေချင်းဆိုး ... လုပ် ... လုပ် ... ဟပ်ချိုး ... ဟပ် ... ဟပ်ချိုး ..."

မကာတိုးကြီးက အဆက်မပြတ်နှာချေ၊ နှာရည်တွေ တောက်တောက် ...ကာ ရှုန်းကန်ပြီး ပွဲကြမ်းမယ်လုပ်ရော။ ခြောက်ပင်လိနီ ပယောဂကု ...ကြီး ဦးပွေးဆင့် ဆေးလွယ်အိတ်ကြီးလွယ်ပြီး ခြေကြွခမျှမယူဘဲ ပြေး ...

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၉ ]

❑

ပြောရရင် တစ်ပတ်ကိုတစ်ခါ သောကြာနေ့ညတိုင်း မကတိုးကြီး ကို အမှောင့်သရဲမက ဝင်ပူးဝင်စီးပြီး အမဲသားတစ်ပိဿာကိုပဲ ချက်ကျွေး နိုင်းနေတာ။

အမဲသားတစ်ပိဿာဆိုတာ နည်းတဲ့ဈေးမဟုတ်ဘူး။

မကတိုးအဖေ ဦးရာကွန့်နဲ့ ဒေါ်ခါးတုတ်တို့က ပိုက်ဆံရှိပေ ကပ်စေးနည်းနည်း။ ဆယ်ပြားစေ့ကို ကျပ်စေ့မှတ်ပြီး ခွာကြည့် ပွတ်ကြ ဆကြည့်နေတာ။

တစ်ပတ်ကိုတစ်ခါ၊ တစ်လလေးခါ ကျွေးနေရတော့ စိတ်ညစ် ပြီ။ ကိုယ်တောင် စားရင် အမဲသားလက်ပုံအစိပ်သားကို အာလူးများ နဲ့ချက်ပြီး တစ်အိမ်သားလုံး ဝေပုံကျစားနေရတာ။





အခု ...မိကတိုးကြောင့် မစားရက်မသောက်ရက် အမဲသား တစ်ပိဿာချက်ပြီး ညည့်သန်းခေါင် ပျဉ်ထောင်ကျောင်းသချိုင်းဇရပ်က အလောင်းတင်ကျောက်ခုံပေါ် တုန်တုန်ရီရီနဲ့ ပြောဆိုတောင်းပန်ကျွေးရတာ နည်းရော့လား။

မကျွေးတဲ့အပတ်မှာ မကတိုးကြီးဝင်ပူးပြီး ပွဲကြမ်းပါရော။ ဆရာ ကြီး ဦးပွေးဆင့်မနိုင်လို့ ကမ်းနားပိုင်းက ကြံ့ကြိတ်ဆရာကြီး ဦးမင်းကြည် လှိုင်ရော၊ ကော်ချဲဆရာစိန်ရော၊ ဆရာကြီး တွေ့မရှောင်ဦးဖိုးစောပါ ပင့်ရ တာ စရိတ်မနည်းဘူး။

နောက်ဆုံး မနေနိုင်လို့ ကျုန်ကပြောရော ...

"ဦးလေးရာကွန့်"

"ဘာတုံး ...ငကျုန်ရ"

"ဦးလေးသမီးကြည့်ရတာ မရိုးဘူးဗျ"

"မရိုးလို့ ဆရာစုံနဲ့ ပြနေရတာပေါ့ မောင်ကျုန်ရ"

"ဦးလေးသမီး သရဲဝင်ဝင်ပူးနေတာကို မြန်မြန်ပျောက်ချင် သလား"

"ဘယ့်နှယ်ပြောပါလိမ့် ...ငါ့တူရာ။ ငါတို့မှာ အမဲသားချည်း ချက်ချက်ကျွေးနေရတာ နှစ်လရှိပြီဗျာ။ မကျွေးရင် သောင်းကျန်းပါရော။ ဆရာဦးပွေးဆင့်၊ ကြံ့ကြိတ်ဦးမင်းကြည်လှိုင်၊ ကော်ချဲဆရာစိန်၊ တွေ့မရှောင် ဦးဖိုးစောတို့လည်း စိတ်ညစ်ပြီး လက်ရှောင်ခြေရှော လန့်ကုန်ပြီ။ ဖြစ်နိုင်ရင် မြန်မြန်ပျောက်ချင်ပါ့ ...ငါ့တူရယ်။ ငါ့တူများ ဆရာကောင်းသမားကောင်း တွေ့ထားလို့လား ...ဟင်"

"ရှိတယ်ဗျ"

"ရှိတယ် ...။ ငါ့လူရာ စောစော ပြောရောပေါ့ကွာ။ လုပ်စမ်းပါ ကွာ။ ဘယ်ကဆရာတုံး"

"ငှက်ကျားကြီးလေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ... ငှက်ကျားကြီး၊ နေပါဦး ... ဟိုသုသာန်မှာ မြေကြီးတူး ဘာညာလုပ်တဲ့ ငှက်ကျားကြီးလား"

"ဟုတ်ပဲဗျာ"

"ဟ ... ကျွန်ုပ်ရ သူက ပယောဂဆရာမှမဟုတ်တာ။ စဉ္စာလတစ်ပိုင်း ဖြစ်နေဦးစွာ။ ဘယ့်နှယ်လုပ် သရဲတစ္ဆေ နှင်လို့ရမှာတုံးကွ ... ကျွန်ုပ်ရ"

"ဦးလေးရာကွန့်ကလည်း တုံးပါ့ဗျာ။ အိမ်တွင်းကအိမ်ပြင် ထွက်လေ့လာခြင်း၊ နားစွင့်ခြင်း၊ စူးစမ်းခြင်းမရှိဘဲနဲ့ ရမ်းကြိတ်နေပြန်ပါပြီ။ အခု ငှက်ကျားကြီး ဘာကောင်လဲ သိလား"

ကျွန်ုပ်က ကိုယ်လူ့အကြောင်း သိတာမို့ ရဲရဲအာမခံလိုက်တယ်။

"သူ ဘာကောင်များ ဖြစ်နေလို့တုံး ... ကျွန်ုပ်။ ပြောပါဦး"

"အခု တစ္ဆေနိုင်၊ သရဲနိုင် ငှက်ကျားကြီးလို့ နာမည်ကြီးနေတာဗျ"

"ဟေ ... ဟုတ်ရဲ့လားကွာ။ တော်ကြာ ..."

ဒါနဲ့ ကျွန်ုပ်က ငှက်ကျားကြီး ရွာစဉ်ရပ်စဉ်လှည့် တစ္ဆေကို နှိမ်နင်းပုံ နှင်ပုံ၊ နဝ်စင်တောင်မကျန် ပွဲကြမ်းပုံများအကြောင်း စေ့စေ့စုံစုံ ပြောပြလိုက်ရော ...

"ဟ ... ငှက်ကြီးက ဒီလိုတောင် ဖြစ်နေပလားကွ"

"ဒါကြောင့်ပြောတာပေါ့ ... ဦးလေးရာကွန့်ရာ။ ကျုပ်နှမလေးမိကတုံးရဲ့ ရှက်စရာကောင်းတဲ့အဖြစ်ကို ကိုယ်ချင်းစာနာလို့ ပြောနေတာပေါ့ဗျာ။ ဒီမှာ ဦးလေးရာကွန့်ရ ..."

"ဘာတုံးဟ"

"အစီဖိသုံးကြိမ်ပြန် ဦးပွေးဆင့်တို့၊ ကြုံကြိတ်ဦးမင်းကြည်လှိုင်တို့၊ ကော်ချဲဆရာစိန်တို့၊ တွေ့မရှောင်ဦးဖိုးစောတို့ကို ခေါ်ပင့်ပြတော့ ပိုက်ဆံပေးရမဟုတ်လား"





"ပေးရတာပေါ့ ...။ ဆရာမင်းကြည်လှိုင်ဆို ထမင်းမနက်စာ ညစာပါစားပြီး လန်ဒန်စီးကရက်တစ်ဘူး အပြန်ဝယ်ပေးရသေးတာ"

"တွေ့မရှောင် ဦးဖိုးစောကရော"

"ငါ သင်းအကြည့်ကို မကြိုက်ဘူး။ ငါ့သမီးကိုယ်မှာ ပူးကပ်နေတဲ့ တစ္ဆေကိုမနှင်ဘဲ ငါ့သမီးလက်ကိုပဲ ကိုင်ကိုင်နေလို့ ငါ ရေထမ်းတံပိုးနဲ့ ရိုက်ချင်တာ အကြိမ်နည်းဘူး။ ပြီး ... ဉာလို့ ရွှတ်လိုက်တာနဲ့ ပါးစပ်ထဲက သွားအံပုံအတုကြီး ခထာခထာ ကျွတ်ကျတာ အမြင်ကပ်ရပါ့ကွာ"

"အဲဒါပြောတာပေါ့။ ဒီလူတွေက ပယောဂဆရာ အကြံအဖန်တွေပါဗျ။ ကျုပ်တို့ငှက်ကျားကြီးက လက်တွေ့သမား။ ခြေကြွခပေးစရာမလိုဘူး။ လုပ်ငန်းတကယ်ထူးခြားရင် ကောင်းသွားရင်သာ အရက်တစ်လုံးနှစ်လုံး ဝယ်လက်ဆောင်ပေးလိုက်"

"ကျွန်ုပ် ..."

"ဘာတုံး ... ဦးလေးရာကွန့်"

"မင်း ပယောဂဆရာက အရက်သောက်သလားဟ"

"သူက ပယောဂကုတာမဟုတ်ဘူး။ တစ္ဆေသရဲကို နှင်တာ၊ နိုင်တာ။ ဘုရားကု ကုတာမဟုတ်ဘူး။ လူရွှတ်လူကြမ်းကု ကုတာ"

နောက်ဆုံး ကျွန်ုပ်အပြောကောင်းလို့ ဦးရာကွန့် ငှက်ကျားကြီးကို တစ်နေရာခေါ်တွေ့ပြီး အကျိုးအကြောင်းပြောရတယ်။ ဖြစ်ကြောင်းကုန်စင်ကို နတ်သံနှော့ကြရတယ်။

"အဲဒီလို သချိုင်းကုန်းမှာ သရဲတစ္ဆေစာ အမဲသားကျွေးရတာ ဘယ်နှစ်ခါရှိသလဲ ... ဦးလေး"

"တစ်ပတ်တစ်ခါနဲ့ အားလုံး နှစ်လ (၈) ခါရှိပါပြီကွယ်။ မနက်ဖြန်ညဆို သန်းခေါင်ယံမှာ အမဲသားတစ်ပိဿာချက်ပြီး သွားကျွေးရတော့မယ်"

"ဦးလေး ..."

"ပြော ... မောင်ငှက်ကျားကြီး"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် သွားကျွေးလိုက်ပါ။ နောက်တစ်ခါ ကျွေးစရာမလို အောင် ဦးလေးသမီး မကာတိုးကြီးကို ဝင်ပူးကပ် နှောင့်ယှက်နေတဲ့ အမှောင့် ပယောဂကို ကျွန်တော် လုံးဝနှင်ပေးလိုက်မယ်။ သိလား"

"အားကိုးပါတယ် ... ငါ့တူကြီးရယ်။ ဟို ... ဟို ... အုန်းသီး ငှက်ပျောသီး ... ကန် ... ကန် ... တော့ပွဲများ ... လို ... လို ... မ ... မ ... လား ... ဟင်"

"ဘာကန်တော့ပွဲ၊ အုန်းပွဲမှ မလိုဘူး။ ဦးလေးပြန်နှင့်"

ဦးရာကွန့် ဝမ်းသာသွားတယ်။ အုန်းပွဲ၊ ငှက်ပျောပွဲ မလိုဘူးပြော လိုက်လို့လေ။ ပိုက်ဆံ မကုန်တော့ဘူးပေါ့။ အဟုတ် ...။

ဟို ... ဦးပွေးဆင့်ရယ်၊ မင်းကြည်လှိုင်ရယ်၊ ဦးဖိုးစောရယ်၊ ဆရာ စိန်ရယ်တုန်းက ငှက်ပျောပွဲတဲ့။ ဖီးကြမ်းနဲ့မလုပ်နဲ့၊ ရွှေငှက်ပျောနဲ့ဆိုလို့ ကိုယ်တောင်မစားဖူးဘူး၊ ဝယ်ထည့်ရပါရောလား။

ဟိုတုန်းက ငွေငါးမတ်ပဲ ကြားဖူးတယ်။

အခု ... ငွေငါးထောင်တဲ့။ ဘုရား ... ဘုရား ... ကြားရချက် ကြောင့် သွေးပေါင်တက်လာတယ်။

ပိတ်စက ငါးတောင်တဲ့။

မြတ်စွာဘုရား ...။ ပိတ်စက ဘာလုပ်ဖို့တုံး မေးရော ...

ပူးနေတဲ့သရဲတစ္ဆေကို ဝတ်ဖြူစင်ကြယ်ဝတ် သူတော်ကောင်းဘဝ ရောက်အောင် ပို့ပေးရမှာ။ ဒါမှ ခင်ဗျားတို့အိမ်ရှင်မိသားစု ကုသိုလ်ရမှာ တဲ့"

ဒါနဲ့ အနီးပိတ် ငါးတောင် သွားဝယ်နိုင်းရော ...

ဘာပြောမှတ်လို့တုံး ... အနီးပိတ်မရဘူး။ သရီးရိုင်ဖယ်ပိတ်စ ဆိုလို့ ဦးရာကွန့်မိန်းမ ဒေါ်ခါးတုတ် တက်ပြီး သတိလစ်သွားပါရောလား။ မနည်းကို နှာနှပ်ယူရတယ်။

အဲဒါ ကြိုကြိုတ်ဆရာ ဦးမင်းကြည်လှိုင် လုပ်ချက်။





(ကြိုကြိုတ်) (ကြိုကြိုတ်) ဆိုလား၊ ရွာနာမည် ဒေသနာမည်လို့ မှတ်နေတာ ဘယ်ကဟုတ်ရမှာတုံး။

ကြိုရင်ကြိုတ်လိုက်တဲ့ အဓိပ္ပာယ်ကိုပြောတာ၊ ရည်ညွှန်းတာကိုး။

အလှူမှာကြိုရင် တစ်ဝကြိုတ် ...

ဘုန်းကြီးပျံမှာကြိုရင် တစ်ဝကြိုတ် ...

ဆွမ်းတော်ကြီးတင်နဲ့ကြိုရင် တစ်ဝကြိုတ် ...

ကိုယ့်ဘက်က ပေးစရာ ကုန်စရာမလိုဘဲ အသားတင်ဝင်ကြိုရင် ကြိုသလိုကြိုတ်လို့ ကြိုကြိုတ် ဦးမင်းကြည်လှိုင်ရယ်လို့ နာမည်ကြီးတာကိုး။

သရီးရိုင်ဖယ်ပိတ်စ ငါးတောင်ကလည်း သရဲတစ္ဆေတွေကို ပိတ်ဖြူဝတ်ဘဝ ရောက်အောင်လုပ်ဖို့မဟုတ်ဘူး။ သူ့ ရုပ်အကျီလက်ရှည် ချုပ်ဝတ်ချင်လို့ ရှင်ဖန်တီးတာ။

တွေ့မရှောင်ဆရာစောကလည်း လက်ကျမြန်တယ်။

အဲဒါ ကျွန် အသိပေးမြန်လို့ပေါ့ဗျာ။

နို့မို့ ... ဦးရာကွန့်သမီး မကာတိုးကြီး သားတစ်ယောက်အမေ ဘဝနဲ့ မျက်ရည်လည်ရွဲဘဝ ရောက်နိုင်သတဲ့။

အခု ကန်တော့ပွဲလည်း မလိုဘူး။ သရီးရိုင်ဖယ်ပိတ်စ ငါးတောင် လည်း မလိုဘူး။ ရေစင်ဖိုးငါးထောင်လည်း ထည့်စရာမလိုဘူးဆိုတော့ ဒီလို ခပ်ချောင်ချောင် ဈေးသက်သက်သာသာဆရာမျိုး တကယ်အကျိုးထူးခဲ့ရင် အိမ်ဦးခန်းတံင် ကိုးကွယ်ရမှာပေါ့။ ဟုတ်ဘူးလား ... နော"

✿ ✿ ✿

www.burmeseclassic.com

[ ၂၀ ]

❑

ဒီနေ့ ကြာသပတေးနေ့ညပေါ့။ ထုံးစံအတိုင်း မကတိုးကြီး မှောင်ရီသရောပြန်လာရင်း ဝုန်းဒုန်းနဲ့ ပူးပါကပ်ပါလေရောခင်ဗျ။

"ဟော့ ... ငါ ... ငါ ... ကို ... ဘာ ... ထင် ... လို့ ... တုံး ... ဟုံး ... ဟုံး ... ဟုံး ..."

"တစ် ... အိမ် ... သား ... လုံး ... သေချင်လို့လား ... ဟော့ ... အေ ... ဟင်း ... အင်း ..."

"အကုန်သုံး ... လက် ... အုပ် ... ချီ ... ခ ... ခ ... စားကြ ... ဟ ... ဟ ... ဟ"

မကတိုးကြီးကို ပူးကပ်နေကျ အမှောင့်သရဲကဝင်ပြီ။ မိသားစုအားလုံး စိတ်လည်းညစ်၊ ကြောက်လည်းကြောက်နဲ့ လက်အုပ်လေးတွေချီပြီး နားထောင်ရ ...





"နင် ... တို့ ... ဘာ ... လုပ် ... ပေးရမှာကို သိတယ်မဟုတ်သား ... ဟား ... ဟား ..."

ဒီအချိန်မှာပဲ ငှက်ကျားကြီးနဲ့ မောင်ကျန်ရယ်၊ ကျွန်တော်တို့အုပ်စုနေရယ် အိမ်ပေါ်ကို ရောက်သွားရော။

ငှက်ကျားကြီးကလည်း ပယောဂနှင်ရမည့်ဆရာဆိုသည့် ဂုဏ်နှင့်အညီ လည်ကတုံးအဖြူလက်ရှည်နဲ့ ကချင်ပုဆိုးနဲ့ ခန့်ညားလို့ပေါ့ဗျား။

ပွဲက ဘယ်လိုနေမလဲ မသိဘူး။

"ဟော ... မောင်ငှက်ကျားကြီးတို့ ရောက်လာပြီလားဟေ့။ လာသာ ... မြင်တဲ့အတိုင်းပါပဲ ... မောင်ငှက်ကြီးရယ်"

"ဘယ်အချိန်က ဝင်ပူးနေလဲဗျာ"

"စောစော မှောင်စပျိုး အပြင်ကလည်းပြန်ရောက်ရော ဝုန်းဒိုင်းကြည့်ပါရောကွယ်"

"ဦးလေးနဲ့ အဒေါ် ..."

"ပြောပါ ... မောင်ငှက်ကျားကြီး"

"ဒီလူနာကို ကျွန်တော်ကပေးဖို့ ကျွန်တော့်လက်ထဲအပ်မှာလား"

"အပ် ... အပ် ... ပါ ... တယ် ... ငှက်ကျားကြီးရယ်"

"ကိုင်း ... အားလုံးကြားတယ်နော်။ ကာယကံရှင်ရဲ့ မိဘနှစ်ပါးက တစ္ဆေသရဲပူးနေတာ နှင်ပေးဖို့ ဆရာလုပ်တဲ့ကျုပ်ကို အပ်လိုက်ပြီ။ ကိုင်းပေါ့ ... မိကတိုးကြီး ..."

"ဘာတုံး ... ဟူး ... ဟူး ... ဟူး ..."

ကိုငှက်ကျားကြီး ပြုံးလိုက်တယ်။ ပြီး ... မိကတိုးကြီးရှေ့မှာ ရပ်ပြီး ကတုန်ကယင် ဟိုယိမ်းဒီယိုင် မိကတိုးကြီးရဲ့မျက်လုံးကို အားပြိုင်စိုက်ကြည့်လိုက်တယ်။

မိကတိုးကြီးကလည်း မျက်လုံးပြူးပြူး၊ မျက်တောင်မခတ်၊

ငှက်ကျားကြီးကလည်း မျက်လုံးရဲရဲ မျက်တောင်မခတ် အားပြိုင်နေတာ။

www.burmeseclassic.com



"ဟင်း ... ဟင်း ..."

နောက်ဆုံး မိကတိုးကြီး အားပြိုင်လို့မရဘဲ မျက်တောင်စင်းပြီး 'ဟင်း ... ဟင်း ...' လို့ မာန်ဖီသံပြ အသားတုန်ပြ ယိမ်းပြလုပ်နေရဲ့။

"ဟေ့ ... နင့်ကိုငါ ရှင်းရှင်းမေးမယ်။ နင် မိကတိုးကြီးလား။ ရွှေပုဆိုးသချိုင်းက သရဲတစ္ဆေလား။ ပြော ..."

"ဟူး ... ဟူး ... ဟူး ... နင် ... နင် ... က ဘာကောင်မို့လို့လဲ။ ဟူး ... ဟူး ..."

"ဝုန်း ..."

"ဝုန်း ..."

"ဂလွမ်း"

သို့ကလိုမေးပြီး မိကတိုးကြီးက ကြမ်းပြင်ကို ဖနောင့်နဲ့ပေါက်ရော။ ညည်သည်များရှေ့က ရေနွေးကြမ်းလင်ပန်း ခုန်ပြီး မှောက်လရော။ ရေနွေးတွေလည်း စင်ကုန်ရော။

"ဒီမှာ နင့်ကိုငါပြောနေတယ်။ မိကတိုးကြီးအစစ်ဆိုရင် ရပ်လိုက်တော့။ မမိုက်နဲ့ ... ဒါမှမဟုတ် ရွှေပုဆိုးသချိုင်းက သရဲတစ္ဆေ မြေဖုတ်အစစ်အမှန်ဆိုရင် ငါ သုံးခါပြောမယ်။ ခုချက်ချင်း ထွက်သွား။ နင့်ကို အမဲသား လုံးဝမကျွေးဘူး။ နောင်လည်း မလာခဲ့နဲ့"

"သယ် ... အူး ... ဟူး ... ဟူး ..."

"အူး ... ပူး ... ပူး ..."

"ဝုန်း ... ဝုန်း ..."

"တောက် ... ဟင်း ... ဟင်း ... တောက် ... ဟင်း ... ဟင်း"

မကတိုးကြီး အမှောင့်က ကြမ်းပါရောဗျာ။ ဖနောင့်နဲ့ပေါက်လိုက် တောက်ခတ်လိုက်၊ ခုန်လိုက်လုပ်နေလို့ နတ်ကတော်ဒေါ်သက်ရှည်က ကြိုး တစ်ချောင်းနဲ့ မိကတိုးကြီးခါး ထဘီမကျွတ်ရအောင် ချည်ပေးရတယ်။

ဒီအချိန်မှာပဲ အိမ်ရှေ့ကနေ ခွေးတစ်အုပ်က အူပါလေရောချို့





ကြောက်လန့်ကြက်သီးထသွားပါဗျာ။ အမယ်လေး ... လေး ...။

"အူး ... ပူး ... ပူး ... အူး ..."

"အိန် ... အိန် ... ဂိန် ... ဂိန် ... ဂိန် ..."

"အူ ... အူ ... အိန် ... အိန် ..."

"ဘုရား ... ဘုရား ... အဖော်တွေပါ လာပြီနဲ့တူပါရဲ့အေ"

"လုပ် ... လုပ် ... ပါဦး ... မောင် ... ငှက် ..."

"ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

"ဟီး ... ဟီး ... ဟီး ... ဟီး ... ဟီး ..."

"လာခဲ့ကြ ... ဝင်ခဲ့ကြ။ ငါ့ကိုစမ်းချင်တဲ့လူတွေ အကြောင်းသိ ...င် သချိုင်းကုန်းက အဖော်တွေ လာ ... ကြ ... လာ ... ကြ။ ...ခဲ့ကြ။ ဟီး ... ဟီး ... ဟီး ..."

"အူ ... ပူ ... ပူ ... ပူ ..."

"အိန် ... ဂိန် ... ဂိန် ... အိန် ..."

"ရှူး ... ငှက်ကြီး ..."

"ဘာတုံး"

"ဖြစ်ပုံမလားကွ။ အခြေအနေမဟန်ရင် ပြန်ကြပါစို့။ ခွေးတွေ ...း အိမ်ရှေ့မှာအူနေတာ ကြောက်စရာကြီးကွာ"

"အသာနေစမ်းပါ"

"ဟေ့ ... မိကတိုးကြီး"

"ဘာ ... တုံး"

"နင် ... ရပ်မလား၊ မရပ်ဘူးလား"

"သယ် ..."

"အုန်း ... ဝုန်း ... ဂလုံး ..."

ခုန်လိုက်သမျှ အိမ်ကို သိမ့်သိမ့်တုန်ရော။ အချို့က ပြေးဖို့ပြင် ...။ ဦးရာကွန့်နဲ့ ဒေါ်ခါးတုတ်တို့မိသားစုလည်း လက်အုပ်ကိုယ်စီချီပြီး ...ုယ် နားသူငယ်ဖြစ်လို့ လန့်နေတုန်နေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ..."

"အေ ... ဟေ ..."

"ကျွန်တော် သူ့ကိုချွတ်မယ်"

"အမ် ... ဘယ် ... ဘယ် ... လို ... ဘယ်လို ..."

"ဒီသရဲမကို ကျွန်တော်ချွတ်မယ်၊ နှင်မယ်"

"အေ ... အေ ... နိုင်မယ်ဆိုရင် ... လုပ် ... လုပ် ... ပါ ကွယ်"

"သူ့ကို ဟိုအခန်းထဲသွင်းလိုက်"

"ဟင် ..."

"ဘယ်လို ..."

"အခန်းထဲကို သူတစ်ယောက်တည်းသွင်းပြီး ထားခဲ့။ ကျုပ်တို့ လူ အပြင်မှာနေကြ။ မိကတိုးကြီးကို ဝင်ပူးကပ်နှောင့်ယှက်နေသည့် သရဲ ဆယ်မိနစ်အတွင်း အိမ်ပေါ်ကနေ ခုန်ချပြေးရစေမယ်။ ဟော့ ... မိကတိုး ကြီး ... မှတ်ထား ... ငှက်ကျားကြီးဟော့"

"ဝုန်း ..."

ငှက်ကျားကြီးက ကြမ်းကို ခြေနဲ့ပေါက်တော့ မိကတိုးကလည်း ပြန်ပေါက်ပြတယ်။

"ဝုန်း ..."

"ကိုင်းဟာ ... ဝုန်း"

"သယ် ... ဝုန်း"

နှစ်ယောက်ပြိုင်ပေါက်နေလို့ ကြမ်းတွေကျိုးမလိုဖြစ်ပြီး ဂျွတ်ဂျွတ် မြည်လာရော။

"အထဲကို သွင်းလိုက်"

မည်သူမျှ သွင်းလို့မရဘူး။ မိကတိုးကြီးက ရုန်းကန်ကိုက်တာကိုး။ နောက်ဆုံး ငှက်ကျားကြီးကိုယ်တိုင် မိကတိုးသရဲပူးရဲ့ဆံပင်ကို ညာလက်နဲ့ စုဆွဲပြီး အိပ်ခန်းထဲ ဒရွတ်တိုက်ဆွဲလို့ ခုတင်ပေါ်ကိုပွေ့တင် အခန်းလိုက်





တာကို ချလိုက်တယ်။

အခန်းထဲမှာ လျှပ်စစ်မီးလုံးက လင်းလို့။

"မိကတိုးကြီး နှင် အခုချက်ချင်း ပူးတာရပ်လိုက်"

"မရပ်ဘူး"

"နှင် အမဲသား လုံးဝမတောင်းနဲ့"

"တောင်းမယ်"

"မိကတိုးကြီး နှင်သရဲမလား၊ သရဲထီးလား"

"ဟ ... ငါ ... အမဟဲ့ ... အမ ... နှင့်ကို ကုပ်ချိုးသတ် မယ်"

"နှင် ပြောလို့မရ၊ မေတ္တာရပ်ခံလို့ မရဘူးလား။ နှင် သရဲမဆို ရင်ကို ငါ ဒီည မယားအဖြစ် ကောက်ယူခြေတော်တင်မယ်"

"ဘာ ... နှင် သေရစေ့မယ် ... ငလေထွား"

"ကိုင်း ... သိကြရောပေ့ါဟာ။ သရဲမလည်း ငါကကြိုက်ရင် သေ သည်အထိပေါင်းမှာ။ ကိုင်း ..."

"အမယ်လေးတော် ..."

"အမယ်လေး ... အမယ်လေး ... မ ... မ ... လုပ် ... ပါ

"နှင် ... ပူးဦးမလား"

"အမယ်လေး ... လာကြပါဦးတော့"

အမယ်လေးအော်သံနှင့်အတူ သရဲပူးကပ်နေတယ်ဆိုတဲ့ မကတိုး ကြီး ဆံပင်ဖွဲ့ယို့ဖားလျား၊ အဝတ်ဖရိုဖရဲနဲ့ အခန်းထဲကပြေးထွက်လာပြီး အိမ်အပေါ်ထပ်ကို တရကြမ်း တက်ပြေးပါရော။ ထဘီတောင် စွန်တောင် ဖြစ်လို့။

"ငါလာပြီဟေ့ ... သရဲမ ... နှင့်ကို ငါယူမယ်"

"အမယ်လေး ... မလာပါနဲ့ ... မလာပါနဲ့ ... မတက်ခဲ့ပါနဲ့"

"နှင် ထွက်မှာလား။ ပြော ..."



www.burmeseclassic.com

www.burmeseclassic.com



"ထွက် … ထွက်ပါ့မယ်ရှင် … အင် … အင် …"

"နောင်ကို လာပူးဝင်ကပ် လုပ်ဦးမလား"

"မ … မလာတော့ပါဘူး … ရှင် … အင် … အင် …"

"အမဲသားရော တောင်းဦးမှာလား။ ပြောလေ …"

"မ … မ … တောင်း … တော့ပါဘူး .. ပါဘူး … ဟီး … ဟီး … အင့် …"

သရဲမဒိုသံလား၊ မကာတိုးကြီးဒိုသံလား မသိဘူး။ အပေါ်ထပ်အခန်း တစ်ခုထဲက ပြောပြီးဒိုသံကို အပြင်ကနေ တက်ကြည့်နေကြသည့် လူအား လုံး ကြားရမြင်ရရဲ့ဗျာ။

"ဟေ့ … မိကာတိုးကြီး"

"ရှင် … ရှင် …"

"အခု ငါ့ကိုပြောနေတာ ရွှေပုဆိုးသချိုင်းက သရဲမလား … မိကာတိုးကြီးလား … မှန်မှန်ပြောနော်။ ငါဝင်လာလိုက်မှာ"

"မိ … မိကာတိုးကြီးပါ … ရှင် … ရှင် …"

"ကျိန်းသေလား"

"ဟုတ် … ဟုတ်ကဲ့ …"

"သေချာတယ်နော်"

"သေ … သေ … ချာ … ပါတယ် … ရှင့်"

"နင် … ဘာကြောင့် အမဲသားကျွေးခိုင်းတယ်ဆိုတာကို ငါ့ ပြောလိုက်ရမလား"

"ရှင် … ရှင် … အဲ … အဲ … ကျွန် … မ … တော ပန် … ပါ … တယ် … ရှင် … အင် …"

"ဟား … ဟား … ဟား … ဟား … နင် အခု အပြ ထွက်ခဲ့စမ်း"

"မ … မ … ထွက် … ပါ … ရစေနဲ့ရှင့်"

"ဘာလို့မထွက်ရမှာလဲ။ ပြောစမ်း"





"ကြောက် … ကြောက်လို့ပါ … ရှင် … ရှင်"

"ဘယ်သူ့ကို ကြောက်တာတုံး"

"ဟို … ဟို … ဆ … ဆ … ရာ့ကို ကြောက်ကြောက်လို့"

"ဟား … ဟား … ဟား … ဟား … မိကာတိုးကြီး …"

"ရှင် … ဆ … ဆ … ရာ"

"နင့်ကတိကို နင်မှတ်မိတယ်နော်"

"ဟုတ် … ဟုတ် … ကဲ့ … မှတ် … မိ …"

"နောက်တစ်ခါ ဝင်ပူးလာရင်၊ နှောင့်ယှက်ရင် အဲဒီအမှောင့်သရဲမ ဖုတ်ဘီလူးမနဲ့ ငါနဲ့ အညားပဲ။ ကြားလား"

ဘာသံမှ မကြားရတော့ဘူး။ တိတ်သွားတာပဲ။ အားလုံးလည်း လို့ပေါ့ဗျာ။ ဝမ်းလည်းသာလို့ပေါ့။

"ငှက်ကျားကြီး … စွမ်းလှချည်လားကွာ … ဟင်"

"ဒါကြောင့် နာမည်ကျော်တာပေါ့ဗျာ"

"တစ္ဆေနိုင်ဆေးရှိတာ ကျုပ်တို့ယုံတယ်ဗျို့"

"ဘယ်ဆရာမှမနိုင်ဘူး ကိုငှက်ကြီးနဲ့ကျမှ သရဲမက ကတိပေး

ရှိနေသူများက အမျိုးမျိုးချီးကျူးကြတယ်၊ အံ့သြကြတယ်၊ ထောက် တယ်။

"ဦးလေးရာကွန့်"

"အေ … မောင်ငှက်ကြီး"

"ကျုပ်တို့ ပြန်မယ်ဗျို့။ ကိစ္စပြီးပြီ"

"အေး … အေး … ငါ့တူရယ် … ဦးလေး ကျေးဇူးတင်လိုက် ယ်"

"အခေါ်လည်း ငါ့တူကြီးကို ကျေးဇူးတင်ပါတယ် … ငါ့တူကြီး



www.burmeseclassic.com

www.burmeseclassic.com



``ရပါတယ် အခေါ်နဲ့ ဦးလေးခင်ဗျား ... ကိုယ့်တစ်ရပ်တည်း တစ်ရွာတည်းသားများဥစ္စာ။ အရေးအကြောင်းရှိ ကူညီရမှာပေါ့ဗျာ။ သွားမယ်နော်''

ကျွန်တော်တို့အုပ်စု အိမ်ထဲကထွက်လာတော့ အူနေသည့်ခွေးအုပ်လည်း မရှိတော့ဘူး။ ကျွန်တော်လည်း ငှက်ကျားကြီး တစ္ဆေသရဲပူး ကနေ တာကို လက်တွေ့မြင်ရလို့ ကျွန်တော်တို့လူ တကယ်စွမ်းနေပါလားဆိုတာကို ခု ယုံရမလို ဖြစ်နေပါရောဗျာ။

✿ ✿ ✿

[ ၂၁ ]

❏

``ငှက်ကျားကြီး ...''

``ဘာတုံးကွာ ... မင်းတို့ကလည်း ... စိတ်တိုလာပြီ''

``မသိလို့ မေးပါရစေကွာ''

``မေးမနေနဲ့ သောက်စရာရှိတာသောက်''

``သူငယ်ချင်းငှက်ကြီး''

``ဘာတုံးကွ ... အနာကျကောင် ... ကျိုင်းရ။ အရက်တိုက်[illegible]တော့လည်း တကျိကျိနဲ့။ ဘာတုံး ...''

``မင်း ... မင်း ... တကယ် ... တစ္ဆေသရဲ ... နိုင်တယ်နော်''

``အမ်မာ ..... ဘာများလဲလို့၊ ဖွီ .... နေစမ်းပါဦး .... [illegible]ကျိုင်းရ''

တစ္ဆေသရဲက လူထက် ဘုန်းကြီးလို့လား။ လူလိုလူပ်ရှားနိုင်[illegible] [illegible]နိုင်လား။ မှတ်ထား ... သူငယ်ချင်း။ တစ္ဆေသရဲရော၊ နတ်ရော



www.burmeseclassic.com

www.burmeseclassic.com



ဖုတ်ရော မင်းတို့ငါတို့ လူက ကျွေးမှ၊ စွန့်မှ၊ တင်မြှောက်ပသမှ စားရတယ်။ အဲဒီလိုမလုပ်ရင် နုပ်ချေး၊ အန်ဖတ်၊ မစင်၊ အသေကောင်ပုပ်စားပြီး နေပူထဲ ငုတ်တုတ်၊ မိုးရွာထဲ ငုတ်တုတ်ထိုင်နေရတဲ့ အိမ်မရှိ ရာမရှိ တစ္ဆေသရဲ နတ် မနည်းဘူးတဲ့''

''မင်းမြင်လို့လား''

''လူကြီးတွေပြောတာ ကြားဖူးလို့''

''ဗွီ ...''

''ဟကောင်ရ ... ငါတို့က သူများ မြင်ရလို့လားလို့''

''မင်း ဦးရာကွန့်သမီး ... မိကတိုးကြီးကို ပူးတဲ့သရဲကို မင်း ဘယ်လိုချုတ်လိုက်တာလဲဟင်။ မိကတိုးကြီးဆိုတာ လန့်တုန်နေတာပဲ''

''အမ်မယ် ... မင်းတို့ကြားမဟုတ်လား ... ဘယ်သူ့ကြောက်တာတဲ့ဆို ... ဆရာ ... ကို ကြောက်လို့တဲ့၊ အဟုတ် ... အဟုတ် ... ကို ... ကိုရင်က ... ဘာ ... ဘာဆရာလဲ ... ဟင် ... ဟင် လို့''

ကျော်င်းက အရည်လေးဝင်တော့ မိန်းမလျှာသံနဲ့ နွဲ့ပြီးမေးတယ်။

''နွားဝွေးသင်းတဲ့ ဆရာလေ''

ကိုသောင်းညွန့်ဦးက ဝင်ဖြေရော။

''အို ... ညီမ ... ကြောက်လိုက်တာ ... အဟင့် ... ဒါပဲဖြည်းဖြည်း''

''သေဟ ... ဂန်းတာမ''

''အမယ်လေး ... မအေးညွှန့်''

ကျော်င်းကျောကိုထုတော့ အော်ရော။ ပျော်စရာပါပဲဗျာ။

''ဟုတ်တယ် ... ငှက်ကြီး။ မင်း သူ့ကို ဘယ်လိုလုပ်လိုက်တာ နာမည်ကျော်သရဲ ချက်ချင်းထွက်ပါ့မယ်လို့ ကတိဝန်ခံပြုရတာတုံး''

ဒီမှာ ငှက်ကျားကြီးက အရက်တစ်ခွက်မော့ပြီး ပြောတယ်။

''သူ့ပူးနေတာ သရဲမလို့ဆိုသကိုး''

''အေး ... ဒါတော့ ငါတို့လည်းကြားတယ်''





''နောက်ဆုံး သရဲမဆိုတော့ မေတ္တာနဲ့ထွက်ပါ ပြောရတာကိုမထွက်ဘူး။ ငါ့ကိုတောင် အာခံနေတယ်။ ဒီမှာ မင်းတို့အဖွဲ့ နူတ်လုံမလား။ နူတ်လုံရင် မိကတိုးကြီးရဲ့အကြောင်းရင်းကို ပြောပြမယ်''

''လုံတယ် ... ပြော''

''ကျျန်ကရော''

''စိတ်ချသူငယ်ချင်း''

''ကျော်င်း ... မင်းက အာချောင်တယ်နော်''

''စိတ်ချပါ ... ငှက်ကြီးရာ။ ငါ ဘယ်သူ့မှ မပြောပါဘူး''

''သတင်းစာထဲက ကြေငြာလိုက်သလို ဖြစ်နေဦးမယ်''

''မဖြစ်ပါဘူး ... ကိုမှိုင်းရာ''

''ဒါဆို ပြောလို့ရပြီ ... ငှက်ကြီး''

''အမှန်က ဒီလို ...။ မိကတိုးကြီးကို တစ်ပတ်တစ်ခါ သရဲမ ဝင်ပူးပြီး အမဲသားတစ်ပိဿာချက်၊ ရွှေပုဆိုးသချိုင်းမှာ ညဥ့်သန်းခေါင် ဦးရာကွန့်တို့ ကျွေးနေရတာ ငါတို့လည်း ကြားတယ်။ ဆရာဦးမွေးဆင့်၊ ကြိုကြိုတ် မင်းကြည်လှိုင်နဲ့ ဆရာကြီး တွေ့မရှောင်ဦးဖိုးစောတို့ မနိုင်တနိုင် ကုနေရတာတို့၊ အချောင်ဝင်ကြိုတ်နေတာတို့လည်း ငါကြားတယ်။ ကိုယ့်ကိစ္စ မှုတ်သေးလို့ ဝင်မပါတာ။

ဟိုတစ်ရက် ကျျန်လာပြော အကူအညီတောင်းမှ ဒီကိစ္စကို ငါ ဝင်ပါရတာရယ်။ အမှန်က မိကတိုးကြီးကို ရွှေပုဆိုးသချိုင်းက သရဲမအစစ် ဝင်ပူးနေတာ မဟုတ်ဘူး''

''ဟေ ...''

''ဘာ ...''

''ဒါဖြင့် ... ဒါ ... ဆို ...''

''အမှန်က မိကတိုးကြီးကို မိကတိုးကြီး ပူးနေတာကွ''

''ပိုရှုပ်သွားပြီဟော့''

''ရှင်းရှင်းပြောပါ ... ငှက်ကြီးရ။ ဘာအဓိပ္ပာယ်တုံး''



www.burmeseclassic.com

www.burmeseclassic.com



"တိတိကျကျပြောရရင် မိကတိုးကြီးကို သူ့ရည်စားသောင်း ဝင်ပူးကပ်နေတာ"

"ဟော ..."

"အဟုတ် ..."

"သောင်းက မိကတိုးကြီးရည်စား"

"ဟုတ်ပါ့ဗျာ"

"မြတ်စွာဘုရား ...၊ ဒီလို အရက်သမား၊ ဖဲသမားကို မိကတိုးကြီးလို ပိုက်ဆံရှိတဲ့ အပျိုကြီးက ကြိုက်တယ်၊ ချစ်တယ်"

"အချစ်မှာ မျက်စိမရှိဘူး သူငယ်ချင်း"

"မျက်စိရှိလို့ ချစ်တာပေါ့ကွ၊ မြင်တာပေါ့ကွ"

"ဟုတ်သေးဘူးလေ။ မျက်စိရှိလို့ မြင်လို့ ကြိုက်တဲ့ ချစ်တဲ့အချစ်က အများအားဖြင့် သာယာတယ်၊ ဖြောင့်ဖြူးတယ်၊ ရွေးတတ်တာကိုး။ ဒီလူကောင်းလား၊ လူဆိုးလား၊ အရက်သမား၊ ဖဲသမား၊ ကြက်သမားလား၊ ပြည့်တန်ဆာလား၊ ခါးပိုက်နှိုက်လား ရွေးပြီးမှချစ်တာ၊ လူကောင်းကိုရွေးလူညံ့လူယုတ်ကို ဖယ်တာ၊ အကပ်မခံတာက အချစ်မှာ မျက်စိရှိလို့။

အဲဒီလိုမဟုတ်ဘဲ အချစ်နဲ့ တဏှာတစ်ခုတည်းရဲ့ အရသာကိုပဲကြည့်ပြီး ဖဲသမားမှန်းသိသိ၊ အရက်သမားမှန်းသိသိ၊ လူဆိုးသူခိုးမှန်းသိသိ၊ အလုပ်ကို လက်ကြောတင်းအောင် လုပ်စားရမှန်းမသိတဲ့ လူစားမျိုးကို သိလျက်နဲ့ ဖွတ်ချစ်၊ ဖွတ်နှစ်နေတာက အချစ်မှာ မျက်စိမရှိလို့ပဲ။ တစ်နည်းအချစ်မျက်ကန်း တစ္ဆေမကြောက် ဖြစ်နေရတာပဲ။

မိကတိုးကြီးက အဲဒီလိုဖြစ်နေတာ။ ကျိုက်အင်းရွာသား အရက်သမား၊ ဖဲသမား၊ ကြက်သမား သောင်းနဲ့ ချစ်နေကြတယ်။ မင်းတို့သိတဲ့အတိုင်း သောင်းက ရုပ်ကလေးချောပြီး အသားလေးဖြူ၊ အပြောလေးကလည်းကောင်း၊ ဝတ်တာလည်း ရှိုးစမိုးကျတော့ အပျိုကြီးမိကတိုး စွဲသွားတာသွားတာ။





အဲဒါ ရွှေပုဆိုးသချိုင်းမှာ ချိန်းချိန်းတွေ့ရော။ နောက်ဆုံး သူ့အဒေဦးရာကွန့်သိပြီး ဒေါဖောင်းရောတဲ့ကွ။ ဒီလို အမျိုးယုတ်၊ သူခိုးဂျပိုး၊ လူပေလူလွင့်ကို ချစ်ရကြိုက်ရမလားဆိုပြီး သမီးလုပ်သူ မိကတိုးကြီးကို ဆူလည်းဆူ နှိက်လည်းရိုက် လုပ်တယ်။

မိကတိုးကြီးခမျာ ရည်စားလူသွမ်းလေးကိုလည်းချစ်၊ ဖအေ မအေမြဲကြဲတာလည်း မလွန်ဆန်ရဲ။ ခိုးရာလည်း မလိုက်ဝံ့။

ဦးရာကွန့်ကလည်း ပြောသကိုး။

မိကတိုးကြီး ဒီကောင်နဲ့လိုက်ပြေးရင် လူငှားပြီး သောင်းရောမင်းကိုရော သတ်ပစ်မယ်လို့ ကြိမ်းဝါးတာကိုး။

နောက်ဆုံး မိကတိုးကြီးနဲ့သောင်း နှစ်ဦးပေါင်းပြီး ကြံတာ။ သူတို့လည်း မြန်မြန်နီးစပ်ရအောင် သရဲပူးသလိုလို၊ ဘဝဟောင်းက အမေအဖေသလိုလို လုပ်ကြံပြီး ရည်းစားချစ်သူလည်း အရက်နဲ့ အမဲသားစားရ၊ အဖေနဲ့အမေကိုလည်း နည်းနည်းချင်း ခြိမ်းခြောက်ပြီး မိကတိုးကြီးအလိုကို လိုက်ရမယ်၊ မလိုက်ရင် တစ်အိမ်သားလုံးကို အသေဆိုးနဲ့ သေအောင်လုပ်မယ်ဆိုပြီး မိကတိုးကြီးက သရုပ်ဆောင်၊ အိုက်တင်အပြည့်နဲ့ ခြိမ်းခြောက် အကြံအဖန်လုပ်တာ။ အဲဒါ သောင်းရဲ့စနက်။ အစီအစဉ်ကွ"

"ဘယ်လိုလုပ်သိတာတုံးဟ ...ငက်ကြီးရ"

"ကြားဖူးတာကိုး။ မသက်သာလို့ သချိုင်းကုန်း သွားချောင်းရောဦးရာကွန့်လာကျွေးတဲ့ အမဲသားကို ရွှေပုဆိုးသချိုင်းက တစ္ဆေသရဲတွေမစားဘဲ သောင်းရယ်၊ စောထွန်းဝေရယ်၊ လှထွန်းရှည်ရယ် သုံးယောက် အရက်နဲ့မြည်းပြီး တဟားဟား အော်ဟစ်ပြောဆိုနေတာကို မြင်ရတဲ့အပြင် သူတို့ပြောပြောပြီးရယ်တဲ့ စကားအားလုံး ငါကြားလို့ နောက်ဆုံး မခံချင်စိတ်ပေါက်ပြီး ဖော်ခဲ့ပါရတာပဲ"

"ဟုတ်ပါပြီဗျာ ...၊ သဘောပေါက်ပါပြီ။ သို့သော် သရုပ်ဆောင်ကောင်းတဲ့ မိကတိုးကြီးကို နောင် သရဲအစစ်ရော အတုရော မဝင်ရဲအောင်အကြံကလေး ရှင်းပါဦးဟ ...ငါ့ကောင်ရ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွ ..."

"အေး ..."

"အဲဒီလိုလား"

"ဟုတ်ပြီ၊ ဘယ်လို ..."

"ဟိုလိုလေကွာ"

"ဟာကွာ ... ငှက်ကြီးရ၊ ဒီတစ်ညလုံး ဒီလိုဟိုလိုနဲ့ ပြီးမှာလားကွ"

"အေးကွာ ... အမြင်ကပ်အောင် သိပ်လုပ်တာပဲ၊ ဖွီ ..."

"စေတနာပျက်အောင် မလုပ်နဲ့ ... ကိုယ့်လူ၊ ပြော ..."

"သူကလည်း မခေဘူး၊ ရွှေပုဆိုးသင်္ချိုင်းက သရဲမတဲ့၊ ဟီ ... ဟီ ...။ အိုက်တင်ကောင်းပုံကွာ။ ဒါကြောင့် ဟိုဆရာလေးယောက်လုံး ဝလင်လင် ဝါးသွားရတာပေါ့။ ငါ ... မေတ္တာရပ်ခံလို့မရတော့ ဒီမိန်းမကို ပညာပေးမှ သင့်တော့မယ်ဆိုပြီး သူ့မိဘများထံ ခွင့်တောင်းပြီး အခန်းထဲ ခွဲသွင်း။ သင်းနဲ့ မျက်နှာချင်းဆိုင်ပြီး ပွင့်ပွင့်လင်းလင်း ပြောရတော့တာပဲ။

"မင်းက ဘာပြောလိုက်လို့ ခုလို ..."

"ဟို ဒင်းရော ပြု ..."

"ဟာ ... မင်းတို့ကလည်း ငါက ဒီလို လူစားလားကွဟင်"

"အေးပါ ... အေးပါကွာ ... စိတ်မဆိုးပါနဲ့ကွာ။ မင်းက လူရှုပ်ကြီးမို့ တဖောက်ကန်းများ လုပ်လေမလားလို့ မေးတာပါ။ အဲ ..."

"မိကတိုးကြီး"

" ..."

"နင်တို့လန်ကြုတ်ကို ငါသိပြီးသားဟ ... မိကတိုးကြီးရ"

"ဘာ ... ဘာ ..."

"ဟား ... ဟား ... ဟား ... မိကတိုးကြီးရယ် ... နင်ရဲ့ နှင့်ရည်းစားဟောင်းနဲ့ နင်နဲ့ လက်ဝါးရိုက်ပြီး သရဲပူးချင်ယောင်၊ တစ္ဆေ





ပူးချင်ယောင်ဆောင်။ မိဘနှစ်ပါးနဲ့ သားချင်းတွေကို ခြိမ်းခြောက်လှန့်ပြီး နှင့်ရည်းစားဟောင်းလည်း ... စားဖွင်လေးရ၊ ကြာရင် အားလုံး လန့်ခြောက်ပြီး နင်တို့နှစ်ဦးကို သိုက်ဆက်လိုလို၊ နတ်ဆက်လိုလိုနဲ့ ကြောက်ထန့်ပေးစားအောင် နင်တို့ ပူးပေါင်းကြံစည်နေတာ ငါအကုန်သိပြီးပြီ ... မိကတိုးကြီး"

ဒီမှာ သူမ အရမ်းအံ့သြသွားရော။

ငါ့ကို တိုးတိုးလေးမေးတယ်။

"ဘယ်လိုလုပ် သိတာတုံး"

"ရွှေပုဆိုးသင်္ချိုင်းမှာ နင့်အဖေ ခေါ်စာကျွေးတော့ သရဲတစ္ဆေနဲ့ ဘယ်ကဝေမှ လာမစားဘူး။ လာစားတာ နင့်ရည်းစား ဟောင်းရယ်၊ ဆာတွန်းဝေရယ်၊ လုတွန်းရှည်ရယ်၊ သုံးယောက် နင့်အဖေအပြန်ထားခဲ့ ထဲ့ အမဲသားနဲ့ ထမင်းကိုစား၊ အရက်သောက်ပြီး အားရပါးရ ကြွားလုံး ထုတ်စမြုံပြန်နေတာကို ငါ့နားနဲ့လည်းကြား၊ မျက်စိနဲ့လည်း သေသေချာချာ မြင်ရလို့ပဲ။

ကိုင်း ... အဲဒါ နင်မကောင်းလို့၊ ခုတော့ ... မိဘနှစ်ပါး ငွေလည်းကုန်၊ စိတ်လည်းပင်ပန်း၊ သိက္ခာလည်းကျ၊ ဟိုပယောဂဆရာအစ်ကိုလည်း အရှက်ကွဲ ... ဒါ နင်လုပ်ကောင်းသလား ... မိကတိုးကြီး ဟင်"

"ကျွန် ... မ ... သူ့ကို ... ချစ် ... ချစ်"

"ညည်း စဉ်းစားစမ်းပါဦး ... ညီမရယ်၊ ညည်းမှာ ရုပ်ရည်လည်း ရှိတယ်၊ မိဘကလည်း ဥစ္စာဓနရှိတယ်၊ ကိုယ်က အပျိုစစ်စစ် မိကောင်းဖခင်သားသမီး၊ ဟိုကောင် ... နင့်ရည်းစားက အရက်သမား ဆေးသမား လောင်းကစားသမား၊ ဒါမျိုးနဲ့ညားရင် ညည်း တစ်နေ့ ဒူးနဲ့ မျက်ရည် သုတ်ရမှာပဲ။

ညည်းရဲ့ အပူရုပ်ဒုက္ခကိုကြည့်ပြီး လူသူတော်ကောင်း မိဘနှစ်ပါး လည်း စိတ်ထိခိုက်ပြီး လုံးပါး ပါးသွားမှာပဲ။ ကိုင်း ... ညည်း ကြောက်ဆုတ်

www.burmeseclassic.com



သင့်သလား၊ မဆုတ်သင့်သလား ... စဉ်းစား''

''ကျွန်မ ... သူ့ကို ... ချစ် ... ချစ် ...''

''မိကတိုးကြီး''

''ရှင် ...''

''နင့်ကောင် လူပျိုလား ...''

''ဟုတ်တယ် ...''

''ဘယ်သူပြောတုံး''

''သူရော၊ သူ့သူငယ်ချင်း စောထွန်းဝေတို့ပါ ပြောတာ''

''မှတ်ထား မိကတိုးကြီး။ နင့်ရည်းစား လူရှုပ်ငသောင်းမှာ တိတ်တိတ်ပုန်း မယားနှစ်ယောက်ရှိသေးတယ်''

''ရှင် ... ဟုတ် ... ဟုတ်ရဲ့လား ... ကိုငှက်ရယ် ... ဟင်''

''ငါက မသေချာရင် ဘယ်တော့မှ နင်တို့ကိစ္စမှာ ဝင်မပါဘူး။ ငါ့ရွာသူ ငါ့နှမလေး အလိမ်ခံ အညာခံရ၊ အပျိုရည်ဘဝ ဆုံးရှုံးမှာစိုးလို့ အမိုက်ခံ စွန့်ဝင်ပေးရတာ။ သေသေချာချာ မှတ်ထား။

ကတုံးပေါ်ရွာမှာ မထားကြည်ဝင်းတဲ့။ အသက်(၃၀)။ အဲဒါ နင့်ရည်းစားငသောင်းရဲ့ မယားကြီး။ နောက် တိတ်တိတ်ပုန်းမယားက မအေး ရှိန်တဲ့။ ချစ်တီးကုန်းရွာမှာ။ အသက် (၂၅)နှစ်။ အဲဒီမိန်းမက တစ်ချိန်တုန်းက ပြည့်တန်ဆာလုပ်စားတယ်။ နင့်ကောင် ငသောင်းနဲ့တွေ့ပြီး ရုပ်ကလေး မက်လို့ တိတ်တိတ်ပုန်း ယူထားတာ''

''ဟင် ... အဲဒါ ... အမှန် ... ပဲ ... ပဲ ... ပေါ့''

''နင်မယုံရင် ကတုံးပေါ်ရွာနဲ့ ချစ်တီးကုန်းရွာကို သွားစုံစမ်း မဟုတ်ဘူးဆိုရင် ငါ့လျှာကို လာဖြတ်''

''အင့် ...''

''ဟီး ... ဟီး ...''

''အင့် ... ဟီး ...''

စိတ်ကူးသစ်စာပေ



''မမိုက်နဲ့ ညီမရယ်။ ပိုးဖလံမျိုးပဲ မီးကိုတိုးမယ်လို့ မိုက်ရူးရဲ ...ုပ်ပါနဲ့။ ဖက်ပေါ်ဆူးကျလည်း ဖက်ပဲပေါက်တယ်၊ ဆူးပေါ်ဖက်ကျလည်း ...ဖက်ပဲပေါက်တယ်။ ငါတို့ယောကျ်ားလေးက ကိစ္စမရှိဘူး။ နင်က မိန်းမသား။ ...ကားသုံးထစ်ဆင်းလို့ အပျိုပြန်မဖြစ်ဘူး။ ငါပြောတာ နားလည်လား''

''ဟုတ် ... ဟုတ်ကဲ့''

''သူ့လိုကောင်ကို ဖြတ်မှာလား''

''အင့် ... ဟီး ...''

''နင် ဒီလို လူယုတ်မာကို မဖြတ်ဘူးဆိုရင် ငါ ဒီအကြောင်းကို ...စ်ရွာလုံးကို ပြောပြလိုက်မယ်။ ကဲ ...''

''အစ်ကို ... ငှက် ...''

''ပြော ...''

''အင့် ... ဟီး ... ဟီး ... လျှောက်မပြောပါနဲ့ ... အစ်ကို ... ကျွန်မ ... မှားပါတယ်။ နောင်တ ... အင့် ... ရ ... ပါ ... ပြီ ...ကို၊ ကျွန်မ ခုချိန်ကစပြီး ... သူ့ ... သူ့ကို ... ဖြတ် ... ဖြတ် ... ဟီး''

''အစ်ကို ဝမ်းသာပါတယ်။ တစ်နေ့ ငါ့ညီမကို ချစ်မြတ်နိုးတဲ့ ...ကျ်ားကောင်းတွေ ညီမရှေ့ကို ရောက်လာမှာပါ။ အဲဒီကျမှ ကြိုက်တဲ့ ...တ်လူကောင်းကို ခေါင်းခေါက်ရွေးလိုက်စမ်းပါ ... ညီမရယ်''

''အဲဒီအချိန်ကစပြီး ငသောင်းတို့လည်း မိကတိုးကြီးကို မကပ် ...ဘူး။ ငါကလည်း ငသောင်းတို့နဲ့သွားတွေ့ပြီး ... ငသောင်း ... မင်း ... ငါတို့ရွာသူကို ဖျက်လိုဖျက်ဆီး မကြံစည်နဲ့။ မနှောင့်ယှက်နဲ့။ ကြံစည် ...ယှက်ရင် ရွှေပုဆိုးသင်္ချိုင်းမှာ မင်းတို့ သုံးလောင်းမြှုပ်ရတဲ့ကိန်း ဆိုက် ...ယ်လို့ ခြေကြိမ်း၊ လုံ့ကြိမ်း ကြိမ်းလိုက်တာ ရွာနားကို မကပ်ရဲတော့

ကျွန်တော်တို့ကောင် ငှက်ကျားကြီးက အဲဒီလိုလူဗျာ။
ရွှတ်ရင်လည်း သူများနဲ့ မတူဘူး။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မြိုင်ဘက်မရှိ ကမ်းကုန်အောင် ရွတ်တာ၊ ပေတာ။

အေး ... ကောင်းရင်လည်း ဘယ်သူမှ လိုက်လို့မမီဘူး။ ကိုယ်ကျိုးစွန့်တာ ပြတ်သားတယ်။ အနစ်နာခံတာ မြိုင်ဘက်ရှာမရဘူး။

အခုကိစ္စမှာ ငှက်ကျားကြီး အရဲစွန့်ဝင်တာသည် မိကတိုးကြီးကို ကြိုက်လို့ ဝင်ပါတာ ရှင်းတာ မဟုတ်ဘူး။

လူပေါ်လွင်ကြီးဖြစ်အောင် လက်မထောင်ချင်လို့ မဟုတ်ဘူး။

သူက သူ့အိမ်ထောင်ရေး အချစ်ရေး ကံခေလွန်းလို့ ဒီ တစ်သက် မိန်းမ လုံးဝမယူတော့ဘူးလို့ ဆုံးဖြတ်ပြီးပြီ။

သူ့ဘဝမှာ အရက်ရှိနေရင် နေလို့ပျော်ပါတယ်။

အပေါင်းအသင်းတွေရှိရင် အနီးမှာရှိနေရင် နေလို့ရပါတယ်။

သူ့မယားလိုချင်လို့ သူ့လင် လုံနဲ့ထိုးတာ မဟုတ်ဘူး။ သူက အရက်ကို ကြိုက်လို့ သောက်ချင်သလောက် သောက်ချင်သောက်မယ်။သူများ သားမျိုးသမီးမျိုကို မစော်ကားဘူး။ မနှောင့်ယှက်ဘူး။

မကောင်းသည့်မိန်းမလည်း မလိုက်စားဘူး။

တစ်ခုရှိတယ်။

သူ့ရှေ့မှာ သိသိကြီးနဲ့ ဂရုမစိုက်သလို အချိုးမျိုးချိုး၊ ဖျက်လို့ ဖျက်ဆီးလုပ်တယ်ဆိုရင်တော့ ...

လူရော ... သရဲရော ... တစ္ဆေရော ... ဖုတ်ရော ... ပြိတ္တာရော ... နတ်ရော ... ဘာမှကို ဂရုမစိုက်တဲ့ လူကြီးလေ။

✿ ✿ ✿

| ၂၂ |

❑

ကြည့်စမ်းဗျာ ...။

ငှက်ကျားကြီးတို့များ သေပန်းပွင့်ကာနီးမှ ကံထလိုက်ပုံနှယ်။ သာကေတကပြောင်းလာသည့် မချစ်သည်းဆိုတဲ့မိန်းက ငှက်ကျားကြီးကို ကြိုက်လို့တဲ့။

ကျုပ်တို့လည်း ဒီစကားကြားကြားချင်း ကျားသားမိုးကြိုး။ ဟုတ် ဟုတ်ရဲ့လားလို့။

ဟုတ်တယ်ဗျာ ...။ အောင်သွယ်က ဘယ်သူမှတ်လို့တုံး။

မိုးကြိုးပစ်ကုန်းက ဒေါ်စလောင်းဗျာ။

"ဟဲ့ ... ငှက်ကြီး"

"ဘာတုံး ... ဒေါ်စလောင်း"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါပြောစရာရှိလို့ ... ငါ့တူရဲ့"

"ဘာတုံး ... ဘာပြောမလို့တုံး"

"နင် မိန်းမ မလိုချင်ဘူးလား"

"ဗျာ ... မိန်းမ"

"အေး"

"ဒေါ်စလောင်း ကျုပ်ကို ယူရဲ လင်လုပ်ရဲတဲ့မိန်းမ ဒီအရပ်ဒီမြို့ ဒီရွာမှာ လုံးဝမရှိဘူးဗျ။ ခင်ဗျား ကျုပ်အကြောင်း ကြားဖူးတယ်မဟုတ်လား"

ဒေါ်စလောင်းကလည်း အောင်သွယ်လုပ်စားလာတာ ကြာပြီလေ။ ငှက်ကျားကြီးနဲ့ မမြစိမ်း၊ ငှက်ကျားကြီးနဲ့ မုဆိုးမ မလဆန်း တစ်ညမပေါင်းရဘဲ ဘာကြောင့်ကွဲရတယ်ဆိုတာ ဟိုမိန်းမတွေနဲ့ တိုးတိုးပြောမေးပြီးမှ သိပြီးသားဥစ္စာ။

"ဒီမယ် ... မောင်ငှက်ကျားရဲ့ သူ့အိုးနဲ့သူ့ဆန် တန်ရင် ယူမယ်မဟုတ်လား"

ဒီလို အောင်သွယ်တော်ကြီးရဲ့ ပြောစကားအဆန်းကိုကြားတော့ ငှက်ကျားကြီး အံ့သြသည့်မျက်လုံးနဲ့ ဒေါ်စလောင်းရဲ့မျက်လုံးကို စိုက်ကြည့်လိုက်တယ်။

"ဒေါ်စလောင်း"

"ဘာတုံး ... မောင်ငှက်ရဲ့"

"ကျုပ် သုံးခါကုန် သုံးကြိမ် အရှက်တကွဲ ကျော်မကောင်းကြားမကောင်း မဖြစ်ချင်ဘူး။ မိန်းမ မရမှနေရော သေရင်လည်း ဓားမနဲ့ပဲ နှစ်ပါးသွားတော့မယ်"

"ဒီမယ် ... မောင်ငှက်ကြီးရဲ့။ အဒေါ်ကလည်း အောင်သွယ်လုပ်ချင်လွန်းလို့ မင်းကို ပြောနေရတာမဟုတ်ပါဘူး။ မင်းရဲ့ ရင်ကွဲရင်နာအဖြစ်နဲ့ တစ်ကိုယ်ရေဒုက္ခကို နားလည်ကိုယ်ချင်းစာလို့ အခွင့်ကောင်းလေး ကြုံတုံး ဝင်ပေးရတာ"





"ဘယ်သူများတုံး ... ဒေါ်စလောင်းရာ။ ကျုပ်အကြောင်းမကြားရလို့များ ကျုပ်ကိုယူမယ်လို့ ဆိုချင်တာလားဗျာ။ တော်ကြာ ..."

"ဒီမှာ သူ့နာမည်က မချစ်သည်းတဲ့"

"မချစ်သည်း ..."

"အိမ်း ... တဲ့ ... အသက်က မင်းနဲ့ မတိမ်းမယိမ်းပါပဲ။ ကိုယ်လုံးကိုယ်ပေါက်လည်း မဆိုးဘူး။ သူကလည်း အိမ်ထောင်သုံးဆက်ပျက်ပြီး သားတဲ့။ ရုပ်ကလေးကလည်း ခပ်ချောချောနော်"

"အိမ်ထောင်သုံးဆက် ပျက်ပြီးသား"

"ဟုတ်တယ်"

"သေသွားတာလား၊ ကွဲသွားတာလား"

"ငါ့ပြောတာတော့ သေသွားတဲ့ယောက်ျားက နှစ်ယောက်၊ ကွဲသွားတဲ့ယောက်ျားက တစ်ယောက်တဲ့"

"မြတ်စွာဘုရား ကျုပ်လိုကောင်ပါများ သေမှာလားဗျ။ နေပါဦးဗျ ... ဒေါ်စလောင်းရ ... သူ့မှာ မျက်ရည်ခံမှဲ့ပါလို့လား"

"မျက်ရည်ခံ မပါဘူး"

မိန်းမတွေရဲ့ မျက်လုံးအိမ်က မျက်ရည်စီးကြောင်းကျရာတည့်တည့်က ခံနေသည့်မှဲ့ကို မျက်ရည်ခံမှဲ့လို့ ခေါ်ကြတယ်လေ။ ကျွန်တော်တို့ မြန်မာလူမျိုးအချို့ အယူအဆ မှဲ့ကျမ်းမှာတော့ မျက်ရည်ခံမှဲ့ပါတဲ့မိန်းမနဲ့ ညားသည့်ယောက်ျားဟာ အသက်ရှည်လေ့မရှိဘူးလို့ ဆိုသကိုး။

ဒါနဲ့ ဆန့်ကျင်ဘက်က မျက်ရည်ခံမှဲ့ရှိသည့် ပါသည့် ယောက်ျားနဲ့ညားသည့် မိန်းမသားသည်လည်း အိမ်ထောင်ရေး တာရှည်မမြဲဘူး။ သေလျှင်သေ မသေလျှင် လင်မယားကွဲရလေ့ရှိတယ်လို့ ယူဆကြတာကိုး။ အများအားဖြင့် မျက်ရည်ခံမှဲ့ပါရင် ရှောင်လေ့ရှိတယ်။

"ဒါဖြင့် ဘာကြောင့် သူက အိမ်ထောင်သုံးဆက် ပြောင်းခဲ့ရတာ ဘုံး"



www.burmeseclassic.com

www.burmeseclassic.com



"ဘဝက်ကြမ္မာပေါ့ . . . မောင်ငှက်ကြီးရယ်။ ကောင်မလေးက အခေါ်တို့နဲ့ ရန်ကုန်သာကေတမှာ အတူနေတုန်းက အိမ်နီးနားချင်းကွယ့်။ ပထမယောက်ျားလည်း လူကောင်းလေးပဲ။ ကားမောင်းတယ်။ အဲဒါ ယာဉ်တိုက်မှုဖြစ်ပြီး သေသွားရရှာတယ်။

ဒုတိယယောက်ျားက နယ်လှည့် ကုန်ပစ္စည်းရောင်းတဲ့သူကွယ့်။ ကုမ္ပဏီအလုပ်ပေါ့ . . . မောင်ငှက်ကြီးရယ်။ အဲဒါ နယ်မှာ ကုန်ပစ္စည်းကြော်ငြာသွားရင်း လမ်းဓားပြများလက်ချက်နဲ့ ကွယ်လွန်ခဲ့ရတယ်။ နောက်ဆုံးယောက်ျားက ချစ်သည်းနဲ့ညားပြီး မသေဘူး။ မရှိသေ့စကား ပန်းသေပန်းညှိုးရောဂါဖြစ်လို့ စိတ်ဓာတ်ကျပြီး ဘုန်းကြီးဝတ်သွားရှာတယ်။ မိချစ်သည်းကိုလည်း အရွယ်ရှိသေးလို့ ကြိုက်ရာယောက်ျား သင့်ရာယောက်ျားကို ယူနိုင်ပါတယ်လို့ ခွင့်ပြုခဲ့သကွယ့်"

"ကလေးရောရှိလားဗျ"

"မရှိဘူးဟဲ့ . . . အဖတ်မတင်ဘူးတဲ့။ မင်းနဲ့ဆို အဆင်ပြေမှာပါ။ အခေါ်ကလည်း မင်းဘဝမင်းအကြောင်း မင်းအဖြစ်ကို ပြောပြတော့ သူက ကြားရရုံနဲ့ မင်းကို သနားနေတာတော့"

အောင်သွယ်တော် ဒေါ်စလောင်းက မစားရဝခမန်း မျက်ရည်စို့ချင်၊ ရင်ပျို့ချင်စရာများနဲ့ နားချတော့ ငှက်ကျားကြီး စိတ်ဝင်စားသလိုဖြစ်လာခဲ့တယ်။

"ပြောရရင် ခမျာလေးကလည်း လူလွတ်။ မင်းကလည်း လူလွတ်ဆိုတော့ . . . သင့်တော်လို့ စီစဉ်ပေးရတာပါကွယ်"

ဒီလိုနဲ့ . . . အောင်သွယ်တော် ဒေါ်စလောင်းကောင်းမှုကြောင့် ဒေါ်စလောင်းအိမ်မှာပဲ ငှက်ကျားကြီးနဲ့ မချစ်သည်းတို့ တွေ့ကြရော။

အင်း . . . မချစ်သည်းကလည်း ဖြူဖြူတုတ်တုတ်၊ အရပ်မောင်းကောင်းကောင်းပဲဗျ။ ရုပ်ရည်လေးလည်း သန့်သန့်ပဲ။

ကျုပ်တို့လူ ငှက်ကျားကြီးကလည်း ဆင်းရဲပေမယ့် လူသန်မောင်းသန် ခန့်ခန့်ထည်ထည်ကြီးဆိုတော့ ရေ့သွားနောက်လိုက် ညီပုံရသဗျ။





ငှက်ကျားကြီးကလည်း သင်းကလေးကိုမြင်တော့ သွားရည်ကျဆို

"ကျွန်မက ကြောက်တာ တစ်ခုရှိတယ် . . . အစ်ကိုငှက်ကြီးရဲ့"

ဘုရား . . . ကြောက်တာတစ်ခုရှိသည်ဆို၍ ငှက်ကျားကြီးရင်ထဲ ...နဲ့ဖြစ်သွားတယ်။ ငါ့အကြောင်းသိလို့ လန့်နေတာထင်ရပေါ့။

"ဘာကိုကြောက်တာတုံး မချစ်သည်းရဲ့"

"ကျွန်မက တစ္ဆေသရဲ သိပ်ကြောက်တာ"

ဟူး . . . တော်ပါသေးရဲ့။

"ဟုတ်လား . . .။ သရဲတစ္ဆေတော့ ကျုပ်က နိုင်ပြီးသားပါဗျား ...တော့ မပူပါနဲ့ဗျာ။ စိတ်ချပါ"

"ကျွန်မ ကြားပြီးပါပြီ။ အစ်ကိုငှက်ကြီးက တစ္ဆေသရဲမှန်ရင် ကြား...ရိုက်လိုက်ပြီး နှင်တယ်တို့၊ ရှင်းတယ်တို့ ကြားတယ်"

"ကြိုက်တယ်မဟုတ်လား။ အဟဲ . . . ဟဲ . . . ဟဲ . . ."

"အဲဒါကို ပိုကြောက်တာ"

"ဟော . . . ဗျာ . . . ဘာဖြစ်လို့"

"ကျွန်မ မေးပါရစေနော် အစ်ကိုငှက်ကြီး"

"မေးဗျာ . . . မေး . . . မေး . . ."

အောင်သွယ်တော် ဒေါ်စလောင်းကလည်း ရေနွေးကြမ်း၊ လက်...ဆေးလိပ်ချပေးပြီး ဟိုဘက်ကနေ ပို့ပေးလိုက်၊ ဒီဘက်ကနေ (ဖော)...ိုက်နဲ့ မြန်မြန်ညားပါစေလို့ ဆုတောင်းရင်း ဝမ်းသာနေတယ်။

ခက်တာက ရည်းစားစကား အချစ်အကြောင်းမပြောဘဲ သူ့လင်...အကြောင်းချည်း ပြောနေလို့ အသည်းကို ယားနေတာပဲ။

သူတို့နှစ်ဦး အမြန်ညားသွားမှ လက်ဆောင်ကောင်းလေးတော့...ိုး။

"အစ်ကိုငှက်မှာ တစ္ဆေနိုင်ဆေးရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး"

"သရဲနှိုင်ဆေးရော ... ရှိလား"

"မရှိဘူး"

"အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့အဆောင်ရှိသလား"

"မရှိဘူး"

"ဂါထာမန္တန်ရောရလား"

"မရဘူး"

"ဒါဖြင့် အစ်ကိုဘာလို့ တစ္ဆေသရဲရှိတဲ့ သစ်ပင်တို့၊ လူတို့၊ သစ်ငုတ်တို့ကို ပြိုင်ရဲနှင်ရဲ လုပ်ရဲရတာတုံးရှင်"

"အစ်ကိုက မကြောက်တာပါ။ ပြီး ရွတ်လည်း ရွတ်တယ်လေ။ တစ္ဆေသရဲရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သရဲတစ္ဆေခြောက်တယ်လို့ ကြားရင် အလိုလို ရင်ဆိုင်ချင်နေတာ၊ လက်ယားပြီး တီးပစ်ချင်နေတာ။ ဒါကြောင့်ပါ"

"ကျွန်မလည်း တစ္ဆေသရဲကို ယုံကြည်လွန်းလို့၊ မြင်ရလို့ ပြောတာမဟုတ်ဘူးအစ်ကို။ သူ့စည်းကိုယ့်စည်းဆိုတာ ရှိတယ်လေ။ ကိုယ့်ကိစ္စကို မနှောင့်ယှက်ရင် သူ့ဘဝအသိုက်အအုံကို မဖျက်ဆီးတာ အကောင်းဆုံးပဲအစ်ကို။

ဘာလို့လည်းဆိုတော့ ... လူပဲဖြစ်စေ၊ ငရဲတိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ပဲဖြစ်စေ သူ့ဘဝပေးကုသိုလ်ကံ အကုသိုလ်ကံအကြောင်းတရားနဲ့ ဘဝဖြစ်တည်ခဲ့ကြရတာပါ။ ကိုယ့်စည်းပေါက်ရင် ကိုယ်ခံရမယ်။

ကိုယ်က သူ့ကို အနိုင့်အထက် ညှဉ်းပန်းနှိပ်စက် စော်ကားရင် တစ်နေ့ ကိုယ်ကံနိမ့်သည့်အချိန်မှာ ကိုယ့်ကို ပြန်နှိပ်ကွပ်ရင် ကိုယ်ခံရလိမ့်မယ်။ အစ်ကို့ကို စိုးရိမ်ကြောင့်ကျ၊ ကြောက်ရွံ့ရတာ အဲဒီ သရဲတစ္ဆေ လိုက်နှင်တဲ့ ကိစ္စပဲ။

ဟူး ... တော်ပါသေးရဲ့။

သူမရဲ့ အကြောက်တရားက သရဲတစ္ဆေကိစ္စပေမို့။





"ဒါဆို လူရောမကြောက်ဘူးလား မိသည်း"

"မကြောက်ပါဘူး"

"တကယ်"

"သူနဲ့ကိုယ်နဲ့ ... မေတ္တာမျှမှ အိမ်ထောင်ဖက်ဖြစ်လို့ရမှာလေ။ မေတ္တာမျှပြီးမှ အိမ်ထောင်ဖက် မဖြစ်တော့လည်း ရိုးရိုးရှင်းရှင်းပါပဲ။ သူ့လမ်းသူသွား ကိုယ့်လမ်းကိုယ်သွားပေါ့။ ကျွန်မဘက်က ကျွန်မအပေါ် ကြင်နာမည့်ယောက်ျားရှိခဲ့ရင် မယားဝတ်တရားငါးပါး မပျက်စေရပါဘူး"

"တကယ်"

ဒါက ဒေါ်စလောင်းမေးတာမဟုတ်ဘူး။ ကျုပ်တို့ကောင် ငှက်ကြီးမေးချက်။ သူမက ပါးစပ်ကမဖြေဘူး။ ခေါင်းညိတ်လို့ ပြုံးပြတယ်။ ငှက်ကြီးရဲ့ရင်ထဲ အချစ်ကျည်ဆန်တစ်တောင့် အရှိန်နဲ့ ဖောက်ဝင်သွားသလို ခံစားပြီး မြတ်နိုးစွာ ရင်အောင့်သွားတာပဲ။

"ကျွန်တော်လည်း ကျွန်တော့်အပေါ် ချစ်မြတ်နိုးတဲ့ ဇနီးမယားအပေါ်မှာ လင့်ဝတ္တရားငါးပါးမကဘူး ဆယ်ပါးကျော်ကျော်နဲ့ စောင့်ရှောက်သွားမှာပါဗျာ"

"ဟင်း ... ဟင်း ... ဟင်း ... ဆယ်ပါးကျော် ... ဟုတ်လားခစ် ... ခစ် ... ခစ် ..."

ကျုပ်တို့ကောင်ကလည်း မခေဘူး။

ရည်းစားစကားကို သွယ်ဝိုက်ကာ စောင်းပါးရိပ်ခြည် ပြောတတ်ရဲ့။ ဒီမှာ အောင်သွယ်တော် ဒေါ်စလောင်းက ဝင်အဆစ်ထည့်လေရဲ့။

"ထွက်ပြေးအောင်တော့ မရက်စက်နဲ့ပေါ့ ... မောင်ငှက်ကြီးရယ်"

"အယ် ... ဟင် ... ဟင် ..."

"ဟာဗျာ ... ဒေါ်စလောင်းကလည်း"

"ငါတို့က အကြောင်းသိလို့ ကြိုပြောရတာပါတော် ... အယ့်"

"ဟာဗျာ ... ခင်ဗျားကတော့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မျက်စိရှေ့တင် နှစ်ယောက်တွက်ပြေးတာ မြင်ရပြီးပြီကိုး"

နောက်ဆုံး ဒေါ်စလောင်းရဲ့ ရေလာမြောင်းပေးကလိချက်၊ ပင့်ချက်၊ ပြောချက်များကြောင့် ငှက်ကျားကြီး မျက်နှာပူထူပြီး မချစ်သည်းရဲ့ မျက်နှာကို မကြည့်ရဲတော့ဘဲ (သွားတော့မယ်ဗျာ) ဆိုပြီး အမြန်လစ်ချလာခဲ့ရတယ်။ မချစ်သည်းက ရယ်ရင်း ကျန်ရစ်ခဲ့တယ်။

အဲဒါ ဒေါ်စလောင်းက အဆင်းမှာ နောက်ကနေ လှမ်းအော်လိုက်သေးရဲ့ဗျာ။

"ငှက်ကြီး ... သိပ်ဆန္ဒမစောနဲ့နော်။ ဒါမျိုးက လန့်ကွဲတတ်တယ်။ ဖြည်းဖြည်း ... ငါ့တူရေ" တဲ့လေ။

✿ ✿ ✿

[ ၂၃ ]

❏

ငှက်ကျားကြီးလို လူပေလူရွှတ်ကို ကြိုက်သည့်မိန်းမ ပေါ်တော့မယ်လို့ကြားတော့ ကျွန်တော်တို့ငယ်ပေါင်းတွေ တအံ့တသြဖြစ်ရောဗျို့။

ကြည့်လေဗျာ ...။

နတ်လည်း အယုံအကြည်မရှိ။

ဗေဒင်လည်း အယုံအကြည်မရှိ။ လက်မခံ။

(၃၁) ဘုံရှိတယ်။ ဘုရားဟောထားတယ်လို့ ပြောသည့်တိုင် ငါကိုယ်တိုင် မမြင်ရ၊ မကြုံရရင် လက်မခံသေးဘူးလို့ ငြေးဆစ်တဲ့ကောင်။

သရဏာဂုံတောင် ဘုန်းကြီးကျောင်းနေတုန်းက အလွတ်ရတာ။ အခု မေ့နေပြီ။ ငါးပါးသီလဆို ဝေလာဝေး။

ဆွေမျိုးသားချင်း တော်စပ်သူတစ်ဦးရဲ့ အိမ်ဝိုင်းအစွန်မှာ နှစ်ပင်ထိုင်အိမ်လေးဆောက်နေပြီး ကြုံသလို ဝမ်းစာရှာနေတာ။



www.burmeseclassic.com

www.burmeseclassic.com



ရှာလို့ရရင် စားတယ်။ မရရင် မစားဘူး။ ဘဝကို ခပ်ပျော်ပျော်
ဒေါင်ကျကျ၊ ပြားကျကျ ဖြစ်ချင်ရာဖြစ် ရင်ဆိုင်တယ်။

ဘယ်လိုဘဝမျိုးရောက်ရောက် ရည်မှန်းချက်မထားဘူး။ ရည်ရွယ်
ချက်မရှိဘူး။ တစ်ခုတော့ရှိတယ်။

မောင်ကျန်၊ ငှက်ကျားကြီး၊ တောကျော်တို့သုံးဦးဟာ သူများပစ္စည်း
မခိုးမဝှက်၊ မလုဘူး။

ကာမေသုမိစ္ဆာစာရ-သူတစ်ပါးသားမယားအိမ်ရာကို သိလျက်
မကျူးကျော်ဘူး။ မစော်ကားဘူး။

ရပ်ရေးရွာရေး၊ လူမှုရေးတော့ နားလည်တယ်။

ရပ်ထဲရွာထဲ တစ်စုံတစ်ဦး သေပြီဟေ့ဆိုရင် သူတို့သုံးဦး
မသိသိ ရောက်လာတာပဲ။ ကာယကံရှင် စိတ်ချမ်းသာအောင် ပိုင်းကူ
တယ်။

အလောင်းကို ရေချိုးသန့်စင်ပေး။

အောက်ခံ အလောင်းတင်ဝါးကပ်ကို လက်ရာမြောက်စွာ လုပ်
တယ်။

လက်သမားအလုပ်လည်း တတ်သမို့ သစ်သားခေါင်းကို အ
ပတ်ပန်းလှလှနဲ့ ပုံဖော်ထားတာ သေပန်းလှမှလှ။

ပြီးရင် ... မြေကြီးကျင်းတူး၊ မြေမြှုပ်အကုန်လုပ်ပေးတာ။

ဒါကြောင့် ပြောပါပကောလား။ ရွှေပုဆိုးသင်္ချိုင်းက စဏ္ဍာလ
က ဒီကောင်သုံးကောင်သေမှ ငါတို့ ထမင်းဝဝစားရမှာဆိုပြီး သင်္ချိုင်း
ပုတ်ခေါ်ပေမဲ့ သုံးယောက်စလုံး ဘုန်းကြီးနေတော့ ခေါ်လို့မရဘူး။

ဖျားနာချောင်းဆိုးလည်း မဖြစ်ဘူး။

သင်္ချိုင်းမြေ လက်နဲ့ပုတ်ခေါ်တဲ့ စဏ္ဍာလ ခေါင်းကျားကြီး
ညာလက်မြွေကိုက်လို့ သေပါရောလားဗျာ။

နောက်ဆုံး အလောင်းကို သင်္ချိုင်းမှာ အုန်းရေနဲ့မျက်နှာသစ်
မြေကြီးဖို့မှာလား၊ အုတ်ဂူသွင်းမှာလား၊ အားလုံး လက်စသိမ်းလုပ်ပေး





အဲဒီလို အုပ်စုံလုပ်ပေးလို့ အခကြေးငွေ ငါးပြားပေးစရာမလိုဘူး။
သာ နှစ်လုံးသုံးလုံး ဝယ်ပေးထားလိုက်ရင် ရက်လည်မုန့်ဟင်းခါးကျွေး
တောင် ဟင်းအိုးမီးထိုင်ထိုး ...

ပွဲသိမ်း မလျှော်ဖျက်ပြီး အိုးမှန်သမျှကို မှန်ရောင်ပေါက်အောင်
ပေးသွားသေးတာ။

ဘုရားဒကာကြီး ဦးဖော်ဖေသေတုန်းကဆို ဆွေမျိုးများတဲ့အသုဘ
နစ်ရက်ခုနစ်လီ နေ့မီးညမီး မနားဘဲ ချက်ကျွေးရတာ။

မသာချမည့်အကြိုနေ့မှာ ဆိုင်းပါသေးတော့ မီးဖိုဘေးကပ် ချက်
တဲ့ ငှက်ကျားကြီးတို့ရင်ဘတ်က ရေနွေးနဲ့ပြုက်ထားတဲ့ ဘဲဥလို မှ
နေတာပဲ။

ဒါပေမဲ့ ရက်လည်ပွဲသိမ်း အုပ်စုံလုပ်ပေးခဲ့ဘယ်။ မညည်းဘူး။
ဘူး။

ရက်လည်ပြီးနောက်နေ့မှာ ကွယ်လွန်သူ ဘုရားဒကာကြီးဦးဖော်
အရက်မူးပြီး အိပ်ပျော်နေတဲ့ ငှက်ကျားကြီးတို့သုံးယောက်ကို အိပ်မက်
ပဲ။

"ငှက်ကြီးရာ ...ငါ့အသုဘမှာ မင်းတို့အုပ်စု ဖိဖိစီးစီး ကူညီ
အချုပ်အချော်မရှိဘဲ ငါမြေကျဂူသွင်းဘဝ ရောက်ရတာပါကွာ။ ငါ့
မျိုးတွေသာအားကိုးပြီး သေရရင် မသာဟာ ပုပ်စော်ကို ဟောင်နံ
မှချကွ။ မင်းတို့အားလုံးကို ကျေးဇူးတင်ပါတယ်ကွယ်။

ကျော်ဦးတို့၊ မင်းကြည်လှိုင်တို့၊ ဖိုးစောတို့၊ မောင်လှိုင်ထွေးတို့နဲ့
သည်း ဆက်ဆက်ပြောလိုက်ပါ။ ငါ ရွှေပုဆိုးသင်္ချိုင်းက စောင့်နေ
တယ်။ မြန်မြန်လာခဲ့ကြလို့၊ သိလား"

အဲဒါ ငှက်ကျားကြီးတို့ မူးမူးနဲ့ပြောပြတဲ့ အိပ်မက်ပဲ။

ဆိုရင် လူမှုရေး (နာရေးအကူ) စသည်တို့မှာ ရပ်ရွာက မျက်နှာ
အောင် အားကိုးရသမို့ မူးနေကြပေမယ့် ခင်သူများတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငှက်ကျားကြီးရဲ့ တစ်ခါတစ်ရံ ဆိုးဒဏ်ပေဒတ် ရိုသံတွေ့သံများ ကို သည်းခံမျက်နှာလွှဲလုပ်ပြီး ခွင့်လွှတ်လိုက်ကြတာလည်း ရှိတာပဲ။

တစ်ခါတုန်းကလည်း ငှက်ကျားကြီး မူးပြီးရန်ဖြစ်တယ်လေ။

သူနဲ့ဖြစ်တဲ့ကောင်တွေကလည်း လူကောင်းမဟုတ်ပေါင်ဗျာ။ နဂ္ဂ လူးတို့အုပ်စုထဲက ခွေးချေးဆိုတဲ့ကောင်ပါ။

ရိုသဲ့သဲ့လုပ်လို့ ငှက်ကျားကြီးက အရက်ပုလင်းနဲ့ ကောက်ရိုက်တာ ခေါင်းကွဲပြီး ဆေးရုံကို ရောက်သွားရော။

ဆေးရုံမှာ ဆယ်ချက်ချုပ်ရတယ်။ ငှက်ကျားကြီးလည်း အချုပ်ထဲ ရောက်ပြီး အတန်ကြာပါရောလား။ အဲဒါ ကျွန်တော်တို့အုပ်စုနဲ့ အိမ်နီးနား ချင်းများ ငွေစုပြီး တရားလိုခွေးချေးကို ချော့မော့ဖျောင်းဖျ ကျေအေး မနည်းနားချရတယ်။

နို့မို့ ... သင်းကောင် အင်းစိန်ထောင်နန်းစံရပေါ့ဗျာ။

အချုပ်ကလွတ်တော့ ဘုရားအလုပ် တရားအသိနဲ့နေမလား မှတ် တယ်။ အရက်ကို အမူးတစ်ဝသောက်ပြီး ရွာထဲလှည့်ကြတယ်။ သီချင်း မျိုးစုံဆိုတယ်။ ဆိုတဲ့သီချင်းကလည်း ကြည့်ဦး။ တွံတေးသိန်းတန်သီချင်း ဆို ထားတော့၊ လေးဖြူသီချင်းဆို ထားတော့။

ခုဟာက ကွယ်လွန်သူ ဇာတ်မင်းသားကြီး အလက်ာကျော် ရွှေမန်းဦးတင်မောင်ရဲ့ ရွှေကြေးစည်သီချင်းကို အသံပြဲကြီးနဲ့အော်တာ (၇) သားသမီး နားမခံသာဘူး။ ရွှေမန်းတင်မောင် မသေလို့ရှင်နေရင် တ နဲ့လိုက်မှာ ကျိန်းသေပဲ။

ခွေးတစီစီနဲ့ တဟောင်ဟောင်နဲ့။

အဲဒါ နဂ္ဂလူးတို့က သူတို့ကို ရိတာပါဆိုပြီး ထွက်ရိုက်မယ်လု လို့ ရာအိမ်မှူး ကိုပိန်ညှပ်က မနည်းဖျဉ်ရတယ်။

နောက်ဆုံး သချိုင်းကုန်းဇရပ်ထဲ သုံးယောက်သား သွားအိပ် တစ်ရွာလုံး တစ်ရပ်လုံး နားအေးရတယ်။

✿ ✿ ✿

| ၂၄ |

❒

လူမင်းဘုန်းကြီးရင် နတ်မင်းမနေသာဘူးတဲ့။

ဒါနဲ့ဆန့်ကျင်ဘက်က နတ်မင်းဘုန်းကြီးလို့ လူမင်းကံနိမ့်ရင်လည်း တျွဲခတ်လို့သေရတာပဲတဲ့။ ဒါ ဟုတ်သလိုလိုပဲခင်ဗျ။

ဟော ...

လူရွှတ်လူပေ ငှက်ကျားကြီး နေဝင်ချိန် ရောက်လာတော့လည်း အံသြစရာ၊ သနားစရာပါပဲလေ။

တစ်နေ့ ...

ရွာထဲမှာ နာရေးကိစ္စတစ်ခု ပေါ်ပါရောခင်ဗျ။

ကွယ်လွန်သူ စောစောတုန်းက အရင်ကွယ်လွန်သွားတဲ့ ဘုရား ဒကာ ကျောင်းဒကာကြီး ဦးဇော်ဖေရဲ့သူငယ်ချင်း ပွဲစားကြီး ဦးမောင်ချစ် ကြီးရဲ့ အသုဘ။



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်ချစ်ကြီး အရင်သုံးလတုန်းက သူ့မိန်းမ မခင်မေချစ် ကွယ်လွန်တာ။ အခု ဦးမောင်ချစ်ကြီး ဆုံးပြီ။

အချို့က မခင်မေချစ်ခေါ်တာတဲ့။

အချို့က ဦးမောင်ချစ်ကိုယ်တိုင် မခွဲနိုင်လို့ လိုက်သွားတာတဲ့။

ထားတော့။ သေတဲ့လူက သေပြီ။

ထုံးစံအတိုင်း ငှက်ကျားကြီးတို့အုပ်စုကပဲ နာရေးကိစ္စအဝဝကို တာဝန်ယူလိုက်တယ်။

ဦးမောင်ချစ်သေပုံက ပွဲစားပီသပါ့ဗျာ။ ပွဲဦး၊ ပွဲဖျား၊ ပွဲရင်းစားသူ မှိုလားမသိဘူး သေတော့ လျှာကြီးထွက်လို့။

ရှေ့နေကြီး ဦးမကွေးသေတုန်းကလည်း လျှာတန်းလန်းပဲဗျ။

အင်္ဂလိပ်ခေတ် စက်ရှင်တရားသူကြီး ထီးပြန်ဖိနပ်ပြန် ဦးကြိမ်းဝါး သေတုန်းကလည်း လျှာကြီးတန်းလန်းထွက်လို့ပဲ။

ဘယ်လိုဝဋ်ကံကြွေးမှာကြောင့်လည်း မသိဘူး။ သေပုံထူးပါ့ဗျာ။

နက်ဖြန်ခါ မြေမြှုပ်သင်္ဂြိုဟ်မှာ။ ဂူသွင်းပါလားပြောတော့ ဂူကိုမြင် နေရရင် သမုဒယသံယောဇဉ်ဖြစ်ပြီး တစွဲစွဲတလမ်းလမ်း ဖြစ်နေမှာစိုးလို့ တဲ့။ မြေပဲမြှုပ်မယ်တဲ့။

အဲဒါ ထုံးစံအတိုင်း။ ပြုနေကျအတိုင်း သင်္ချိုင်းအပိုင်အဆိုင်များ ထံက မြေကြီးကျင်းတောင်းဖို့ ...

လက်ဖက်စုံက တစ်ပွဲ၊

ကွမ်းယာတစ်လင်ပန်းယူပြီး တောကျော်၊ မောင်ကျန်နဲ့ ငှက်ကျား ကြီးတို့ နေမွန်းလေးသောက်လို့ ရွှေပုဆိုးသင်္ချိုင်းကို လာခဲ့ကြတယ်။

နေကလည်း နွေနေမို့ ပူသမှလွှတ်ပူပါဗျူ။

ရွှေပုဆိုးသင်္ချိုင်းကလည်း သစ်ပင်မရှိဘူး။ ရှိတာက စည်းရိုးမှာ။

သူတို့နဲ့အတူ ပွဲစားကြီးမိသားစု ချီးမြှင့်လိုက်တဲ့ အရက်သုံးလုံး လည်း အော်ဒါဆိုက်အနေနဲ့ ပါလေရဲ့။





ပေါက်တူး၊ ဂေါ်ပြား၊ တူးရွင်းပြားများ ကိုယ်စီထမ်းပြီး ရွှေပုဆိုး သင်္ချိုင်းကို ရောက်လာပြီးနောက် သင်္ချိုင်းက တာဝန်ရှိသူများနဲ့ ပြောဆိုပြီး မြေမြှုပ်မည့်နေရာကို ရွေးလိုက်ကြတယ်။

အနီးမှာ အုတ်ဂူတန်းတစ်တန်းရှိတယ်။

ဘယ်သူတွေလည်း သိချင်လို့ ဖတ်လိုက်တော့ ...

ဆုမွန်ဦး (ဟသ်ာတ) အသက် (၉၀) နှစ်။

ဝေလွင့်မြင့်မောင် အသက် (၇၅) နှစ်။

သန်လျင် မောင်ဥက္ကလာ အသက် (၈၃) နှစ်။

ပုသိမ် မောင်သောင်းယဉ် အသက် (၉၆) နှစ် ...

စသည် သက်တန်းရှည် သူတော်ကောင်းကြီးတွေရဲ့ အုတ်ဂူတန်း ကို တွေ့ရတယ်။ သီလကောင်းတော့ လူ့ပြည်မှာ အသက်ရှည်ရှည် နေသွား ရရှာတယ်။ လေးစားစရာပါပဲ။

ကြည့်ရတာ လူ့ဘဝမှာရှိစဉ်တုန်းက အလှူအရက် လက်နဲ့မကွာ သောက်ကြစားကြ ... အဲလေ ... မှားလို့။ အလှူရေစက် လက်နဲ့မကွာ လှူကြတန်းကြရသည့် စေတနာနဲ့ သီလ၊ သမထ၊ ဘာဝနာ ကိုယ်ကျင့် စရဏကောင်းမှုကြောင့်ပေပဲလို့ ဆင်ခြင်ရှုမွားမိလေရဲ့။

သူတို့ မြေကြီးမတူးခင်မှာ ခပ်လှမ်းလှမ်း တမာပင်လေးအောက် အရိပ်ဝင်ခိုရင်း အရက်တစ်လုံးကို ဖွင့်လိုက်တယ်။

"အမြည်းရောဟ ... ငကျော်ရ"

ငှက်ကျားကြီးက အကြမ်းပန်းကန်လုံးထဲကို အရက်အပြည့်ငှဲ့လိုက် တယ်။

တောကျော်က ဖရုပ်ထဲက သောက်ရေအိုးကို လက်နှစ်ဖက်နဲ့ မ, ချလာပြီး အနီးမှာချလို့ ရေခွက်နဲ့ အသင့်လုပ်ပေးတယ်။

"အမြည်းကတော့ မြေတောင်းပြီးစွန့်တဲ့ လက်ဖက်ပွဲကို အမြည်း လုပ်ရင် ရသားဥစ္စာ။ ကွင်းဖွင့်ကတော့ ငါတို့ အာစရိဆရာနှိုင်းပြောသလို အရက်သမားသိက္ခာ မညှိုးရအောင် 'နီ' ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ကျွန်ုပ်ကပြောရော။ ငှက်ကျားကြီးက ခပ်လှမ်းလှမ်းအုတ်ဂူပေါ်တင်ထားတဲ့ လက်ဖက်ပန်းကန်ကို လှမ်းကြည့်လိုက်တယ်။

လက်ဖက်သုပ်စုံပွဲကြီးက သံပန်းကန်ပြား အပြည့်အမောက်ပါဗျား။

လက်ဖက်၊ ကြက်သွန်ကြော်၊ နှမ်း၊ မြေပဲ၊ ဆီးရွှဲရွှဲ၊ ပုစွန်ခြောက် အကောင်ကြီးများတောင် အဆစ်ပါလိုက်သေးရဲ့ခင်ဗျ။ သေသူပွဲစားကြီး ဦးမောင်ချစ်ရဲ့ဆွေမျိုးများက သဒ္ဓါတရားကြီးပုံပါပဲ။

ဒီလက်ဖက်ပွဲက အသုဘမြေကြီးတူး ကျင်းတောင်းရင် မပါလို့ မရဘူး။ ဒါ ရှေးမြန်မာ့ရိုးရာ အသုဘထုံးစံပဲလေ။

ဒီသင်္ချိုင်းမှာ လူသေမြှုပ်မယ်။ မြှုပ်ဖို့ မြေကျင်းတောင်းရင် ပထမ စည်ပင်သာယာမှာ တရားဝင်ခွင့်ပြုချက်ယူရတယ်။

ပြီးရင် သင်္ချိုင်းကို အပိုင်စားစောင့်ရှောက်တယ်လို့ ယူဆထားသည့် သင်္ချိုင်းစောင့်မဖဲဝါ တစ္ဆေပြိတ္တာမထံမှာ လက်ဖက်စုံပွဲနဲ့ ကွမ်းပွဲနဲ့ မြေကြီးတောင်းရတယ်။ ဒါက အစဉ်အလာ ဓမ္မလာလေ။

"ရွှေပုဆိုးသင်္ချိုင်းကို ပိုင်စားစောင့်ရှောက်သည့် အမေဒေါ်ဖဲဝါ ခင်ဗျား . . . ပွဲစားကြီး ဦးမောင်ချစ်ကြီးအလောင်းကို အမေပိုင်စားစောင့် ရှောက်သည့် ဤသင်္ချိုင်းမှာ မြှုပ်နှံသင်္ဂြိုဟ်ပါမယ်။ ဒါကြောင့် ဦးမောင်ချစ် ကြီးလဲလျောင်းရန်မြေ တစ်အိပ်စာ၊ တစ်နေရာစာ ခွင့်ပြုပါ။ အမေကြိုက် နှစ်သက်သည့် လက်ဖက်အစုံပွဲ၊ ကွမ်းယာပွဲများဖြင့် တင်မြှောက်ဒါနပြုပါ တယ်ခင်ဗျား"

အဲဒီလိုပြောပြီး လက်ဖက်စုံပွဲနဲ့ ကွမ်းယာနှစ်ယာကို ယာစုံကွမ်းစုံ လင်ပန်းနဲ့မြှောက်ပြီး ဒါနပြုရတယ်။

ဦးဆောင်သူက လက်ဖက်နည်းနည်းစီယူပြီး အရပ်လေးမျက်နှာ ကို စွန့်ပစ်ပက်ကြဲပေးရတယ်။ ဒေါ်ဖဲဝါရဲ့နောက်လိုက်များပါ စားပါစေဆိုတဲ့ သဘောပေါ့။ ပါးစပ်ကလည်း အမေဒေါ်ဖဲဝါရဲ့ နောက်လိုက်နောက်ပါများ ကိုလည်း ကျွေးမွေးပါတယ်ခင်ဗျားလို့ အော်ပြောရတယ်။





ဒါ . . . မြန်မာသင်္ချိုင်းမှန်သမျှ လူသေရင်ပြုတဲ့ ရှေးအစဉ်အလာ အပြုအမူပဲ။ ယုံလို့လည်းရတယ်၊ မယုံလို့လည်း ရတယ်။ မယုံရင် ကြိုက်ရာ မြန်မာသင်္ချိုင်းနားသွားကြည့်၊ မေးကြည့်။

ဒီလိုလုပ်တဲ့လူ (၉၉. ၉) ရာခိုင်နှုန်းရှိတယ်။

အဲဒီလိုပြောဆိုတောင်းပန် မြှောက်တင်ပြီးမှ လက်ဖက်ကွမ်းကို ငှန်ရတယ်။

"သားတို့ . . . သမီးတို့ . . ."

ဒါမှမဟုတ် . . .

"ကျွန်တော်များကို စားကြွင်းစားကျန် လက်ဖက်ကွမ်းယာများ စွန့်ပါခင်ဗျား"

လို့ပြောပြီး အဲဒီလက်ဖက်ကွမ်းယာကို စွန့်စားရတယ်။ အဲဒီလို မလုပ်ဘဲ ထင်ရာစိုင်းရင် ပြဿနာဖြစ်ရောတဲ့။

ခုလည်း ပြဿနာ စပြီလေ။

"ငကျွန်"

"ဘာလဲ . . . ငှက်ကျားကြီး"

"ဟိုလက်ဖက်ပန်းကန်ကို လှမ်းယူလိုက်ကွာ"

ငှက်ကျားကြီးက ခပ်လှမ်းလှမ်းအုတ်ဂူပေါ်မှာ တင်ထားသည့် မြေ တောင်းလက်ဖက်ပန်းကန်ကို လက်ညှိုးထိုးလို့ အမိန့်ပေးသလို ပြောလိုက် ရော အံ့သြသွားကြရော။

"ဟော့ကောင် . . . ငှက်ကျားကြီး၊ ဒါ မြေတောင်းရမယ့် လက် ဖက်ပန်းကန်လေကွာ။ ကိစ္စပြီးလို့ စွန့်ပြီးမှ စားရ၊ အမြည်းလုပ်ရမှာပေါ့"

ငကျွန်က ခါတိုင်းလုပ်နေကျအတိုင်း ပြောပြတယ်။

ဒီမှာ မူးရင် ရစ်တတ်ပေတတ်သည့် ငှက်ကျားကြီးရဲ့အထာကို သိနေတဲ့ တောကျော်က . . .

"နေဦး . . . ငှက်ကြီးရေ၊ မင်းဆန္ဒပြင်းပြနေရင်လည်း ငါ ဒေါ်ဖဲဝါ သီမှာ လက်ဖက်ပွဲနဲ့ မြေတောင်းပြီး စားဖို့စွန့်ပေးမယ်။ ဟုတ်ပလား"



www.burmeseclassic.com

www.burmeseclassic.com



တောကျော်က သို့ကလိုပြောပြီး ထအရပ်မှာ ငှက်ကျားကြီးက တောကျော်ရဲ့လက်ကို ဆောင့်ဆွဲလိုက်ပြီး …

"မလိုဘူး … တော … ကျော် … အေ့ … ငါ့ဘာသာ … ယူ လိုက်မယ်"

"ဟော့ … ဟော့ … ငှက်ကျားကြီး … မ … လုပ် … ပါနဲ့ ကွာ … သူငယ်ချင်းရာ။ ခါတိုင်းလည်း ငါတို့ ဒီလိုလုပ်မြဲအတိုင်း လုပ်နေ ကြဥစ္စာ။ မလုပ်သင့် မလုပ်ကောင်းတာ … မ … လုပ် … ပါနဲ့ … ကွာ နော် … သူငယ်ချင်း"

"ဟော့ကောင် … ခါတိုင်းက ခါတိုင်းပဲ … အေ့ …။ ဒီကနေ့ က ဒီနေ့။ အခုက … အခုပဲ။ ဒီမှာကွ … ကျေနိုရ … ဘာမဟုတ်တဲ့ တစ္ဆေသရဲ၊ အစိမ်းသေ၊ ပြိတ္တာ၊ နာနာဘာဝတွေကို ကြီးကြီးကျယ်ကျယ် အဓိပ္ပာယ်မရှိ အခွင့်အရေးပေးပြီး အရေးတယူလုပ်နေစရာ မလိုပါဘူးကွာ။

ဒီမြေကြီးကို ငါတို့လက် ငါတို့ခြေနဲ့ တူးရတာပါ။ ဘယ်တစ္ဆေ သရဲကများ … အေ့ … ဝေ့ … လာဝိုင်းကူညီ … တူး … ပေးသလဲ ပြောစမ်း … ပြောလေ …"

ငှက်ကျားကြီးက ဖွတ်မှ ဖွတ်သမား။ တားလို့လည်း မရဘူး။

ဒီကောင်က မထင်လျှင် မထင်သလိုလုပ်တဲ့လူ။ တစ်ခါတစ်ရံ သူ များက 'သုံး' လို့ပြောရင် သူက 'လေး' လုပ်ချင် ရွဲ့ချင်တယ်။

ခုလည်းကြည့်။ ဒါ မြန်မာရှေးရိုးအစဥ်အလာ နာရေးကိစ္စ။ မြေ တောင်းသည့် လက်ဖက်ပန်းကန်ကို မြေမှမတောင်းရသေးဘူး ဂူပေါ်က လှမ်းယူ လက်သုံးချောင်းနဲ့ နှိုက်နယ်ပြီး အားရပါးရစားတယ်။

မောင်ကျုန်နဲ့ ငတောကြီးလည်း ဘယ်လိုမှ တားလို့ပြောလို့ မရ တဲ့အဆုံး မျက်စိမျက်နှာပျက်နဲ့ လက်လျှော့လို့ နေလိုက်ကြတယ်။ စိတ်ထဲ မှာတော့ စိုးစိုးရွံ့ရွံ့။

ငှက်ကျားကြီးက အရက်ပန်းကန်လုံးကို ကောက်မော့လိုက်၊ လက် ဖက်တွေကို လက်နဲ့ နှိုက်စားလိုက်၊ အရသာတွေ့နေတယ်။





"ဟော့ကောင် … ကျေနို၊ ငတော"

"ဘာလဲ"

"စားကြလေ …။ ဘာအရူးကြောင်ကြောင် လုပ်နေတာတုံး။ ရော့ စား"

"ငါတို့မစားဘူး။ မင်းဘာသာစား"

"ငတော်ရော"

"မစားရဲဘူး"

"စိတ်မကောင်းလိုက်တာကွာ။ ဟား … ဟား … ဟား … ဟား … အဟတ် … အဟတ် … အဟတ် … အေ့ … အေ့ … ဆု …"

ငှက်ကြီးက ကျုန်နှစ်ကောင်ကို ကြည့်ပြီး ရီလိုက်၊ ထေ့လိုက်၊ ရွဲ့ လိုက် အရက်နဲ့လက်ဖက်ကို အားရပါးရ စားလိုက်သောက်လိုက် လုပ်ပြီး အရှင်နေတယ်။ မောင်ကျုန်နဲ့ ငတောကြီးက အရက်လည်း ဆက်မသောက် တော့ဘူး။

အလာတုန်းက သောက်လာခဲ့သည့် အခံလေးနဲ့ ပေါက်တူး၊ ဂေါ် ပြားကိုင်ပြီး မြေကြီးကျင်းတူးမည့်နေရာကို ထွက်လာခဲ့လိုက်ကြတယ်။

သည့်နောက် ငတောကြီးက ကွမ်း၊ ကွမ်းသီး၊ ထုံး၊ ကွမ်းစား ဆေးရွက်များ ပန်းကန်နှင့်ယာထားသည့် ကွမ်းလင်ပန်းကိုကိုင်ပြီး …

"ဤရွှေပုဆိုးသချိုင်းမှာ ရှေးတုန်းအခါသမယမှ အစပြု၍ စောင့် ရှောက်နေထိုင်သည့် ဒေါ်ဖဲဝါခင်ဗျာ … ကွယ်လွန်သူ ပွဲစားကြီး ဦးမောင် ချစ်ကြီးကို မြေမြှုပ်သင်္ဂြိုဟ်ရန်အတွက် မြေနေရာတစ်နေရာ ခွင့်ပြုပါရန် ကွမ်းယာပွဲဖြင့် မေတ္တာရပ်ခံပါသည်ခင်ဗျား။ အမိုက်အမဲများမို့ ကြွင်းတာ ကျန်တာ အမှားအယွင်းများပြုမိသည်များရှိခဲ့ပါသည်။ ဒါကိုလည်း သည်းခံ ခွင့်လွှတ်ပါ ဒေါ်ဖဲဝါခင်ဗျား …"

သို့ကလို တောင်းပန်ပြောဆိုပြီးနောက် မြေကြီးကို တူးကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့အတန်ကြာတော့ ငှက်ကျားကြီး ဒယီးဒယိုင်နဲ့ရောက်လာပြီး မြေကြီး မြေစာများကို ဂေါ်ပြားနဲ့ ကော်တင်ရန်လုပ်တယ်။

လူက မူးပြီး ဟိုယိုင်ဒီယိုင်ဖြစ်နေလို့ ဝင်မကူပါနှင့်တော့ အေးအေး ဆေးဆေး သွားနေပါလို့ ပြောရတယ်။

အဲဒီလိုပြောတော့ ငှက်ကျားကြီးက ...

"မင်းတို့ အဲဒီလောက်တော်မှန်း အစကမသိဘူး။ ဒီလိုတော်နေ သရွေ့ အလိုက်သိနေသရွေ့ မင်းတို့ ... အော့ ... ဂေ့ ... ကြီးပွားမယ် တိုးတက်မယ် ... အော့ ... ချမ်းသာဦး ... မယ် ... အသက် ... ရှည် ဦးမယ် ... ဂေ့ ... သားကောင်း ... မယား ... ကောင်း ... ရ ... ဦးမယ် ... ဗျာ ... ဟား ... ဟား ..."

ပါးစပ်ကနေ ကြီးကျယ်စကားပြောပြီးနောက် ခပ်လှမ်းလှမ်းက အုတ်ဂူကြီးတစ်လုံးပေါ်မှာ အရက်သောက် အမြည်းစားလုပ်ပြီး မြေကြီး ကျင်းတူးနေတဲ့ ကျေနိုင်တောကြီးကိုလည်း ဟိုလိုလုပ်လိုက်၊ ဒီလိုလုပ် လိုက်နဲ့ လှမ်းအမိန့်ပေးရဲ့။ မကြာခင်မှာပဲ အုတ်ဂူပေါ်မှာ အိပ်ပျော်သွားခဲ့ တယ်။

သုံးနာရီလောက်ကြာပြီးနောက် မြေကြီးကျင်းတူးကိစ္စ ပြီးသွားတယ်။ နှစ်ယောက်သား အိမ်ကပါလာသည့် ပုလင်းလက်ကျန်ထဲက အရက်အချို့ ကို မော့သောက်၊ ချွေးနှင့်မြေကြီးရောနေသည့် ကိုယ်ခန္ဓာကို ပုဆိုးပိုင်းနှင့် သုတ်လို့ အမောဖြေလိုက်ကြတယ်။

အမောပြေတော့မှ အိမ်ပြန်ရန်အတွက် အုတ်ဂူပေါ်မှာ မူးပြီး ကျော ပြောင်ကြီးနဲ့ အိပ်မောကျနေသည့် ငှက်ကျားကြီးကို လှုပ်အော်နှိုးရတယ်။

အလို ...

ငှက်ကျားကြီးပါးစပ်က ဆပ်ပြာမြှုပ်လို အမြှုပ်တွေထွက်ပြီး ပါးစပ် နဲ့မေးစေ့တစ်ပြင်လုံးကို ညစ်ပတ်ပေကျံနေပါကလား။ ဒီကောင် ဘာတွေ ဘယ်လိုဖြစ်နေပါလိမ့်။





"ငှက်ကျားကြီး ... ငှက်ကျားကြီး ..."

"ဟေ့ကောင် ... ငှက်ကျားကြီး ... ပြီးပြီ။ ပြန်မယ် ... ထ ..."

"ဟေ့ကောင် ... ထတော့လေ"

နှစ်ယောက်သား ငှက်ကျားကြီးကို မရအရ လှုပ်နှိုးကြတယ်။ တော် ာ်နဲ့ လှုပ်နှိုးတာမရလို့ ဖြုန်းဆို စိုးရိမ်သွားကြရော။ ပါးစပ်ကလည်း မြှုပ်နဲ့ အရည်တွေက တလျှင်လျှင်စီးကျလို့။

"ငှက်ကျားကြီး ... ဟေ့ကောင် ... ငှက်ကျားကြီး ..."

"အင် ... အင် ... အင် ..."

ချီးမှပဲ ... အသက်မှ ရှိသေးရဲ့လားလို့ လန့်လိုက်တာကွာ။ ထ မယ်"

"အင်း ... အင်း ... ဟင်း ... အင်း ..."

"ဟေ့ကောင် ... ညနေငါးနာရီထိုးပြီးပြီ။ တော်ကြာ မှောင်လာ မယ်။ ထ ... ဆို"

မောင်ကျန်က စိတ်မရှည်လို့ ဇက်ကနေထိုးပွေ့ပြီး ထူလိုက်တယ်။ ိုက်မှ ခေါင်းငိုက်စိုက်ကျနဲ့ ပါးစပ်ထဲက အမြှုပ်နဲ့အရည်များက သင်း တ်နဲ့ ပုဆိုးပေါ်ကို စီးကျပြန်ပါရောဗျာ။

"င ... င ... ကျန် ... အန် ... အန် ..."

"ဘာတုံး ... ငှက်ကျားကြီး ... ပြော"

"ငါ ... ငါ ... မ ... မ ... ပြန် ... တော့ ... ဘူး ... ... ဂေ့ ..."

"ဟာ ... မဟုတ်တာကွာ။ ထ ... ငါတို့တွဲသွားမယ်။ သောက် ာက တရားလွန်သောက်တာကိုးကွ။ လာ ..."

"ဟင့်အင်း ... မ ... ခေါ် ... နဲ့။ ဒါ ... ဒါ ... ငါ့အိမ်ကွ ... အိမ်။ ငါ ... ငါ ... ဒီမှာ ... အပြီး ... နေ ... မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ငှက်ကျားကြီးရာ ... နိမိတ်မရှိ နမာမရှိ ပေါက်ကရရှုပ်ဆ
လျှောက်မပြောပါနဲ့ကွာ။ ဒါ သချိုင်းကုန်းကွ။ ပြန်မယ် ... ထ"

"မဆွဲနဲ့ကွာ။ ငါ့ကို အရက်ပုလင်းသာ ပေးခဲ့။ အေ့ ... ဇေ့ ...
ငါဒီမှာ အရက်ထိုင်သောက်ပြီး မပြန်တော့ဘူး။ ပေး ... ပေး ... အေ့"

ချော့ပြောလို့လည်း မရဘူး။ ခြောက်ပြောလို့လည်း မရဘူး။
ခေါ်မယ်၊ ကျောပိုးခေါ်ပြေးမယ်ဆိုလည်း ခေါ်လို့မရဘူး။ မလိုက်ဘူး။ ဒါ ...
ငါ့အိမ်ပြောလိုက်၊ သူ့မိန်းမအိမ် ပြောလိုက်။ မိန်းမပြန်ရောက်မှ မင်း
လာတွေ့မယ် ပြောလိုက်နဲ့ ပေကပ်နေတယ်။

ပြောမရသည့်အဆုံး လက်ကျန်အရက်ပုလင်းကို သူ့လက်ထဲ
ထည့်ခဲ့ပြီး မောင်ကျန်နဲ့ တေကြီးတို့ ပေါက်တူး၊ ဂေါ်ပြားကိုယ်စီထ
ပြီး ရွှေပုဆိုးသင်္ချိုင်းကနေ ပြန်ထွက်လာခဲ့လိုက်ကြတယ်။

လူပေလူရွှတ် ငှက်ကျားကြီးကတော့ ပေးထားခဲ့သည့် အရ
ပုလင်းထဲက အရက်များကို ပုလင်းလိုက်မော့သောက်ပြီး အုတ်ဂူပေါ်မှာ
အကျီကျောဝလာနဲ့ ပုလင်းကိုဖက်လို့ ပြန်လည်အိပ်မောကျသွားခဲ့တယ်။

✿ ✿ ✿

[ ၂၅ ]

❑

ဟောဗျာ ...
ညမှောင်လည်းပျိုးရော ပြဿနာတက်တော့တာပဲ။
"အမယ်လေး ... လုပ်ကြပါဦးဗျာ"
"ကျေန် ... တေကြီး ... ကယ်ကြပါဦး"
"မောင်မှိုင်းရေ ... မောင်မှိုင်း ... ငါ့ကို ... ကယ်ကြ ...
ဦး"

"အမေရေ ... အမေ ..."
"ဟ ... ဟ ... ငှက်ကျားကြီး ဘာဖြစ်လို့တုံးဟ"
"ငှက်ကျားကြီး လမ်းထဲမှာ မူးရူးလျှောက်အော်နေတယ်ဟေ့"
ကြည့်စမ်း ...။ ကျွန်တော်တို့လူ လူရွှတ်ငှက်ကျားကြီး
ဆိုးကွင်းသိုင်းပြီး ဟိုပြေးဒီလျှောက် အလန့်တကြား အော်နေရဲ့၊

www.burmeseclassic.com



ရပ်ထဲရွာထဲက လူတွေက ငှက်ကျားကြီးကို ခါတိုင်းလိုပဲ အရက်မူးလွန်သွားလို့ မူးရူးသောင်းကျန်းနေတာပဲလို့ ထင်ကြတယ်။

"ကျေန် ... ကျေန် ..."

"အမယ်လေး ... လုပ်ကြပါဦး ... လိုက်လာနေပြီဗျ။ သွား ... သွား ... မလိုက်နဲ့"

"တောကြီးရေ ... ငါ့ကို ကယ်ပါဦးဟ"

နောက်ဆုံး အသံကုန်အော်ဟစ်ရင်း ကျေန်တို့ခြံဝမှာ လဲကျသွားလို့ မွေ့ယာအိမ်ပေါ်တင် လှုပ်နှိုးမှ သူ သတိရစပြုလာတယ်။

"လိုက်လာနေတယ်။ ငါ့နောက် ... က ... လိုက် ... လာနေတယ်"

"ဟ ... ငှက်ကျားကြီးရေ ... မင်းနောက် ဘယ်သူလိုက်လို့တုံး"

"မိန်းမကြီးတစ်ယောက်"

"ဘာ ..."

"ခေါင်း ... ခေါင်း ... သစ်သားခေါင်းကြီး ... ဆံပင်ဖားလျားခေါင်းပေါ်တင်ရွက်ပြီး လိုက်လာလို့ အမယ်လေးဗျ ... ဟိုမှာ ... ဟိုမှာ ခြံဝမှာ ... သွား ... သွား ... ငါ့ကို မခေါ်နဲ့။ မလိုက်ချင်ဘူး။ အဲဒါကြီး ကျုပ် ... ကျုပ် ... မ ... လို ... ချင်ဘူး ... ဟူး ... ဟူး"

ငှက်ကျားကြီးဟာ ခြံဝကိုလှည့်ကြည့် လက်ညှိုးထိုးလိုက် လက်ခါ ခေါင်းယမ်းလုပ်လိုက်ပြီး ငယ်သံပါအောင် အော်ဟစ်နေတယ်။ အိမ်နီးနားချင်း လူကြီးတွေ မနေနိုင်လို့ လာသတင်းမေးကြရော ...

"ဟဲ့ ... ကျေန် ... ငှက်ကျားကြီး ဘာဖြစ်နေတာတုံး။ တစ်ရွာလုံး တစ်လမ်းလုံး ဆူညံနေတာပဲ"

"ဘာဖြစ်မှန်း မသိပါဘူးဗျာ"

"မူးနေတာဗျာ"

"ဟော့ကောင် ... ငှက်ကျားကြီး ... ငှက်ကြီး"





အဘဦးရက်ရာဇာက ခေါ်တော။ ဆံပင်စုတ်ဖွား၊ မျက်လုံးပြူးပြူးနဲ့ မဝံ့မရဲ မော့ကြည့်နေတယ်။ လူအားလုံးဟာ တစ်ခါမှ ဒီလို မကြောက်မလန့်ဖူးတဲ့။ ငှက်ကျားကြီးရဲ့အဖြစ်ကို ကြည့်ပြီး လွန်စွာ အံ့ဩနေကြတယ်။

"ငှက်ကြီး"

"ဗျာ ... ဗျာ ..."

"ငါ့ကို ... သိ ... သိလား"

"ဟုတ် ... ဟုတ် ..."

"ငါ ဘယ်သူလဲ"

"ဘ ... ရက် ... ရာ ... ဇာ"

"မင်း အခု ဘာဖြစ်နေတာလဲ"

"ဟို ... ဟို ... သချိုင်းကုန်းကနေ မိန်းမကြီးတစ်ယောက် ခေါင်းထမ်းရွက်ပြီး ကျွန်တော့်နောက်ကို လိုက်နေလို့"

"ဘယ်မှာတုံး"

"ခြံ ... ဝ ... မှာ"

"ခြံဝမှာ ခေါင်းထမ်းရွက်ပြီး လိုက်သည့်မိန်းမကြီးဆိုတာ လုံးဝမရှိဘူး။ ဟေး ... သောင်းညွန့်ဦးတို့။ မောင်မှိုင်းတို့ ..."

"ဗျာ ... ဆရာဇာ"

"လက်နှိပ်ဓာတ်မီးနဲ့ ထိုးရှာကြစမ်း"

ကိုသောင်းညွန့်ဦးနဲ့ ကျွန်တော်က မီးကိုယ်စီထိုးပြီး အိမ်ရှေ့ဝန်းကျင် လမ်းအနှံ့ကို မီးထိုးရှာကြတယ်။ သူပြောတဲ့မိန်းမကြီးကို မမြင်မတွေ့ရဘူး။

"တွေ့လား ... မောင်မှိုင်း"

"မတွေ့ဘူး ... ဘရာဇာ။ ခွေးတွေပဲရှိတယ်"

ဒီအချိန်မှာပဲ ခွေးအုပ်ကြီးက အူပါလေရောဗျာ။

"အူ ... အူ ... ဟူ ... ဝူ ... ဝူ ..."



www.burmeseclassic.com

www.burmeseclassic.com



"အိန် ... ဂိန် ... ဂိန် ... ပိန် ... ဂိန် ..."

"အူ ... ဝူ ... ဝူ ..."

"ဟော ... မော ... အဲဒါ ... ဟို ... ဟို ... မိန်းမကြီးနဲ့ အဖော်တွေဗျာ။ အမယ်လေး ... လုပ်ကြပါဦး"

ခွေးအုပ်ကြီးက အိမ်ရှေ့က ဆွဲဆွဲငင်ငင် ဝိုင်းအူရော။ အိမ်ပေါ်မှာရှိတဲ့ လူအားလုံး ခေါင်းနားပန်းများ ကြီးပြီး ကြက်သီးမွေးညင်းများတောင် ထကုန်ကြရော။

ဟိုကြည့်ဒီကြည့် အချင်းချင်း လက်ကုပ်၊ မေးငေါ့၊ မျက်လုံးပြူး ဖြစ်လာကြရော။

ငှက်ကျားကြီးကလည်း လမ်းမဘက်ကို လက်ညှိုးထိုးလိုက် ယော်သံပါအောင် အော်လိုက်။ ဒါနဲ့ တွေးကြ ဝေဖန်ကြတာပေါ့။ ကျွန်တို့ကလည်း ဖြစ်စဉ်အမှန်ကို မပြောဝံ့ကြဘူး။

နေဝင်ရီတရော သချိုင်းထဲ စားသောက်လို့များ ပရဝိညာဉ်သားတွေ လိုက်ပါလာလေ့ရော့သလားပေါ့။

ဒါမှမဟုတ် မူးကြောင်ရူးကြောင်နဲ့ မျက်လုံးထဲ မြင်ချင်ရာမြင်ပြီး ထင်ရာမြင်ရာ စွတ်ပြောနေတာလား ... ဝေဖန်ကြတယ်။

ဒီမှာ လမ်းထိပ်အိမ်က နတ်ကတော်ဒေါ်စိမ်းမြကြီး ရောက်ချလာပြီး ရေစင်ရေမန်းများနှင့် သပ်တောက်ပြောဆို မေတ္တာရပ်ခံလိုက်မှ ငှက်ကျားကြီး အလန့်အကြောက်များပြေပြီး နည်းနည်းငြိမ်သွားတယ်။

"ငှက်ကျားကြီးရာ ဘယ်လိုဖြစ်ရတာလဲကွာ။ တစ်ရွာလုံး တစ်လမ်းလုံးကို ဆူညံလန့်ဖျပ်ဖြစ်ရော။ ပြောစမ်း ..."

ဘယ်သူမေးမေး မပြောဘူး။ ခြံဝကို လှမ်းကြည့်လိုက်၊ ဟိုဒီဝဲယာ လှည့်ပတ်ကြည့်လိုက်နဲ့ မဝံ့မရဲဖြစ်နေတယ်။

နတ်ကတော်ကြီး ဒေါ်စိမ်းမြတို့ လူကြီးဝိုင်းကမေးမှ ငှက်ကျားကြီးက သူမှတ်မိသမျှကို အောက်ပါအတိုင်း တုန်လှုပ်စွာ ပြန်ပြောပြခဲ့တယ်။

---





သူ ...

ကျွန်တို့ပေးထားခဲ့တဲ့ လက်ကျန်အရက်ပုလင်းကို အကုန်မော့သောက်ပြီးနောက် ရင်ဘတ်တွေပူလာလို့ အုတ်ဂူကြီးပေါ်မှာ ဘယ်လူးညာလူး လူးပြီး အိပ်မောကျသွားခဲ့တယ်။

အချိန် မည်မျှကြာအောင် အိပ်မောကျသွားသလဲ မသိဘူး။

သူ့ကို တစ်စုံတစ်ဦးက လှုပ်ပြီး နှိုးနေတယ်။

လှုပ်နှိုးပါများတော့ သူနိုးသွားပြီး မျက်လုံးကို အားယူဖွင့်ကြည့်လိုက်ရော သချိုင်းကုန်းဟာ နေဝင်မှောင်စနဲ့အတူ လေများ တဟူးဟူး တိုက်ပြီး သံစုံမြည်နေတယ်။

သစ်ပင်များ၊ သစ်ရွက်များကို လေတိုးတိုက်သံ၊

ခွေးဟောင်သံ၊ ခွေးအူသံ ညံနေတယ်။

ဒီမှာ နောက်ကျောကို တစ်စုံတစ်ယောက်က လက်နဲ့ပုတ်လိုက်လို့ လှည့်ကြည့်လိုက်ရော ...

"ဟား ..."

အဘွားကြီးတစ်ယောက် အသက်က ငါးဆယ် ခြောက်ဆယ်ခန့် အရွယ်။ ဆံပင်ဖားလျားချ၊ ထဘီရင်လျားကြီးနဲ့ သူ့ကို ငုံ့ကြည့်နေတယ်။ သူ လန့်ပြီး ကုန်းထထိုင်လိုက်ရင်းက ...

"ခင် ... ဗျား ... ခင်ဗျား ... ဘယ်သူလဲ ... ဘယ်သူလဲ"

"ပြောလေ ... ဘယ်သူလဲ"

ဒီမှာ အဘွားကြီးက ဆံပင်ဖားလျားများကို နောက်လှန်ရင်းက သွားမရှိတဲ့ သွားဖုံးပါးစပ်ကြီးကို ဖွင့်ပြီး ...

"ငါ ... နာ ... မည် ... မဖဲဝါ ..."

"ဘာ ... ဘာ ... ဘာပြောတယ်"

"မ ... ဖဲ ... ဝါလေ ... သချိုင်းစောင့် ... မဖဲဝါ"

"အို ... မဟုတ်ဘူး ... မဖြစ်နိုင်ဘူး။ ဒီ ... မှာ ... မဖဲဝါ မရှိဘူး။ ဖယ် ... ဖယ် ... သွား ... သွား ..."

---



www.burmeseclassic.com

www.burmeseclassic.com



"နင် မပြန်ရဘူး။ ဒီမှာနေမယ်လို့ နင်ပြောလိုက်ပြီလေ။ လာ .. ဟို ... ခေါင်းထဲမှာ ... အိပ် ... တော့ ... လာ ... ဟီး ... ဟီး ... ဟီး ... ဟီး ..."

"ဟင် ..."

"ဝုန်း ..."

ဆံပင်ဖားလျားနဲ့ သူ့ကိုယ်သူ သချႋုင်းစောင့်မဖဲဝါလို့ ပြောနေတဲ့ မိန်းမကြီးက ကပ်လျက်အုတ်ဂူပေါ်က သစ်သားခေါင်းအနက်ကြီးကို လက်ညှိုးထိုးပြပြီး အုတ်ဂူပေါ်ကသူ့ကို ဆွဲခေါ်ချရော ဝုန်းခနဲ ဂူပေါ်ကခုန်ချလို့ ထွက်ပြေးခဲ့လိုက်တယ်။

သည့်မှာပဲ ဆံပင်ဖားလျား၊ ထဘီရင်လျားနဲ့ မိန်းမကြီးက သစ်သားခေါင်းအနက်ကြီးကို ပခုံးပေါ်မှာထမ်းပြီး သူပြေးသည့်နောက်ကနေ အော်ဟစ်ပြီး လိုက်လာပါရော။

"ဟော့ကောင် ... လာခဲ့"

"သွား ... သွား ... ခင်ဗျား ... အရူးမ"

"နင်လာခဲ့ ... ရပ်လိုက်နော်။ နင် ဒီခေါင်းထဲမှာ အိပ်ရမှာ"

"မလိုက်နဲ့ ... မလိုက်နဲ့ ... သွား ... သွား ..."

သူက သချႋုင်းအမှောင်ဖြိုးဖျမှာ ပြေး ... ပြေးရင်း မြေပုံများကို ခလုတ်တိုက်လဲ။ အရက်ကလည်း မူး၊ အဘွားကြီးကလည်း မရပ်ဘူး။ သစ်သားခေါင်းနက်ကြီးထမ်းပြီး လေတိုက်သံကြား၊ ခွေးဟောင်သံကြားက မရပ်မနားဘဲလိုက်။

ပြေးရင်း လှည့်ကြည့်လိုက်ရင် သူ့မျက်လုံးထဲမှာ အဘွားကြီးက နှစ်ကိုယ်ခွဲ သုံးကိုယ်ခွဲဖြစ်လိုက်၊

သန်မာပုံရသည့် အဘွားကြီးက ခေါင်းကြီးကို လက်နှစ်ဖက်နဲ့ မြှောက်မြှောက်ပြပြီး ...

"ဟီး ... ဟီး ... ဟီး ..."

"ဟား ... ဟား ... မား ... ဟား ... ဟား ..."





"နင်ပြေးလို့ မလွတ်တော့ဘူး"

"နင် ဒီမှာနေမယ်လို့ ပြောပြီးပြီ။ လာခဲ့ ..."

"အူး ... ဝူး ... ဝူး ... ဝူး ..."

"အိန် ... ဂိန် ... ဂိန် ... အိန် ... အိန် ..."

"ဝေါ ..."

"ဝူး ..."

"ဝရုန်း ... ဝရုန်း ..."

အရေးထဲမှာ ပြေးရင်း သချႋုင်းမြေကျင်းဟောင်းထဲကို မြေကျွံ ခြေကျွံကျသွားပြီး ခြေဖနောင့်ကို သစ်သားစလိုလို၊ သံစလိုလို စူးသွားလို့ [illegible]သံရှဲရှဲကြားက ခြေထောက်ကို မ,နှုတ်ပြီး ပြေးရပြန်ရော။

သချႋုင်းကထွက်လို့ ဒီဘက် ကတ္တရာလမ်းကိုကူးပြီး ရွာထဲကိုဝင် တာတော့လည်း မိန်းမကြီးက ခေါင်းကြီးကိုထမ်းလိုက်၊ ရွက်လိုက်လုပ်လို့ ကြီးကြီးနဲ့ကို လိုက်လာနေတာ။

နောက်ဆုံး သူ ကျောင်းတို့ခြံဝမှာ မောဟိုက်ပန်းလျပြီး မှောက်လျက် လဲကျသွားတော့တာပဲ။

ကြားရသည့်အချို့က ကြက်သီးမွေးညင်းထသွားကြတယ်။

ကျွန်တော်တို့တောင် ခေါင်းနားပန်းကို ကြီးသွားတာပဲ။

အချို့ကပြောတယ်။

"ဒီကောင် အရက်မူးလွန်ပြီး သချႋုင်းဂူပေါ်အိပ်ပျော်ရာက ဂယောင်ချောက်ချား အိပ်မက်ဆိုးတွေမက်ပြီး လန့်အော်တာနေမှာပါကွာ"

"ငှက်ကျားကြီးက အိပ်မက်မပြောနဲ့ သရဲတစ္ဆေတောင် ကြောက်မှာလားဗျာ"

"မူးနေတယ်လေ"

"မူးနေရင် သရဲက ချောက်လို့ရရောလား"

"အရက်မူးတော့ ဘုန်းကံနိမ့်တာပေါ့။ ဒီသချႋုင်းကုန်းထဲ [illegible]ကြလုပ်တယ်။ အုတ်ဂူပေါ်အိပ်တယ်။ မှောင်နေပြီ။ တကယ်သရဲ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်ချင်ဖြစ်မယ်။ သချိုင်းကုန်းဆိုတာ မကျွတ်မလွတ်ဝိညာဉ်သား တွေ နေလို့ရတဲ့နေရာလေကွာ။ အိပ်မက်ပေး သတိပေးခြောက်လှန့်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့''

''အရက်သောက်တာ ကြာလေ များလာတော့လည်း အရက်ကြောင် ကြောင်ပြီး ထင်ရာမြင်ရာ စွတ်မြင်တတ်တယ်လို့ ကျန်းမာရေးဆေးခန်းက ဆေးမှူးဦးဇော်မြင့်က ပြောဖူးတယ်''

''ဘုရား တရားလေးလည်း အာရုံပြု ... ငှက်ကြီး။ အရက်ချည်း ဖိသောက်မနေနဲ့။ ကံနိမ့်ရင် အနော်ရထာတောင် နတ်ကျွဲရိုင်းခတ်လို့ နတ် ရွာစံရတာ။ မင်းတို့လို အရက်သမားဆို လွယ်သပေါ့ကွာ''

✿ ✿ ✿

| ၂၆ |

❑

ငှက်ကျားကြီးကို သူ့အိမ်ပြန်ပို့ပေးကြတယ်။

''ငကျိုင်း''

''ဘာတုံး''

''တောကျော်''

''ဘာလဲ သူငယ်ချင်း''

''မှိုင်းကြီး''

''ဘာတုံး ငှက်ကြီး''

''မင်း ... မင်းတို့ ပြန် ... ပြန်တော့မှာလား''

''အေး ... ပြန်မယ်။ အိပ်လိုက်တော့''

''ဟို ... ဟို ... ဟို ... မ ... မ ... ပြန် ... ကြပါနဲ့ကွာ။ ... ဒီ ... ည ... ငါ ... ငါ ... နဲ့ ... အိပ် ... အိပ် ... ပေး ... ကြပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့တုံးဟ ... ငှက်ကြီးရ"

"ဟို ... ဟို ... အဘွားကြီးကို မြင်မြင်နေရလို့"

သူ့သဏ္ဌာန်က တကယ့်ကလေးငယ်လို ဖြစ်နေတယ်။ စိုးရိမ်ကြောက်လန့်နေသလိုရှိတယ်။

"ငှက်ကြီး"

"အင် ... အင် ..."

"မင်း ... ယောကျ်ားမဟုတ်ဘူးလား"

"အင်း ... အင်း ..."

"မင်း တစ္ဆေသရဲကို နှင်ရဲသူမဟုတ်လား"

"အင်း ... အင်း ..."

"အခု ဘာလို့ကြောက်နေရတာလဲ။ ပြော ..."

"ဟို ... ဟို ... အဘွားကြီးက ... ငါ့ကို ... ခေါင်း ... ခေါင်းထဲမှာ ... အိပ် ... ရ ... မယ်တဲ့"

"ဒါ မှူးကြောင်ရှူးကြောင် အိပ်မက်ကွ"

"မင်းနောက်က သူခေါင်းထမ်းလိုက်တာကို တစ်ရပ်တစ်ရွာလုံး ဘယ်သူမြင်လဲ။ သက်သေပြစမ်း ... ပြလေ"

"လိုက်တာ ... တ ... တ ... ကယ် ... လိုက်တာ"

"ဗွီ ... ပေါက်ကရ လျှောက်ပြောနေတဲ့ကောင်။ ဒီမှာငှက်ကြီး မင်းက အလကားရတဲ့အရက်၊ အလုပ်လုပ်လို့ရတဲ့အရက် ဘာအရက်ဖြစ် ရသမျှအရက်ကို သောက်ရင်လည်း လောဘကြီးကြီး၊ ထမင်းဟင်းမေ့၊ ဆွေမေ့မျိုးမေ့ သောက်လွန်းအားကြီးလို့ ဦးနှောက်အာရုံကြောထိခိုက်စပြုပြီး ထင်ယောင်ထင်မှားဖြစ်နေတာ။ ဒီတော့ မင်း အရက်ဖြတ်နိုင်ရင် ဖြတ်တော့။ ကြားလား ..."

"အင်း ... အေး ... အေး ..."

"အခု ကြောက်သေးသလား"

"ဟင့်အင်း ..."

စိတ်ကူးသစ်စာပေ



"ဘာလို့ မကြောက်တော့တာလဲ"

"မင်း ... မင်းတို့ ... ရှိ ... ရှိ ... နေလို့"

"ဗွီ ... ခွေးကောင် ... လုပ်တုန်းက ဟိုနတ်စင်လိုက်ဖျက်လိုက်တာ၊ သရဲတစ္ဆေ သူ့ဘာသူနေတဲ့သစ်ပင် လိုက်ခုတ်ဖျက်ဆီးလိုဖျက်စီး။ ဒါတာကျွေး ဘာဖြစ်တယ်၊ နတ်စာကျွေး ဘာဖြစ်တယ်၊ ဦးရှင်ကြီးတင်ရင် ဘာဖြစ်တယ်နဲ့။

ပြီး .. သချိုင်းမြေတောင်းလက်ဖက်တွေ မမြှောက်ဘဲစားလိုတာ။ သူတို့ယုံကြည်မှုနဲ့ သူတို့လုပ်နေကြတာ။ ကိုယ်မနှစ်သက်ရင် ဘုရားစကား တရားစကားနဲ့ အဓိပ္ပာယ်ရှိရှိ စည်းရုံးဖျောင်းဖျဆန့်ကျင်ဖို့ပြော။ ထေရဝါဒ သာအောင် နေလို့ပြော။

ကိုယ်နှိုက်ကလည်း ထေရဝါဒ ရတနာသုံးပါး ယုံကြည်ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်ဖြစ်အောင် နေပြမှပေါ့။ ခုတော့မဟုတ်ဘူး တစ်ဆိတ်ရှိ နတ်စင်လိုက်ဖျက်၊ ဟိုဟာရှိတယ် ဒီဟာရှိတယ်ကြားကြားတဲ့သစ်ပင် ခုတ်ရောင်းစား။ မင်းအလုပ် ဘာပါလို့လဲ။ မင်းကိုရော ဘာလုပ်လို့လဲ။ သူ့လမ်းသူသွားမှာပေါ့။

မင်းလုပ်ရပ်တွေက မင်းကို ပြန်အကျိုးသက်ရောက်မှုမရှိဘူး မပြောနိုင်ဘူး။ ကိုင်း ... ငါတို့လည်း အိပ်မယ်၊ မင်းလည်း ဘုရားအာရုံပြုအိပ်ဘူး။

ကျွန်တော်လည်း တစ်ချိန်တစ်ခါတုန်းက သူလုပ်ချင်ရာ လုပ်တုန်း ဝေဖန်ပေမယ့် သူကလက်မခံဘူး။ ပညာလည်းနည်း၊ စာဖတ်အားကလည်း မရှိတော့ လုပ်သင့်တာရော မလုပ်သင့်တာရယ်ကို မခွဲခြား မဆန်းနိုင်ဘူး။

ငါလုပ်တာ အမှန်လား။ အမှားလား။

တရားလက်ရှိလား၊ တရားလက်မဲ့လား။

နတ်လူသာမှုခေါ်မှာလား၊ လူမိုက်တွေ လက်ခုပ်တီးမှာလား၊

ဂန္ထဝင်သမိုင်းမှာ နာမည်ကောင်းနဲ့ တွင်ကျန်ရစ်မှာလား။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် နာမည်ဆိုးစာရင်း ကျန်ရစ်ခဲ့မှာလား။

ပြောပြချင်တယ်၊ ဝေဖန်ချင်တယ်၊ သတိပေးချင်တယ်၊ အသိခေါက်ခက် အဝင်နက်တော့ စေတနာနဲ့ပြောတာကို သင်းက လက်မခံဘူး။ ငါလုပ်တာ အမှန်ချည်းပဲလို့ တရားသေစွဲထင်နေတယ်။

ဟော ... အခု ... အကြောင်းတရားကို အခြေခံလို့ အကျိုးတရားစပြီ။ ကံပြုသူထံ ကံ၏ပဲ့တင်သံက ပြန်လာနေပြီ။

ငှက်ကြီး ကတုန်ကယင်နှင့် ဘုရားစင်မရှိသော ခေါင်းရင်းဘက်ရှိရာကို လက်အုပ်ချီကန်တော့ပြီး စောင်ခေါင်းမြီးခြုံ၍ အိပ်တော့တယ်။

ကျွန်တော်တို့လည်း အိပ်မောကျသွားကြပြီ။

ဟော ... သန်းခေါင်ကျော်မှာ ငှက်ကြီး ငယ်သံပါအောင်အော်ပါလေရော။

"လာကြပါဦး ... ကယ်ကြပါဦးဗျ"

"ဝုန်း ..."

"ဟ ... ဟ ... ဘာတုံးဟ"

"အမယ်လေး ... သွား ... သွား ... မလာနဲ့ ... မလာနဲ့သွား"

"ကျွန် ... ငါ ... ငါ့ကို ... ရဲ ... ရဲတင်း ... ပေး ... ပေး"

"ခင်ဗျားကြီးကို ... ကျုပ် ... ကျုပ် ... သတ်မယ် ... သတ်မယ်"

"ဝုန်း ..."

မှောင်ထဲမှာ ဝုန်းဒိုင်းကြနေလို့ ဆွဲကာဆွဲဖိသူကဖိ၊ ဖယောင်းတိုင်မီး ထွန်းသူကမီးထွန်း။

ကြည့်လိုက်တော့ ကျွန်တော်တို့ကောင် ငှက်ကြီး တစ်ကိုယ်လုံး ချွေးတွေရွှဲနေတယ်။





သူဟာ ဆံပင်စုတ်ဖွား၊ မျက်လုံးပြူးပြူးနဲ့ ခြံဝကို လက်ညှိုးထိုးပြီး အော်ဟစ်လိုက်၊ ရဲတင်းကို ပြေးဆွဲမလို လုပ်နေလို့ ရဲတင်းကြီးကို ယူဝှက်လိုက်ရတယ်။

ဒီကောင့်ကိုကြည့်ရတာ အရက်ကြောင့် ဦးနှောက်ကြောင်သွားပြီလို့ ယူဆရမှာပဲ။ မတော် ရဲတင်းရသွားရင် လူမြင်ရာ လိုက်ခုတ်၊ မည်းမည်းမြင်ရာ ရဲတင်းနဲ့ လိုက်ခုတ်နေရင် ထိန်းလို့ရမှာ မဟုတ်တဲ့အပြင် ရာဇဝတ်မှုပါ သင့်မှာလေ။

"ဟေ့ကောင် ... ဘာဖြစ်ပြန်ပတုံး"

"ငါ့ကို သတ်နေလို့"

"မင်း ဘယ်သူသတ်လို့တုံးဟ။ မင်း အိပ်မောကျနေဉစ္စာ"

"ဟို ... ဟို ... အဘွားကြီး ... မိန်းမကြီး ... သူ ... သူငါ့ကို ဆွဲခေါ်ပြီး ခေါင်းထဲဖွတ်ထည့် အဖုံးပိတ် သံနဲ့ရိုက်နေတာ။

"ဟာ ... အိပ်မက်ပါကွာ"

"အိပ်မက် ... မ ... မဟုတ်ဘူး။ ခေါင်းဖုံး သံရိုက်သံ တဒုန်းဒုန်းကို ခုချိန်ထိ ကြားနေတုန်းပဲ"

"အမူးမပြေသေးဘဲ စိတ်စွဲလမ်းပြီး အိပ်မက်မက်နေတာပါ ငှက်ကြီးရာ။ အိပ်ပျော်အောင် အိပ်ကွာ။ မိုးလင်းရင် ကောင်းသွားမှာပါ။ ကိုင်းအိပ် ... အိပ် ... အိပ် ..."

"နောက်ဆုံး လူကြားရင် ရယ်မလား။ လှောင်မလားမသိဘူး။ အလုံးခြောက်ဖက် သတ္တိကောင်း၊ တစ္ဆေနိုင်သူကြီးကို ကျွန်တော်တို့သုံးယောက်ရံပြီး အလယ်မှာထား အိပ်ပေးရတယ်။ ရှားရောဗျာ"

ဒါပေမဲ့ မရပါဘူးဗျာ။

မေးခနဲ အိပ်ပျော်မည်ကြံသေး ကိုသတ္တိကောင်းကြီး အိပ်ရာကခုန်လို့ အသံကုန် အော်ပြန်ပါရော။ ဒုက္ခမှ တကယ့်ဒုက္ခပါဗျာ။

ဘာဖြစ်ပြန်ပြီလည်း မေးတော့ ...

"ငါ ... ငါ့ကို ... အဘွားကြီးက ..."



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သချိုင်းကုန်းက မျက်နှာဝါဝါ၊ ဆံပင်ဖားလျား၊ တဘီအနက် ရင်လျားနဲ့ မိန်းမကြီးက အရှင်လတ်လတ် ခေါင်းသွင်းမြေမြှုပ်နေလို့တဲ့။

အိပ်မက်ပါ ငှက်ကြီးရာလို့ ဘယ်လိုပြောပြော မရဘူး။ လက်မခံဘူး။ မိုးလင်းရင် သွားသတ်မယ်။ ရဲတင်းပေး ပြောလိုက်။ တော်ကြာ ... ကြောက်စရာ လန့်စရာကြီးလို့ ပြောလိုက် ... ပြန်အိပ်ပျော်လိုက်၊ လန့်နိုးအော်လိုက်နဲ့ နောက်ဆုံး မိုးစင်စင်လင်းမှ အားလုံးနိုးကြတယ်။

"ငှက်ကျားကြီး ..."

"အေ"

"အခြေအနေ ကောင်းသွားပြီမဟုတ်လား"

"နားထောင်။ ငါ့ကို ဟိုသချိုင်းကုန်းက ခေါင်းထမ်းအဘွားကြီး မိန်းမကြီးက ပြောသွားတယ်"

"ဘယ်လိုပြောတုံး ... လုပ်ပါဦးဟ ... တစ္ဆေနိုင်ကြီးရ"

"ပြောလေကွာ ...။ မင်းနဲ့ မြို့နယ်တရားရုံးမှာ ဒီနေ့ လက်ထပ်မယ်လို့ ပြောသလား"

"ထွီ ..."

"ဒါဆို ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် မင်းအိမ်ပေါ်လာတက်၊ အိပ်မယ် ပေါ်င်းမယ်ပေါ့"

"လာပေါင်းလည်း တို့ကောင်ငှက်ကျားကြီး ဟိုဒင်းနဲ့တွေ့ရင် ..."

"ဘာတုံး ... ဟိုဒင်းက ... ဘာတုံး။ ရှင်းအောင်လုပ် ... ကျုန်"

"အဲ ... အဲ ... တို့ကောင်ငှက်ကြီးရဲ့ တုတ် (ဒုတ်) နဲ့တွေ့ရင် မင်္ဂလာဦးညမှာပဲ လန့်ပြေးမှာပါကွာ။ ဟား ... ဟား ... ဟား ... ဟား"

"အဟုတ် ... အဟုတ် ... ဟုတ်တယ်။ ဒါတော့ ငါလည်းထောက်ခံတယ်"

ဒါနဲ့ ကျွန်တော်က ကြားဝင်မေးရတယ်။





"လုပ်ပါဦး ... မောင်ငှက်ကျားကြီးရဲ့။ ကိုရင့်အချစ်တော်ကြီးက ဘယ်လိုများ မိန့်မှာသွားသတုံးခင်ဗျာ"

"အဘွားကြီးကပြောတယ် နင် ရွှေပုဆိုးသချိုင်းမြေကို နင်းရဲနင်းကြည့် နင်းရင် သေပြီသာမှတ်တဲ့"

"ဟူး ... စိတ်ညစ်စရာကွာ"

"ငတောကြီး"

"ဘာတုံး ကျုန်"

"မဟုတ်မှလွဲရော ... ဟို ... ဟို ... မဆိုစကောင်း ဆိုစကောင်းတို ... မနေ့က သချိုင်းမြေတောင်းမည့် လက်ဖက်ပန်းကန်ကို ဒီကောင်မမြှောက်ပဲ ဦးဦးဖျားဖျား သွားစားလို့များ သတိပေး ခြောက်လှန့်တာလားမသိဘူး"

"တောက် ... သိပါဘူးကွာ။ မောင်မှိုင်းရော ... ဘယ်လိုထင်သတုံး"

ဒါနဲ့ ကျွန်တော်က စဉ်းစဉ်းစားစား ပြောရတယ်။

"ဒွေးရော ဥပါဒ်မစွဲပါနဲ့လေ။ ခုဟာက မပြေးသော်လည်း ကန်ရာရှိနေလို့ပါ။ အမှန်က ငှက်ကျားကြီးက အရက်ကို အလွန်အကျွံသောက်ခဲ့သာ။ မဟုတ်မှလွဲရော စာရေးဆရာ စိတ်ရောဂါပညာရှင် ဒေါက်တာအုန်းမောင်ရေးတဲ့ စိတ်ရောဂါစာအုပ်အဆိုအရ အရက်အလွန်အကျွံ သောက်သုံးသူတွေရဲ့ ဖြစ်တတ်တဲ့ ... ဘာတဲ့ ... ဟစ် (စ်) တီးရီးယားဆိုလား ... အဲဒီလိုမျိုး စိတ်ရောဂါနဲ့ တူပါရဲ့ကွာ"

ကျွန်တော့်စကားလည်း ဆုံးရော ကျိုင်းက ဝင်ပြောတယ်။

"မောင်မှိုင်းရ ... ရွာထဲရပ်ထဲမှာ နတ်ဝင်တစ္ဆေပူး၊ သရဲပူးရင် တို့ကောင်ငှက်ကျားကြီးက တစ္ဆေသရဲ လန့်ထွက်ပြေးအောင် ခြောက်စားဟောက်စားလုပ် နိုင်တယ်။ အခု ငါတို့ကောင်ဖြစ်နေတဲ့ အနေအထားမှာ ဒီတို့ အပကောင်ပြေးအောင် ဘယ်လိုလုပ်ကြမတုံး"

"လွယ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလွယ်တာတုံး ဆရာကြီး ကိုင်တောကျော်ရ။ လုပ်ပါဦးဟ"

"သူမျှားသရဲမ ဝင်ပူးတုန်းက တို့ကောင်ငှက်ကြီးက အခန်းထဲခေါ်သွင်းပြီး လင်မယားလုပ်ပစ်လို့ တုတ်ပြမားပြခြောက်တော့ ဟိုသရဲတစ္ဆေမတွေ ထွက်ပါပြီ၊ လန့်ပါပြီ၊ ကြောက်ပါပြီ။ နောင် မလာတော့ မနှောင့်ယှက်တော့ပါဘူးဆိုပြီး အော်မပြေးဘူးလား"

"ပြေးတာပေါ့"

"အခု ဒီကောင့်ကို ခြောက်လှန့်ပူးဝင်သလို လုပ်နေတာ ဘာတဲ့သရဲမခေါ်မလား၊ တစ္ဆေမခေါ်မလား။ ဒီတစ်ခါ ဒီကောင်လန့်ရင် ဖျတ်ရင်သင်း သူမျှားကိုလုပ်ခဲ့သလို ငါတို့သုံးယောက် သင်းကို အခန်းထဲခေါ်ချုပ်ပြီး သုံးလင်ပေါင်းမယ်ဟဆိုပြီး ကြည့်ကြတာပေါ့ကွာ"

"ဟား ... တယ်ကောင်းတဲ့ အကြံဉာဏ်ကွာ။ သုံးယောက်နဲ့ တစ်ယောက်ဆို ငှက်ကြီးရာ မင်းသရဲမကြီးလည်း ခံနိုင်ရင်ခံ၊ မခံနိုင်ရင် ပြေးပေရော့လေ"

"ဟား ... ဟား ... ဟား ... ဟား ..."

"အဟတ် ... အဟတ် ... အဟတ် ..."

"မောင်မိုးကတော့ ပွဲကြမ်းလိုက်မည့် ဖြစ်ချင်းကွာ။ ဟား ... ဟား ... ဟား ..."

ကျွန်တော်တို့ အဲဒီလိုအစီအစဉ်ကိုပြောပြီး ရယ်ကြရော။ သူ့ရဲ့ကောင်းကြီး မောင်ငှက်ကြီးက ဘယ်လိုချိုးမွမ်းမှတ်လို့တုံး။

"မင်းတို့အားလုံး ရှာရှိုးမသားချည်းပဲ။ ငါ့ကို သားမယားပြုရဲပြုကြည့်တဲ့ ခင်ဗျား"

"အဟင်း ... ကိုယ့်အလှည့်ကျတော့ ကျုပ်တို့ကောင် ကြက်သီးမွေးညင်းထတာ သေချာပါ့ဗျာ။ အဟတ် ..."

✿ ✿ ✿

[ ၂၇ ]

❏

မျက်မြင်ပြောရရင် ငှက်ကျားကြီး သချိုင်းကုန်းကို ခြေချရမှာအလွန့်ကို စိုးရိမ်ကြောက်လန့်သွားခဲ့တယ်။

ရပ်ထဲရွာထဲမှာ နာရေးကိစ္စပေါ်ရင် ငှက်ကျားကြီး အလောင်းပြင်ပေးတာ၊ ကပ်စင်လုပ်တာ၊ ရေချိုးတာ၊ အလှပြင်တာကနေ ခေါင်းသွင်းတလုံးဖော်တာကအစ အကုန်လုပ်ပေးတယ်။

ဒါပေမဲ့ အရင်တုန်းကလို သချိုင်းကို လက်ဖက်ပွဲ၊ ကွမ်းဇန်းယူသွား၊ မြေတောင်း၊ ကျင်းတူးအလုပ် မလုပ်တော့ဘူး။

"လိုက်ခဲ့ပါ ငှက်ကျားကြီးရ"

ကျိုင်းနဲ့တောကျော်က ခါတိုင်းလိုပဲ ခေါ်ကြတယ်။

"မလိုက်တော့ဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်လို့တုံး။ အရင်တုန်းကဆို မင်းပဲဦးဆောင်လုပ်တာ ဥစ္စာ။ ဒီမှာ အရက်လည်း လုံလုံလောက်လောက် ပါပါတယ်ကွ"

"မင်းတို့ပဲ သွားလုပ်ကြပါကွာ"

"ဘယ်လိုဖြစ်လို့တုံး"

"ဟိုအဘွားကြီးစကားကို ငါ ညတိုင်းကြားနေရတယ်"

"ဘယ်လိုမို့လို့တုံးဟ"

"ညတိုင်း အဘွားကြီးက အိပ်မက်ထဲမှာ လာလာပြောတယ်။ နင် ကတိပေးထားတယ် သချိုင်းမှာပဲ နေမယ်လို့တဲ့။ အဲဒါ ငါက အကြောက် အကန်ငြင်းတော့ နင် သချိုင်းမြေကြီးကို နင်းရဲနင်းကြည့်၊ ခြေချရဲချကြည့် နင်းရင်၊ ခြေချရင် နင်သေပြီတဲ့"

"အိပ်မက်ပါကွာ ... ငှက်ကြီးရာ"

"ငကျိုင်းရာ ... အိပ်မက်ဆိုလည်း တစ်ညမက်ရင် တော်ပြီပေါ့။ ခုဟာက ညတိုင်းမက်နေတာကွ။ ငါ့ကို အဘွားကြီးက ခေါင်းထဲထည့် ... အဖုံးပိတ် ... သံနဲ့တူနဲ့ရိုက်။ ငါက လန့်အော် .. အိပ်မက်က လန့်နိုး .. လန့်နိုးရင် အရက်ကိုထသောက် ... တစ်ခါပြန်အိပ်။ နောက်တစ်ခါ အဘွား ကြီးက ငါ့ကို အရှင်လတ်လတ်မြေဖို့ပြီးသတ် ... ငါက ရုန်းကန်ရင်း ... ရဲတင်းနဲ့လိုက်ခုတ် ... ဟူး ... ခေါင်းရင်းအိမ်က ဘကြီးမိုးတို့ လှမ်းအော် သတိပေးတော့ ငါ့လက်ထဲမှာ ရဲတင်းကြီးနဲ့။ အဲဒီရဲတင်းကြီးနဲ့ အဘွားကြီး ကို ခုတ်တာ။ နောက်ဆုံး ငါ့အိမ်ကြမ်းခင်းတွေပဲ ရဲတင်းစာနဲ့ မွစာကိုကြဲ နေတာပဲ။ ဟူး ..."

"နေ့ခင်းတော့ မဖြစ်ပါဘူးကွာ။ ဟုတ်တယ်မဟုတ်လား"

"အေး ... နေ့ခင်းမဖြစ်ဘူး။ ဟိုဟိုဒီဒီ အလုပ်လုပ်နေရင် ဘာမှ မဖြစ်ဘူး။ ညအိပ်ပျော်သွားရင် သချိုင်းကုန်းက ခေါင်းထမ်းအဘွားကြီး လာလာဒုက္ခပေးနေတာ။

"မင်းက တစ္ဆေသရဲရော ယုံလို့လား ငှက်ကြီးရ"





"ယုံတယ် မယုံဘူးတော့ မဟုတ်ဘူးပေါ့ကွာ။ ငါလည်း သရဲတစ္ဆေ ခြောက်တဲ့အရာမှန်သမျှ အကုန်ရှင်းခဲ့တာပဲ။

"အခုလည်း အဲဒီလို ရှင်းလိုက်ပါလား"

"သူက သချိုင်းကုန်း ဘယ်အပင်မှာနေမှန်း မသိဘူး။ နေတဲ့ အပင် အတိအကျသိရင်တော့ အရင်လိုပဲ ခုတ်ပြီး မီးရှို့လိုက်မှာ"

"ငှက်ကြီး"

"ဘာတုံး မောင်မှိုင်း"

"မြို့ဆေးရုံကို သွားပြကြည့်ပါလား"

"ဘာလို့"

"ငါ စိတ်ရောဂါဖြစ်ရခြင်း အကြောင်းရင်း စာအုပ်အတော်များ များ ဖတ်ဖူးတယ်။ အရက်သောက်လွန်းအားကြီးလို့ ဖြစ်တဲ့ အရက်ကြောင့် ဖြစ်တဲ့ စိတ္တဇရောဂါ။ အင်္ဂလိပ်လိုတော့ ငါလည်း မပြောတတ်ဘူး။ အရက် သောက်တာများရင် အသည်းနဲ့ဦးနှောက်အာရုံကြောကို ထိခိုက်တယ်တဲ့။

ဘယ်လောက်ထိဖြစ်လဲဆိုရင် ကိုယ့်သားမယားကိုတောင် ရန်သူ၊ သရဲတစ္ဆေ၊ စုန်းမပြုစားမလို့၊ အဆိပ်ခတ်မလို့ ... အဲဒီလို အမြင်မှား သတဲ့။ ကြောက်သတဲ့။ နောက်ဆုံး အမြင်မှောက်မှားပြီး ကိုယ့်သားသမီး နှီးမယားကို သွေးသားအရင်းလိုမမြင်ဘဲ ရန်သူလိုမြင်ပြီး လက်လွှတ်စပယ် ရှာလက်နက်နဲ့ ထိုးခုတ်သတ်ဖြတ်မိတဲ့ဘဝကို ရောက်သွားရောတဲ့။

အဲဒီလိုအမြင်မှောက်လာရင်၊ အမြင်မသေချာ မှားယွင်းလာရင် အရက်ဖြတ်ဆေးရုံ၊ ဒါမှမဟုတ် စိတ်ရောဂါကုဆေးရုံကို တက်ရောက်ပြီး ဆေးလည်သည့် သမားတော်များနဲ့ ရောဂါပျောက်အောင်ကုသပါက ပျောက် ကင်းချမ်းသာသတဲ့။ ကိုယ်အကြံပေးချင်တာက သူငယ်ချင်းလည်း အသောက် လွန်နေပြီ။ ဒီတော့ ဆေးရုံတက်ပြီး အရက်ဖြတ်သင့်ပြီလို့ ထင်တယ်။

ကျွန်တော့်စကားဆုံးတော့ ငှက်ကျားကြီးက ကျွန်တော့်မျက်နှာကို စူးစိုက်စိုက်ကြည့်နေတယ်။ သူ့မျက်လုံးအကြည့်မှာ သရော်စိုင်သန်းနေ တယ်။

www.burmeseclassic.com



''ဘယ့်နှယ်လဲ ငှက်ကြီး''

''မောင်မှိုင်း''

''ပြော ... သူငယ်ချင်း''

''မင်းက ငါ့ကို အရက်ကြောင် ကြောင်နေပြီလို့ ပြောချင်တာလား''

''ဒီလိုအတိအကျပြောတာ မဟုတ်ဘူး။ ဆေးရုံက တတ်ကျွမ်း..''

''ဒီမှာ မောင်မှိုင်းရ ... ငါ အရက်ဖြတ်လို့မရဘူး။ အခုမှ ငါ အရက်ကို ပိုချစ်မြတ်နိုးနေတယ်''

''ငှက်ကြီးရ ... နေပါဦးဟ ... မင်းကို ဟိုသုံးလင်ကွာ မချစ်သည်းကလည်း တစ်ဖက်သတ်ကြိုက်နေဉစ္စာ။ မင်း အရက်ကိုဖြတ်ပြီး ချစ်သည်းကိုချစ်လိုက်ရင် အိပ်မက်ဆိုးတွေကို မေ့သွားမှာပါဟ ... ငါ့ကောင်ရ''

''ချစ်သည်း ...''

ငှက်ကြီးက မချစ်သည်းရဲ့အမည်ကို ရေရွတ်နေတယ်။

''ဟုတ်တယ် ... ချစ်သည်းကို မင်း မချစ်ဘူးလား''

''ငါ ... ငါ ... သူ့ကို ရည်းစားစကား မပြောဘူးသေးဘူး''

''အို ... ငါ့လူရာ ... အောင်သွယ်တော် ဒေါ်စလောင်းပြီးရင် ပြီးတာဉစ္စာ။ မချစ်သည်းကလည်း လင်ငတ်နေတာ ကြာပြီ။ မင်းကလည်း မိန်းမလိုချင်နေတာ ကြာပြီ။ အသိုက်ပျက်တဲ့ငှက်နဲ့ အရွက်မဲ့တဲ့သစ်ပင် လိုက်ပါတယ်ဟ။ ကိုင်း ... ငါ့လူ ငါတို့လည်း ကြားကနေ ပို့ပေးရမှာလား''

''ဒါကတော့ မင်းတို့သဘောပဲ။ သူနဲ့ငါနဲ့ညားလို့ အိပ်မက်ဆိုးရောဂါပျောက်ရင် ကောင်းတာပေါ့။ ဒါမေမဲ့ ငါ ဘယ်တော့မှ ဆေးရုံမတက်ဘူး။ မပြဘူး''

''ထားပါလေ ... မင်းသဘောပါ။ သင်္ချိုင်းကိုရော လိုက်မှာလား''





''မလိုက်ဘူး ... လုံးဝမလိုက်ဘူး''

ပြောရရင် ငှက်ကြီးဟာ အကောင်အထည်မမြင်ရသည့် အိပ်မက်ဆိုးကို အရက်နဲ့ရော ကြောက်လန့်ပြီး သင်္ချိုင်းမြေကို လုံးဝမနင်းတော့သည့်အတွက် ကြားရသူတိုင်း တစ္ဆေသရဲက ငှက်ကြီးကို နိုင်သွားပြီနဲ့တူရဲ့လို့ ပြောရသည့်အဖြစ်ကို ရောက်ကရောဗျာ။

✿ ✿ ✿

www.burmeseclassic.com

## | ၂၈ |

❑

အမ်မယ် . . . ဒီကောင့်ကံလေး မခေဘူးဗျာ။

ကျွန်တော်တို့ကလည်း အောင်သွယ်တော် ဒေါ်စလောင်းကို တိုက်တွန်းပေး၊ မချစ်သည်းနဲ့ တွေ့တော့လည်း . . .

"မချစ်သည်း . . . ငှက်ကျားကြီးကတော့ ခင်ဗျားအကြောင်းပဲ စကားဝိုင်းမှာ ပြောနေတာဗျ"

"ဟုတ်လား . . . ဘာတွေပြောလို့တုံးဟဲ့"

မချစ်သည်းကလည်း ဖွံ့ဖွံ့ကားကားဗျာ။ သုံးလင်ကွာသာဆိုတယ် ခါးလေးကျဉ်ပြီး တင်ပါးကြီးနှစ်ဖက်ဆိုင် မို့မောက်ကားနေတာပဲ။

ရင်သားနှစ်မြွှာကလည်း ကလေးအမေမဟုတ်လို့သာပဗျာ။

ကံ့ကြွ၊ ရှန်းကြွ မို့အစ်နေတာပဲ။ ကျွန်တော်တို့အထင် အပျိုထက်တောင် လှတုန်းဗျ။ မျက်လုံးနှစ်လုံးက ကုလားဆင်မျက်လုံး။

ပေါင်တံနှစ်ချောင်းကတော့ ရွှေဘိုမင်းကြိုက် တုတ်တုတ်ပြည့်ပြည့်





ညှိရှည် သိလား။

"ဟဲ့ . . . မောင်မှိုင်းတို့၊ ကျော်ိုင်းတို့ရဲ့ သူဘာပြောတုံး"

"မချစ်သည်းက ခုချိန်ထိ လှတုန်းတဲ့"

"အဟုတ်"

"လှတာမှ ရက်ရက်စက်စက် သောက်ကျိုးနည်းလှတာတဲ့ဗျ"

"အမ်မယ် . . . နင်တို့က ပိုပြန်ပြီ"

"ဖြစ်နိုင်ရင် မချစ်သည်း နားနဲ့ဆတ်ဆတ် ကြားစေချင်ပါ့ဗျာ"

"အိုကွာ . . . မောင်မှိုင်းရ . . . နပွားတွေ ဒူးတွေ တွေ့ပေးလိုက် အစ်မချစ်သည်းလည်း စွဲသွားမှာပါဗျ"

"ဟယ် . . . ကောင်လေးတွေ . . . နားရှက်စရာ ကောင်းလိုက်တာယ်။ သွားကြ . . . သွားကြ"

မချစ်သည်းက ပြုံးတုံးတုံးလုပ်ရင် နှင်သလိုပြောနေရဲ့။

"အစ်မချစ်သည်း . . ."

"ဘာတုံးဟဲ့"

"ကိုငှက်ကြီးက အစ်မကို ချစ်နေတာဗျ"

"သူ့ဟာသူ ချစ်ချစ်ပေါ့ဟဲ့"

"အစ်မရော မချစ်ချင်ဘူးလားဗျာ"

"ဟယ် . . . ဒီကောင်လေးတွေနော် . . . လူကြီးကိုနော်"

"အစ်မလည်း ချစ်ပါတယ်"

"ကြည့်စမ်း . . . ကြည့်စမ်း . . . အနာကျလေးတွေ။ ကဲ . . . ကဲ . . . ပြောဦး"

အစ်မချစ်သည်းက ပြောရင်း ရှက်သလိုဟန်လုပ်လို့ ကျွန်တော် သုံးယောက်ကို ရေခွက်ထဲကရေနဲ့ ပက်တာနဲ့ ကျွန်တော်တို့လည်း ရယ် ရင်း ပြေးခဲ့ရရဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြာလဲဗျာ . . .

ကျွန်တော်တို့ကလည်း လှော်၊ အောင်သွယ်ဒေါ်စလောင်းကလည်း ပို့နဲ့ လင်ဆာနေသည့်မိန်းမနဲ့ မယားငတ်နေသည့်ယောက်ျား တွေ့ပါရော ဗျို့။

ချိန်းတွေ့သည့်နေရာက ကုလားကြီးနွားခြံအနောက်ဘက် ကောက်ရိုးပုံမှာဗျ။

ကောင်းကင်မှာ (၉)ရက်လက ဝင်းလက်လင်းလက်ဖြာလို့။

ကြယ်တွေကလည်း လက်ိုရ်ပြီး ပျဝပ်ခစားလို့။

မချစ်သည်းက ငှက်ကျားကြီးရဲ့လည်ပင်းကို သိုင်းဖက်ထားတယ်။ ငှက်ကျားကြီးကလည်း မချစ်သည်းရဲ့ ခါးကျဉ်ကျဉ်ကို သန်မာသည့်လက်အစုံနှင့် ဖက်ထားလိုက်တယ်။

လမင်းကြီးကလည်း ကျွန်တော်တို့နဲ့အတူ ဆုတောင်းနေပုံရရဲ့။

ဤအချစ်နှစ်ခုသည် နှစ်လွှာတစ်ရွက် စွယ်တော်ရွက်ဖြစ်ပါစေ။

ငှက်ပျောသီး အမြွှာပူးဖြစ်ပါစေ။

မောင်ငှက်ကျားကြီးရဲ့ နှစ်ဦးသဘောတူ မင်္ဂလာဦးည ကောက်ရိုးပေါ် ခုတင်ပေါ်မှာ အချစ်၊ အကြင်နာ၊ မြတ်နိုးခြင်းတို့ ရာသက်ပန်ရိုးမြေကျ သစ္စာပြုနိုင်ကြပါစေ။

အရင်မိန်းမများလို လန့်ပြီး ထွက်မပြေးပါစေနှင့်ဟု . . .။

✿ ✿ ✿

# [ ၂၉ ]

❑

ဟန်ကျလိုက်ပါပေ့ခင်ဗျာ။

ကျွန်တော်၊ ငကျိုင်း၊ ငတောကြီး၊ ကိုသောင်းညွှန့်ဦးနှင့် အောင်သွယ်တော်ကြီး ဒေါ်စလောင်းတို့ ဖူးစာရေးနတ်များ စုပြုံပူးပေါင်းပစ်လိုက်သည့် အချစ်မြားသည် မချစ်သည်းနှင့် ငှက်ကျားကြီးတို့ရဲ့ အချစ်နှလုံးသားသည့်တည်းစူးဝင်တာရဲ့။ ခပ်နက်နက်လည်း ဝင်ရဲ့ခင်ဗျာ။

ငှက်ကျားကြီးရဲ့ ပြန်ပြောချက်အရ ငှက်ကျားကြီးရဲ့အချစ်ကို ချစ်သည်း စွဲလမ်းသွားသကဲ့သို့ . . .

သုံးလင်ကွာ မချစ်သည်းရဲ့ အကြင်နာအယုယကိုလည်း ကျွန်တော်တို့ကောင် ငှက်ကျားကြီး ဆွေမေ့မျိုးမေ့ ခံစားသွားရသတဲ့။

အခု ငှက်ကျားကြီး မိန်းမတောင်းသွားရတော့မယ်။ လုပ်လုပ်စားအလုပ်သမားမို့ ပိုက်ဆံ တစ်ထောင်ပြည့်အောင် မရှိရှာဘူး။

ဒါပေမဲ့ ကိစ္စမရှိ။ မချစ်သည်းက အရပ်လူကြီးများခေါ်၍ ထိမ်းတော့



www.burmeseclassic.com

www.burmeseclassic.com



ပွဲတစ်ပွဲနှင့်သာ လာခဲ့ပါ။ ကျွန်မ ခြံဝကနေ ကြိုဆိုပါမည်တဲ့။

ကြည့်စမ်း ... ကြင်နာမှုအပြည့်ပါသည့် အချစ်စစ်နဲ့။

ကျွန်တော်တို့က မေးတယ်။

"ငှက်ကြီး ... မင်းတို့ကောက်ရိုးပုံ တည်းခိုခန်းမှာ ချိန်းတွေ့တုန်းက မချစ်သည်းက ဘာတွေပြောတုံး"

ကျွန်တော်တို့ကြားချင်သည်က တခြား၊ သူပြောပြတာက တခြား။

"မချစ်သည်းက ပြောတယ်။ ကျွန်မနဲ့ညားပြီးရင် အရက်ကို လျှော့သောက်ပါတဲ့"

"မင်းက ဘာပြန်ပြောတုံး"

"နှစ်ပုလင်းကနေ တစ်ပုလင်းလျှော့သောက်ပါ့မယ်လို့ ပြောလိုက်တယ်"

"ပြီးတော့ ..."

"နတ်စင်တွေလိုက်ဖျက်၊ တစ္ဆေရှိတဲ့သစ်ပင်လိုက်ခုတ်၊ ပရသားတွေကို အကျိုးမရှိ စော်ကားမော်ကား ပြောတာမျိုးလည်း လုပ်ပါနဲ့တဲ့ ကျွန်မ စိုးရိမ်လို့ပါတဲ့"

"မင်းက ဘာပြောလိုက်တုံး"

"အခြေအနေအရ လုပ်ရတာပါလို့ ပြောလိုက်တယ်"

"ပြီးတော့ ... ဟိုဒင်း ..."

"ဘာတုံး"

"ဟိုဟာလေ ... မင်းနဲ့ ဟိုးအင်းပြု ... တော့ ..."

"ဟာ ... မင်းတို့ကလည်း ပေါက်ကရ လျှောက်ပြောနေပြန်ပြီ နက်ဖြန်ခါညှ (၇) နာရီ ရပ်မိရပ်ဖအချို့နဲ့ မိန်းမသွားတောင်းမှာ။ ဒီမှာ ကျိုင်း ..."

"ဘာတုံးဟ ... ဘာလုပ်ပေးရမှာတုံး။ ပြော ..."

"မင်းက ကန်တော့ပွဲရွက် လိုက်ရမယ်"





"ဟာ ... မဟုတ်တာ။ ငါက နတ်ကတော်ဂန်ဒူးကြီး ဖြစ်နေပါဦးမယ် ... ငှက်ကြီးရ။ ဒေါ်စလောင်းကို ရွက်ခိုင်းပါကွာ။ မင်းမိခင်သဘောပေါ့။ ဟုတ်ဘူးလား ... ကိုမှိုင်း"

"ဟုတ်တာပေါ့ဟ။ ဒေါ်စလောင်းကို ရွက်ခိုင်းမှပေါ့"

"မင်းတို့အားလုံး လိုက်ခဲ့ရမယ်နော်"

"သတို့သားအရံအနေနဲ့ပေါ့ ဟုတ်လား"

"ဒါပေါ့။ မင်းတို့သုံးယောက်စလုံးက လူပျိုစစ်စစ်တွေကိုး။ ဒါမှ ငါလည်း ဂုဏ်သရေရှိမှာပေါ့ကွာ။ ဟား ... ဟား ... ဟား ... ဟား"

ငှက်ကျားကြီး ပျော်နေရဲ့ဗျာ။ ကျွန်တော်တို့ ဝမ်းသာတယ်ဗျာ။ နို့မို့ ... အိပ်မက်ဆိုးတွေနဲ့ နပန်းလုံးပြီး ချောက်ချားရူးသွပ်သွားမှာကို စိုးရိမ်ပူပန်ခဲ့ရတာ။

ခုတော့ အနီးကပ်ပြောဆိုဆုံးမ သတိပေးကြင်နာမည့် ဇနီးမယားအနားရှိတော့မှာဆိုတော့ အဆိုးထဲကအကောင်းကို တွေးမြင်ပြီး ကျွန်တော်တို့လည်း ဝမ်းသာခဲ့ရလေရဲ့ခင်ဗျာ။ ကျွန်တော်တို့အားလုံး ဝိုင်းစဉ်းစားတာ ထုစ်ချက်ရှိတယ်ဗျ။

ချစ်သည်း အရင်နှစ်ယောက် လန့်ပြီးထွက်ပြေးရတဲ့ ငှက်ကျားကြီးလို အာဂယောကျ်ား လူလွန်မသားကြီးကို မချစ်သည်းလိုမိန်းမက လာတောင်းပါလို့ပြောတာကို ထောက်ရှုခြင်းအားဖြင့် ...

မချစ်သည်းကလည်း အာဂမိန်းမ ပြိုင်စံရှားထဲကပဲဖြစ်မှာလို့ ဝိုင်းဝန်းကောက်ချက်ချလိုက်လေရဲ့ခင်ဗျာ။

ဟော ... ကြည့်ဗျာ။

ကံတရား ဆန်းကြယ်စီမံပုံများနှယ်။

ရယ်မောခြင်းပြီးရင် ငိုကြွေးခြင်းက လိုက်ပါလာတတ်တယ်။ ငိုရှိုက်ခြင်းပြီးဆုံးရင် အပြုံးတွေ ဝေဝေစည်စည် ဖူးပွင့်တတ်တယ်ဆိုတဲ့စကားကို စာရေးဆရာတွေ ဖွဲ့ဆိုသည့် စကားလုံးရယ်လို့ ထင်ခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ တကယ်ဖြစ်ခဲ့ရပြီပေါ့ဗျာ။

မှလက မနက်ပိုင်း သွားတောင်းကြဖို့ပါ။

သို့သော် အလုပ်ကမအားကြလို့ လူမစုံကြဘူး။

ညနေဘက်ရောက်မှ အလုပ်ကအပြန် လူစုံလေ့ရှိသမို့ လူစုလူစုံ သွားကြရတာ။

မိန်းမသွားတောင်းကြတာ ဒေါ်စလောင်းကြီးက ရှေးဆုံးကနေ အုန်းပွဲ၊ ကန်တော့ပွဲကြီးရွက်လို့။ သားရှင် အမေသဏ္ဍာန်ပေါ့ဗျာ။ မျက်နှာမှာ သနပ်ခါး အဖွေးသား ပိန်းကြားရိုက်နဲ့ ပြုံးပြုံးပြုံးပြုံး အသံကျယ်ကျယ်နဲ့။

အဘဦးလေးမောင်၊ အဘဦးဘအောင်၊ ဘကြီးအုန်းသောင်တို့က ငှက်ကျားကြီးဘက်က ရပ်မိရပ်ဖပေါ့။ တိုက်ပုံကိုယ်စီ၊ ခေါင်းပေါင်းကိုယ်စီ နဲ့ပ။ နေ့ဘက်အလုပ်မအားလို့ ညဘက်မှ စီစဉ်ရတာကိုး။

အဘဦးလေးမောင်က လူကောင်ကသေးသေး၊ ခါးကကုန်းကုန်း ကို တိုက်ပုံကကြီးနေတော့ တိုက်ပုံအောက် လူပျောက်နေရော။

"အဘလေးမောင် ..."

"ဘာတုံး"

"ဘတိုက်ပုံကြီးက ကြီးကြီး၊ ဘက သေးနေပါလား"

"ဟ ... ဒါ ငါလူပျိုတုန်းက ဝတ်တဲ့ တိုက်ပုံ။ ဒီတိုက်ပုံနဲ့ ငါ မင်္ဂလာဆောင်ခဲ့တာကွ။ ဒါ သမိုင်းဝင်တိုက်ပုံပဲ။ ဘာဖြစ်လို့တုံး"

"ဇာတ်ထဲက ဝန်ကြီးနဲ့ တူနေလို့"

"မင်းအမေကလွှား ... အခု ပိန်သွားအိုသွားလို့။ ဟိုတုန်းက ငါ့ ခန္ဓာကိုယ်က လူရွှင်တော် ကိုမိုးဒီကိုယ်လုံးလောက်ကိုရှိတာ"

"ပိန်သွားတာ မဟုတ်နိုင်ဘူး ဘလေးမောင်ရ"

"ဒါဖြင့် ဘာဖြစ်လို့တုံး ... ငတောကြီးရ"

"ရှုံ့သွားတာဗျ"

"ဟာ ... ရွာရိုးမသားတွေကွာ။ အေး ... ငါ့ကိုပဲပြောနေ။ တစ်နေ့





ကျရင် မင်းတို့လည်း ရှုံ့မှာပဲ။ မင်းတို့ရှုံ့ရင် ငါကျိုးခြောက်ထက် ပိုသာ မယ်သာမှတ်"

"ဟား ... ဟား ... ဟား ... ဟား ... တို့ဘကတော့ကွာ"

သတို့သားလောင်း မောင်ငှက်ကျားကြီးကလည်း ဒီနေ့ကျမှ ရေ တွေဘာတွေချိုးပြီး ဆံပင်ကို အုန်းဆီထည့်လို့ ဖြီးထားတယ်ခင်ဗျ။ မုတ်ဆိတ်ကျင်စွယ်များရိတ်ပြီး ပေါင်ဒါပါးပါးလေး ပွတ်ထားတော့ အစ်မယ် သင်းကိုယ်သင်းနံ့က မွှေးလို့။

အင်္ကျီအသစ်၊ ပုဆိုးအသစ်နဲ့ ပိန်းတန်းဖိနပ်နဲ့။

ကျွန်တော်တို့လည်း မချစ်သည်းနေထိုင်သည့် အိမ်ရှေ့မလှမ်း မကမ်းရောက်တော့ သတို့သမီးမချစ်သည်းကို သူ့ခြံဝမှာ လှမ်းမြင်ရတယ်။ မျက်နှာ မိတ်ကပ်ပါးပါးနဲ့ သနပ်နေကြော့နေအောင် ဝတ်စားထားလိုက်တာ။ အပျိုကြီးလား မှတ်ရရဲ့ခင်ဗျာ။

မချစ်သည်းဟာ ကျွန်တော်တို့နှင့် သူ့လင်တော်ရမည့် သတို့သား ငှက်ကြီးကိုမြင်ရော အားရဝမ်းသာနဲ့ ခြံဝကနေကြိုဖို့ ခြေလှမ်းအထွက်-

"ဖောက် ..."

"အား ... မလေး ..."

"ဟဲ့ ... ဟဲ့ ... ချစ်သည်း ... ဘာဖြစ်လို့လဲ"

"အား ... မ ... လေး ... မြွေ ... မြွေ ..."

"ဟာ ..."

"ဟာ ... ချစ်သည်းကို မြွေ ... မြွေ ... ကိုက်လိုက်ပြီဟေ့"

"ဟင် ..."

"ဝုန်း ... ဂလုံး"

ချစ်သည်းကို မြွေကိုက်လိုက်လို့ဆိုတဲ့ အော်သံလည်းအဆုံး ချစ် သည်းလည်း အမယ်လေးတော့်လို အော်ရင်း လဲအကျမှာ ရှေ့ဆုံးကနေ ကန်တော့ပွဲကြီးရွက်လာတဲ့ ဒေါ်စလောင်းလည်း 'အမယ်လေး ... ဖြစ်ရသေ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းတော့’လို့ အော်ရင်း ခေါင်းပေါ်က ကန်တော့ပွဲ လွှင့်ပစ်လို့ပြေးလာ။

ငှက်ကျားကြီးလည်း လမ်းမီးရောင်ပျပျအောက်မှာ လဲကျသွားသည့် ဇနီးလောင်း မချစ်သည်းကို ဝမ်းကြီးပန်းနည်း ပြေးလာထိုးပွေ့ရင်း လှုပ်ခေါ်တယ်။

“ချစ်သည်း . . . ချစ်သည်း . . .”

“အစ် . . . အစ် . . . ကို . . .”

“ချစ်သည်း . . . သတိထား၊ အားတင်းထား။ ကား အမြန်ခေါ်ကြစမ်းပါ။ ရွာဆေးမှူးလည်း အမြန်သွားပင့်ပါဟ”

ကျေးနဲ့ တောကြီးက မြို့ထဲကိုထွက်နေသည့် ကိုကျင်ဝှက် ဟိုင်းလပ်ကားအိမ်ကို အမြန်ပြေးကြတယ်။

မချစ်သည်းကတော့ ရင်ကိုဖိလိုက်၊ လူးလိုက်၊ အကြောဆွဲလိုက်၊ အံကြိတ်မျက်ဖြူလန်လိုက် ဖြစ်နေပြီ။ ကျွန်တော်တို့ မီးထိုးရှာလိုက်ရော ခပ်လှမ်းလှမ်း မြက်ခင်းကြားမှာ မြွေဟောက်တစ်ကောင်ကို မြင်ရတော့တယ်။

မြွေဟောက်က လူသံမီးရောင်ကြောင့် ပါးပျဉ်းထောင်လိုက်ချိန်မှာပဲ လူတစ်ယောက်ရဲ့ ငှက်ကြီးတောင်ဓားက မြွေရဲ့လည်ပင်းကို ဖြတ်ဝင်သွားလိုက်တာ ခေါင်းတခြားကိုယ်တခြား ဖြစ်သွားရော။

“မြွေရပြီဟေ့ . . . မြွေဟောက်ကွ”

“ကားရလား”

“ရပြီ . . . လာနေပြီ။ အသင့်လုပ်ထား”

“ချစ်သည်း . . . ချစ်သည်း . . . နှမလေး . . . ချစ်သည်း”

“အစ် . . . ကို . . . ကျွန် . . . မ . . . အစ်ကို့ . . . ကို . . . အင့်”

“ချစ် . . . သည်း . . .”

“ချစ် . . . သည်း . . . ချစ် . . . သည်း . . .”

မချစ်သည်းဟာ သူ့ချစ်သူ ကိုငှက်ကျားကြီးကို သတိမလစ်တလစ်





နဲ့ ဖက်ဆုပ်ရင်းက ခေါက်ကျိုးလို့ကျသွားတယ်။ ငှက်ကျားကြီးရဲ့ ရင်ကွဲဆို နင့် အော်ဟစ်ပွေ့ဖက် ရှိုက်ငိုသံဟာ မြင်ရသူအားလုံးရဲ့ နှလုံးအိမ်ကို ကြေကွဲစေရာပါဗျာ။

သူတို့နှစ်ဦးရဲ့ ကြေကွဲဝမ်းနည်းစရာအဖြစ်ကို ကြည့်ပြီး မိန်းမသားအားလုံး မျက်ရည်ပေါက်ပေါက် ကျကြသလို၊ ကျွန်တော်တို့ ယောကျ်ားများသည်း စိတ်မနိုင်တော့ဘဲ ကြိတ်ရှိုက်ရင်း မျက်ရည်စိုကြရတယ်။

နောက်ဆုံး အသက်ရှိမရှိ သိရအောင် ရွာကဆေးမှူးကို ပြေးခေါ်ရှာရတယ်။ ဆေးမှူးရောက်လာပြီး စစ်ဆေးလိုက်တော့ မချစ်သည်း အသက်မရှိတော့ဘူးတဲ့။

တောက် . . .၊

ဖြစ်မှဖြစ်ရလေ မချစ်သည်းရယ်။

တစ်ညပဲချစ်လိုက်ရတဲ့ ချစ်သူကို သေတစ်ပန်သက်တစ်ဆုံး မှီးခြေကျပေါင်းသွားမယ်ဟဲ့ဆိုသည့် စိတ်ကူးမျှော်လင့်ချက်နဲ့ ခြဝကနေ ထွက်ကြိုနေတဲ့မိန်းမ။

ခုတော့ အချစ်နဲ့ သေကွဲကွဲခဲ့ပြီပေါ့။

ငှက်ကျားကြီးကလည်း မချစ်သည်းကို ချစ်ရှာပါ့ဗျာ။ အသက်ရှိတဲ့အလောင်းကို မလွှတ်တမ်းပွေ့ဖက်ပြီး ငိုနေလို့ မနည်းချော့မော့ပြီး အရေးကိစ္စဆက်ဆောင်ရွက်ဖို့ လူကြီးတွေက တရားချယူခဲ့ရတယ်။

✿ ✿ ✿

www.burmeseclassic.com

| ၂၀ |

❑

အထက်ကပြောခဲ့သလိုပေါ့။

ဘယ်တော့မှ သချိုင်းမြေကို မနင်းတော့ဘူး၊ ခြေမချတော့ဘူးလို့ ဆုံးဖြတ်ထားသည့် ငှက်ကျားကြီးရယ်။

ခုတော့ . . . ချစ်သူဖနီးလောင်း မချစ်သည်းရဲ့ ရုပ်ခန္ဓာအလောင်း သဂြိုဟ်သည့်နေ့မှာ ရွှေပုဆိုးသချိုင်းမြေကို မနင်းချင်ဘဲ နင်းရတော့တာပဲ။

ငှက်ကျားကြီး အရက်များများသောက်လို့ ရဲဆေးတင်ထားလိုက်တယ်။

မချစ်သည်း အသုဘချတဲ့နေ့က လိုက်ပို့တဲ့လူတွေ မနည်းဘူးဗျာ။ အလွန်စည်ကားတဲ့ အသုဘပို့ ပြောရမှာပါပဲ။

ကြားရသမျှသူတိုင်း မချစ်သည်းကိုရော၊ ငှက်ကျားကြီးကိုရော သနားကြ၊ ကရုဏာသက်ကြလို့ ရွာလုံးရပ်လုံးကျွတ်နီးပါး လိုက်ပို့ကြတာရယ်လေဗျာ။





ငှက်ကျားကြီးကလည်း ဆင်းရဲပေမယ့် သူတစ်ပါးအကျိုးဆောင် ရွက်ပေးတုန်းက မညည်းမညူ လုပ်ပေးခဲ့မှုတော့ ပြန်သက်ဝင်လာကြတာပေါ့။

ငှက်ကျားကြီးက ကျွန်တော်တို့ကိုပြောတယ်။

သူ့ဖနီးလောင်းရဲ့ အသုဘထမ်းစင်ကို ဝိုင်းကူထမ်းရင်း ရွှေပုဆိုး သချိုင်းအဝင် သချိုင်းမြေကိုနင်းလိုက်ရော သူ့ကျောထဲမှာ ဖျန်းခနဲဖြစ်ပြီး တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းထလို့ ခေါင်းနားပန်းကြီးသွားတာပဲတဲ့။

ရင်ထဲမှာ ထိတ်ခနဲ စိုးရွံ့သွားပေမယ့် အို . . . ဒီအချိန်ရောက်မှတော့ အရေးလုပ်လို့ ဖြစ်ချင်ရာဖြစ်။ ဒါ ငါ့ဖနီး၊ ငါ့ချစ်သူရဲ့ နာရေးကိစ္စ။ ဒီ ဥပေက္ခာပြုလို့မဖြစ်ဘူး။

သူမအပေါ် ငါဘယ်လောက်ချစ်တယ်ဆိုတာ . . .

ဒီသချိုင်းမြေကို လုံးဝမနင်းတော့ဘူးလို့ အဓိဋ္ဌာန်ပြုခဲ့တဲ့ငါ သူ့ကိုချစ်သည့်ဇောနဲ့ အခု နင်းခဲ့ပြီ။ ဘာဖြစ်မလဲ။ ဖြစ်ချင်ရာဖြစ်လေ။

ငါ . . . မချစ်သည်းရဲ့နောက်ကို လိုက်ရဲတယ်။

ဒါ . . . ငါ့ရဲ့အချစ်နဲ့ သစ္စာတရားပဲ။ ဒီအချစ်ကို မချစ်သည်းရဲ့ ဝိပြောင်းဝိညာဉ်က သိနေမြင်နေမှာ။ ဒါဆို ကျေနပ်ပြီ။ သေစမ်း။ ဘယ်လိုသေရမလဲ။ ရဲရဲသေရဲတယ်။ အဲဒီလို ယောကျ်ားအားမာန် အချစ်ကြီးသူ သစ္စာကြီးသူတစ်ယောက်ရဲ့ အားနဲ့မာန်ကို သွင်းလိုက်တယ်။

ဒီလိုနဲ့ ရွှေပုဆိုးသချိုင်းက မချစ်သည်းကို မြှုပ်သည့်နေရာရောက်တော့။ အလောင်းကိုချ၊ ခေါင်းကိုမပြီး တရားနာကြမည့် သချိုင်းဇရပ်ထဲက ကျောက်တလားစင်ပေါ် တင်လိုက်ကြတယ်။

သည့်နောက် အသုဘရှုတရားကို နာကြတယ်။ သုသာန်ကျောင်းဆရာတော် ဦးသုမင်္ဂလာက အသုဘရှုတရားကို အကျဉ်းဟောတယ်။

"ဒကာကြီး . . . ဒကာမကြီးတို့ . . . ဟောဒီလူ့လောကမှာ မသေတဲ့လူ တစ်ယောက်မှမရှိဘူး။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးလာပြီး လူတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အနိစ္စ အမြဲမရှိသည့်ဘဝဆိုတာ အချိန်မရွေးဘူး။ နေရာမရွေးဘူး။ အရွယ်မရွေးဘူး။

အချို့ အမိဝမ်းက ကျွတ်စမှာ လူ့လောကအကြောင်း ဘာမှမသိရမီ သေဆုံးကြရတယ်။ အချို့ အရွယ်ကောင်းတုန်း၊ ပညာစုံတုန်း၊ လှတုန်း ပတုန်း ရုတ်တရက် အနာရောဂါကြောင့်သော်လည်းကောင်း၊ ဥပဒ္ဒဝေကြောင့်သော်လည်းကောင်း သေဆုံးသွားရတယ်။ ဝမ်းနည်းစရာ မကောင်းဘူးလား''

''ကောင်းပါတယ်ဘုရား''

''ကြေကွဲစရာ မကောင်းဘူးလား''

''ကြေကွဲစရာ ကောင်းပါတယ်ဘုရား''

''နှမြောစရာ မကောင်းဘူးလား''

''နှမြောစရာ ကောင်းပါတယ်ဘုရား''

''သေခြင်းအနိစ္စက အရွယ်ရွေးသလား''

''မရွေးပါဘုရား''

''နေရာရော ရွေးသလား''

''မရွေးပါဘုရား''

''မရွေးဘူး။ ငါတော့ ရွှေတိဂုံဘုရားရင်ပြင်ပေါ်မှာ သေချင်လိုက်တာဆိုလို့ သေချင်တိုင်း သေလို့မရဘူး။ သေနေ့စေ့လို့ သေရပြီဆိုရင် အိမ်မှာအိပ်နေရင်း၊ စားရင်း၊ အိမ်သာတက်ရင်း၊ ရေချိုးရင်း၊ ကားစီးသွားရင်း၊ သင်္ဘောစီးသွားရင်း ရုတ်တရက် သေရတာရှိသလို မှုန်းပြီးသေရတာရှိတယ်။

အချို့တော့ ရွေးသေတာရှိတယ်ဗျ။ ငါ့ရွာကို ပြန်ပို့ပေးပါ။ ရွာမှာ သေချင်တယ်။ အဲ ... ရွာရောက်ရင် သေရော။ ငါ့အိမ်ပြန်ပို့ပေးပါ။ ငါ့ အိမ်မှာသေချင်တယ်။ အဲ ... အိမ်ရောက်လို့သေတာလည်း ရှိသဗျ။ မရွေးဘူးဆိုပေမယ့်ရွေးသလိုရှိသားဗျ။ ဟုတ်ရဲ့လား''

''မှန်ပါဘုရား''





''အချိန်ရော ရွေးလို့ရလား''

''မရပါဘုရား''

''မိုးလင်းကာနီး အရုဏ်တက်လေး သေချင်လိုက်တာလို့ ဆုတောင်းပြည့်မရဘူး။ ညဥ့်သန်းခေါင် သေချင်သေရတာပဲ။ ဟုတ်ရဲ့လား။ ဒါကြောင့် ဘုန်းကြီးပြောချင်တာက လူတိုင်း နာရမယ်၊ အိုရမယ်၊ သေရမယ်။ ဒီအနိစ္စ အမြဲမတည်တံ့တဲ့တရားကို ရှောင်လို့မရဘူး။

အရေးကြီးတာက သေပြီးရင် လားရာဂတိကောင်းဖို့၊ တစ်နည်း ဘဝကူးကောင်းဖို့ အရေးကြီးတယ်။ ဘဝကူးချောင်းဖို့ လားရာဂတိပေါင်းဖို့ လမ်းကိုပြုပြင်တာ 'ကံ'ပဲ။ 'ကံ'ဆိုတာ လူကပြုလုပ်တာကိုခေါ်တယ်။ ရတနာ သုံးပါး ပဉ္စသီလငါးပါးမလုံခြုံရင် 'ကံ' မကောင်းဘူး။

အဲဒီလို ကံကျိုး တာကျိုးရင် အဲဒီအကုသိုလ်ကံရဲ့ အကျိုးပေးက သေခါနီး အသန္တကံဇောမှာ ပြတယ်။ ပဉ္စသီလငါးပါးလည်း လိုတယ်။ ဆည်းကပ်ရှိသေတယ်။ သားမယားကိုလည်း သမ္မာအာဇီဝ–ကောင်းသောသစ္စာ အဓိဋ္ဌာန် အပြုအမူကောင်းနဲ့ လုပ်ကျွေးတယ်။

လင်သားအပေါ် သစ္စာစောင့်သိ ရိုသေလုပ်ကျွေးတယ်ဆိုရင် အဲဒီလူမျိုးသေရင် ဘဝကူးကောင်းတာပဲ။ နတ်ပြည်ရောက်တာပဲ။ နောက်ဆုံး ထွက်သက်ရဲ့ လားရာဂတိဇောလေး သန့်ရှင်းစင်ကြယ် အတိတ်နိမိတ်ကောင်းရင် လားရာဘဝကူးကောင်းတာပဲ။

အဲဒီလို အကုသိုလ်အလုပ်တွေနဲ့ အပြင်ကို ဒါန၊ သီလ၊ ဘာဝနာ အလုပ်တွေနဲ့ ကပ်ပြီး သိဒ္ဓိတင်ထားလိုက်ရင် အဲဒီလူ သေရင် ဘဝကူး ကောင်းရပြီ။ ဒါကြောင့် ဘုန်းကြီးမှာချင် ပြောချင်တာက ကံကောင်းအောင် နေပါ။ ပဉ္စသီလငါးပါး လုံခြုံပါ။ ကံသုံးပါး ကောင်းသောစောင့်စည်းခြင်းနှင့် စောင့်စည်းပါ။ လူ့ဘဝ ရတုန်းရခိုက် ဒါန၊ သီလ၊ ဘာဝနာ မမေ့မလျော့ကြပါနဲ့ပြောရင်း ... ကိုင်း ... ရေစက်ချ အမျှဝေကြစို့ရဲ့''

သုသာန်ကျောင်းဆရာတော်ဟာ အနှစ်အသားပါတဲ့ တရားကို လို



www.burmeseclassic.com

www.burmeseclassic.com



ရင်းကို ရှင်းလင်းပြောပြီးနောက် ရေစက်ချတရားဟောတယ်။

ရေစက်ချတရားဆုံးရော ငှက်ကျားကြီးက အမျှဝေတယ်။

"မချစ်သည်းနှင့်တကွ (၃၁)ဘုံသားအားလုံး ... အားလုံး ကြား ကြားသမျှ ... အမျှ ... အမျှ ... အမျှ ... ယူတော်မူကြပါခင်ဗျာ"

သုံးကြိမ်သုံးခါ အမျှဝေတယ်။ အမျှဝေရင်း သူ့အသံ တုန်ခါနေ တယ်။ ဒါနှင့်အတူ ယောက်ျားကြီးတန်မဲ့ မျက်လုံးအိမ်ကနေ မျက်ရည်လုံး ကြီးတွေ ပိုးပိုးပေါက်ပေါက်ကျလို့။

ကိစ္စပြီးတော့ ငှက်ကျားကြီးအပါအဝင် ကျွန်တော်တို့သူငယ်ချင်း အုပ်စုက မချစ်သည်းရဲ့အခေါင်းကို မြှုပ်မည့်နေရာမသွားမီ ရှေးထုံးစံ လာအရ ခုနစ်ပတ် လှည့်လိုက်ကြတယ်။

"အား ..."

"ဟ ... ဟ ... ငှက်ကြီး ... ဘာဖြစ်လို့တုံး"

"ငါ့ခြေမကို သံပြားရှသွားပြီနဲ့တူတယ်"

ငုံ့ကြည့်လိုက်တော့ ဟုတ်တယ်။ သချိုင်းမြေစာခဲ မြေကြီးကြား က ခေါင်းသွပ်ပြား အစွန်းတစ်စက သူ့ခြေမကို ထိုးခွဲလိုက်လို့ သွေးချင်း ချင်းရဲနေတာပဲ။ သူက ဒါကို ဂရုမစိုက်ဘူး။

ခေါင်းဖုံးဖွင့် အုန်းရေနဲ့ မျက်နှာသစ်နေတုန်း မြင်လိုက်ရတဲ့ သူ့ ဖနီးလောင်းရဲ့မျက်နှာကို အနီးကပ်ငုံ့ကြည့်ရင်း မျက်ရည်များ စီကျရင်းက-

"ချစ်သည်းရေ ... သွားတော့ ... မင်းအရင်သွားနှင့်တော့ အစ်ကို မကြာခင်း မင်းနောက်ကို လိုက်ခဲ့မယ် ... ချစ်သည်းရဲ့။ ဟီး ... ဟီး ..."

"ဟာ ... ဟေ့ကောင် ... မဟုတ်ကဟုတ်ကကွာ"

"မပြောကောင်းဘူးဟ ... ငှက်ကြီးရ"

"ပြောမယ် ... ပြောမယ် ... အစ်ကို လိုက်ခဲ့မယ်ဟေ့။ ဟီး"

"ဒုက္ခပါပဲကွာ။ ဟေ့ ... မောင်မှိုင်းတို့၊ ကျော်ငြိမ်းတို့ ဆွဲခေါ်သွား





ကွာ ကျန်တဲ့လူ မြေကြီးမြန်မြန်ဖို့လိုက်"

ဘကြီးကျိုင်းတုံက လှမ်းအော်လို့ ကျွန်တော်တို့ ခေါင်းပေါ် မှောက် ရှင်းအပ်ငိုနေသည့် ငှက်ကျားကြီးကို မနည်းဆွဲခေါ်ခဲ့ရတယ်။

ခြေမကလည်း သွေးတွေရွဲပေနေလို့။

"ငှက်ကြီး ... မင်းခြေမက သွေးတွေအထွက်များနေတယ်"

"အရက်ပုလင်းပေးစမ်း"

ငတောကြီးက အရက်ပုလင်း လှမ်းပေးလိုက်တော့ ငှက်ကြီးက ရဲရဲဒဏ်ရာပေါ်ကို အရက်တွေလောင်းချလိုက်တယ်။ သွေးက မတိတ် ။ ဒါနဲ့ သချိုင်းဝ ကုက္ကိုပင်က ကုက္ကိုရွက်ခူးဝါးချေပြီး ဒဏ်ရာပေါ် ည်ညှစ်ချ သိပ်ပေးလိုက်ရတယ်။

ကိစ္စဝိစ္စပြီးတော့ မချစ်ပုအရက်ဆိုင်ဝင်ပြီး အရက်ထပ်သောက် တယ်။ ကံဆိုးချင်တော့ အဲဒီမှာ ငရုပ်သီးညှော်မိပြန်ရော။

"ငှက်ကြီး ..."

"ဘာတုံး"

"ငရုတ်သီးညှော်နံ့ဟာ။ မင်းဒဏ်ရာနဲ့ မဖြစ်ဘူး။ ထ ... ရှောင်

"မရှောင်ဘူး။ ညှော်မိပြီး သေလည်း သူ့နောက် ..."

"ဟာ ... လုပ်ပြန်ပါပြီ။ ထပါ ... ခဏလေးပါဟ"

ဘယ်လိုမှ ပြောလို့မရ။ အရက်ကိုသာ ဖက်ကျိုးလုလုသောက် မချစ်သည်းအမည်ကို တလိုက်၊ ရင်ထုပြီးငိုလိုက် ... အဲဒါ အိမ် က်အောင် မနည်းတွဲခေါ်ခဲ့ရတယ်။

ညဘက်လည်းရောက်ရော ငှက်ကျားကြီး အဖျားတက်ပါရော။ တစ်ရေးလည်းနိုးရော အလန့်တကြား အော်ပါလေရောဗျို့။

"လုပ်ကြပါဦးဗျာ ... အား ... အား ..."

"သွား ... သွား ... ခင်ဗျား ... မ ... မ ... လာနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



မခေါ်နဲ့ . . . သွား . . . သွား . . .”

“ဝုန်း . . .”

“ဖောင်း”

“ဂွမ်း . . . ဂလွမ်း”

ညဉ့်ဦးပိုင်းတုန်းက တဟင်းဟင်း အဖျားတက်ညည်းနေသည့် ငှက်ကြီးဟာ ခုတော့ ထိတ်လန့်တကြားအော်ရင်းက အရက်ပုလင်း၊ ပန်းကန်ပြား၊ ဖန်ခွက်များနဲ့ မြင်မြင်ရာကို ကောက်ပစ်နေလို့ အသုဘအိမ်စောင့် ဖဲသမားအုပ်စုလည်း လန့်ဖျပ်ကုန်ပါရော။

“သွား . . . မလိုက်ဘူး . . . ကိုင်းဟာ . . .”

“ဖောင်း . . .”

“ဂလွမ်း”

“ဟ . . . ဟ . . . ငှက်ကြီး . . . ငှက်ကြီး . . . သတိထားစမ်း ကောင် . . . ဘာဖြစ်လို့တုံး”

ကျွန်တော်တို့၊ ငကျိုင်းတို့က ဝိုင်းချုပ်မိရင်းမေးတော့ မျက်လုံးပြူးမျက်ဆံပြူး ဝူးဝူးဝါးဝါးလုပ်ရင်းက . . .

“ငါ့ . . . ကို . . . ငါ့ . . . ကို . . . လာခေါ်နေတာ”

“ဘယ်သူတုံး”

“အဘွားကြီး . . . ဟိုတစ်ခါလာခေါ်တဲ့ သချိုင်းကအဘွားကြီး ခေါင်းကြီးကိုထမ်းလို့”

“ငှက်ကြီး . . . အိပ်မက်ပါကွာ။ ဘယ်မှာလဲ အဘွားကြီး။ ငါ ရှိနေဦးစွာ”

“မဟုတ်ဘူး . . . တကယ်လာတာ။ ငါ့လက်ကိုဆွဲပြီး ခေါင်းကို ဖွတ်ဝင်ခိုင်းနေတာ”

“ကိုင်း . . . ဒါဆို ဘယ်မှာလဲ ခေါင်း”

“ပြောလေ”





“ဟူး . . .”

“ငါ . . . ငါ . . . ကြောက်တယ်ကွာ”

“ဟ . . . မင်း ယောက်ျားမဟုတ်ဘူးလား။ မင်း တစ္ဆေသရဲတောင် နိုင်ခဲ့တဲ့ကောင် မဟုတ်ဘူးလား”

သူက ခေါင်းကို တွင်တွင်ယမ်းရင်းက . . .

“ဒီ . . . ဒီ . . . အဘွားကြီး အရမ်းဆိုးတယ်။ သူ့ကို . . . ငါ . . . ငါ . . . မနိုင်ဘူး။ မောင်မှိုင်း . . . မောင်မှိုင်း . . .”

“ဘာတုံး”

“ငကျိုင်း”

“ရှိတယ်ကွာ . . . ပြော . . .”

“ငါ . . . ငါ . . . သချိုင်းမြေကို နင်းမိတာ မှား . . . မှားပြီနဲ့တူတယ်”

“ဟ . . . ငှက်ကြီးရ။ သချိုင်းမြေကိုနင်းတာ မင်းတစ်ယောက်တည်းမှ မဟုတ်ဘဲ။ ငါတို့ရော၊ သူများတွေရော နင်းတာဥစ္စာ။ မသာတစ်ခေါက် ကျောင်းဆယ်ခေါက်တဲ့ကွ။ ယူတတ်ရင် သံဝေဂရတဲ့ မြေကြီးနေရာပါ သူငယ်ချင်းရာ။ မင်း မကြောင်စမ်းပါနဲ့ . . . ငှက်ကြီးရာ”

“အ . . . အဘွားကြီးက . . . ငါ့ . . . ကိုပြောတယ်။ သချိုင်းမြေကို . . . နင်း . . . နင်းရဲ . . . နင်းကြည့် . . . နင်းတဲ့နေ့ . . . နင်သေတဲ့နေ့တဲ့”

“အို . . . အခု မင်းနင်းပြီးပြီ။ သေမလား . . . ပြော”

“သေ . . . ရ . . . တော့မှာ”

ဒီလိုလည်းပြောရော ငကျိုင်းက ဒေါပွပွနဲ့ ဝင်ဟောက်ပါရော။

“ဟ . . . မြန်မြန်သေရင် ကောင်းတာပေါ့ . . . ငှက်ကြီးရ။ မင်းပဲ သချိုင်းကုန်းမှာ မပြောကောင်းပြောကောင်း ပြောခဲ့တာလေ။ ငါလည်းရေ . . . သွားနှင့် အစ်ကိုမကြာခင် လိုက်ခဲ့မယ်ဆိုတာ။ အခုလိုက်သွား။

www.burmeseclassic.com



မင်းချစ်သည်းနဲ့ တစ်မလွန်ဘဝမှာ တွေ့ရတော့မယ်။ ဝမ်းသာစရာကြီးကွာ။ ဟော . . . ဟော့ . . .''

ဒီလိုမျိုးပြောတော့ သူက . . .

''ဟို . . . ဟို . . . ချစ်သည်း . . . လာ . . . လာခေါ်ရင် . . . ငါ ချက်ချင်း . . . လိုက် . . . သွားမှာပါကွာ။ ခုဟာက . . . ဟို . . . ဟို . . . မကောင်းဆိုးဝါး ကျက်သရေမရှိတဲ့ မိန်းမကြီးက ဖွတ်အတင်းလာခေါ်နေ တာကွ''

''မင်း မလိုက်ဘူးလို့ ပြောလိုက်တယ်မဟုတ်လား''

''အင်း . . .''

''ဒါဆို . . . မင်း မသေဘူး။ ရော့ . . . ဒါလေး ပုလင်းလိုက်မော့ လိုက်''

ငတောကြီးက အရက်ပုလင်းကို ပေးလိုက်တော့ သူ အရက်များ ကို အငမ်းမရ ပုလင်းလိုက် မော့ချလိုက်တယ်။ အရက်အချို့က အကျႌ ရင်ဘတ်ပေါ်ကို စီးလျှံကျလာလို့ ရွှဲရွှဲစိုကုန်ရော။

ခက်တာက ငှက်ကြီးက ခြောက်လန့်အိပ်မက်ကို တကယ်လို့မှတ် ပြီး ခဏခဏ လန့်ထအော် တွေ့ကရာပစ္စည်းနဲ့ပစ် လုပ်လို့ ဖဲကစားတဲ့ လူ အချို့လည်း မနေရဲတာနဲ့ အိမ်ပေါ်က ဆင်းသွားကြတယ်။

ကျွန်တော်တို့လည်း ကောင်းကောင်းအိပ်လို့ မရဘူး။ ထွက်ပြေး မလို့လုပ်လိုက် ရူးရူးဝါးဝါး အော်ဟစ်နှင်လိုက်၊ ဝုန်းဒိုင်းကြဲလုပ်လိုက်နဲ့ မိုး လင်းရော။

မိုးလင်းပိုင်းရောက်ပြီးနောက် ငှက်ကျားကြီး အူကြောင်ကြောင် ဖြစ်လာတယ်။ ပါးစပ်ကလည်း ပေါက်ပန်းဈေးစကားများ ကရားရေလွှတ် အရူးတစ်ယောက်လို ပြောလာတယ်။

ပြောလွန်းလို့ သူ့ပါးစပ်မှာ အမြှုပ်တွေစီနေပုံဟာ ခွေးရူးတစ် ကောင်အတိုင်းပဲ။ တစ်ခါတစ်ခါ ပါးစပ်က သွားရေတမြားမြား။





''ငှက်ကြီး . . . မင်းခြေထောက် သံပြားရှုတဲ့နေရာက အသော့ ကို ယောင်ယမ်းနေပြီ။ ဆေးမှူးကို ပြရင်ကောင်းမယ်''

''ဆေး . . . မှူး . . .''

''အေး . . . ဆေးမှူး . . . တို့ရွာက ဆေးမှူးလေး''

''ငါ့ကို . . . သတ် . . . သတ် . . . မလို့လား''

''မဟုတ်ဘူး။ မင်းအနာဒဏ်ရာကို ဆေးကုသဖို့''

''ဟင့်အင်း . . . မပြဘူး . . . မကုဘူး . . . မကုဘူး . . . မပြဘူး''

''ဘာဖြစ်လို့လဲ''

''သေမှာစိုးလို့''

''ဒုက္ခပါပဲကွာ။ ငှက်ကြီး . . . မင်း ခေါင်းကောကောင်းသေးရဲ့ လားကွာ . . . ဟင်''

''ကောင်း . . . ကောင်း . . . တယ်''

''ဒါဆို ဆေးမှူးဆီ သွားစို့။ ထ . . .''

''မ . . . မ . . . သွား . . . ဘူး''

''ဟ . . . ဘာလို့မသွားရမှာလဲ။ သွားပြမှ ဒဏ်ရာပျောက်မှာပေါ့''

''မ . . . မဖြစ်ဘူး။ ဟို . . . ဟို . . . သင်္ချိုင်းကုန်းက ခေါင်းထမ်း တဲ့အဘွားကြီးနဲ့ . . . ဒီ . . . ဒီ . . . ဆေးမှူးနဲ့က . . . မောင်နှမ''

''ဟာ . . . မဟုတ်က ဟုတ်ကကွာ''

''ဟုတ် . . . တယ် . . . သူတို့ပူးပေါင်းပြီး ငါ့ကို ခေါင်းထဲထည့် သံနဲ့ရိုက် . . . ငါ . . . ငါ . . . မပြဘူး . . . မလိုက်ဘူး . . . ငါသွားစရာ ရှိ သေးတယ်''

''ဘယ်ကိုသွားမှာလဲ . . . ပြော''

''သင်္ချိုင်း''

''ဘာ . . . ဘာ . . .''

''မ . . . ချစ်သည်းရှိတဲ့နေရာကို . . . သွား . . . သွားရမှာ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ပြီး ခေါင်းယမ်းလိုက်တယ်။ နောက်ဆုံး ဆေးမှူးဆရာကိုသီဟထိပ်တင်ကို အိမ်ပင့်ခေါ်ပြီး ပြတယ်။ ငှက်ကြီးက လုံးဝအကုမခံဘူး။ ချော့ပြောလည်း မရဘူး။ ခြောက်ပြောလည်း မရဘူး။

နောက်ဆုံးတော့ . . . သူ့ထိုက်နဲ့သူ့ကံပဲလို့ ဥပေက္ခာ ပြုလိုက်ရတယ်။

✿ ✿ ✿

## [ ၃၁ ]

မချစ်သည်းအသုဘ ရက်လည်ပြီးနောက် ကျွန်တော်လည်း သန်လျင်မြို့ ပဲခူးစုရပ်ကွက်သို့ ပြောင်းလာခဲ့ရတယ်။ အခု ကျွန်တော်နေသည့် နေရာက ပဲခူးစု၊ စက်ကန်ကြီးတွေနဲ့လည်း နီးပြီး လေကောင်းလေသန့်ရတယ်။

ကျွန်တော်ဖတ်ချင်တဲ့ စာအုပ်များကို ပြန်ကြားရေးစာကြည့်တိုက်မှာ လိုသလောက် ရှာဖွေငှားရင်း ဖတ်ရှုလို့ရသလို၊ စာရေးဝါသနာပါတဲ့ ကျွန်တော်လည်း မြို့ပေါ်က စာရေးဆရာအချို့နဲ့ ရင်းနှီးခဲ့ရတယ်။

အဲဒီမှာ စာရေးဆရာ ချမ်းမြေ့အောင်၊ ကိုလှမြင့်ဦး၊ မောင်လွှမ်းဇော်၊ ဆရာမကြူကြူသင်း၊ ဆရာမညိုညိုဟာန် (ဒိုက်ဦး) နဲ့ ဆရာချစ်သန်းမြင့်၊ ဦးဟန်ညွန့် စသည့် နိုင်ငံကျော်စာရေးဆရာ၊ ဆရာမများနဲ့ ရင်းနှီးသိကျွမ်းပြီး ဝါသနာပါသည့် စာရေးခြင်းအလုပ်ကို စတင်နိုင်ခဲ့တယ်။

မိုးကြိုးပစ်ကုန်း၊ ဘုရားကျိုးကုန်းနဲ့ ပညာတောင်ကျောင်းက သူငယ်ချင်းတွေနဲ့တော့ အလှမ်း နည်းနည်းဝေးသွားတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လည်း သန်လျင်မြို့ထဲ ဈေးဝယ်လာရင်တော့ ကျွန်တော့်အိမ်ကိုဝင် စားကြသောက်ကြ။ ပြီးမှ ပြန်ပေါ့။

ကျွန်တော် စာရေးဆရာလုပ်တော့မယ်လို့ ပြောတော့ သူတို့က ဝမ်းသာအားရ တိုက်တွန်းကြတယ်။

"မင်း စာရေးဆရာဖြစ်ရင် ငါတို့အကြောင်းတွေလည်း ရေးဦးကွ ... ငမှိုင်းရ"

"ရေးရမှာပေါ့ကွ"

"မင်းကောင် ... ငှက်ကျားကြီးအကြောင်းလည်း ရေးဖြစ်အောင်ရေးဟ"

"နေပါဦး။ အခု ငှက်ကျားကြီး အခြေအနေကရော ဘယ်လိုတုံး"

"အရက်သောက်လွန်းတော့ ခေါင်းသိပ်မကောင်းချင်ဘူး။ ခြေမက ဒဏ်ရာက ပြည်လှိုက်ပြီးစားနေတယ်။ တစ်နေ့တစ်နေ့ အရက်ကို မရအရ လိုက်ရှာသောက်ပြီး ပါးစပ်ကလည်း ထုံးစံအတိုင်း ငါ့လာမခေါ်နဲ့ အဘွားကြီး ... သွား ... မလိုက်ဘူး။ ခင်ဗျားကို ကျုပ်ကိုယ်တိုင်သတ်မယ်နဲ့ သတိရတိုင်း အော်နေတာပဲ။ အဲဒါ ငါတို့နဲ့ အိမ်နီးနားချင်းများက ပေးကမ်းကျွေးမွေးပဲပေါ့ကွာ"

"ဟူး ... သနားစရာပါပဲကွာ"

"ရွှတ်တုန်းက ရွှတ်ခဲ့တာကိုး။ ခံရပြီပေါ့"

တစ်နေ့သောအခါမှာ ငှက်ကျားကြီးဟာ ကျွန်တော့်အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါရောခင်ဗျာ။

ကြည့်စမ်း ...။ လူတစ်ကိုယ်လုံး ချေးတွေရွှဲနစ်ပြီး မောဟိုက်လို့။

ညာဘက်ခြေထောက်ကလည်း ယောင်ကိုင်းပြီး ယင်တလောင်းလောင်း။





"ဟာ ... ငှက်ကျားကြီးပါလား။ လာ ... လာ ... မင်း ဘာနဲ့လာတာတုံးဟ"

"ရထားနဲ့ကွ"

"ဟေ ... ရထားနဲ့။ ဘာရထားတုံး သူငယ်ချင်း"

"ပန်းရထားနဲ့ပေါ့ကွာ။ ဟူး ..."

မြတ်စွာဘုရား ... ရထားနဲ့တဲ့။ ရထားတောင် ပန်းရထားတဲ့။ သူကြည့်တော့လည်း ခပ်တည်တည်၊ ပန်းလျလျ။ ကျွန်တော် သဘောပေါက်လိုက်ပါပြီ။

တစ်ခါ မြို့မဈေးမှာ ကျေးနိုင်တို့နှင့်တွေ့တုန်းက ငှက်ကျားကြီးရော နေကောင်းရဲ့လားလို့မေးတော့ ငှက်ကျားကြီး ခေါင်းမကောင်း၊ စိတ်မမှန်ချင်သလိုဖြစ်နေပြီး ခပ်ရှူးရှူး ခပ်ကြောင်ကြောင်စကားများ ပြောပြောနေသတဲ့။

ခုလည်းကြည့်။

ကျွန်တော်နေသည့် သန်လျင်မြို့ထဲပိုင်းနှင့် ငှက်ကျားကြီးတို့နေသည့် မိုးကြိုးပစ်ကုန်းတန်းဟာ မဝေးဘူးဆို လေးငါးမိုင်ကျော်ဝေးတယ်။ မ . ထ . သ (၂၁၆) ကားစီးရင်၊ ဒါမှမဟုတ် ကျောက်တန်းကားစီးရင်တောင် နာရီဝက်နီးပါး ကားစီးရတာ။

သင်း ... ကားနဲ့ပဲလာသလား၊ စက်ဘီးဆိုင်ကယ်အကြုံနဲ့များ လိုက်လာရော့သလားမသိဘူး။

"မင်း အခု ဘာလာလုပ်တာတုံး။ အလည်သက်သက်ပဲလား"

"အနာကို ဆေးထည့်ချင်လို့ကွာ"

အဲဒါသာကြည့်တော့။ သူ့ခြေထောက်က အနာဆေးထည့်ဖို့ကို အလွန်ဝေးလှတဲ့ ခရီးကနေ တကူးတကန့် လာခဲ့ရှာတယ်။

"ကဲ ... လာ ... လာ ... ဟင် ... ငှက်ကျားကြီး ... မင်း အနာက မန်းတွေလိုက်၊ ပြည်တွေလှိုက်ပြီး အရမ်းကို ဆိုးနေပါလား။ လာ



www.burmeseclassic.com

www.burmeseclassic.com



ကွာ … ဒေါက်တာသိန်းအောင်ဆေးခန်း သွားပြရအောင်”

“မလိုပါဘူးကွာ … မပြချင်ဘူး”

“ဒေါက်တာသိန်းအောင်နဲ့ မပြချင်ရင် ဒေါက်တာမြတ်မင်းဟန်နဲ့ ပြမလား … ငါ့သူငယ်ချင်းပါ”

“သူနဲ့ မပြချင်ဘူး”

“ဟ … ဘာဖြစ်လို့တုံး။ ဆရာဝန်ပဲဥစ္စာ”

“မင်းလူက ဟိုသချိုင်းကုန်းက အဘွားကြီးနဲ့ မောင်နှမကွ”

“ဟူး … ဒုက္ခပဲ”

“မင်းပဲ ဆေးထည့်ပေးကွာ။ မင်းလည်း ရန်ကုန်ဆေးရုံအုပ်ကြီး လုပ်ခဲ့ဖူးဥစ္စာ။ မင်းကုရင် ပျောက်မှာပါကွ။ မြန်မြန်လုပ် သွားစရာရှိတယ်”

ဟော … လုပ်ပြန်ပြီ။ ကျွန်တော့်ကို ရန်ကုန်ဆေးရုံအုပ်ကြီးတဲ့။

“ဘယ်ကိုသွားဦးမလို့တုံး”

“သချိုင်းကုန်း”

“ဟာကွာ … မပြောကောင်း ပြောကောင်းကွာ။ မင်းပဲ သချိုင်း ခြေမနင်းတော့ဘူးဆို”

“အခု နင်းရုံမကဘူး။ သချိုင်းကုန်းသား ဖြစ်တော့မှာကွ”

သူ့ကို စကားစဖော်ပေးနေရင် မဟုတ်တာတွေ၊ နိမိတ်မရှိတာတွေ လျှောက်ပြောနေမှာစိုးလို့ အနာကို ရေနွေးနွေးနှင့် ဖန်ရေဆေး၊ အရက်ပျံနှင့် သန့်စင်ပြီး ဆေးဝါလေးအပါအဝင် ပြည်စုပ်ဆေးများကို ထည့်လို့ ဂွမ်းနှင့်ကပ် ပတ်တီးစည်းပေးလိုက်တယ်။

“ငါပြန်မယ် … မှိုင်းကြီး”

“ရောက်တုန်း နားပါဦး … ငှက်ကြီးရာ။ ထမင်းစားပြီးမှ ပြန်ပါ။ ဟုတ်လား”

“မစားဘူး”

“မဆာသေးလို့လား”





“မဟုတ်ဘူး။ ထမင်းနဲ့ငါနဲ့ ရန်ဖြစ်ထားတယ်။ သူ့စားမှ ငါက အသက်ရှည်ရမှာလားကွ။ ဒါကြောင့် မနေ့တုန်းက ထမင်းကို ရဲတင်းနဲ့ ကြိမ်းထားတယ်။ မင်းကို လုံးဝမစားဘဲ ငါသေရဲတယ်လို့ ပြောလိုက်တယ်။ ဆေး … ငါ့ကို အရက်ဖိုးပေး”

“မသောက်ပါနဲ့ သူငယ်ချင်းရာ။ အရက်က မင်းကို ဒုက္ခပေးနေတာကွ”

“ငါ မကြာခင် သေရတော့မှာပါ … မှိုင်း … ကြီး … ရာ .. ငါသေသွားရင် မင်းတို့ငါ့ကို အရက်တိုက်လို့ … မ … ရ … တော့ .. ဘူး။ ရှင်တုန်းတိုက်။ ပေး … ပိုက်ဆံ … မြန်မြန်ကွာ”

ဒါနဲ့ စိတ်ချမ်းသာပါစေတော့ဆိုပြီး ငါးရာတန်တစ်ရွက် ထုတ်ပေးလိုက်တယ်။

“ငှက်ကျားကြီး … ကားစီးပြန်နော် သူငယ်ချင်း။ ကားဂိတ်လိုက် ပို့ပေးရမလား”

“မလိုဘူး။ မင်းတို့ကားက လိပ်သွားသလိုပဲ။ လေယာဉ်ပျံစင်းလုံး ငှားပြီး ပြန်မှာ။ ဩော် … မောင်မှိုင်း”

“ဘာတုံး”

“နောက်နေ့ကျရင်လည်း ငါ့အနာကို မင်းပဲ ဆေးထည့်ပေးပါကွာ နော်။ မင်းက ဆေးရုံအုပ်ကြီးဥစ္စာ။ ဟုတ်လား”

“အေးပါ … လာခဲ့ပါ။ ငါပျောက်တဲ့အထိ ကုပေးမယ်။ စိတ်ချ”

သည့်နောက် သူ တော့နင်းတော့နင်းနှင့် ဦးခေါင်းငိုက်စိုက်ချလို့ ထွက်သွားခဲ့တယ်။ နောက်နေ့ တောကြီးတို့၊ မသန်းချစ်တို့၊ ဒေါ်စလောင်းတို့နဲ့တွေ့လို့ မေးမြန်းစုံစမ်းကြည့်တော့ …

ငှက်ကျားကြီး အဲဒီနေ့က ပျဉ်းထောင်ကျောင်းကနေ ကျွန်တော့် အိမ်ကို ကုန်းကြောင်းခြေလျင် လျှောက်လာခဲ့တာတဲ့ခင်ဗျာ။ အံ့ရော့။

ဒီခရီးက မနည်းဘူး။ ယောက်ျားကောင်း လူကောင်းတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ခြေလျင်လျှောက်ရင်တောင် အနည်းဆုံး နှစ်နာရီနီးပါး လျှောက်ရသည့် ခရီး။

ဒီခရီးကို သူ အသွားရော အပြန်ပါ ကုန်းကြောင်းလျှောက်သည်လို့ ကြားရတော့ အံ့လည်းအံ့ဩရတယ်၊ အသနားလည်း ပိုမိခဲ့ရတယ်လေ။

နောက်နှစ်ရက်ကြာတော့ ငှက်ကျားကြီး ထုံးစံအတိုင်း ချွေးသံရွှဲနှင့် ရောက်ချလာပြန်တယ်။ ခြေထောက်ကအနာမှာ ပတ်တီးမရှိဘူး။ ဖုန်တွေသဲတွေပေကျံပြီး ယင်တလောင်းလောင်းနဲ့ အပုပ်နံ့ထွက်နေတယ်။

သူ မောဟိုက်နေတယ်။ သောက်ရေတစ်ခွက် အမြန်ခပ်ပေးလိုက်တော့ တဂွပ်ဂွပ်နဲ့ အငမ်းမရသောက်ချပြီး ရင်ဘတ် ဖားဖိုထိုးနေတယ်။

"ငှက်ကြီး ...အခုရော ဘာစီးလာတုံး"

"နတ်မြင်းပျံစီးပြီး လာခဲ့တာလေ"

"ဘယ်မှာတုံး မင်းနတ်မြင်းပျံ မတွေ့ပါလားဟ"

"လမ်းထိပ်ညောင်ပင်က ရက္ခစိုးကြီးထံ အပ်ထားခဲ့တယ်။ ရေတိုက်အစာကျွေးထားလို့ မှာခဲ့တယ်။ ဟူး ..."

"ငှက်ကျားကြီး ...မင်းအနာက ဟိုတစ်ခါထက် ပိုဆိုးပြီး ပုပ်စော်နံနေပြီ။ ဆေးခန်းသွားမှ ဖြစ်မယ်"

"မသွားဘူး။ လုံးဝကို မသွားဘူး"

"ဘာဖြစ်လို့ မသွားချင်ရတာတုံးဟ"

"ဆေးကုလိုက်ရင် အစောကြီး သေမှာစိုးလို့ပါကွာ"

ဒီလိုပြောရင်းကနေ သူက ထူးဆန်းတဲ့စကားတစ်ခုကို မေးပါရောဗျာ။

"မောင်မှိုင်း ..."

"ဘာလဲ ...ငှက်ကျားကြီး"

"မင်းကို ငါ မေးစရာရှိလို့ကွ။ အဟွတ် ...အဟွတ် ...





အဟွတ်"

"မေး ...သူငယ်ချင်း။ မေး ...ဘာလဲ"

"တစ္ဆေအစစ်ရှိသလား"

"ရှိတယ်"

"သရဲအစစ်ရော ရှိသလား"

"ရှိတယ်"

"ရက္ခစိုးအစစ်ရော ရှိသလား"

သူက ကျွန်တော့်ကို မေးခွန်းတွေ ဆက်တိုက်မေးနေတယ်။ သူ့မေးခွန်းတွေက ဒီနေ့ ထူးဆန်းနေတယ်။ အရက်အကြောင်းမပါဘူး။ မိန်းမအကြောင်းမပါဘူး။ ဟို ...အိပ်မက်ရှင်အဘွားကြီးအကြောင်း မပါဘူး။

"ငါမေးတာ ဖြေလေကွာ။ မင်းက စာရေးဆရာလုပ်နေတယ်ဆိုပြောစမ်း။ တစ္ဆေသရဲ၊ ရက္ခစိုး၊ နတ်ဘီလူး အဲဒါ တကယ်ရှိသလား"

"မင်းဘာလို့ ဒီအကြောင်းကို မေးနေရတာလဲ"

"ငါ ...ငါ ...ညဘက် အိပ်လို့မရဘူး။ ငါ့ကိုလာခေါ်နေတယ်၊ ခေါင်းထဲသွင်းနေတယ်။ သံနဲ့ရိုက်တယ်။ ငါခေါင်းထဲမှာ အော်ရင်း သေသွားတယ်။ နေ့ခင်းကျရင် အဲ ...ဟိုမိန်းမကြီးက ခေါင်းကြီးရွက်ပြီး ခြံဝမှာ ချိုက်ချိုက်ကြည့်သွားတယ်။ တစ္ဆေသရဲ အစစ်ရှိသလား"

ဒါနဲ့ သူ စိတ်ကောင်းလေးဝင်နေတုန်း တရားအသိ၊ စာအသိလေးနဲ့ သူ ဆင်ခြင်ပြုပြင်ပြီး စိတ်အစွဲပျောက်စေချင်တာနဲ့ ပြောရတော့တယ်။

"ငါတို့ ဗုဒ္ဓဘုရားရှင်ရဲ့ တရားမှာ အဆိုအမိန့်များအရ အဲဒါတွေကို မြင်အပ်မမြင်အပ်သော ပုဂ္ဂိုလ်များလို့ အဓိပ္ပာယ်ရတယ်ကွ။ တို့ဘုရားရှင်က ဟောဒီ အနန္တလောကကြီးမှာ ဘုံ (၃၁) ဘုံရှိတယ်လို့ ဟောထားတယ်သူငယ်ချင်း။

ပြဟ္မာ့ဘုံက (၂၀)၊ နတ်ပြည်က (၆) ဘုံ၊ လူ့ပြည်က (၁) ခု

www.burmeseclassic.com



အပါယ်က (၄)ဘုံတဲ့။ အပါယ်လေးဘုံမှာ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ရယ်လို့ လေးမျိုးထပ်ခွဲတယ်တဲ့။ ပြိတ္တာဘုံမှာတင် သရဲ၊ တစ္ဆေ၊ ဖုတ် သဘက်၊ တစ္ဆေ၊ မှင်စာ၊ နာနာဘာဝ အမျိုးမျိုးရှိကြတယ်။

အဲဒါကို မကျွတ်မလွတ်သေးသည့် ပြိတ္တာဘုံသားတွေလို့ ခေါ်တယ်။ အသူရကာယ်ကျတော့ တစ်မျိုးပဲ။ နေ့စံပြီး ညခံ၊ ညစံပြီး နေ့ခံ။ အပြစ်ရှိ သော သတ္တဝါတဲ့။ လူ့ဘဝတုန်းက သူတစ်ပါးကိုသော်လည်းကောင်း အမျိုး မျိုး ညှဉ်းပန်းနှိပ်စက်ပြီး ပျော်ရွှင်ချမ်းသာခဲ့ဖူးသူတွေခံရတဲ့ လောကကြီး တစ်မျိုးပဲ။

သူတို့က လူနဲ့ဝေးသည့်နေရာ မြစ်ပင်လယ်ကမ်းပါး၊ တောင် တောင်အနီးမှာ သီးသန့်အစုအဝေးနဲ့နေကြတာ။ အချို့က နေ့ခင်းမှာ မင်းတို့ ငါတို့လိုပဲ စားလိုက်၊ ပျော်လိုက်ပါးလိုက်နဲ့နေ။ ညဘက်ရောက်ရော အပြစ် ငရဲစခန်းမှာ သီးသီးသန့်သန့် လူကြမ်းပြိတ္တာကြီးသားများက အမျိုးမျိုး ညှဉ်းပန်းနှိပ်စက်တာ။ အဲဒါ မိုးလင်းမှ အပြစ်ငြိမ်းတယ်။

အချို့က နေ့မှာခံပြီး ညမှာ မိသားစုနဲ့ နတ်စည်းစိမ်ကဲ့သို့ ပျော်ရွှင် စံစားနေရတယ်။ အဲဒါ အသူရကာယ်ဘုံသားဘဝပဲ။ အပြစ်ရှိသောသတ္တဝါ လို့ ဘုရားရှင်က အမည်ပေးထားတယ်။ ပြီးတော့ ‘ကျုတ်’ …။ ကျုတ် လည်း ပြိတ္တာဘုံသားပဲကွ။ သို့သော် ကျုတ်က နာနာဘာဝအုပ်စုထဲမှာ အကျုံး ဝင်နေပြန်တယ်’’

‘‘နာနာဘာဝဆိုတာ ဘာတုံး …မောင်မှိုင်းရ’’

‘‘နာနာဘာဝဆိုတာ ရုပ်အမျိုးမျိုးကို ဖန်းဆင်းနိုင်သည့် ပညာ သည် စုန်းကဝေလို မှော်ပညာရှင်တွေကို ပြောတာ ခေါ်တာ။ လူယောင် ခွေးယောင်၊ မြွေဟောက်ယောင်၊ သူယောင်မယ်ယောင်၊ ရွာရပ်၊ လှည်း နွား အမျိုးမျိုး ဖန်ဆင်းလို့ရတယ်။ ဒါပေမဲ့ ကောင်းသောဖန်းဆင်းမှုမဟုတ် ဘူး။ အကုသိုလ်ကိစ္စအမှုပြုဖို့ ဖန်ဆင်းတဲ့ အတတ်ပညာ။

ရုက္ခစိုးကြီးတွေ၊ ဝိဇ္ဇာဓိုရ်ကြီးတွေ ပုံသဏ္ဌာန်အမျိုးမျိုး ဖန်ဆင်း





တာက ကုသိုလ်ကိစ္စမှာ ပါဝင်ပတ်သက်ချင်လို့ ဖန်ဆင်းတာ။ မတူကြဘူး ဆိုကြစို့ရဲ့ …ကျုတ်တွေဟာ ရွာသဏ္ဌာန်၊ အိမ်သဏ္ဌာန်၊ ယာခင်းသဏ္ဌာန် သူ့ပုံသဏ္ဌာန် မျိုးစုံရဲ့ သဏ္ဌာန်အမျိုးမျိုးဖန်ဆင်းနိုင်ပြီး အများအားဖြင့် လူအချို့ကို လှည့်စားခြောက်လှန့် နောက်ပြောင်တတ်တယ်။

အားလုံးကို ခြုံငုံပြီး ပြိတ္တာဘုံသားလို့ အလွယ်ခေါ်တာ။ တစ်ခါ ‘တစ္ဆေ’။ တစ္ဆေဆိုသည့်စကားရဲ့အဓိပ္ပာယ်က ခြောက်လှန့်တယ်လို့ အဓိပ္ပာယ် ရတယ်။ မေတ္တသုတ်အပါအဝင် ပရိတ်ကြီး (၁၁)သုတ်မှာ တစ္ဆေ၊ ပြိတ္တာ၊ နာနာဘာဝနဲ့ စပ်လျဉ်းပြီး ဟောပြောထားတာပါရှိတယ်။

ရုက္ခစိုးကျတော့ တစ်မျိုးထူးသကွ …ငှက်ကြီးရ။ ရုက္ခစိုးဆိုတာ သစ်ပင်ကြီး၊ ညောင်ပင်ကြီးများကို ဗိမာန်လိုလုပ်ပြီး နေထိုင်သည့် နတ် တစ်မျိုးပဲကွ။

သစ်ပင်မှာနေတိုင်း ရုက္ခစိုးမဟုတ်ဘူးနော်။ အချို့ တစ္ဆေသရဲ လည်း သစ်ပင်မှာနေတာပဲ။ မင်းသိတယ်မဟုတ်လား။ ဂျပန်တစ္ဆေခေါင်း နှပ်ကြီးနေတဲ့ သစ်တိုပင်ကြီးလေ။ မင်းပဲ သွားခုတ်ရှင်းလိုက်တာ မှတ်မိ လား။

‘‘ဟင့်အင်း …မသိတော့ဘူး’’

‘‘ထား …။ ညောင်ကြီးပင်ကြီးမှာ သစ်ပင်ကို ဘုံဗိမာန်လုပ် နေသည့် ရုက္ခစိုးကြီးများဟာ ဘုန်းတန်ခိုးကြီးတယ်။ အသက်ရှည်တယ်။ ဘယ်လောက်အထိ ရုက္ခစိုးကြီးများ အသက်ရှည်သလဲဆိုရင် နောင်ပွင့်မည့် အရိမေတ္တေယျဘုရားရှင်ကိုပင်လျှင် ဖူးမြင်နိုင်သည့်ဘဝအထိ အသက်ရှည် ဘုန်းကြီးသတဲ့။ သူတို့က လူသားတွေကိုလည်း စောင့်ရှောက်ကူညီလို့ရရင် ရသလို ကူညီစောင့်ရှောက်လေ့ရှိတယ်။

အချို့ရုက္ခစိုး၊ နတ်ဆိုး (သစ်ပင်မှာနေသည့် ပရသား) ကျတော့ သူကိုဒုက္ခပေးတတ်တယ်။ ပြောရရင် သူတို့ ပရဝိညာဉ်သားအားလုံးဟာ သူတို့နေခွင့်ရသည့် သစ်ပင်၊ ဂူ၊ ကျောင်း၊ ဇရပ်၊ မြစ်ချောင်းကမ်းပါး မီး



www.burmeseclassic.com

www.burmeseclassic.com



လောင်သစ်ငုတ်တို၊ အိမ်သာပျက်၊ သချိုင်း၊ သုသာန်တစ်စပြင်၊ ဘုရားပြို၊ ဘုရားပျက်၊ တောကြီးနက်နက်မှာ အလျဉ်းသင့်သလို ဒုက္ခဆင်းရဲနဲ့ နေထိုင်ကြရတယ်။

ဝေမာနိကပြိတ္တာလို့ခေါ်သည့် ဘုန်းကံရှိသူအချို့က မကျွတ်မလွတ် ပရိုဝိညာဉ်သားတွေက ရှင်လူရဟန်းများရဲ့ ကောင်းမှုဒါန၊ အမျှဝေသံ၊ မေတ္တာပို့သံကို ကြားနာမျှဝေ ခံစားနိုင်တယ်။ အချို့ပြိတ္တာများကျတော့ ဆွေမျိုးသားချင်းများပေးဝေတဲ့ ကောင်းမှုအမျှအဖို့ဘာဂကို သာဓုခေါ်နိုင်ကြတယ်။ အဲဒီပြိတ္တာကို ပရဒတ္တူပဇီဝီ ပြိတ္တာလို့ခေါ်တယ်။

သူတို့က သာဓုခေါ်ခွင့်ရလို့ ကျွတ်တန်းဝင်သွား၊ ကောင်းသောဘဝသစ်ကို ကူးပြောင်းသွားကြတာရှိသလို၊ အချို့သော တစ္ဆေသရဲ၊ ပရပြိတ္တာဘုံသားများကြတော့ လူ့ဘဝတုန်းကပြုခဲ့သည့် အကုသိုလ်စိတ်၊ အစွဲအလမ်း၊ အတ္တစိတ်ကြီးမားပြီး အမျှဘယ်လိုဝေဝေ ပေတာဒါနကောင်းမှုကုသိုလ် ဘယ်လိုလုပ်ပေးလုပ်ပေး သာဓုမခေါ်နိုင်ဘူး။ သာဓုကန်းနေကယ်။ နာကန်း၊ မျက်စိကန်းသလို ဓမ္မတရားကွယ်ပြီး မကျွတ်မလွတ်နိုင်ကြဘူး။

ဆက်လက်ပြီး ဒုက္ခဆင်းရဲကို ခံစားနေရတယ်။ စရိုက်ကြမ်းပေတာကိုး။ ဒါ ငါသိလွန်း တတ်လွန်းလို့ ပြောတာမဟုတ်ဘူး။ ငါတို့ဖတ်ရှုလေ့လာ ကိုးကွယ်ဆည်းပူး မေးမြန်းရင်းက ရှင်ကြီးရဟန်း ကျမ်းတတ်ဆရာတော်ကြီးများ၊ ပညာရှင်များရဲ့ မိန့်မှာချက် ရေးသားဟောပြောချက်ကြောင့် သိရတာ။ မင်း ဘာဖြစ်လို့မေးရတာလဲ ငှက်ကြီး''

''ငါ သူတို့ကို နိုင်ချင်တယ်။ အဲဒါ ဘယ်လိုလုပ်ရမလဲ ဟင်''

''တစ္ဆေသရဲကို နိုင်ချင်ရင် ဘုန်းကံမြင့်မားအောင် မင်း အရင်လုပ်ရမယ်''

''ဘယ်လိုဘုန်းကံမြင့်အောင် လုပ်ရမလဲ၊ ငါ့ကို နှောင့်ယှက်နေတဲ့ မကောင်းဆိုးဝါးတွေကို ငါနိုင်ချင်တယ်''

''နိုင်ချင်ရင် မင်း အရက်လုံးဝမသောက်နဲ့''





''ပြီးတော့ရော''

''ရတနာသုံးပါးကို မြဲမြဲယုံကြည် ကိုးကွယ်ဆည်းကပ်ရတယ်''

''ရတနာသုံးပါးက ဘာတုံး''

''ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ . . .။ အဲဒါကို ယုံကြည်ရမယ်၊ မစော်ကားရဘူး။ မရိုမသေမလုပ်ရဘူး။ ပြီး မိဘနဲ့ ဆရာတို့ရဲ့ကျေးဇူးကို ဂါရဝပြုရမယ်။ ဘုရားရှိခိုးရမယ်။ ဘုရားရှင်ရဲ့ ပရိတ်တရားတော်များကို နာယူမှတ်သားကျက်မှတ်ပြီး တရားတော်ရဲ့ လမ်းညွှန်ချက်အတိုင်း လိုက်နာကျင့်ကြံရမယ်။ သံဃာကို ရိုသေရမယ်။ ရှိခိုးရမယ်။

ရတနာသုံးပါးလည်း မြဲရမယ်။ ငါးပါးသီလလည်း မြဲရမယ်။ ဂုဏ်တော်ဂါထာမန္တန်တွေလည်း အလွတ်ရမယ်။ သီလ၊ သမထဘာဝနာလည်း အားကောင်းလာရင် အဲဒါ သိဒ္ဓိတင်ပြီးသားဖြစ်ရော။ အဲဒီသိဒ္ဓိအရှိန်ကြောင့် တစ္ဆေသရဲ၊ ဘီလူး၊ ဖုတ်မှန်သမျှကို လုံးဝကြောက်စရာ မလိုတော့ဘူး။ အဲဒါ တစ္ဆေနိုင်ဆေးပဲ။ တစ်ခုတော့ရှိတယ်။ ဒီဆေးကို လက်လွတ်စပယ် သုံးလို့မရဘူး''

''ဘယ်လို . . . ဘယ်လို''

''သူတို့ဘဝနဲ့ သူ့အကြောင်းကြောင့် မကောင်းသောဘုံဘဝရောက်နေသည့် တစ္ဆေသရဲ၊ ပြိတ္တာဘုံသားတွေကို ကိုယ့်ကိုဒုက္ခပေးမပေးသမျှ ခွင့်လွှတ်ရမယ်။ မနှိပ်စက်ရဘူး။ ထပ်ပြီး ဒုက္ခဆင်းရဲရောက်အောင် မလုပ်ရဘူး။ ဒါကို သဘောပေါက်ရင် ကျင့်ကြံရင် မင်း တစ္ဆေနိုင်ဆေး၊ သရဲနိုင်ဆေးရပြီ''

ကျွန်တော့်စကားလည်းဆုံးရော သူ ထိုင်နေရာကနေ ဂုန်းခနဲထရပ်လိုက်ပြီး . . .

''ငါသွားတော့မယ်''

''နေဦးလေ . . . အနာကို ဆေးထည့်ရမယ်လေကွာ''

''မထည့်တော့ဘူး သွားမယ်။ အရေးကြီးလို့။ ဟေး . . .''



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မေးလို့မရဘူး။ တားလို့မရဘူး။ လက်ဝါးဖြန့်လို့ ငါးရာတန် တစ်ရွက်ကို ထည့်ပေးလိုက်ရော ထော့နင်းထော့နင်းနဲ့ အိမ်ပေါ်က ဆင်း သွားတယ်။ သူ့နောက်ကျောကိုငေးကြည့်ရင်း စဉ်းစားနေမိတယ်။

သူဘာကြောင့် တန္ဆေးနိုင်ဆေးကို အရင်စလို ရှာနေရတာလဲ။

အခု ကျွန်တော်ပေးလိုက်သည့် တန္ဆေးနိုင်ဆေးကို သူ မှန်မှန်ကန် ကန် ဖော်စားမှာလား။ ဒီဆေးကိုသာ သူ မှန်မှန်ကန်ကန် အချိန်မှန်မှီဝဲ ရင် ရှေ့လျှောက် သူ့ဘဝ ကောင်းပြီပေါ့ဗျာ။

✿ ✿ ✿

[ ၂၂ ]

❑

ကျွန်တော့်နားကို ကျွန်တော် မယုံချင်ဘူး။ ကြားရချက် မှားလို့ များလား။

ခု ကြည့်စမ်း။

မိုးလင်းကာစရှိသေးတယ် . . . ကြားရချက်က အံ့သြစရာ။

"ငှက်ကျားကြီး ဆုံးသွားပြီ . . . မောင်မှိုင်းရေ"

"ဟ . . . ကိုမောင်ကျန်ရ။ မနေ့ကပဲ ဟောဒီနေရာလေးမှာ သူနဲ့ ကျုပ်နဲ့ စကားတွေ အကြာကြီး ထိုင်ပြောနေကြတာဗျာ။ တန္ဆေးသရဲရှိသလား ဆေးလို့ (၃၁) ဘုံအကြောင်း ပြောလိုက်သေးတယ်။

တစ်ခါ တန္ဆေးနိုင်ဆေးရှိလား၊ ရှိရင် လိုချင်တယ်ဆိုလို့ ကျွန်တော် အပဲ တန္ဆေးနိုင် ရတနာသုံးပါးဆေးအကြောင်း ပြောပြလိုက်ရသေးတယ် ဗျာ။ အခု . . . ဆုံးပြီကြားရတော့ ကိုယ့်နားကိုယ် မယုံနိုင်ဘူး။ ဘယ်လိုဖြစ် သွားတာတုံးဗျာ . . . ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မနေ့တုန်းက ငှက်ကျားကြီးထိုင်သွားသည့် နေရာလေးကို ကြည့်ရင်း မျက်လုံးထဲမှာ ငှက်ကျားကြီးရဲ့ လက်ဝါးဖြန့်ပြီး ပေးပိုက်ဆံဟု တောင်းနေသည့်ပုံ ပေါ်နေတယ်။

"ရုတ်တရက်ကြီးကွာ။ ကဲ ... ပြောပါဦး။ ဘယ်လိုဖြစ်ရတာတုံး ကျော်နီ"

"မနေ့ညနေပိုင်းကကွ။ ငါတို့အုပ်စုဆီကို သူ ချွေးသံရွှဲရွှဲနဲ့ ရောက်လာတယ်"

ကျော်နီ၊ တောကြီး၊ ကိုသောင်းညွန့်ဦး၊ ဖိုးပေတုံးတို့လူစု အလုပ်ကိစ္စတစ်ခုအတွက် ဆွေးနွေးနေတုန်း ထော့နင်းထော့နင်းနှင့် ငှက်ကျားကြီး ရောက်လာတယ်တဲ့။

သူ့ခြေထောက်က အနာပေါ်မှာ ယင်ကောင်တွေက အုပ်စုဖွဲ့လို့ အနံ့ကလည်း ဆိုးဝါးလိုက်ပါဘိသနဲ့။

သူဟာ ဒူးကို လက်နဲ့ဖေးထောက်ရင်း မောနေတယ်။

"ငှက်ကျားကြီး ... ဘယ်သွားမလို့တုံး"

ကျော်နီက စေတနာနဲ့ ပြောတယ်။

"နားနားနေနေ အိမ်မှာနေမှပေါ့ကွာ"

"ပြော ... ဘာအရေးကြီးလို့လဲ"

"ငါ့ ... ငါ့ကို ... မင်းတို့ ... ပိုက်ဆံ ... နှစ် ... နှစ်ရာစီ ပေးကြစမ်း။ မြန်မြန်ပေး ... ကြ ... စမ်း"

ဒီမှာ ကျော်နီက မေးရော။

"ဘာတွေလုပ်ဦးမလို့တုံးဟ ... ငှက်ကျားကြီးရ"

"ဒီနေ့ရသမျှ ... ကို ... အကုန် ... အရက်သောက်ပစ်မယ်။ ငါ့ ... ဘဝမှာ ... ဒါ ... နောက်ဆုံးပိတ် ... သောက်ခြင်းပဲ။ ဒီ ... ဒီတစ်ခါ တစ်ဝသောက်ပြီး ... ရင် ... ငါ ... ငါ ... အရက်ဖြတ်တော့မယ်"





"ဟုတ်ရဲ့လား ငှက်ကျားကြီးရာ ဟင်"

"အဟုတ်ပြောတာ"

"အရက်ဖြတ်ပြီးရင် မင်း ဘာလုပ်မလဲ"

"သရဲတစ္ဆေနှိုင်ဆေး ငါ ဖော်စားတော့မယ်ကွ"

"ဟေ ..."

ငါတို့အားလုံး ကြားရချက်ကြောင့် အံ့ဩသလိုရှိပေမယ့် မင်းသိတဲ့အတိုင်းပဲ မောင်မှိုင်း။ ဒီကောင်က အရက်ဒဏ်ကြောင့် ဦးနှောက်က မှန်ချင်ဘူး။ ဒီကြားထဲ အကုသိုလ်အိပ်မက်ဆိုးတွေ မက်တဲ့ဒဏ်ရယ်၊ သူ့ဇနီးလောင်း ရုတ်တရက် သေဆုံးသွားတဲ့ ခံစားချက်ရယ် အားလုံးစုပေါင်းခံစားရပြန်တော့ ထမင်းနဲ့ဟင်းကို ပစ်ပယ်ပြီး အရက်ကိုပဲ မရအရ ရှာဖွေသောက်တယ်။

ညဘက်ကို မအိပ်ဘဲနဲ့ လျှောက်သွားချင်သွားနေတာ။ တစ်ခါတလေ အိပ်ပျော်နေရင်းကနေ သူ ခါတိုင်းမက်နေကျ အိပ်မက်ဆိုး၊ အိပ်မက်ဆန်းကြီးကို မြင်မက်ပြီး ကြောက်လန့်ချင် ကြောက်လန့်လိုက်၊ အော်ချင်အော်လိုက်၊ ဒေါသတွေ ပေါက်ကွဲချင် ပေါက်ကွဲလိုက် ဖြစ်လိုဖြစ်။

မကြာခဏဆိုသလိုကတော့ သွားလေသူ သူ့ဇနီးလောင်း မချစ်ညည်းရဲ့အမည်ကို တ,တပြီး ငိုချင်ငိုတဲ့အဖြစ်ပဲ။

သူ့ကို ငါတို့ ကြုံရင်ကြုံသလို ထိန်းနေရတာက အိပ်မက်ဆိုးမက်တာရင် နေ့ခင်းကြောင်တောင် အမြင်မှောက်လာရင် သူ့မျက်လုံးထဲမှာ မင်းသိတဲ့အတိုင်း သူပြောပြောနေတဲ့ သချိုင်းကုန်းက မိန်းမကြီး ခေါင်းကြီးဆံလို့ သူ့ရှေ့မှာ ရပ်ခေါ်နေပါတယ်ဆိုပြီး မြင်မြင်ရာကို ရရာလက်နက်နဲ့ လိုက်ခုတ်ထိုးပစ်ခတ်နေလို့ သူ ဒီလို စိတ်ဖောက်လာရင် ငါတို့ နေ့ညမပြတ်ထိန်းရတယ်။ ရာဇဝတ်မှု ထပ်ဖြစ်မှာစိုးလို့ပါ။ ခတ်သိတွေက သူစိတ်ဖောက်လာရင် အမြန်ရှောင်ကွင်းသွားကြတယ်။

ဆရာဝန်နဲ့ ရောဂါကို ပြမယ်ကုမယ်ဆိုလည်း လက်မခံဘူး။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ ပယောဂဆရာနဲ့ ပြကုကြည့်မယ်ဆိုလည်း လက်မခံဘူး။

သုသာန်ကျောင်းဆရာတော်နဲ့ ပြကြည့်ရအောင်ဆိုလည်း မလိုက်ဘူး။ ကိုင်း ... ဘယ်လိုလုပ်ရမှာလဲ။ တိုတိုပြောရရင် သူ့အရက် တကယ်ဖြတ်မှာလား။ ထုံးစံအတိုင်း သောက်နေကြအချိန် သောက်ချင်လို့ အရက်ဖိုးလိုက်တောင်းနေတာလား မသိဘူး။ နှစ်ရာကျပ်ဆီ ပေးလိုက်ကြတယ်။

ရတဲ့ငွေစက္ကူတွေကို ကိုင်ရင်း ရွာထဲက သိသမျှအိမ်ကို လိုက်ဝင်တယ်။

"ငွေနှစ်ရာစီ ပေးကြစမ်းပါဗျာ"

"ဟ ... ဘာလုပ်မလို့တုံး မောင်ငှက်ကြီးရ"

"ဒီနေ့ အရက်အဝသောက်ပြီး နက်ဖြန် တစ္ဆေနိုင်ဆေး ဖော်တော့မလို့ဗျ"

"တစ္ဆေနိုင်ဆေး"

"ဟုတ်တယ်ဗျာ"

"ဘယ်ဆရာဆီက ရလို့တုန်းဟ ... ငှက်ကြီးရ"

"မြို့ပေါ်က ဆရာတစ်ယောက် ဆေးနည်းပေးလို့ဗျ။ ကိုးသချိုင်းပြန် ဆရာညိုတဲ့။ အရမ်းစွမ်းတယ်၊ ပွဲချင်းပြီးပဲ။ မြန်မြန်လုပ်ပါဗျာ။ ကျုပ် နောက်က လိုက်နေကြပြီ။ ကျုပ် တစ္ဆေနိုင်ဆေး မြန်မြန်ရမှ အသက်ရှည်မှာ။ ပေးပါ ... နှစ်ရာ"

အဲဒါ အိမ်တော်တော်များများက သူ့ကိုသနားကြလို့ ပိုက်ဆံစိုင်းပေးကြတယ်၊ လူတကာကိုလည်း သူ့တစ္ဆေနိုင်ဆေး ဖော်တော့မည့်အကြောင်း လျှောက်ပြောတယ်။ ရှေ့လျှောက် မပူကြနဲ့တော့လို့လည်း ပြောတယ်။ အကုန် ပွဲချင်းပြီးရမယ်လို့လည်း ကြူးဝါးတယ်။

ဆိုက်ကားဂိတ်က ဆိုက်ကားသမားတွေကိုလည်း ပြောတယ်။

မြင်းလှည်းဂိတ်က ကိုချိုကြီးတို့ မြင်းလှည်းသမားတွေကိုလည်း တစ်ယောက်မကျန် လိုက်ပြောတယ်။ ပျံကျဈေးထဲက ငါးရောင်းတဲ့ မဝါးမ





ကြီးကိုလည်း တစ္ဆေနိုင်ဆေးဖော်ပြီးရင် ဆေးတစ်ဖုံ လာပေးမယ်။ သူ့ကို သေလောက်ဆိပ်ပြန်နဲ့ ထမင်းကျွေးရမယ်လို့ ပြောသွားသေးတယ်တဲ့။

နောက်ဆုံး အကြော်စုံရောင်း၊ အမြည်းစုံရောင်းတဲ့ မခါတွန့်ကြီး ဆိုင်ရောက်အရ သူ့ဆိုင်က လက်ဖက်သုပ်ချည်း နှစ်ထောင်ဖိုးဝယ်သတဲ့။

"ဟဲ့ ... ငှက်ကြီး လက်ဖက်သုပ်တွေ များလှချည်လားဟဲ့။ နင် သောက်တည်း စားမှာလား၊ ကျန်တဲ့နဲ့လား"

"ကျုပ်တစ်ယောက်တည်း"

"ဒါတွေ နင် အကုန်စားမှာ၊ ဟုတ်လား"

"အကြွေးဆပ်စရာရှိလို့ဗျ"

"ဟဲ့ကောင်ရဲ ... နင်က ဘယ်သူ့ကို လက်ဖက်ကြွေးဆပ်မလို့

"သချိုင်းကုန်းကို"

"အို ... ဖွ ... ဖွ ... မပြောကောင်း မဆိုကောင်း ... ငှက်ကြီးရယ်"

"ဒေါ်ခါးတွန့်"

"ဘာတုံး"

"ကျုပ် ဒီလက်ဖက်ကို သချိုင်းကုန်းမှာ အကြွေးဆပ်မှာဗျ။ ဒီမှာ အကြွေးကျေပြီးရင် ကျုပ် တစ္ဆေနိုင်ဆေး ဖော်တော့မယ်"

"အလို ... တစ္ဆေနိုင်ဆေး"

"အင်း ..."

"တော်က ဘယ်သူနဲ့ဖော်မှာတုံး"

"ဟို ... ကိုးသချိုင်းပြန် ဆရာညိုနဲ့ပေါင်းပြီး ကေသလာတောင်ခြေက မှောင်ရိပ်မှာ တောင်ဆိတ်ရဲဦးချိုကို ပါးစပ်နဲ့ကိုက်ပြီး ကျုပ် ဥ တစ်သန်း ရွတ်တော့မှာ၊ တစ်သန်းပြည့်ရင် ဖင်းကျိုက်တောင်ပေါ်က တွေ၊ ဝိဇ္ဇာတွေကိုယ်တိုင် ကျုပ်ကို တစ္ဆေနိုင်ဆေး လာဆက်တော့မှာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတစ္ဆေနိုင်ဆေးကို မဟာမြတ်မုနိဘုရားရှေ့မှာ သိဒ္ဓိတင်ပြီးရင် သချိုင်းတကာ့သချိုင်းမှာရှိတဲ့ တစ္ဆေ . . . လမ်းကြိုလမ်းကြား သစ်ပင်ပျို သစ်ပင်အိုမှာနေတဲ့ သရဲတို့၊ ကျတ်တို့ကို ကျုပ် နှင်လို့ရ၊ ရိုက်လို့ရ၊ မောင်း လို့ရပြီ။

ပြီး . . . သင်းတို့ ကျုပ်ကိုမြင်တာနဲ့ ထိုင်ရှိခိုးရမှာဗျ။ ဟား . . . ဟား . . . ဟား . . . ဟိုအဘွားကြီးကိုလည်း ကျုပ် မကြာခင် နိုင်တော့မှာ ဗျ။ ခင်ဗျားလက်ဖက်သုပ်ကောင်းကောင်း သုပ်ပေးလိုက်ရဲ့လား''

''အင်း . . . အေး . . . အေး . . . သုပ်ထားပါတယ်ကွယ်''

''ကောင်းပြီ။ ခင်ဗျားကို တစ္ဆေနိုင်ဆေးနည်းရရင် ပေးမယ်သိလား''

''အင်း . . . အင်း . . .''

''ကျုပ်သွားမယ်''

''အေး . . . အေး . . . အခု ဘယ်သွားမှာတုံး''

''သချိုင်းကုန်းပေါ့ဗျာ။ အဲဒါ ကျုပ်နေရာပေါ့''

''မှောင်နေပြီ။ မသွားနဲ့''

''သွားမယ်။ ကျုပ်ကို ခေါ်နေပြီ''

''ဘုရား . . . ဘုရား . . . ဖွ . . . ဖွ . . . လွဲပါစေ . . . ဖယ်ပါစေ တော်''

ဒေါ်ခါတွန့်ကြီးလည်း သူ့ ခေါင်းသိပ်မကောင်းတော့မှန်းသိလို့ အမေးအမြန်း မထူတော့ပါဘူး။ 'အင်း . . . အင်း . . .' နဲ့ ခေါင်းညိတ် ပြီး စကားကို ဖြတ်လိုက်တယ်။

အဲဒီနောက် လက်ဖက်သုပ်ထုပ်ကြီးနဲ့ အရက်ပုလင်းနှစ်လုံးယူ ပြီး မှောင်ရီပြိုးဖျအချိန် ရွှေပုဆိုးသချိုင်းထဲကို ထော့နင်းထော့နင်းနဲ့ ထွက် သွားတာကို နောက်ဆုံး မြင်လိုက်ရတာပဲ။

✿ ✿ ✿

[ ၃၄ ]

❑

ခါတိုင်းဆို မိုးလင်းရင် ငှက်ကျားကြီးဟာ ထော့နင်းထော့နင်းနဲ့ ဈေးဆိုင်ကို လာနေကျပဲ။ သူ့ဘဝက အရက်နဲ့ မျက်နှာသစ်တဲ့ဘဝကို ရောက်နေပြီကိုး။ သို့သော် ဒီနေ့ မနက်ကိုးနာရီအထိ ငှက်ကျားကြီးကို မတွေ့ရဘူး။ ငါတို့လည်း ဘကြီးဖိုးလှသား ရှင်ပြုပွဲအတွက် မနက်ပိုင်းလေး လူကြီးများနဲ့ ဘကြီးဖိုးလှတို့အိမ်ကို အသွား . . .

ရွှေပုဆိုးသချိုင်းက စဏ္ဍာလ နွားရိုးကြီး ရောက်လာပါရော။ လမ်းမမှာမို့ တော်သေးတာပေါ့ကွာ။

''ဗျို့ . . . ကိုငကျိုင်း . . . ကို . . . ငကျိုင်း''

''ဘာတုံး . . . နွားရိုးကြီး''

''ခင်ဗျားတို့ကောင် သွားပြီဗျာ''

''ဘာ . . . ဘာ . . . ပြောတယ်။ ဘယ်သူသွားတာတုံး နွားရိုး



www.burmeseclassic.com

www.burmeseclassic.com



"ငှက်ကြီးပေါ့ဗျာ"

"ငှက်ကြီး ... ငှက်ကြီး ... ဘာဖြစ်လို့တုံး"

"ငှက်ကြီး ကျုပ်တို့သချိုင်းက အုတ်ဂူပေါ်မှာ သေနေလို့ လာ ပြောတာ"

"ဘာ ..."

"ဟေ ..."

"ဘယ်လို ... ဘယ်လို ..."

ငါတို့ကွာ ကြားတာနဲ့ အလှူကိစ္စ မဆွေးနွေးနိုင်ဘူး။ ငါရယ် ငတောကြီးရယ်၊ သောင်းညွန့်ဦးရယ်၊ ဖိုးကုလားရယ် ရွှေပုဆိုးသချိုင်းကို ပြေးလာခဲ့လိုက်တယ်။

သူဟာ ငါတို့ရဲ့ အချစ်ဆုံး ငယ်ပေါင်းသူငယ်ချင်းမဟုတ်လား မောင်မှိုင်းရာ ဟင်။

ငါတို့ သချိုင်းလည်းရောက်ရော ငှက်ကြီးကို တွေ့ရတော့တာပဲ ကြည့်စမ်း ... ဒေါ်ရှင်မင်းအိမ်ယာ အသက် (၇၀) ဆိုတဲ့ အုတ်ဂူကြီးပေါ် မှာ ငှက်ကျားကြီး စန့်စန့်ကြီး တောင့်နေပြီ။

မျက်လုံးနှစ်လုံးက ပြူးပြီး အပေါ်ကိုလန်လို့။

ပါးစပ်ကလည်း ဆပ်ပြာအမြှုပ်လို အမြှုပ်တွေ ပေကျံလို့ကွာ။

ဒီလိုအမြှုပ်မျိုးကို ပထမဦးဆုံး သချိုင်းမြေတောင်းလက်ဖက်ကို စွတ်စွတ်ရွှတ်ရွှတ်စားပြီး ဒီဂူပေါ်အိပ်နေတုန်းက တစ်ခါ မြင်ဖူးတယ်။ အခု ဆို ဒုတိယအကြိမ် နှစ်ခါမြောက်ပဲ။

လက်ဖက်သုပ်တွေကလည်း မျက်နှာတစ်ပြင်လုံး ပေကျံနေရုံမက ဘူး။ အင်္ကျီချွတ်ရင်ဘတ်ပေါ်မှာလည်း လူးထားသလို ပေကျံပွနေတယ်။

အနီးမှာ အရက်တစ်လုံးက အရက်မရှိဘဲ လဲနေတယ်။ အရက် တစ်လုံးက ညာဘက်လက်နဲ့ ကိုင်လျက်ကြီး ...

ပိုပြီးထူးဆန်းတာက သူသေနေတဲ့ အုတ်ဂူပေါ် သူ့နံဘေးမှာ





ခြစားနေတဲ့ ခေါင်းပျည်ဟောင်းလေးချပ် ထပ်စီလျက်တွေ့ရတာပဲ။

"ဟင် ... အဲဒီခေါင်းပျည်ဟောင်းလေးချပ်က ဘယ်သူလာတင် သွားတာလဲ ကိုကျုန်"

"မသိဘူး။ အခု ရွာထဲရပ်ထဲမှာတော့ တစ်ယောက်တစ်မျိုး အမျိုး မျိုး ဝေဖန်နေကြတာပဲ။ အချို့ကတော့ အရင်တစ်ခါ အသုဘကိစ္စ သချိုင်း မြေတောင်းတုန်းက သချိုင်းစောင့် သချိုင်းအပိုင်စား မဖဲဝါကို ကျွေးဆက် ရမည့် မြေတောင်းလက်ဖက်ကို ငှက်ကျားကြီးက မပေးမဆက်ဘဲ ခွတ်ယူ စားလို့ သချိုင်းစောင့်က ဒဏ်ခတ်တာလို့လည်း ပြောကြရဲ့။

အချို့ကလည်း ငှက်ကျားကြီး အိပ်မက်ဆိုးထဲက မကောင်းဆိုး ဝါး သေမင်းမကြီးက သေနေ့စေ့လို့ လာခေါ်သွားတာနေမှာပဲလို့လည်း ပြော ကြရဲ့၊ မြှုပ်ဖို့ခေါင်းပါ လာပို့တာလို့ ပြောသူ ဝေဖန်သူလည်း ရှိနေတာပဲ။

အချို့ကတော့ ငှက်ကျားကြီးကိုယ်တိုင် ခေါင်းပျည်ဟောင်းတွေ ကောက်ပြီး ကျောအောက်ခံ ခင်းအိပ်ဖို့များ ရှာဖွေတင်ထားရော့သလား နဲ့ အမျိုးမျိုး ထင်ရာမြင်ရာ ဝေဖန်နေကြတာပဲကွာ။ မင်းကောင်းကြီးကို မေး လိုက်ကြည့်ပါဦး။ မသေခင်ကတော့ ပြောသေးဟ။ ငါ့မှာ ဘဏ်တိုက် ရှိသေးတဲ့။ ဘယ်ဘဏ်တိုက်လဲလို့ မေးတော့ စာရေးဆရာ ညိုမှိုင်းဘဏ်တိုက် တဲ့"

"အခု အလောင်းရော ဘယ်မှာလဲ၊ အိမ်မှာလား"

"သချိုင်းကုန်းထဲမှာ သေနေတော့ ရွာထဲကို သွင်းလို့မရဘူး။ ဒါက ရွာလေ့ ရပ်ရလေ့ထုံးစံပဲ။ ဂူပေါ်ကရွှေ့ပြီး သရဏဂုံတင် ဇရပ်မှာပဲ ထား လိုက်ကြတယ်"

ကျွန်တော်တို့ ကိုကျုန်နဲ့အတူ ရွှေပုဆိုးသချိုင်းရှိရာကို လိုက်ခဲ့ လိုက်တယ်။ သချိုင်းကိုရောက်တော့ သရဏဂုံတင် ကျောက်တလားပေါ် မှာ ငှက်ကျားကြီးရဲ့ အင်္ကျီကျောပြောင်နဲ့ ရုပ်အလောင်းကို ငေးကြည့်ရာ မြင်လိုက်ရတယ်။

www.burmeseclassic.com



လူက ရေခဲရိုက်ထားသလို အေးစက်ပြီး တောင့်နေရဲ့။ ကြည့်ရတာ ခြေမကအနာရှိန်ကြောင့် အညှော်ဝင် ဖုန်ဝင် ပိုးဝင်ပြီး ဂူပေါ်မှာ အအေးပတ် အအေးမိ သေဆုံးရလေရဲ့။

ပုံရွှဲပုပ်ပွ ဖောင်းကြွနေတဲ့ သူ့ညာခြေမက ဒဏ်ရာပေါ်မှာတော့ ယင်မမဲရိုင်းလို ယင်မည်းမည်းကြီးတွေက တဝီဝီပျံလိုက် အုံနားလိုက်နဲ့။

လက်ဖက်တွေကလည်း သူ့မျက်နှာပေါ်မှာ ပေကျံလို့။

လူရွှတ်ကြီး။

လူမိုက်လူပေ လူတေကြီး။

သူ ဘုန်းကြီးနေတုန်းက နတ်စင်ဖျက်ချင်ဖျက်လိုက်၊ တစ္ဆေရှိသည့် သရဲရှိသည်ဆိုသည့် သစ်ပင်များကို လိုက်ရှာခုတ်လိုက်။

အဲဒါ ငါကွ ...။

ငှက်ကျားကြီးကွလို့ ရဲတင်းကြီးမြှောက်၍ ဂုဏ်ယူကြွေးကြော်အောင်ပွဲခံဝံ့ကြွားလိုက်။

ဟိုလူဆုံးမလို့မရ၊ ဒီလူ သွန်သင်ဖျောင်းဖျလို့မရ။ ကိုယ်ထင်ရာကိုယ်စိုင်းခဲ့သည်။ ပါးစပ်က ပြောချင်ရာ စွတ်ပြောခဲ့တယ်။

"ဦးရှင်ကြီးကို ခင်ဗျားတို့ ဖါဝင်ဝါထွက် တင်ကြမြှောက်ကြတယ်။ ပင်လယ်ထဲ မြစ်ထဲ လှေသမ္ဗန်၊ သင်္ဘောမှောက်တော့ ခင်ဗျားတို့ ရေစောင့်ဦးရှင်ကြီးနဲ့ နောက်လိုက်နောက်ပါတွေ ဘယ်သူ့ဝင်ကယ်သတုံး။ မသေဘဲကျန်တာ ရေကူးတတ်လို့၊ ရေပေါ်ပစွည်းရလို့။ လှေသမား၊ သမ္ဗန်သမားတွေ ဝင်ကယ်လို့ဗျ။ ဘာမှ မြှောက်ပင့်ကျွေးမနေနဲ့"

ကိုယ့်အလုပ်မဟုတ်လည်း အဲဒီလို လိုက်ဝေဖန်တယ်။

"ဟား ...ဟား ...ဟား ...ဟား ...မြို့တော်ရှင်ကြီးကို ကန်တော့ပွဲနဲ့ ကားအသစ်ပြသတဲ့။ အဝင်တစ်ခါ အထွက်တစ်ခါ ဦးခိုက်ကြသတဲ့။ ဟား ...ဟား ...ဟား ...ကိုင်း ...ကားတိုက်ကားမှောက်တော့ ဘာဖြစ်လဲ။ မှောက်မည့်ကား မမှောက်အောင် မြို့တော်ရှင်ကြီးတို့





အဘိုးတို့ လာတွန်းပေးလို့လား။ ဒရိုင်ဘာအချုပ်ထဲရောက်တော့ ဘယ်နတ်က အာမခံလိုက်လို့လဲ။ ကိုယ်ဖြစ်ကိုယ်ခံချည်းပဲ"

ကိုင်း ...ကြည့်။ အဲဒီလို အပြောက ရက်စက်တဲ့သူ၊ ကြမ်းတဲ့သူ။

"ရှိသေး ...။ အိမ်တွင်းအုန်းတဲ့၊ အိမ်တွင်းနတ်တဲ့။ ဟွန်း ...စားဦးစားဖျားလေး ဆက်လိုက်ရ၊ လဲလိုက်ရ၊ မြှောက်လိုက်ရ။ မင်းညီနောင်တဲ့ အရက်ဆက်ရ၊ ပြီး စီးကရက်ဆက်ရ၊ ကြက်သားကြော်ဆက်ရနဲ့ အမေးဟဲ့ ...မီးဟဲ့ ...ရေဟဲ့ ...ဓားပြ ...သူခိုးဟဲ့ဆိုရော ...အိမ်တွင်းခေါင်ကြီးဆိုတဲ့ အရှင်သခင် ဘာလုပ်နေသလဲ။

ဓားနဲ့ဝင်ခုတ် ကူညီသလား၊ အဝတ်သေတ္တာရော မင်းညီနောင်ထမ်းပြေးသယ်ပေးလား။ ခင်ဗျားတို့ စဉ်းစား။ ကိုယ့်ကိုယ်ကိုယ် အားကိုးကြစမ်းပါဗျာ။ မီးလောင်ရော ...အုန်းသီးပါ ပြာကျရောမဟုတ်လား"

ပြောပုံက ဟုတ်တုတ်တုတ်တော့ရှိတယ်။ ဒါပေမဲ့ ကြက်သီးထရော။ ဘုရားသမားများ၊ တရားသမားများက ငှက်ကြီး အဲဒီလိုပြောရင် သဘောကျတယ်။ နတ်ကိုးကွယ်သူတွေက ငှက်ကြီးကို ဒေါပွကြတယ်။

နတ်ကတော် ဒေါ်ဆွဲမိတို့၊ ဒေါ်ဆွဲလွဲတို့၊ ဒေါ်စိမ်းမြတို့ဆို ငှက်ကြီးကို အစိမ်းလိုက် ဝါးစားချင်နေတာ။ ဘာလို့လဲဆိုတော့ ငှက်ကြီးက 'လုပ်စား' တွေလို့ ပြောပြီး နေ့စဉ် အပုပ်ချနေလို့ပဲလေ။

ကောင်းပြီ။

ငှက်ကြီး နတ်ကိုမယုံဘူး။ လက်မခံဘူး။ သရဲတစ္ဆေကို မကြောက်ဘူး။ ဒါဖြင့် သူက ရတနာသုံးပါး ကြည်ညိုကိုးကွယ်သူမို့လား။

လား ...လား ...နိုးပါပဲ ခင်ဗျာ။

ဘုရားရှိခိုးတောင် အစအဆုံးမရဘူး။

ဒါဖြင့် ငှက်ကြီးက ဘာအားကိုးနဲ့ မိုက်နေကြမ်းနေ [illegible] တုံး။

www.burmeseclassic.com



အရက်အားကိုး ရဲတင်းအားကိုးနဲ့ပေါ့ဗျာ။

ဟော ... အခု ... သင်း ဘုန်းရောက်ရော လျှောကျပြီ။

သူရာမေရယက်က နေ့စဉ် ထိုက်နေတော့ ဘုန်းရောက်ရော နိမ့်နေတာ။ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ရမှန်းမသိတော့ ဘုန်းရောက်ရော လျှောကျကုန်ပြီပေါ့။

အဲဒီတော့ အမှောင့်ပယောဂမျိုးစုံက ဝင်လာပြီ။

အများတွေရဲ့ဒဏ်၊ ရွတ်တဲ့ဒဏ်ကို ကံနိမ့်ချိန်ခံရပြီ။

အကြောက်တရားနဲ့ အလန့်တရားက သူ့ကိုနှိပ်စက်လာပြီ။

တစ္ဆေနိုင်ဆေးလိုချင်လာပြီ။ ရှာလာပြီ။

ခုတော့ တစ္ဆေနိုင်ဆေး ဖော်မည်ဆိုပြီး ကျွန်တော်ဟောသည့်တရားအသိကို နားလည်လက်ခံစပြုလာသည့် လူရွတ်ကြီး။

ခုတော့ သူမနင်းချင်သည့် သူစိုးရွံ့သည့် သချိုင်းမြေမှာ ထာဝရအိပ်စက်နားနေခဲ့ရပြီ။

အများယူဆနေကြသလို ...

လူရွတ်လူကြမ်းလူပေကြီးကို သချိုင်းစောင့်မဖဲဝါကပဲ ခေါ်သွားလေရော့သလား ...

ဒါမှမဟုတ် သူရွတ်ခဲ့ ဆိုးခဲ့သည့်ဒဏ်ကို ခံခဲ့ရသော ပရိညာဉ်သား တစ္ဆေသရဲနတ်များက သူကံနိမ့်ချိန် ဝိုင်းဒဏ်ခတ်ကြလေရော့သလား။

ကျွန်တော်ကတော့ အချို့သော အများသူငါထင်သလို တွေးသလို မတွေးမထင်ချင်ပါ။

ကျွန်တော့်သူငယ်ချင်း လူရွတ်လူပေလူကြမ်းကြီးသည် အရက်ကို အလွန်အကျွံသောက်၍ ဦးနှောက်ပျက်စီးစပြုလာရာက နောက်ဆုံး သချိုင်းကုန်းက သံပြားရှူ။ အဲဒီဒဏ်ရာကို စနစ်တကျ ဆေးဝါးကုသမှုလည်း မခံယူတော့ ဖုန်တွေသဲတွေဝင်၊ အညှော်ပါမိ။ အရက်ရဲ့ ဆိုးဒဏ်နဲ့ပေါင်း အဖျားကဝင်။





ပိုဆိုးသည်က သချိုင်းအုတ်ဂူပေါ်မှာ အကျီချွတ်ကြီးနှင့် အရက်ဆစ်ညလုံးသောက်ပြီး မှူးမူးရူးရူး အိပ်မောကျခဲ့မှတော့ ...

ကာလက ဆောင်းတွင်း။ ချမ်းအေးသည့်ကာလ။

မေးခိုင်သွေးခဲ၍ အအေးပတ်သေဆုံးခြင်းသာ ဖြစ်လိမ့်မည်ဟု ဆုတ္တိဗေဒနည်းနှင့် ယူဆခဲ့လိုက်တယ်။

သို့သော် ...

အကယ်၍များ သူ ဒီနေ့ မနေ့က မသေခဲ့လျှင် ...

သူ လူတိုင်းကို လိုက်ပြောခဲ့သလို အရက်ကို နောက်ဆုံးသောက်ခြင်းဖြစ်လောက်ပြီး ...

ကျွန်တော်ပြောလိုက်သည့် တစ္ဆေနိုင်ဆေး (ခေါ်) ရတနာသုံးပါးအနန္တောအနန္တငါးပါး သက်ဝင်ယုံကြည်လေးစားမှု၊ ငါးပါးသီလစောင့်ထိန်းခြင်းအကျိုးဟူသော ဘုရားဆေး၊ တရားဆေး၊ သံဃာဆေးကို သူ အမှန်စကယ် မှီဝဲလိမ့်မည်ဟု ကျွန်တော် ယုံကြည်တယ်။

သူ ဒီတစ္ဆေနိုင်ဆေးကို ရခဲ့ရင် စိတ္တဇရောဂါဖြစ်နေတဲ့ ခြောက်သွန့်အိပ်မက် ပယောဂဆိုးတွေ ကင်းစင်ပြီး လူကောင်းတစ်ယောက်ဖြစ်လာမှာပဲ။

ခုတော့ ...

သူ့ရဲ့အလောင်းကို နောက်ဆုံးပြုပြင် သန့်ရှင်းရေးလုပ်ပြီးနောက်သင်္ကန်းကြီးသုံးပါးပင့်လို့ နေ့ချင်းပြီး သရဏဂုံတင် မြေမြှုပ်သင်္ဂြိုဟ်လိုက်ရသည်။

သူ့ခမျာ ဒီသချိုင်းမြေကို မနင်းချင်ရှာဘူး။

ခုတော့ သူ သချိုင်းကို ပြန်ပြီ။

သို့သော် သူ ရင်နှင့်အမျှချစ်ခဲ့ရသည့် သူ့နှလုံးသားကို ထာဝရမြှုပ်နှံမည်လို့ အချစ်နဲ့ဘဝသစ်ကို ထူထောင်ဖို့ ရည်မှန်းချက်ထားခဲ့ရင်းသူတစ်ပါးပြောင်းသွားခဲ့ရတဲ့ ချစ်ဖနိုးလောင်းလေး မချစ်သည်ရဲ့ မြေပုံ

www.burmeseclassic.com



နံဘေးမှာပဲ ကပ်လျက် အတူယှဉ် မြေမြှုပ်ပေးလိုက်ကြတယ်။

သွားပေဦးတော့ ...

လူရွှတ်လူမိုက် လူ့တစ်ဖောက်ကန်း အချစ်ကံမွဲရှင်ကြီး ....
ကိုငှက်ကြီးရေ ...

မင်းချစ်သူရဲ့ မြေပုံနံဘေးမှာ မင်းပြုခဲ့သည့် 'ကဲ' ရဲ့အကျိုးပေး
နဲ့ ကျရာဇာတ်ရှုပ်ကို က,ရင်း ...

သံသရာဘဝတစ်ကွေ့မှာ မင်းတို့ချစ်သူဝိညာဉ်နှစ်ခု ကံကောင်း
စွာ တွေ့ဆုံပေါင်းသင်း ပျော်ရွှင်ကြည်နူးချမ်းမြေ့ပါစေ သူငယ်ချင်း ...။

မောင်ညိုမှိုင်း(သန်လျင်)

BURMESE CLASSIC .com

www.burmeseclassic.com